www.burmeseclassic.com



# နန္ဒကျော်သူ

## အရိုပ်အဆောင်ကျွမ်း

www.burmeseclassic.com

www.burmeseclassic.com

နန္ဒကျော်သူ

# အရိပ်အယောင်ကျမ်း

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃–ခုနှစ်
နိုဝင်ဘာလ
ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ...

www.burmeseclassic.com

www.burmeseclassic.com



## ပြဿနာ

ငွေမျိုးတောင်...။

၎င်းတောင်၏ညာဘက်အခြမ်း တောင်ခြေတစ်နေရာတွင် ကြူးဂေဟာအမည်ရှိ အိမ်ကြီးတစ်ဆောင် ရှိလေသည်။

၎င်းကြူးဂေဟာအိမ်ကြီးအတွင်း၌ ညစ်ခံပွဲကြီးတစ်ခု ကျင်းပနေသည်။

ညစ်ခံပွဲ ခန်းမဆောင်ကြီးအတွင်းတွင် စည်စည်ဝေဝေရှိနေကြသည်။

စားသောက်ပွဲကြီးမှ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွရှိနေကြသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ စားသောက်နေကြသော ထိုညစာစားပွဲကြီးက ညသူ့ညစာစားပွဲဖြစ်ပါသနည်း။

ကြူးထိုက်စန်း…။

သူကား ကြူးဂေဟာ၏ အရှင်သခင်ကြီးတစ်ဦး ဖြစ်ပေသည်။

ကြူးထိုက်စန်းသည် တစ်ချိန်က သိုင်းလောကတွင် နာမည်ကြီးခဲ့သူလည်းဖြစ်သည်။

ထို့အပြင်…

သူသည် ပစ္စည်းပို့ဆောင်ရေးအာမခံဌာနတစ်ခုတွင်လည်း ဦးဆောင်ဦးရွက် တာဝန်ခံဆရာကြီးအဖြစ် လုပ်ဆောင်ခဲ့ဖူးသေး၏။

သူ အသုံးပြုလေ့ရှိသောလက်နက်မှာသံပုဆိန်တစ်လက်ပင် ဖြစ်လေသည်။

သူသည် အရုပ်အဖော်း အတန်အသင့်ကောင်းသူ ဖြစ်ပေသည်။

နွားကိုယ် တည်ဆောက်ပုံမှာ တောင့်တင်းကြံ့ခိုင်သူတစ်ဦးဖြစ်သည်။

မျက်နှာသွင်ပြင်မှာ ခန့်ညားချေ့ ဥပဓိရုပ်ကောင်းသူတစ်ဦးဟုဆိုနိုင်သည်။

ကြူးဂေဟာသည် သူ၏ဘိုးဘွားပိုင်ဂေဟာဖြစ်၏။



ဤနေ့သည်ကား သူ၏အသက် ငါးဆယ်ပြည့်မြောက်မွေးနေ့ဖြစ်သည်။

ထို့ကြောင့်…

ယင်းညစာစားပွဲကို ကျင်းပခြင်းဖြစ်ပေသည်။

ကြူးထိုက်စန်းသည် လွန်ခဲ့သော နှစ်နှစ်ခန့်က သူ့ဇာတိ၊ သူ့ဂေဟာသို့ ပြန်လာခဲ့သူဖြစ်၏။

သူ့မိတ်ဆွေများက သူအိမ်ပြန်လာသည့်အတွက် တအံ့တသြဖြစ်နေကြသည်။

အဘယ်ကြောင့်နည်း။

သူတို့ အသက်အရွယ်လောက်နှင့်ဆိုလျှင် သိုင်းလောကတစ်ခွင်လုံးတွင် ဆက်လက်လှုပ်ရှားနိုင်သေးသည်။

သူ့တွင် နာမည်တစ်လုံးကျန်နေ၏။

သို့သော်လည်း ကြူးထိုက်စန်းသည် ပစ္စည်းပို့ဆောင်ရေးအာမခံလုပ်ငန်းများကို ဆက်မလုပ်တော့ဘဲ အိမ်သို့ပြန်လာခဲ့ပြီး ယခုလို သူသည် စိတ်အေးလက်အေးငြိမ်းချမ်းစွာ အဘယ်ကြောင့်နေထိုင်ရပါသနည်း။

ဤသည်တို့ကြောင့် သူ့မိတ်ဆွေများက သူ့ကိုတအံ့တသြဖြစ်နေကြခြင်းပင်။

သူ့မိတ်ဆွေများက သူ့အား နောက်ထပ်နှစ်နှစ်၊ သုံးနှစ်ခန့် ဆက်လက်လှုပ်ရှားရန် တိုက်တွန်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူကမူ ပြင်းဆို၍လုပ်ငန်းကို ဆက်မလုပ်တော့ဘဲ ရပ်ခဲ့လိုက်သည်။

ကြူးထိုက်စန်းတွင် သားများမရှိချေ။

သမီးနှစ်ယောက်သာ ရှိလေသည်။

သမီးအကြီးမှာ အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီး တစ်စုံတစ်ယောက်နှင့် ရေစေ့ပြီးသားဖြစ်သည်။

သမီးအငယ်မှာမူ အသက်ဆယ့်ရှစ်နှစ်ရှိ၏။

ကြူးထိုက်စန်းသည် ယခုလို သူ၏နှစ်ငါးဆယ်မြောက်မွေးနေ့ညစာစားပွဲကြီး ပြုလုပ်ကျင်းပခဲ့ခြင်းတွင် သူ၌ အခြားရည်ရွယ်ချက်ကြီးတစ်ရပ်လည်း ရှိနေလေသည်။

သူသည် သမီးငယ်အတွက် သင့်လျော်သော သမက်လောင်းလျာတစ်ယောက်ကို ထိုညစာစားပွဲ၌ ရှာဖွေကြည့်ရှုထားရန်ပင်ဖြစ်လေသည်။

သမီးငယ်အတွက် သင့်တော်သော ယောကျာ်းပျိုတစ်ယောက်ကို ရှာဖွေပေးရန်လည်း သူက အခင်မင်ဆုံး လေးငါးဦးအား ပြောဆိုမှာထားခဲ့သေး၏။

ကြူးထိုက်စန်းသည် သိုင်းလောကတွင် နာမည်ကြီးပုဂ္ဂိုလ်တစ်ယောက်ဖြစ်သဖြင့်လည်း လူငယ်လူရွယ်လေးတို့က ကြူးထိုက်စန်း၏ သမက်လောင်း တစ်ယောက်အဖြစ် သိပ်ဖြစ်ချင်နေကြသည်။

ယခုလို ကြူးထိုက်စန်းက သူ့မွေးနေ့ပွဲကြီးတွင်သင့်တော်



သော သမက်လောင်းတစ်ယောက် တစ်ပါတည်းရှာဖွေချင်သည့် သတင်းသည် သူ့အပေါင်းအသင်း မိတ်သင်္ဂဟများ၏နားသို့ ပျံ့နှံ့ရောက်ရှိသွားလေသည်။

ကြူးထိုက်စန်း၏ သမီးကြီးအား လူများက မိုးနတ်မယ်ဟုခေါ်ဝေါ်ကြသည်။

သူမသည် သိုင်းပညာတွင် အဆင့် အတော်မြင့်မြင့် တတ်မြောက်ထားပြီး ရုပ်ရည်ရူပကာမှာလည်း ချောမောလှပသည်ကို လူများက တွေ့မြင်သိရှိထားကြလေသည်။

သို့သော်...

သမီးငယ်ဖြစ်သူကိုမူ မည်သူမျှ သေသေချာချာ မမြင်ဖူးကြသေးချေ။

ကြူးထိုက်စန်း၏ သမီးငယ်သည် ရုပ်ရည်မည်သို့ရှိသည်။ သိုင်းပညာ မည်သည့်အဆင့်အထိ တတ်မြောက်ထားသည်ဟူ၍ သေချာတပ်အပ် မည်သူမျှမသိကြသေးပေ။

ထို့ကြောင့်...

နောက်ကွယ်တွင် သတင်းစကားများ ပေါ်ထွက်နေတော့သည်။

ယင်းစကားမှာ ဤသို့ဖြစ်လေသည်။

"ကြူးထိုက်စန်းရဲ့ သမီးအကြီး မိုးနတ်မယ်ဟာ ရုပ်ရည်ရော သိုင်းပညာပါ ပြောစရာမလိုဘူး။ အဲသည်တော့ သူ့ညီမဟာ အစ်မရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ရည်ကို မစီတဲ့တိုင် ရုပ်အဆိုးကြီးထဲကတော့ ဟုတ်မယ်မထင်ဘူး"

"အင်း ဟုတ်နိုင်တယ်"

တစ်ချို့ကလည်း အောက်ပါအတိုင်း ထင်မြင်ချက်ပေးကြပြန်လေသည်။

"ဟီတ်...မင်းတို့ပြောတာတွေလည်း မဟုတ်သေးဘူးကွ၊ မှားနေကြတယ်၊ တကယ်တော့ ကြူးထိုက်စန်းဟာ အကြီးမကိုသာ ရှစ်ရော၊ သိုင်းပညာရော အဆင့်မီလို့ပွဲထုတ်ထားတာကွ၊ ဟိုကောင်မလေးက အခန်းအောင်းနေတာ ကြည့်ပါလား၊ အဲသည်တင် အဖြေကပေါ်နေပြီ၊ အကျည်းတန်အရုပ်ဆိုးပြီး ဘာသိုင်းပညာမှမတတ်လို့ သူ့အဖေက သူ့ကိုပွဲမထုတ်တာပေါ့၊ ရှင်းနေတာပဲ"

ဟူ၍ ဖြစ်လေသည်။

တစ်ချို့ကမူ အတွေးခေါင်ပြီး ဤသို့သတင်းဆိုကြသေးသည်။

"ငါ့စိတ်ထင်တော့ အငယ်မလေးဟာ လှတော့လှလိမ့်မယ်၊ အေး တစ်ခုတော့ရှိတာက သူဟာ ကိုယ်အင်္ဂါချွတ်ယွင်းနေလိမ့်မယ်၊ အဲဒါကြောင့် သူဟာ ပွဲထုတ်မခံရဘဲ အခန်းအောင်းနေတာကွ"

ဟူ၍ ဖြစ်လေသည်။

"အေး...ဟုတ်နိုင်တယ်၊ မင်းပြောတာကို ငါလက်ခံတယ်၊ ဒါကြောင့် အငယ်မလေးဟာ လူတွေနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်နေတာကိုး"



ဟူ၍ ဖြစ်သည်။

လူတစ်ယောက်၏ ပါးစပ်ပေါက်တစ်ပေါက်သည် ဘူးတစ်ရာ၏အပေါက်တစ်ရာထက် အပေါက်အစပ်များလှသည်။

ညွှန်ခံပွဲသို့ လာရောက်သောလူများမှာ ကြူးထိုက်စန်း၏ သမီးငယ်လေးအား တွေ့ဖူးချင်နေကြသည်။

အပြင်တွင် ပွံ့လွင့်ထွက်ပေါ်နေသော သတင်းစကားများအနက် မည်သည့်သတင်းက အမှန်ဖြစ်မည်ကို သူတို့ သိချင်နေကြသည်။

ယခုအချိန်သည် သူတို့အတွက် ဆန္ဒပြည့်ဝပေတော့မည် ဖြစ်သည်။

ထိုနေ့ကား ကြူးထိုက်စန်း၏ မွေးနေ့ပင်ဖြစ်ပေသည်။

မိုးနတ်မယ်ကြူးရှင်းသည် လိပ်ပြာလှလှလေးတစ်ကောင်နှယ် စားပွဲအနှံ့ လူးလာခေါက်ပြန် ပျံဝဲနေလေသည်။

ညွှန်ပရိသတ်များအား ညွှန်ခံခြင်းအမှုကိုပြု၍ စကားပြောဆိုနေလေသည်။

သူမသည် လူတိုင်း ငေးကြည့်ရလောက်အောင် လှပချောမွေ့သူတစ်ဦး ဖြစ်လေသည်။

သူမ၏ညီမငယ်ကိုမူကား အရိပ်အယောင်ပင် မမြင်ရချေ။

ထို့ကြောင့်...

ညွှန်ပရိသတ်အပေါင်းတို့မှာ မိုးနတ်မယ်ကြူးရှင်း၏ ညီမ

www.burmeseclassic.com

www.burmeseclassic.com



အား တွေ့မြင်လိုလျက် ရှိနေကြလေတော့သည်။

စားသောက်ပွဲကား စတင်နေပြီဖြစ်သည်။

ကြူးထိုက်စန်း၏ သမီးငယ်ကိုကား ယခုတိုင် အရိပ်အယောင်ကိုမျှ မတွေ့မြင်ရသေးချေ။

ကြူးထိုက်စန်းသည် အရက်ခွက်ကိုမြှောက်ကာ ဧည့်ပရိသတ်များအား ကျေးဇူးတင်စကားများ ပြောဆိုဧည့်ခံလျက်ရှိသည်။

သို့သော်...

သူသည် သမီးငယ်အကြောင်းကို ဘာတစ်ခွန်းမျှ စကားစပ်၍ မပြောဆိုဘဲ ရှိနေလေသည်။

မိုးရွတ်မယ်ကြူးရှင်းနှင့် စေ့စပ်ထားသော အမျိုးသားသည် ယခုအချိန်တွင် မိုးရွတ်မယ်ကြူးရှင်းနှင့်ဘူယှဉ်တွဲ၍ စားပွဲတစ်လုံးတွင် ထိုင်နေကြပြီဖြစ်သည်။

ဧည့်ပရိသတ်များလည်း အရက်သုံးခွက်စီ သောက်ပြီးခဲ့ကြချေပြီ။

ထိုစဉ်...

အရပ်အမောင်း မြင့်မားပြီး ကိုယ်ခန္ဓာတောင့်တင်းကြံ့ခိုင်သောလူငယ်တစ်ယောက်သည် ရုတ်ရက် ထိုင်နေရာမှထကာ အော်ပြောလိုက်လေသည်။

"အစ်ကိုကြီးကြူး...သည်နေ့ဟာ အစ်ကိုကြီးရဲ့ နှစ်ငါးဆယ်ပြည့်မြောက်တဲ့ နေ့ထူးနေ့မြတ်ကြီးဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့



တွေအားလုံး အခုလိုလာရောက် စားသောက်ဖြစ်တာကိုလည်း အထူးပဲ ပျော်ရွှင်ကြရပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးရဲ့ သမီးငယ်ဟာ ခုထိစားသောက်ခန်းမထဲကို မလာရောက်ဘဲရှိနေတာဟာ အစ်ကိုကြီးက သူ့ကို အပြင်တစ်နေရာကိုများ စေခိုင်းလွှတ်လိုက်လို့ပါလားခင်ဗျာ"

ထိုပုဂ္ဂိုလ်ကြီး၏ စကားအဆုံး၌ ဧည့်ပရိသတ်များထံမှ ပွစိပွစိ ဆူညံဆူညံအသံများ ပျံ့လွင့်ထွက်ပေါ်လာကြသည်။

သူတို့အားလုံးကလည်း ထိုပုဂ္ဂိုလ်ကဲ့သို့ပင် ခံစားနေကြရလေသည်။

ကြူးထိုက်စန်းက မည်သို့ပြန်လည် ဖြေကြားလာမည်ကို ကြားလိုလှသည်။

ဤတွင် ကြူးထိုက်စန်းက...

"ဟား...ဟား...ဟား"

ဟု ရယ်မောလိုက်ပြီး ထိုလူအား အောက်ပါအတိုင်း ပြောဆိုလိုက်လေသည်။

"ညီလေးမေးတာ မှန်ပါတယ်၊ ကျုပ်ဟာ ခုလိုအချိန်အခါမျိုးမှာ ကျုပ်သမီးငယ်ကို အပြင်မလွှတ်သင့်ဘူး၊ ဒါပေမယ့် ကျုပ်က ကျုပ်ရဲ့သမီးငယ်ကို ခိုင်းလိုက်လို့လားဆိုတာကိုတော့ ကျုပ်က မဟုတ်ပါဘူးလို့ ပြောချင်ပါတယ်၊ ကျုပ်ရှင်းပြပါ့မယ်၊ ကျုပ်သမီးငယ်ဟာ ငယ်စဉ်သိတတ်တဲ့ အရွယ်ကစပြီး သူလုပ်ချင်တာကို စွတ်

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံ ရပ်သွားသည်နှင့် အိမ်ကြီး၏အပြင်ဘက်မှ ရုတ်တရက် အသံနက်ကြီးဖြင့် ရယ်မောလိုက်သံကို ကြားလိုက်ရလေသည်။

ထိုရယ်မောသံကြီးမှာ လွန်စွာကျယ်လောင်လှ၏။

ထို့ကြောင့်...

ဧည့်ပရိသတ်များမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ကြူးထိုက်စန်းသည် ထိုင်နေရာမှထလိုက်သည်။

သူ့မျက်နှာမှာ တင်းမာအေးစက်နေပြီး ခက်ထန်သောလေသံဖြင့် အပြင်သို့ လှမ်းအော်မေးမြန်းလိုက်လေသည်။

"ဟိတ်...အပြင်ကလူတွေ မင်းတို့က သွေးကျာပွတ်ဝူးဖိန်နဲ့ သစ်နက်မယ်တို့ မဟုတ်လား။ မင်းတို့ သည်ကိုလာပြီး ဘာအနှောက်အယှက်ပေးကြမလို့လဲကွ"

အပြင်ဘက်မှ ရယ်မောသံကြီး ဆက်လက်ထွက်ပေါ်လာပြန်သည်။

ရယ်သံမှာ အမျိုးသားတစ်ဦးဖြစ်ကြောင်း သိသာလှသည်။

အပြင်ဘက်မှ ပုဂ္ဂိုလ်သည် ရယ်မောခြင်းကို ရုတ်တရက်ရပ်လိုက်ပြီး အေးစက်သောလေသံဖြင့် စကားဆိုလာ၏။

"ကြူးထိုက်စန်း...မင်းက ဧည့်ပရိသတ်တွေကိုတော့ ဧည့်ခံကျွေးမွေးနေပြီး တို့ကိုတော့ အရက်လေး တစ်ခွက်လောက်တောင်



တိုက်ဖော် မရတော့ဘူးလားကွ"

တဆက်တည်းဆိုသလို အပြင်ဘက်မှ အမျိုးသမီး၏အသံကလည်း ထပ်ဆင့်ထွက်ပေါ်လာပြန်သည်။

"ကြူးထိုက်စန်း...ကျွန်မတို့အသံကို ရှင်ကောင်းကောင်းမှတ်မိသားပဲ၊ သည်နေ့ ကျွန်မတို့လာခဲ့တာဟာ ရှင့်ဧည့်ခံပွဲအရက်ကို သောက်ချင်လို့များ မှတ်နေသလား။ လွန်ခဲ့တဲ့သုံးနှစ်က ကျွန်မတို့နဲ့ ချိန်းဆိုခဲ့တဲ့ ရှင့်ကတိကို ရှင်မေ့နေပြီလား။ ထွက်လာခဲ့ပါရှင်၊ ကျွန်မတို့ အပြင်မှာစောင့်နေရတာ စိတ်မရှည်ချင်တော့ဘူးရှင့်"

ခန်းမအတွင်းမှ လူများ ပိုမိုလှုပ်ရှားလာကြသည်။

အပြင်ဘက်မှ ဟိန်းဟောက်သံ၊ ခြိမ်းခြောက်သံများနှင့် ပုဂ္ဂိုလ်နှစ်ဦးကို သူတို့ ရိပ်စားမိသွားကြသည်။

တစ်ဦးမှာ သွေးကျာပွတ်ဝူးဖိန်ဖြစ်ပြီး ကျန်တစ်ဦးမှာ သစ်နက်မယ်ဖြစ်ကြောင်း သိရှိလိုက်ရသောကြောင့် ယခုလို လှုပ်လှုပ်ရှားရှားဖြစ်သွားရခြင်း ဖြစ်လေသည်။

ကြူးထိုက်စန်းသည် ခန်းမအတွင်းမှနေ၍ အပြင်သို့ထွက်သွားလေသည်။

ထို့နောက်...

ခန်းမတံခါး အပေါက်ဝတွင် ရပ်တန့်လိုက်လေသည်။

ပြီးမှ...

"သုံးနှစ်ကျော်ကာလကအကြောင်းကိစ္စတွေကို ကျုပ်နဲ့မင်း

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံ ရပ်သွားသည်နှင့် အိမ်ကြီး၏အပြင်ဘက်မှ ရုတ်တရက် အသံနက်ကြီးဖြင့် ရယ်မောလိုက်သံကို ကြားလိုက်ရလေသည်။

ထိုရယ်မောသံကြီးမှာ လွန်စွာကျယ်လောင်လှ၏။

ထို့ကြောင့်...

ဧည့်ပရိသတ်များမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ကြူးထိုက်စန်းသည် ထိုင်နေရာမှထလိုက်သည်။

သူ့မျက်နှာမှာ တင်းမာအေးစက်နေပြီး ခက်ထန်သောလေသံဖြင့် အပြင်သို့ လှမ်းအော်မေးမြန်းလိုက်လေသည်။

"ဟိတ်...အပြင်ကလူတွေ မင်းတို့က သွေးကျာပွတ်ဝူးဖိန်နဲ့ သစ်နက်မယ်တို့ မဟုတ်လား။ မင်းတို့ သည်ကိုလာပြီး ဘာအနှောက်အယှက်ပေးကြမလို့လဲကွ"

အပြင်ဘက်မှ ရယ်မောသံကြီး ဆက်လက်ထွက်ပေါ်လာပြန်သည်။

ရယ်သံမှာ အမျိုးသားတစ်ဦးဖြစ်ကြောင်း သိသာလှသည်။

အပြင်ဘက်မှ ပုဂ္ဂိုလ်သည် ရယ်မောခြင်းကို ရုတ်တရက်ရပ်လိုက်ပြီး အေးစက်သောလေသံဖြင့် စကားဆိုလာ၏။

"ကြူးထိုက်စန်း...မင်းက ဧည့်ပရိသတ်တွေကိုတော့ ဧည့်ခံကျွေးမွေးနေပြီး တို့ကိုတော့ အရက်လေး တစ်ခွက်လောက်တောင်တိုက်ဖော် မရတော့ဘူးလားကွ"

တဆက်တည်းဆိုသလို အပြင်ဘက်မှ အမျိုးသမီး၏အသံကလည်း ထပ်ဆင့်ထွက်ပေါ်လာပြန်သည်။

"ကြူးထိုက်စန်း...ကျွန်မတို့အသံကို ရှင်ကောင်းကောင်းမှတ်မိသားပဲ၊ သည်နေ့ ကျွန်မတို့လာခဲ့တာဟာ ရှင့်ဧည့်ခံပွဲအရက်ကို သောက်ချင်လို့များ မှတ်နေသလား။ လွန်ခဲ့တဲ့သုံးနှစ်က ကျွန်မတို့နဲ့ ချိန်းဆိုခဲ့တဲ့ ရှင့်ကတိကို ရှင်မေ့နေပြီလား။ ထွက်လာခဲ့ပါရှင်၊ ကျွန်မတို့ အပြင်မှာစောင့်နေရတာ စိတ်မရှည်ချင်တော့ဘူးရှင့်"

ခန်းမအတွင်းမှ လူများ ဝိုဝိုလှုပ်ရှားလာကြသည်။

အပြင်ဘက်မှ ဟိန်းဟောက်သံ၊ ခြိမ်းခြောက်သံများနှင့် ပုဂ္ဂိုလ်နှစ်ဦးကို သူတို့ ရိပ်စားမိသွားကြသည်။

တစ်ဦးမှာ သွေးကျာပွတ်ဝူးဖိန်ဖြစ်ပြီး ကျန်တစ်ဦးမှာ သစ်နက်မယ်ဖြစ်ကြောင်း သိရှိလိုက်ရသောကြောင့် ယခုလို လှုပ်လှုပ်ရှားရှားဖြစ်သွားရခြင်း ဖြစ်လေသည်။

ကြူးထိုက်စန်းသည် ခန်းမအတွင်းမှနေ၍ အပြင်သို့ထွက်သွားလေသည်။

ထို့နောက်...

ခန်းမတံခါး အပေါက်ဝတွင် ရပ်တန့်လိုက်လေသည်။

ပြီးမှ...

"သုံးနှစ်ကျော်ကာလကအကြောင်းကိစ္စတွေကို ကျုပ်နဲ့မင်း

www.burmeseclassic.com

www.burmeseclassic.com



သွေးကျာပွတ်ဗူးဖိန်သည် ကြူးထိုက်စန်းနောက်မှ လူပေါင်းသုံးဆယ်ကျော်ခန့်ကို တွေ့မြင်လိုက်ရသောအခါ ဒေါသအကြီးအကျယ်ထွက်လာပြီး မာထန်သောလေသံဖြင့်...

"ကြူးထိုက်စန်းနဲ့ မဆိုင်တဲ့လူတွေကို ကျုပ် သတိပေးချင်တယ်၊ အခု ကျုပ်တို့လာတာဟာ ကြူးထိုက်စန်းနဲ့ စာရင်းရှင်းချင်လို့ လာခဲ့တာပဲ၊ ခင်ဗျားတို့နဲ့ လုံးဝမဆိုင်ပါဘူး။ တကယ်လို့ ခင်ဗျားတို့ဟာ ကျုပ်တို့နှစ်ယောက်ရဲ့အကြောင်းကို ကြားဖူးသိဖူးထားခဲ့ရင် မသက်ဆိုင်သလို ရပ်ကြည့်နေကြမှာပါ။ ကျုပ်တို့နဲ့ ကြူးထိုက်စန်းရဲ့ ကိစ္စကို ဝင်မစွက်ဖက်ကြပါနဲ့လို့ ကြိုတင်ပြောထားပါရစေ၊ တကယ်လို့များ မဆိုင်ဘဲ ဝင်စွက်ဖက်လာကြမယ်ဆိုရင်တော့ ကျုပ်တို့ကို ရက်စက်လိုက်တာလို့တော့ မပြောကြနဲ့"

သွေးကျာပွတ်ဗူးဖိန်၏ စကားဆုံးသွားသည်နှင့် သစ်နက်မယ်ကလည်း အောက်ပါအတိုင်း ပြောလိုက်ပြန်လေသည်။

"ကြူးထိုက်စန်းဘက် ဝင်ကူရင်တော့ ကျွန်မတို့ မညှာနိုင်ဘူး။ ကြူးထိုက်စန်းကို ပို့ပေးမယ့်သေလမ်းကို ရှင်တို့အားလုံး တစ်ခါတည်း လိုက်သွားကြရလိမ့်မယ်"

သစ်နက်မယ်၏ အသုံးအနှုန်း စကားက လွန်စွာကြီးကျယ်ပေသည်။

သူမ၏ထိုစကားကြောင့် ကြူးထိုက်စန်း၏နောက်၌အသင့်ရောက်ရှိနေကြသော ပရိသတ်တစ်ချို့မှာ လွန်စွာဒေါသထွက်လာ



ကြလေသည်။

သူတို့သည် သူတို့၏ အတွေးကိုယ်စီဖြင့် တိုက်ခိုက်ရန် မသိမသာ ပြင်ဆင်နေကြလေသည်။

သစ်နက်မယ်သည် ကြူးထိုက်စန်းနောက်၌ ရပ်နေကြသော လူများသည် ကြူးထိုက်စန်းဘက်မှ ကူညီတိုက်ခိုက်ကြမည့်သူများဖြစ်ကြောင်း အကဲခတ်မိသွား၏။

ထို့ကြောင့်...

သူမသည် စကားဆက်မပြောတဲ့ ရုတ်တရက် မြင်းပေါ်မှာ ခုန်လွှားထလိုက်လေသည်။

သူမ၏ခြေအစုံသည် မြင်းကုန်းနှီးပေါ်တွင် ရပ်တန့်နေလေသည်။

ထို့နောက်မှ မာန်သွင်းလျှက် မြင်းကုန်းနှီးပေါ်မှ ကြူးထိုက်စန်းရှိရာသို့ ခုန်လွှားဝင်ရောက် သွားလေတော့သည်။

သူမသည် လက်နှစ်ဖက်ကို ဝှေ့ယမ်း၍လျှင်မြန်သွက်လက်စွာ စတင် တိုက်ခိုက်လေတော့သည်။

"ဝုန်း...ဝုန်း"

လက်ဝါးရိုက်ချက်များ ဆူညံစွာပေါ်ထွက်လာကြလေသည်။

လေဝှေ့ယမ်းသံများ ညံနေလေသည်။

ရှုပ်ထွေးစွာ တိုက်ခိုက်နေကြသော လူအုပ်ကြီးအတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စွာ အော်ဟစ်သံများ။ ဒေါသသံများ။ ကျိန်ဆဲသံများ။ မာန်သွင်းသံများ ဆူညံစွာထွက်ပေါ်နေတော့သည်။

ထိုသို့ ရှုပ်ထွေးဆူညံစွာ ရှိနေစဉ် လူအုပ်ကြီး၏ အလယ်ဗဟိုမှ သစ်နက်မယ်၏ ရူးရူးဝါးဝါး မာန်သွင်းသံက ထွက်ပေါ်လာ၏။

သစ်နက်မယ်သည် လူနှစ်ယောက်အား ကုပ်ပိုးမှတစ်ဖက် စီဆွဲလျှက် လွှားခနဲ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

သစ်နက်မယ်သည် သူ့မြင်းအနီးသို့ ခုန်လွှားရောက်ရှိ ရပ်တန့်မိသည်နှင့် သူ့လက်နှစ်ဖက်မှ ဖမ်းဆွဲခေါ်ဆောင်လာသော လူနှစ်ယောက်အား အော်ငေါက်တွန်းထုတ် ပစ်ပေါက်လိုက်သည်။

သစ်နက်မယ်၏လက်မှ လွင့်စဉ်ထွက်သွားသော လူနှစ်ယောက်သည် ကြူးထိုက်စန်း၏ရှေ့သို့ ရောက်သွားလေသည်။

ကြူးထိုက်စန်းသည် လက်နှစ်ဖက်ဖြင့် ဆီး၍ဖမ်းဆွဲလိုက်သည်။

သို့သော်...

ထိုလူနှစ်ယောက်မှာ အကောင်းပကာတိ မဟုတ်ကြတော့ချေ။

သစ်နက်မယ်၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ကြူးထိုက်စန်း ဒေါသထွက်လာပြီး...

"သစ်နက်မယ်...မင်းတို့နဲ့ကျူပ်ကိစ္စမှာ တခြားမဆိုင်တဲ့လူ



တွေကို အန္တရာယ်မပေးပါနဲ့၊ သတ္တိရှိရင် ကျူပ်ကိုသာယှဉ်ပါ။ လက်နက်မဲ့ယှဉ်မလား၊ ကြိုက်ရာယှဉ်ပြိုင်နိုင်တယ်"

"ဟား...ဟား...ဟား"

သစ်နက်မယ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

ပြီးလျှင် ပါးစပ်မှမာန်သွင်းသံ တစ်ချက်ဖြင့် ကြူးထိုက်စန်းကိုခုန်အုပ်လိုက်လေသည်။

ကြူးထိုက်စန်းက လျင်မြန်စွာ နောက်သို့ ခြေသုံးလှမ်းဆုတ်ခွာလိုက်ပြီး သိုင်းကွက်တစ်ကွက်ကို ချက်ချင်းပြင်ဆင်လိုက်သည်။

"ဝှီး...ဝှီး"

"ဝုန်း...ဝုန်း"

သစ်နက်မယ်သည် ကြူးထိုက်စန်းအား စောင်တိုက်ခိုက်လိုက်သည်။

ထိုတိုက်ကွက်မှာ လွန်စွာကြောက်ရော ကောင်းလှပေသည်။

သူမသည် ကြူးထိုက်စန်းအား ခုန်လွှား၍ အထက်မှ အောက်သို့ ဖိ၍တိုက်ခိုက်သည်။

ကြူးထိုက်စန်းမှာ အထက်မှကျရောက်လာသော လက်ဝါး ခိုက်ချက်များကို ကာကွယ်လိုက်၏။

သူသည် လက်ဝါးနှစ်ဖက်ဖြင့် အထက်မှ ခိုက်ချက်များကို

www.burmeseclassic.com

www.burmeseclassic.com



အောက်မှ ဝင့်ထိုးပင့်ကာပြု၍ ပြန်လည်တိုက်ခိုက်သည်။

နှစ်ဦးသား လက်ဝါးချင်းထိခတ်သံများ ပေါ်ထွက်လာပြီး နောက် ခေတ္တရပ်လိုက်ကြသည်။

တစ်ဦး၏တိုက်ကွက်ကို တစ်ဦးက လေ့လာအကဲခတ်နေကြသည်။

သစ်နက်မယ်သည် ရုတ်တရက် အော်ဟစ်မာန်သွင်းလိုက်ပြီး ကြူးထိုက်စန်းကို တိုက်ခိုက်သည်။

သူတို့နှစ်ဦးစလုံး ရှိသမျှ ပညာများကို ထုတ်သုံးပြီး အစွမ်းကုန်တိုက်ခိုက်ကြသည်။

ဘေးမှကြည့်နေသူများသည် သူတို့နှစ်ဦး၏ အရိပ်များလှုပ်ရှားနေကြသည်ကို တွေ့မြင်ရ၏။

လက်ဝါးရိုက်ချက်ကြောင့် ပေါ်ထွက်လာသည့် လေသံများကိုကြားရသည်။

ထိုသို့ တိုက်ခိုက်နေရာမှ သစ်နက်မယ်၏အော်ပြောသံကို ကြားလိုက်ရသည်။

"ကြူးထိုက်စန်း...ဟောသည်သိုင်းကွက်ကို ရှင်ကာကွယ်ကြည့်ပေဦး"

စကားဆုံးသည်နှင့် သစ်နက်မယ်သည် အထက်သို့ လွှားခနဲ ခုန်တက်သွားသည်ကို တွေ့လိုက်ရလေသည်။

သူမသည် အထက်သို့ ပေအတော်အတန် မြင့်တက်သွားပြီး



ပြန်ကျလာသည်။

သူမ၏လက်ထဲတွင် ဓားနှစ်လက်က အဆင်သင့်ရောက်ရှိနေသည်။

ဓားရောင်များက နေရောင်နှင့် ပြိုးပြက်လင်းလက်နေ၏။

သူမသည် ကြူးထိုက်စန်း၏ခေါင်းပိုင်းကို ဓားနှစ်လက်ဖြင့် ဘယ်ညာ တစ်ဆက်တည်း ဖြတ်ခုတ်ပိုင်း တိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်"

ကြူးထိုက်စန်းသည် လက်ချည်းဗလာဖြင့် သစ်နက်မယ်၏ ဓားချက်များကို မခုခံမကာကွယ်နိုင်သဖြင့် ထိတ်လန့်တကြား နောက်သို့ ဆုတ်လိုက်ရလေသည်။

သစ်နက်မယ်ကလည်း ရှေ့သို့ တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ ဓားဖြင့်ထိုးခုတ်လေသည်။

ထိုသို့ ရှိနေစဉ် ကြူးထိုက်စန်းသည် သူ့သမီးမိုးနတ်မယ် ကြူးရှင်း၏အော်သံ ကြားလိုက်ရ၏။

"ဖေဖေ...ရော့"

အသံလာရာဆီသို့ ကြူးထိုက်စန်း လှည့်ကြည့်လိုက်ရာ သစ်နက်မယ်သည် သူ့ထံသို့ သံပုဆိန်ကို လှမ်းပစ်ပေးလိုက်သည်ကိုတွေ့ရလေသည်။

ကြူးထိုက်စန်း၏ လက်သုံးတော်သံပုဆိန်ပင် ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြူးထိုက်စန်း အားတက်သွားရလေသည်။

"ဗိုး...ဗိုး"

လက်တွင်းသို့ ရောက်လာသည်နှင့် သူသည် ပုဆိန်ကို လေထဲ၌ ဝှေ့ယမ်းလိုက်ရာ အထက်ပါအတိုင်း အရှိန်အဟုန်ပြင်းထန်စွာဖြင့် လေတဗိုးဗိုး မြည်ဟည်းနေလေတော့သည်။

ထို့နောက်မှာတော့ သံပုဆိန်ဖြင့် ကြူးထိုက်စန်းသည် သစ်ခုတ်မယ်အား အပြင်းအထန် ရင်ဆိုင်တိုက်ခိုက်လေတော့သည်။

ကြူးထိုက်စန်း၏ ခုတ်အားသည် လွန်စွာပြင်းထန်လှပေသည်။

သစ်ခုတ်မယ်မှာ ကြူးထိုက်စန်း၏ ပုဆိန်ခုတ်ချက်များကို ပြန်လည်ခုခံရင်း...

"တော်တော် ပြင်းထန်တဲ့ ခုတ်ချက်တွေပါလား"

ဟု ရေရွတ်ပြောင်လိုက်သည်။

ကြူးထိုက်စန်း၏ ပြင်းထန်သော တိုက်ခိုက်မှုကို သစ်ခုတ်မယ်သည် ကြာကြာ ခုခံနိုင်စွမ်း မရှိတော့ပါချေ။

တရွေ့ရွေ့ တဖြည်းဖြည်း နောက်သို့ဆုတ်စွာနေလေတော့သည်။

ထို့ကြောင့်...

သူမ... ...ဖော်အဖြစ် သွေးကျာပွတ်ဝူးဖိန်အား လှမ်း



"ဝူးဖိန်...နင်ဘာဖြစ်လို့ ရပ်ကြည့်နေတာလဲ၊ လာဝိုင်းတိုက်လေ"

ဟု အကူအညီ လှမ်းတောင်းလိုက်၏။

"မင်း သူနဲ့ တစ်ဦးချင်းယှဉ်ပြိုင်နေတယ် မဟုတ်လား။ ငါဝင်တိုက်ရင် သိုင်းလောကသားတွေထားတဲ့ စည်းကမ်းချက်တွေနဲ့ မညီဘဲဖြစ်နေလိမ့်မယ်"

ဝူးဖိန်က အေးစက်တည်ငြိမ်သော လေသံဖြင့် သစ်ခုတ်မယ်ကို ပြောလိုက်သည်။

သစ်ခုတ်မယ်မှာ လွန်စွာဒေါသထွက်နေလေသည်။

ဝူးဖိန်ကိုလည်း မကျေမနပ် ဖြစ်သွားလေသည်။

ထို့ကြောင့်...

သူမက...

"သည်မှာ ဝူးဖိန်...စည်းကမ်းတွေ မလိုပါဘူး။ နင် အခုချက်ချင်းလာပြီး ကူတိုက်ပေး။ ကြူးထိုက်စန်းကို သတ်ပစ်ဖို့က အရေးကြီးတယ်၊ ငါတို့လာရင်းကိစ္စကို မေ့နေပြီလား"

ထိုသို့ ပြောဆိုနေစဉ်မှာပင် ကြူးထိုက်စန်းနှင့် သစ်ခုတ်မယ်တို့သည် ဓားကွက်ငါးဆယ်ကျော်မျှ တိုက်ခိုက်ထိုးခုတ်နေပြီဖြစ်သည်။

သွေးကျာပွတ်ဝူးဖိန်သည် သစ်ခုတ်မယ် အရေးနိမ့်စပြုနေသည်ကို အမှတ်မထင် သတိထားလိုက်မိလေသည်။

ဝူးဖိန်သည် သစ်ခုတ်မယ် အရေးမလှကြောင်းကို နိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် သိုင်းလောကသားများ၏ စည်းကမ်းချက်များကို ဖျက်ထွယ်ပြု၍ သူ့အောက်မှ ဝိုင်းကူတိုက်ပေးရန် ပြင်ဆင်လေတော့သည်။

ရပ်ကြည့်နေကြသော မိုးနတ်မယ်လည်း သူမဖခင်အား တိုက်ခိုက်ရန် ပြင်ဆင်နေသော ဝူးဖိန်ကို အကဲခတ်ကြည့်နေလေသည်။

အကယ်၍ ဝူးဖိန်ဝင်လာလျှင် သူမလည်း ဝင်မည်ဟု ဆုံးဖြတ်ထားလေသည်။

ထိုစဉ်မှာပင် ဝူးဖိန်သည် တိုက်ပွဲကြားသို့ ရုတ်တရက် ဝင်ရောက်လာလေတော့သည်။

ထို့ကြောင့်...

မိုးနတ်မယ်လည်း မနေသာတော့ဘဲ သူမ အသုံးပြုလျက်ရှိသော ဓားနှစ်လက်ကိုကိုင်ပြီး တိုက်ပွဲကြားသို့ ခုန်ဝင်လိုက်လေတော့သည်။

မိုးနတ်မယ်က ဝူးဖိန်အား တိုက်ခိုက်လိုက်သည်။

ကြူးထိုက်စန်းသည် သမီးကြီး၏ သိုင်းပညာအဆင့်ကို နားလည်ထားသည်။

သူမသည် ဘယ်နည်းနှင့်မျှ ဝူးဖိန်ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည်မဟုတ်သောကြောင့် မိုးနတ်မယ်ကြူးရှင်းအား ဝင်ရောက်ကူညီပေးချင်သော်လည်း အခြေအနေအရ ကူညီပေးနိုင်စွမ်း မရှိခဲ့ချေ။ သူတွေးထင်သည့်အတိုင်းပင် မိုးနတ်မယ်ကြူးရှင်းသည် ဝူးဖိန်နှင့် ဆယ်ကွက်ခန့်တိုက်ခိုက်မိလျှင်ပင် အခြေအနေက သိသိသာသာ ပြောင်းလဲသွားလေတော့သည်။



ဝူးဖိန်၏ ကျာပွတ်တစ်ချက်က ရွှမ်းခနဲမြည်သံ ထွက်ပေါ်လာလေသည်။

ထိုအသံနှင့်အတူ မိုးနတ်မယ်၏ အော်ဟစ်ညည်းတွားသံကို ပါ ဆက်၍ကြားလိုက်ရသည်။

မိုးနတ်မယ်ကြူးရှင်းသည် နောက်သို့ တော်တော်လေး ဆုတ်ခွာသွားလေသည်။

သူမလက်ထဲမှ ဓားနှစ်လက်စလုံးမှာ လွတ်ကျသွား၏။

သူမ၏ဓား လွင့်စဉ်သွားသောအခါ သူမနှင့်စေ့စပ်ထားသော အမျိုးသားက လျှင်မြန်စွာပြေးသွားပြီး လွင့်စဉ်သွားသော ဓားနှစ်လက်ကို ဆီးဖမ်းလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေသော ပရိသတ်သည် ယခုလို ဝူးဖိန်က မိုးနတ်မယ်ကို အနိုင်အထက်ပြု၍ တိုက်ခိုက်လိုက်သည်ကို မြင်တွေ့လိုက်ရသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

ထို့ကြောင့်....

ပရိသတ်ထဲမှ လူဆယ်ဦးခန့်မှာ မနေသာတော့ဘဲ ဝူးဖိန်အား ဝိုင်းဝန်းတိုက်ခိုက်ရန် တိုက်ပွဲကြားသို့ ဝင်လာကြသည်။

ထိုလူများမှာ သိုင်းသမားများဖြစ်ကြပြီး ပစ္စည်းပို့ဆောင်ရေးအာမခံဌာနများတွင် တာဝန်ခံဆရာကြီးများအဖြစ် အမှုထမ်းနေကြသူများဖြစ်ကြသည်။

သိုင်းပညာ အခြေခံလည်း မနိမ့်လှပေ။

သို့သော်...

ဝူးဖိန်၏သိုင်းပညာအဆင့်က ထိုလူတို့ထက် များစွာသာသောကြောင့် မကြာမီ အတောအတွင်းမှာပင် ဆူညံညံ တိုက်ပွဲကြားမှ လူခြောက်ယောက် လွင့်စဉ်ကာ တဝုန်းဝုန်းလဲကျသွားကြတော့သည်။

ထိုအခါ...

ဝိုင်းကြည့်နေကြသော ပရိသတ်မှာ ထိုအဖြစ်ကို ကြည့်ပြီး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

"ရွှမ်း"

လေထဲတွင် ဝူးဖိန်၏ကျားမွှတ်သံက ဓားပျံ့ကူသလို ဆူညံနေ



သည်။ ကြူးထိုက်စန်းတို့ဘက်မှ နောက်ထပ် သိုင်းသမားလေးယောက် လွင့်စဉ်ကာလဲ ကျသွားပြန်သည်။

ဝူးဖိန်၏ ကျားမွှတ်ရိုက်ချက်က ပြင်းထန်ရုံမက လျင်မြန်သွက်လက်မှုမှာလည်း ချီးမွမ်းဖွယ်ရာပင်ဖြစ်သည်။

လူကို ကျားမွှတ်နှင့်ပတ်ရိုက်ယူပြီး ခွဲပစ်လိုက်ပုံများမှာ အရုပ်ကလေးများကို ခွဲယူပစ်နေသကဲ့သို့ ထင်ရပေသည်။

အလွန်ထိရောက်ပြီး အလွန်ပိုင်နိုင်လှသော တိုက်ကွက်များပင်။

"ဟား...ဟား...ဟား"

ဝူးဖိန်၏ရယ်မောသံက ထိတ်လန့်ချောက်ချားဖွယ် ထွက်ပေါ်လာသည်။

ရယ်သံအဆုံးတွင် ကျားမွှတ်သံက တရွှမ်းရွှမ်းပေါ်ထွက်လာပြန်သည်။

သူ၏ သွေးကျားမွှတ်သည် အရှည်ခြောက်ပေနှစ်လက်မ ရှိပေသည်။

ကြူးထိုက်စန်းသည် သူ့သမီးနှင့် မိတ်ဆွေသိုင်းသမားများ အရေးနိမ့်ပါးသွားသည်ကို မြင်လိုက်ရသဖြင့် များစွာနိုးရိမ်သွားလေသည်။

ရပ်ကြည့်နေကြသော ပရိသတ်များလည်း ဝူးဖိန်အား တစ်ယောက်မျှ ထွက်မယှဉ်ဝံ့ဘဲ ရှိနေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗူးဗိန်သည် ကျာပွတ်ဖြင့် ကြူးထိုက်စန်းအား တိုက်ခိုက်ရာတွင် အထက်စီးမှ အသာရနိုင်၏။

အကယ်၍ ဗူးဗိန် ပါဝင်တိုက်ခိုက်လာမည်ဆိုလျှင် အခြေအနေတစ်မျိုးပြောင်းသွားနိုင်လေသည်။

ကြူးထိုက်စန်း အရေးနိမ့်သွားမည်မှာ သေချာပေသည်။

ထိုသို့ ရှိနေစဉ်မှာပင် ရုတ်တရက် မြင်းခွာသံများကို ကြူးထိုက်စန်း ကြားလိုက်ရသည်။

မြင်းခွာသံများ ပေါ်ထွက်လာပြီး မကြာမီမှာပင် မြင်းတစ်စီးသည် တိုက်ပွဲကြားသို့ လျှပ်ပြက်သလို ဝင်ရောက်လာသည်။

မြင်းဖြူပေါ်မှလူသည် ဓားကို ဝှေ့ယမ်းလျက်ရှိနေသည်ကို ပရိသတ်တို့ မြင်တွေ့လိုက်ရသည်။

လှုပ်ရှားမှုက လွန်စွာ လျင်မြန်လွန်းလှသဖြင့် မြင်းပေါ်မှလူ၏မျက်နှာကိုကောင်းစွာ မမြင်ရပေ။

မထင်မရှားသာ တွေ့ရလေသည်။

ထိုလူ၏မျက်နှာကို သေသေချာချာ မမြင်ရသေးခင်မှာပင် ထိုလူသည် မြင်းပေါ်မှလွှားခနဲ ထိုးဆင်းလာလေသည်။

ထို့နောက်...

ထိုလူသည် ကြူးထိုက်စန်းအား ညှပ်ကာတိုက်ခိုက်နေသော ဗူးဗိန်နှင့်သစ်နက်မယ်တို့အား နောက်မှ တိုက်ခိုက်လိုက်လေသည်။



သစ်နက်မယ်သည် တိုက်ပွဲခွင်သို့ ရောက်လာသော မြင်းဖြူရှင်အား ရင်ဆိုင်၍ခုခံတိုက်ခိုက်လေသည်။

"ဝှစ်...ဝှစ်"

ထိုလူသည် လက်ထဲမှဓားကို လေထဲ၌ဝှေ့ယမ်းပြီး တရကြမ်းတိုက်ခိုက်ရာ မကြာမီ အချိန်မီမှာပင် သစ်နက်မယ်၏ထိတ်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ရသည်။

"အား"

ပရိသတ်များသည် သစ်နက်မယ်ထံသို့ အာရုံရောက်သွားပြီးကြည့်လိုက်ရာ သူမသည် ဝမ်းဗိုက်ကိုလက်တစ်ဖက်ဖြင့် အုပ်ကာနောက်သို့ ခုန်ဆုတ်ထွက်ပြေးသွားသည်ကို အံ့သြစွာတွေ့လိုက်ရလေသည်။

ပရိသတ်သည် သစ်နက်မယ်၏ အော်ဟစ်ညည်းတွားသံကိုသာကြားလိုက်ရသော်လည်း သူမ၏အနေအထားကိုမူ လုံးဝ သတိမထားမိကြပေ။

အဘယ်ကြောင့်ဆိုသော် ပရိသတ်များသည် နောက်ဝင်လာသော မြင်းဖြူရှင်၏မျက်နှာကိုသာ အမီအရ အကဲခတ်ကြည့်ရှုနေသောကြောင့်ဖြစ်သည်။

မြင်းဖြူရှင်မှာ မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့်...

ပရိသတ်မှာ မျက်လုံးပြူး မျက်ဆံပြူးလျက် မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး ရွှန်းရွှန်း အံ့ဩနေကြလေသည်။

မိန်းကလေးသည် အနီရောင်ကိုယ်ကျပ် သိုင်းဝတ်စုံကိုဝတ်ဆင်ထားသည်။

သူမကား ကြိုးတိုက်စနန်း၏ သမီးငယ်ပင်ဖြစ်ပေတော့သည်။

သူမသည် သစ်နက်မယ်အား တိုက်ခိုက်လိုက်ပြီးနောက် သူမ၏ဖခင်အား တိုက်ခိုက်လျက်ရှိသော ဝူးဖိန်ထံသို့ ရင်ဆိုင်လိုက်သည်။

* * *



ဝူးဖိန်က အထင်မကြီးဟန်ဖြင့် ကျားပွတ်နှင့်လှမ်းရိုက်လိုက်သည်။

"ဖြန်း"

မိန်းကလေးက ကြောင်တစ်ကောင်လို လျှားခနဲ ခုန်ရှောင်လိုက်ရာ ဝူးဖိန်၏ကျားပွတ်သည် သူမ၏ခြေထောက်အောက်မှ ဖြတ်သွားလေသည်။

"ရွှမ်း"

"ဖတ်"

ဝူးဖိန်က နောက်တစ်ချက် ဆွဲရိုက်လိုက်ပြန်သည်။

ယခုတစ်ခါတော့ မိန်းကလေးက မရှောင်တော့ဘဲ ကျားပွတ်ကို ဖမ်းဆွဲလိုက်ရာ ပရိသတ်များ အံ့ဩတုန်လှုပ်သွားကြလေသည်။

"ဟင်"

"ဟာ"

"တော်တော် အတင့်ရဲတဲ့ မိန်းကလေးပဲ"

ဝူးဖိန်က ထိုမိန်းကလေး၏ရဲဟင်းသော အပြုအမူကြောင့် ထိတ်လန့်သွားလေသည်။

သူက ကျားပွတ်ကို လျင်မြန်စွာ နောက်သို့ပြန်ရုပ်သိမ်းလိုက်ပြီး လေထဲတွင် ဝှေ့ယမ်းနေပြန်သည်။

မိန်းကလေးအား အပြတ်ရှင်းရန် အခွင့်ကောင်းနှင့်အချက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို အတွက်ဆင်နေလေသည်။

မိန်းကလေးက နောက်သို့ဆုတ်ဘဲ ညာလက်မှဓားဖြင့် ဓူးမိန့်၏ တဖို့နိုကိုးပြေးဝင်သွားသည်။

"ဗိုး"

ဓူးမိန့်က သူ၏ကျာပွတ်ဖြင့် သူမ၏ဓားကို ဆွဲရိုက်ပစ်သည်။

"ရှပ်"

ဟူသောကျာပွတ်သံ ထွက်ပေါ်လာသလို သူမ၏လက်ထွင်းမှဓားကလည်း လျှပ်ပြက်သလို ပြိုးပြိုးပြက်ပြက် အလင်းတန်းများပေါ်ထွက်လာလေသည်။

ဓူးမိန့်၏ ကျာပွတ်မှာ ထက်ပိုင်းပြတ်သွားသည်ကို မြင်တွေ့လိုက်ရသည်။

ထို့အတူ...

ဓူးမိန့်၏ အင်္ကျီရင်ဘတ်စသည်လည်း မိန်းကလေး၏ ဓားချက်ကြောင့် ဆုတ်ဖြဲပြတ်ကျသွားသည်ကို တွေ့လိုက်ရလေသည်။

အင်္ကျီရင်ဘတ်စ ဆုတ်ဖြဲပြတ်ကျသွားသောအခါ ရင်ဘတ်နေရာမှ သွေးများထွက်လာသည်ကို တွေ့မြင်ရသည်။

ဓူးမိန့် ရင်ထိတ်သွားသည်။

သူသည် နောက်သို့ ခုန်လွှားဆုတ်လိုက်ပြီး သူ့ညာလက်ကို ဝှေ့ယမ်းလှုပ်ရှားလိုက်လေသည်။



ဤတွင် ဓူးမိန့်၏လက်နက်ပုန်း သုံးစင်းသည် အလင်းတန်းသုံးတန်းပေါ်ထွက်လာပြီး တဝှစ်ဝှစ်မြည်ကာ သူမထံသို့ အရှိန်အဟုန်ဖြင့် ပြင်းထန်စွာ ပြေးဝင်သွားလေသည်။

ရပ်ကြည့်နေသော ပရိသတ်များထံမှ ထိတ်လန့်တကြားအော်ဟစ်လိုက်သံများ ပေါ်ထွက်လာကြသည်။

ကြူးထိုက်စန်းမှာ စိုးရိမ်တကြီး ဖြစ်သွားကာ သူ၏သမီးငယ်အား လှမ်းအော် သတိပေးလိုက်လေသည်။

"သမီးငယ်..သတိထား"

မိန်းကလေးက နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်လိုက်ပြီး လက်ထဲမှဓားကို ဝှေ့ယမ်းလိုက်လေသည်။

"ထန်း"

သံချင်းထိခတ်သံများ အဆက်မပြတ် ပေါ်ထွက်သွားသည်။

ဓူးမိန့်၏ လက်နက်ပုန်းသုံးစင်းသည် လက်ဝဲလက်ယာနှစ်ဖက်သို့ လွင့်စဉ်ထွက်ကြကုန်သည်။

ဓူးမိန့်သည် သူအလွန်အားကိုးသော လက်နက်ပုန်းများက မိန်းကလေးအား ထိခိုက်ခြင်း လုံးဝမရှိသောကြောင့် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

ဓူးမိန့်သည် ရုတ်တရက် နောက်သို့ လွှားခနဲ ခုန်ဆုတ်သွားပြီး ထွက်ပြေးသွားလေတော့သည်။

ဓူးမိန့်သည် ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်ဝေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်မုဟုတ်ချင်းမှာပင် မျက်ကွယ်ရာသို့ ရောက်ကာ ပျောက်ကွယ်သွားလေတော့သည်။

ကြူးလိုက်စန်း ဝမ်းသာသွားသည်။

"ကြူးယွင်...သမီးလေး...သမီး အချိန်မီပြန်ရောက်လာပေလို့ပေါ့"

ထိုစဉ်...

မိုးနတ်မယ်သည် မျက်နှာလေးနီမြန်းလျက် သူမ၏ညီမငယ်ရှေ့မှောက်သို့ လျှောက်လာလေသည်။

မိုးနတ်မယ်ကို သူ့အမျိုးသားက တွဲခေါ်လာခြင်းဖြစ်ပေသည်။

"ညီမလေး...အချိန်မီ ရောက်လာလို့ပေါ့၊ မဟုတ်ရင် မေမေ ရောမေပါ သူတို့လက်ချက် မိသွားတော့မလို့"

ကြူးယွင်က သူ့အစ်မကို စကားဆက်မပြောရန် မျက်ရိပ်ပြပြီး အစ်မဖြစ်သူ၏နားနားသို့ ကပ်ကာ တစ်စုံတစ်ခုကို တိုးတိုးပြောလိုက်လေသည်။

ပြီးလျှင် ခန်းမအားဖြတ်၍ အိမ်ခန်းအတွင်းသို့ ဝင်ရောက်သွားလေသည်။

ထို့နောက် သူမ ပြန်လည် ထွက်မလာတော့ချေ။

* * *



ဝူးဖိန်သည် လဲကျနေသူများနှင့် ဒဏ်ရာရနေသူများကို ဧည့်ပရိသတ်များနှင့်အတူ ကြည့်ရှုစစ်ဆေးကာ အလုပ်ရှုပ်နေလေတော့သည်။

ကြူးလိုက်စန်း၏ မွေးနေ့ပွဲမှာ အနှောက်အယှက်လာပေးသူ နှစ်ဦးကြောင့် ပျော်ရွှင်စရာမရှိတော့ဘဲ စိတ်ပျက်စိတ်ညစ်ရသည့် ပွဲသာ ဖြစ်သွားရလေတော့သည်။

အတန်ကြာသောအခါမှ မိုးနတ်မယ်သည် ညီမဖြစ်သူ၏ အခန်းတွင်းသို့ ဝင်ရောက်လာ၏။

"ညီမလေး...မေမေနဲ့ထွက်တွေ့ပြီး စကားလေး ဘာလေး မပြောတော့ဘူးလားကွယ်"

ကြူးယွင် ရယ်မောလိုက်ပြီး...

"ကျွန်မ သည်နေ့ည အိမ်ကို အချိန်မီပြန်လာတာဟာ မေမေ့အတွက် မွေးနေ့လက်ဆောင်ပေးချင်လို့ပဲ၊ မမ ကျွန်မစီးလာတဲ့မြင်းရဲ့ကျောအိတ်ထဲမှာ မေမေ့အတွက် ပန်းသီးဆယ်လုံးပါလာတယ်၊ မမသွားပြီး မေမေ့အတွက်စားဖို့ ယူပေးလိုက်ပါနော်၊ ကျွန်မလည်း ခဏအနားယူပြီး သွားတော့မယ်"

ဟု ပြောလေသည်။

ကြူးရှင်းက မသာမယာ မျက်နှာဖြင့်...

"ညီမလေးကလည်းကွယ်၊ တစ်ရက်နှစ်ရက်လောက်တော့ အိမ်မှာနေပါဦး။ လောလောဆယ် ခရီးထပ်မထွက်ပါနဲ့ဦး။ မေမေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်း ဖြစ်နေပါဦးမယ်"

ထိုအခါ...

ကြူးယွင်က...

"ကျွန်မ အခုစီးလာတဲ့မြင်းနဲ့ ကိုင်လာတဲ့ဓားဟာ သူများဆီ ကငှားလာတာ၊ အဲဒါ အခုသွားပြီး ပြန်ပေးရလိမ့်မယ်"

ကြူးရှင်းမှာ ညီမဖြစ်သူ၏ စိတ်ဓာတ်ကို နားလည်ထားသူဖြစ်၍ နောက်ထပ် မပြောတော့ဘဲ လှည့်ထွက်လာခဲ့လေသည်။

ထို့နောက်...

သူမသည် ကြူးယွင်စီးလာသော မြင်းဖြူကြီးရှိရာသို့သွားပြီး ရိက္ခာအိတ်ထဲမှ ပန်းသီးဆယ်လုံးကို ခြင်းတောင်းတစ်ခုဖြင့် ထုတ်ယူထည့်လာပြီးလျှင် ဖခင်ရှိရာသို့ လာခဲ့လေသည်။

ဖခင်ရှေ့ရောက်သော် ခြင်းတောင်းအတွင်းမှ ပန်းသီးလက်ဆောင်ကိုပြလျှင်...

"ဖေဖေ...ညီမလေးက ဖေဖေ့မွေးနေ့လက်ဆောင်အဖြစ် ယူလာခဲ့တာတဲ့၊ သူအခုပဲ ခရီးပြန်ထွက်ဦးမယ်လို့ ပြောနေတယ် ဖေဖေ"

ထိုသို့ ပြောဆိုနေခိုက်မှာပင် အခန်းတွင်းမှ ကြူးယွင်ထွက်လာသည်။

ကြူးယွင်သည် ဖခင်ဖြစ်သူအား ပွေ့ဖက်လျက်...

"ဖေဖေ...သမီးသွားလိုက်ဦးမယ်နော်၊ သမီးစီးလာတဲ့မြင်းနဲ့ကိုင်လာတဲ့ဓားဟာ သူများဆီက ငှားလာတာ ဖေဖေရဲ့၊ ခုသွားပို့ရတော့မယ်၊ ပြန်မပေးလို့မဖြစ်ဘူး၊ သမီးသွားမယ်နော် ဖေဖေ"

ဤသို့ပြောဆိုပြီးနောက် ကြူးယွင်သည် ဖခင်အား တစ်ချက်ပြုံးပြကာ အစ်မဖြစ်သူ ကြူးရှင်းအား လက်ပြနှုတ်ဆက်လိုက်ပြီးလျှင် မြင်းဖြူကြီးရပ်နေရာသို့ လျင်မြန်စွာ ပြေးထွက်သွားလေသည်။

မြင်းဖြူကြီးအနားသို့ ရောက်သော် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေသည်။

ကြူးထိုက်စန်းမှာ ကြူးယွင်ကိုကြည့်ပြီး ခေါင်းကို ခါယမ်းလိုက်ပြီးနောက် ဧည့်သည်များဘက်သို့ လှည့်ကာ...

"သည်မိန်းကလေးဟာ အပြောရအဆိုရ သိပ်ခက်တဲ့မိန်းကလေးပဲ၊ သူ့စိတ်ဓာတ်ကလည်း သူ့အစ်မနဲ့ လုံးဝမတူဘူးဗျ၊ သူလုပ်ချင်တဲ့ကိစ္စကို တစွတ်ထိုးလုပ်တတ်တဲ့ဉာဉ်ရှိတယ်၊ သတ္တိကလည်းစောစောက ခင်ဗျားတို့မြင်ကြတဲ့အတိုင်းပဲလေ၊ ဘာဆိုဘာမှကြောက်ရွံ့တဲ့စိတ်မရှိဘူး။ ကျုပ်လည်း သူ့ကို ထိန်းမရအောင်ဖြစ်နေတယ်၊ သူ့သဘောဆန္ဒအတိုင်းပဲ လိုက်လျောပြီးကြည့်နေရတော့မှာပဲဗျ၊ အခုလည်း ဘယ်ကိုထွက်သွားဦးမယ် မသိဘူး"

ကြူးထိုက်စန်းက သက်ပြင်းချလိုက်ပြီး သူ့သမီးကြီးနှင့်ဘေးမှရပ်၍ နားထောင်နေကြသော ဧည့်သည်တော်များအား ရယ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များသည် ကြူးထိုက်စန်း၏သမီးငယ်သည် ရုပ်ချော သိုင်းပညာအဆင့်ပါ တော်သည်ဟု ချီးမွမ်းကြလေသည်။

သမီးငယ်ကြူးယွင်သည် ရုပ်ချောပြီး သိုင်းပညာအဆင့်လည်း မြင့်မားလှသည်။

သဏ္ဌာန်လည်းကောင်းသည်။

နာမည်ကြီးနေသော သွေးကျာပွတ်စုးဖိန်နှင့် သစ်နက်မယ်တို့ကို လှံရှိုးကိုပင် နိုင်အောင်တိုက်ခိုက်နိုင်ခဲ့ကြောင်း ဧသည်ဖြင့် အချို့ချို့အဖုံဖုံ ချီးမွမ်းလျှက်ရှိနေကြသည်။

ထိုဧည့်သည်များအတွင်းမှ ပေါက်တာဆိုသည့် သိုင်းသမားတစ်ဦးက ကြူးထိုက်စန်းအား မေးမြန်းလိုက်လေသည်။

"အစ်ကိုကြီးကြူး..အစ်ကိုကြီးကြူးကို ကျွန်တော် အထင်သေးစကားပြောတာတော့ မဟုတ်ပါဘူးခင်ဗျာ။ စောစောက အစ်ကိုကြီးကြူးရဲ့သမီးငယ် တိုက်ခိုက်သွားတဲ့ သိုင်းပညာအဆင့်ကို ကျွန်တော်ကြည့်ရှုအကဲခတ်မိသလောက် ပြောရရင် အစ်ကိုကြီးကြူးသမီးငယ်ရဲ့ သိုင်းပညာအဆင့်ဟာ အစ်ကိုကြီးကြူးထက် သာလွန်ကောင်းမွန်နေကြောင်း တွေ့ရပါတယ်၊ သူ့ကို ဘယ်သူကများသင်ကြားပေးခဲ့တာလဲခင်ဗျာ၊ သူ့ရဲ့ဆရာသမားက ဘယ်သူဖြစ်သလဲဆိုတာ ပြောပြပါလား။ အစ်ကိုကြီးကြူး"

ဟု မေးလိုက်သည်။

ပေါက်တာ၏ အမေးစကားကို ဧည့်သည်မိတ်ဆွေများအား



လုံးကလည်း ကြားချင်လှသဖြင့် နားစွင့်၍နေကြလေသည်။

ကြူးထိုက်စန်း၏ မျက်နှာကြီးသည် ရုတ်တရက် ညိုမြန်း၍သွားလေသည်။

သူက ဦးခေါင်းကို ခါယမ်းလိုက်ပြီး မဲ့ပြုံးပြုံးကာ...

"ညီလေးပေါက်တာ..ညီလေးရဲ့မေးခွန်းကို ကျုပ်ဖြေရမှာခက်နေပါတယ်၊ ကျုပ်ပြောရရင်တော့ ကျုပ်သမီးရဲ့ ဆရာသမားကို ကျုပ် အခုထိ မမြင်ဖူးသေးဘူး၊ သမီးငယ်ကလည်း ကျုပ်ကိုသူ့ဆရာဘယ်သူဘယ်ဝါဆိုတာ ပြောမပြခဲ့ပါဘူး၊ မေးလို့လည်းမရပါဘူး။ ခုကျုပ်ပြောနေတာ တကယ့်အမှန်စကားတွေပါ ညီလေးပေါက်တာ၊ သူ့အစ်မကြူးရှင်းကိုလည်း မေးကြည့်နိုင်ပါတယ်၊ သမီးကြီးကြူးရှင်းနဲ့သမီးငယ်ကြူးယွင်တို့ နှစ်ယောက်ဟာ ညီအစ်မချင်း တော်တော်လည်း ချစ်ခင်ကြပါတယ်၊ ဒါပေမယ့် သမီးငယ်ဟာ ဘာမဆို တိုင်ပင်တတ်ပေမယ့် သူ့ဆရာဘယ်သူဘယ်ဝါဆိုတာတော့ သူ့အစ်မကြီးကို ဖွင့်မပြောပြခဲ့ဘူးတဲ့၊ ကျုပ်တို့လည်း သူမပြောချင်တဲ့အကြောင်းကိစ္စတစ်ရပ်ကို အတင်းမမေးမြန်းကြတော့ပါဘူးခင်ဗျာ၊ ဒါကြောင့် ညီလေးပေါက်တာမေးတဲ့ မေးခွန်းကို ကျုပ်တို့သားအဖနှစ်ယောက်စလုံး မဖြေနိုင်ဘူးဆိုတာ ယုံကြည်စေချင်ပါတယ် ခင်ဗျာ"

ကြူးထိုက်စန်း၏ စကားကြောင့် ပေါက်တာနှင့်တကွ ဧည့်သည်မိတ်ဆွေများအားလုံး အံ့အားသင့် ဖြစ်ကုန်ကြတော့သည်။

အရပ်အမောင်း မြင့်မားလှသော လူတစ်ယောက်က ရယ်

www.burmeseclassic.com

www.burmeseclassic.com



မော၍ထလာသည်။

သူ့အသည်မှာ ကျိုလင်းဖြစ်လေသည်။

သူက...

"အစ်ကိုကြီးကြူး...အစ်ကိုကြီးပြောတဲ့ အကြောင်းကိစ္စတွေ ထူး တယ်ဗျို ထူးခြားလှပါလား။ အစ်ကိုကြီးရဲ့သမီးငယ်ဟာ ဘယ်လိုလုပ်ပြီး သူ့ကို ပညာသင်ပေးတဲ့ ဆရာနဲ့တွေ့သွားရတာဖဲ"

ဟု မေးလေသည်။

ထိုအခါ...

ကြူးထိုက်စန်းက...

"အင်း...အဲသည်အကြောင်းတွေ ပြောရရင် သူ့အမေရဲ့အကြောင်းကိုပါ ထည့်ပြောရမှာပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကပေါ့ဗျာ၊ ကြူးယွင်ရဲ့အသက်ဟာ ခြောက်နှစ်လောက်ရှိနေပြီး ကြူးယွင်ဟာ အင်မတန် ချူချာတယ်၊ တရောင်ရောင်နဲ့ နေထိုင်မကောင်းပဲ ဖြစ်နေတတ်ပါတယ်"

"ဒါနဲ့ပဲ သူ့အနေဟာ ကြူးယွင်ကို ယတြာချေတဲ့သဘောနဲ့ အသက်ရှည်အောင်ဆိုပြီး သူများကို မွေးစားသမီးအဖြစ်ပေးပစ်လိုက်တယ်ဗျာ၊ အဲသည်တုန်းက ကျုပ်လည်း ပစ္စည်းပို့ဆောင်ရေးအာမခံဌာနမှာ အလုပ်လုပ်နေလို့ ဟိုခရီးထွက် သည်ခရီးထွက်ရနဲ့ ကြူးယွင်နဲ့ သူ့အမေကိစ္စတွေကို အထူးဂရုမစိုက်နိုင်ခဲ့ဘဲ ဖြစ်နေခဲ့ရတယ်၊ သူတို့အကြောင်းတွေကိုလည်း မစုံစမ်းနိုင်ခဲ့ဘူးလေ၊ နောက်လေးလ



လောက်ကြာတော့မှ ကျုပ်လည်း အလုပ်ပါးသွားတာနဲ့ အိမ်ပြန်လာခဲ့တယ်၊ အိမ်ရောက်တော့ သမီးငယ်လေးကို မတွေ့တာနဲ့ မေးမြန်းကြည့်တယ်၊ သည်တော့မှ သူ့အမေက သူများကို မွေးစားဖို့ပေးလိုက်တာ၊ လေးလလောက်ရှိသွားပြီ၊ သူ့မွေးစားအမေက ကြူးယွင်ကို ဘယ်ခေါ်သွားမှန်းတောင် မသိတော့မှ ကျုပ်သိရတော့တယ်ဗျာ"

ကြူးထိုက်စန်း၏ စကားကို ဧည့်သည်တော်အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ကြူးထိုက်စန်းသည် အရက်အိုးကို လှမ်းယူပြီး တစ်ကြိုက် မော့သောက်လိုက်ပြီးနောက် စကားကို ဆက်ပြောလေတော့သည်။

"သူ့အနေနဲ့က ကြူးယွင်ကို မွေးစားဖို့ခေါ်သွားတဲ့ အမျိုးသမီးဟာ ဘယ်သူဘယ်ဝါဆိုတာတောင် သေချာမသိလိုက်ဘူးလို့ ကျုပ်ကိုပြောပြတယ်၊ ကျုပ်လည်း သမီးငယ်ကြူးယွင်ကို သနားတာနဲ့ ကျုပ်ဌာနက တပည့်လေးတွေကို မြို့ဝတ်ဝန်းကျင်တွေမှာ တစ်လနီးပါးလောက် စုံစမ်းရှာဖွေခိုင်းပါသေးတယ်၊ ဒါပေမယ့် သမီးလေးနဲ့ သူ့ကို မွေးစားဖို့ခေါ်သွားတဲ့ အမျိုးသမီးရဲ့ အရိပ်အယောင်ကို တောင်ပြန်မတွေ့ရတော့ဘူး"

"သည်လိုနဲ့ တစ်နှစ်လောက် အချိန်တွေကုန်ဆုံးသွားပြီးတဲ့ နောက်တစ်နေ့ ကျုပ်အိမ်ကို ပြန်ရောက်လာတော့ ကျုပ်သမီးကြူးယွင်ကို သူ့အမေရင်ခွင်ထဲမှာ လဲနေတာတွေ့ရတယ်၊ ကြူးယွင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မြူလည်းမြူ ဝေလည်းဝေလာတာကို တွေ့ရတယ်၊ သူ့ကိုကြည့်ရတာ အရင်နှစ်များက အိမ်မှာနေစဉ်တုန်းကလို ဖိနပ်ဖိနပ်လိနပ်လိနပ် ရှုံရှာတဲ့ ရုပ်ရည်မျိုး မရှိတော့ဘူး"

"ကျုပ် ကြူးယွင်နဲ့ သူ့အမေကို အကျိုးအကြောင်း မေး ကြည့်တယ်လေ၊ ဒါပေမယ့် သူ့အမေကလည်း သေသေချာချာ ရေ ရေရာရာဘာမှမပြောနိုင်ဘူး၊ အဲသည်နောက်တော့ ကြူးယွင်ဟာ အိမ်ရောက်လာပြီး သူ့အမေနဲ့နေလိုက် အိမ်က အချိန်အတော်ကြာ ပျောက်သွားလိုက်နဲ့ ဖြစ်နေတယ်၊ သည်လိုပဲဖြစ်နေတာကြာတော့ ကျုပ်က ကြူးယွင်အကြောင်းနဲ့ ပတ်သက်ပြီး သိပ်မမေးတော့ဘူး။ ကြူးယွင်ဟာ အဲသည်လို အိမ်ပြန်ရောက်လိုက် အိမ်ကပြန်ထွက်သွားလိုက် ဖြစ်နေခဲ့တာ အခု အသက်အရွယ်ရောက်တဲ့အထိ ဆိုပါတော့၊ သူက အိမ်ကိုပြန်လာချင်တဲ့နေ့ ပြန်လာတယ်၊ ထွက်သွားရင်လည်း စကားတစ်ခွန်းလောက်ပဲ ပြောဆိုနှုတ်ဆက်ပြီး ထွက်သွားပြန်တယ်၊ သူ့ကိုတားလို့မရဘူး၊ သူဘယ်ကိုသွားတယ်၊ သူ့ဆရာသမားဟာ ဘယ်သူတွေဖြစ်သလဲ ဆိုတာတွေကိုလည်း မေးစမ်းလို့မရတော့ဘူး။ သူကလည်း မပြောဘူး။ ဒါကြောင့် ကျုပ်လည်း ကျုပ်သမီးကြူးယွင် အကြောင်းကို ဘာမှ တိတိကျကျ မသိဘူးလို့ ပြောပြနေရတာပါဗျာ"

ကြူးထိုက်စန်းသည် ထိုသို့ပြောပြလိုက်ပြီးနောက် အရက် ကိုနောက်ထပ် သုံးလေးကျိုက်ခန့် မော့သောက်လိုက်ပြန်သည်။

နားထောင်နေကြသည့် ဧည့်သည်မိတ်ဆွေအပေါင်းတို့မှာ



လည်း ကြူးထိုက်စန်း ပြောပြသည့်အကြောင်းအရာများကို ပုံမြင် တစ်ခုအလား ထင်မှတ်ရအောင် ခံစားနေရလေသည်။

* * *

ထို့နောက်တွင် မိတ်ဆွေအချို့က ကြူးထိုက်စန်းအား သမီးငယ်ကြူးယွင်၏နှောင်ရေးကိစ္စ(ဝါ)မင်္ဂလာကိစ္စအား မည်သို့စီ စဉ်ထားလိုသည်ကို မေးမြန်းစုံစမ်းကြပြန်သည်။

ဤတွင် ကြူးထိုက်စန်း၏သမီးကြီးကြူးရှင်းက ဝင်ပြော လိုက်သည်။

"ညီမလေးကို ကျွန်မက အိမ်ထောင်ပြုရေးကိစ္စနဲ့ ပတ် သက်ပြီး သူ့သဘောထားကို မေးမြန်းပြီးပါပြီ၊ သူက ပြောပြပါတယ်၊ သူ့အိမ်ထောင်ရေးကိစ္စကို ဖေဖေတို့ အစ်မကြီးတို့ စီစဉ်ဆောင်ရွက် ကြိုးပမ်းနေစရာမလိုပါဘူးတဲ့၊ ညီမလေးရဲ့အသက်ဟာ ဆယ့်ရှစ်နှစ် နှစ်ကျော်ပါပြီ၊ ကျွန်မအထင်ပြောရရင်တော့ ညီမလေးဟာ သူ့အိမ် ထောင်ရေးကိစ္စကို သူ့ဘာသာရှာဖွေပြီး စီစဉ်လိမ့်မယ်ထင်ပါရဲ့"

ကြူးထိုက်စန်းသည် သမီးကြီး၏စကားကို ကြားလိုက်ရ သောအခါ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်—

"သည်လို ဘယ်ဖြစ်ပါ့မလဲ၊ သားသမီးရဲ့အိမ်ထောင်ရေး ကိစ္စကို မိဘများကသာ စီစဉ်ပေးရိုးထုံးစံရှိတာပဲကွယ်၊ မိဘက သင့်

www.burmeseclassic.com

www.burmeseclassic.com



တော်မယ့်လူကို ရှာဖွေပြီးစေ့စပ်ပေးရမယ်၊ သားသမီးက သူတို့ကြိုက်ရာရှာဖွေရွေးချယ်ပြီး သူတို့သဘောနဲ့သူတို့ ယူကြလို့ ဘယ်ဖြစ်ပါ့မလဲ၊ သမီးကြီးရဲ့ညီမသာ သည်တစ်ခါ အိမ်ထောင်ရေးကိစ္စမှာ အဖေလုပ်သူရဲ့စကား နားမထောင်ရင် ငါ့မျက်နှာ ဘယ်ထားရမှန်း မသိအောင် အရှက်ကြီးရှက်ရတော့မယ် သမီးကြီးရဲ့"

ကြူးရှင်းက ဖခင်အား နှစ်သိမ့်ရင်း...

"အဖေ..သည်လောက်လည်း စိုးရိမ်ကြီးမနေပါနဲ့၊ ညီမလေး သည်တစ်ခေါက်ပြန်လာရင် သမီး ဖျောင်းဖျပြောဆို မေးမြန်းတီးခေါက်ကြည့်ပါဦးမယ်၊ ညီမလေးရဲ့ စိတ်ဓာတ်ကိုလည်း ဖေဖေသိသားပဲ မဟုတ်လား၊ သူ သဘောမတူရင် ဘယ်လိုပဲစီစဉ်စီစဉ် သူ လက်ခံလိမ့်မယ် မဟုတ်ဘူး။ နောက်တော့သာ အခက်တွေ့ကုန်လိမ့်မယ်"

ကြူးထိုက်စန်းသည် သူ့ညှို့သည် မိတ်ဆွေများရှေ့တွင် ဖြစ်၍ အညှာခံ လိုက်လျောပြောဆိုမှု မရှိခဲ့ပါချေ။

သူက မာထန်သောအသံဖြင့် သတိပေးသလို ပြောဆိုလိုက်လေသည်။

"ဟင်း..သူက ငါ့ရဲ့အမိန့်နဲ့ဩဇာကို လွန်ဆန်ဝံ့သလား၊ သားသမီးရဲ့အိမ်ထောင်ရေးကိစ္စကို မိဘ မစီစဉ်ရင် ဘယ်သူကစီစဉ်မလဲ၊ ငါ သူ့အိမ်ထောင်ရေးကိစ္စကို စီစဉ်လို့ မနာခံရင် သမီးအဖြစ်က စွန့်လွှတ်လိုက်မယ်၊ ငါ့ကိုလည်း သူ့အဖေလို့ မသတ်မှတ်စေနဲ့တော့"



မိုးနတ်မယ်ကြူးရှင်းသည် သူ့ဖခင်၏စိတ်သဘောထားကို သိထားသူဖြစ်၏။

ထိုကိစ္စအား ဆက်လက်ပြောဆိုနေလျှင် သူ့ဖခင်သည် လူအများရှေ့တွင် ပြောလေဒေါသထွက်လေ ဖြစ်ပေတော့မည်ဟု နားလည်လိုက်သည်။

ထို့ကြောင့်...

သူမက ပါးစပ်ပိတ်ထားလိုက်တော့သည်။

ညှို့သည်မိတ်ဆွေများကလည်း ကြူးထိုက်စန်း၏ကြူးဂေဟာအတွင်းမှ ဂေဟာရှင် ကြူးထိုက်စန်းကို နှုတ်ဆက်လိုက်ကြကာ အသီးသီး ပြန်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် ကြူးထိုက်စန်းနှင့် အခင်မင်ဆုံး အရင်းနှီးဆုံး မိတ်ဆွေရင်းချာသုံးလေးဦးသာလျှင် အိမ်မပြန်ကြသေးဘဲ ကြူးထိုက်စန်းအပေါ်တွင် အဖော်ပြုလျှက် ကျန်ရစ်ခဲ့ကြလေသည်။

သူတို့သည် ကြူးထိုက်စန်း၏သမီးငယ် ကြူးယွင်၏ အိမ်ထောင်မှုရေးမင်္ဂလာကိစ္စကို စကားစပ်မိကြပြန်သည်။

ထိုမိတ်ဆွေများက ကြူးထိုက်စန်းအတွက် ပိုင်းစဉ်းစားပေးကြသည်။

ညဦးနက်သန်းခေါင် ကျော်လာသည်။

သူတို့သည် သတို့သားလောင်းအား စဉ်းစားရွေးချယ်၍ မရနိုင်သေးဘဲ ရှိနေကြလေသည်။

ထိုမိတ်ဆွေရင်းချာများထဲမှ ဝမ်ကျားဆိုသူ တစ်ယောက်လည်းပါဝင်လေသည်။

သူသည် စဉ်းစားနေရာမှ ရုတ်တရက် သူ့လက်ဖြင့် စားပွဲခုံအား ပုတ်လိုက်ပြီး ကျယ်လောင်စွာ ထအော်လိုက်လေသည်။

"ကျုပ် ဘာဖြစ်လို့ စောစောက မတွေးမိတာလဲမသိဘူး။ ကြည့်စမ်း၊ အခုမှ သတိရတော့တယ်၊ သည်ကောင်လေးဆိုရင် ခင်ဗျားရဲ့သမီးငယ် ကြူးယွင်နဲ့ အလိုက်ဖက်ဆုံးဖြစ်လိမ့်မယ်၊ အတွဲညီဆုံးလည်းဖြစ်နိုင်တယ်"

ကြူးထိုက်စန်းနှင့် ကျန်မိတ်ဆွေများက ပိုင်းမေးကြလေသည်။



ဤတွင်...

ဝမ်ကျားက...

"အစ်ကိုကြီးကြူး...ကျုပ်ပြောတဲ့ကောင်လေးကို အစ်ကိုကြီးကြားရင် သိပ်သဘောကျသွားမှာအမှန်ပဲ၊ တူမလေးကြူးယွင်လည်းတွေ့ရင် သဘောကျမှာပါ၊ အစ်ကိုကြီးလည်း အနယ်နယ် အရပ်ရပ်သွားလာနေ့စဉ်ခဲ့သူ တစ်ယောက်ပါပဲဗျား နာမည်ကြားရင် အဲသည်ကောင်လေးကို သိမှာပါ၊ အစ်ကိုကြီး အဲသည်ကောင်လေးရဲ့အဖေက ရွှေဝတ်ရုံသုထုံးဖွေးလေ"

ကြူးထိုက်စန်းက ခဏစဉ်းစားပြီး ပြန်မေးလိုက်လေသည်။

"ခင်ဗျားပြောနေတာ ရွှေဝတ်ရုံသုထုံးဖွေးရဲ့သားသုခုံးကိုလား"

"ဟုတ်တာပေါ့ဗျား၊ ရွှေဝတ်ရုံသုထုံးဖွေးဟာ သိုင်းလောကမှာရော လူမှုစီးပွားရေးနယ်ပယ်မှာပါ သတင်းကြီးနေတဲ့ပုဂ္ဂိုလ်ပဲမဟုတ်လား။ သူ့သား သုခုံးဟာလည်း သိုင်းလောကမှာ နာမည်ကျော်ကြားစပြုနေပြီဖြစ်တဲ့ သိုင်းသမားတစ်ယောက်ပဲခင်ဗျ"

ကြူးထိုက်စန်းက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ...

"သုခုံးတို့သားအဖကိုကျုပ်သိပါတယ်၊ သူတို့သားအဖဟာ နာမည်ကြီးမျက်နှာဖုံးတွေပဲ"

သုခုံးသည် လွန်ခဲ့သော နှစ်လခန့်လောက်က သိုင်းလောကတွင် နာမည်သတင်း စတင်ကျော်ကြားလာခဲ့သူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်---

ကြူးထိုက်စန်းသည် သုခုံး၏အကြောင်းကို ကောင်းစွာ သိသေးချေ။

ဝမ်ကျားက ဆက်လက်၍---

"ကျူပ်နဲ့ရွှေဝတ်ရုံသုတုံးဖွေးရဲ့ ဆက်ဆံရေးက အလွန်ပြေပြစ်ကောင်းမွန်ပါတယ်၊ သုခုံးရဲ့အသက်ဟာ သည်နှစ်ဆိုရင် နှစ်ဆယ့်ငါးနှစ်ရှိပြီ၊ ကောင်လေးရဲ့ဆရာသမားကတော့ နာမည်ကျော် မိုးကြိုးဓား သိုင်းဆရာကြီးပေါ့၊ ကောင်လေးဟာ သူ့အစ်ကိုကြီး နှစ်ယောက်ထက် ရုပ်ရည်ကော သိုင်းပညာပါ ပိုအဆင့်မြင့်တယ်၊ သုခုံးနဲ့ အစ်ကိုကြီးသမီးကြူးယွင်တို့ နှစ်ယောက်ကိုသာ လက်ဆက်ပေးမယ်ဆိုရင် နေနဲ့လ၊ ရွှေနဲ့မြလို သူတို့နှစ်ယောက်ဟာ အင်မတန်ကို လိုက်ဖက်ညီမှာပဲခင်ဗျာ"

ဝမ်ကျား၏စကားကြောင့် ကြူးထိုက်စန်း၏စိတ်တွင် လှုပ်ရှားသွားလေသည်။

သုခုံးသည် မိုးကြိုးဓား၏တပည့်ဟု ကြားရကတည်းကပင် ကြူးထိုက်စန်းမှာ သဘောအကျကြီးကျသွားလေတော့သည်။

အထင်လည်း ကြီးသွားလေသည်။

နောက်ဆုံး ဝမ်ကျားက ကလေးများကိစ္စကို သူကြည့်စီစဉ်ပေးမည်ဟု ကြူးထိုက်စန်းအား ပြောဆိုလိုက်လေသည်။

ထိုနေ့လွန်မြောက်ခဲ့ပြီးနောက် တစ်လခန့်အချိန် လွန်



မြောက်လာခဲ့သော နေ့တစ်နေ့တွင် ဝမ်ကျားသည် လူရွယ်တစ်ဦးအား ခေါ်ဆောင်လာကာ ကြူးဂေဟာသို့ အလည်အပတ် ရောက်ရှိလာလေသည်။

ဝမ်ကျားနှင့်ပါလာသော လူရွယ်သည် ရုပ်ရည်ချောမောသူဖြစ်ပြီး ဟန်အမူအရာ ဝင့်ကြွားကြွားရှိသူဖြစ်ကြောင်း ကြူးထိုက်စန်း အကဲခတ်မိလိုက်လေသည်။

ကြူးထိုက်စန်းသည် အကဲခတ်တတ်သူ တစ်ယောက်ဖြစ်၍ ဝမ်ကျားခေါ်လာသောလူရွယ်ကို မြင်လိုက်သည်နှင့် မည်သူဖြစ်နိုင်ကြောင်း ချက်ချင်း ခန့်မှန်းမိလေသည်။

ဝမ်ကျားက ကြူးထိုက်စန်းနှင့် လူရွယ်ကို မိတ်ဆက်ပေးလေသည်။

ထင်သည့်အတိုင်း ထိုလူရွယ်သည် ရွှေဝတ်ရုံသုတုံးဖွေး၏ သားထွေး သုခုံးပင်ဖြစ်ပေသည်။

ကြူးထိုက်စန်းသည် သုခုံးအား စကားစပ်မိစပ်ရာများ ပြောဆိုမေးမြန်းရာ သုခုံးသည် အလုံးစုံ အကြောင်းရပ်ကိစ္စတို့ကို ပြန်လည်ဖြေကြားနိုင်ခဲ့သည်။

သုခုံးသည် အသက်ငယ်သော်လည်း စာပေ၊ သိုင်းပညာ ရပ်နှင့် လူမှုရေး၊ စီးပွားရေးဗဟုသုတ ကြွယ်ဝသူတစ်ဦး ဖြစ်နေသောကြောင့် ကြူးထိုက်စန်းမှာ လူငယ်အပေါ် အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးထိုက်စန်း စိတ်ထဲတွင် ဤသူငယ်သည် မိမိ၏သမက်လောင်းဖြစ်လျှင် ဘယ်လောက်ကောင်းလိုက်လေမလဲဟု တွေးကာ စိတ်ကြွနေလေသည်။

သို့ပြီးသော် အချိန်အတော်ကြာအောင် စကားပြောဆိုဖြစ်ကြသည်။

ထမင်းစားချိန်ရောက်မှ ညှို့သည်တော် နှစ်ယောက်အား ညှို့စိက္ကျွေးမွေးခြင်းအမှုကို ပြုလေသည်။

ထမင်းပွဲတွင် ဝမ်းကျားက...

"အစ်ကိုကြီးကြူး...တူမလေးနှစ်ယောက်စလုံးရဲ့ အရိပ်အယောင်ကိုလည်း မမြင်ရပါလားခင်ဗျား၊ သူတို့ ဘာလို့ထွက်မလာတာလဲ အစ်ကိုကြီး"

ဟု မေးလေသည်။

ကြူးထိုက်စန်းက ရယ်မောပြီး...

"သူတို့ ညီအစ်မနှစ်ယောက် မနက်အစောကြီး နေမထွက်ခင်ကတည်းက အိမ်ကထွက်သွားကြတယ်၊ မြောက်ဘက် တောအုပ်ကိုသွားပြီး အမဲပစ်သွားကြတယ်လေ၊ သည်နေ့ညနေ ပြန်ရောက်ပါ့မလား မဆိုတတ်ဘူး"

ဟု ပြောသည်။

ဤတွင်...

သုန်းက...



"အဲသည် မြောက်ဘက်တောအုပ်ကြီးဟာ သားကောင်ကြီးတွေရှိတယ်လို့ ကြားရတယ်၊ မိန်းကလေးနှစ်ယောက်တည်း ညဘက်မပြန်ဘဲ တောထဲမှာ ညအိပ်ညနေနေရင် အင်မတန် အန္တရာယ်ကြီးလှပါတယ်၊ နောက်ဆို သူတို့ကို သတိပေးထားဖို့ ကောင်းပါတယ်ခင်ဗျာ"

ကြူးထိုက်စန်းသည် သုန်းက သူ့သမီးများအတွက် စိုးရိမ်တကြီးရှိပေသည်ဟု သဘောကျသွားကာ ရယ်မောလျက်...

"ကျုပ်သမီးအတွက် ပူပင်စိုးရိမ်မနေပါနဲ့ သူငယ်၊ သည်မိန်းကလေးနှစ်ယောက်ဟာ သည်လိုပဲ အမြဲသွားလာနေထိုင်လေ့ရှိတယ်ကွယ်၊ သူတို့ဟာ စွန့်စားသွားလာခြင်းကို တော်တော် ဝါသနာပါကြတယ်လေ၊ သူတို့မှာ ကြောက်စိတ်လန့်စိတ်ဆိုတာ မရှိကြဘူးကွယ့်"

ဟု ပြောလိုက်သည်။

ထိုအခါ သုန်းက...

"မိန်းကလေးတွေဆိုပေမယ့် သူတို့မှာ သတ္တိအပြည့်ရှိတယ်ဆိုတာကြားရတော့ ကျွန်တော် ချီးကျူးပါတယ်ခင်ဗျား၊ ဒါပေမယ့် စွန့်စားမှုဆိုတာ မလိုအပ်ဘဲ မပြုလုပ်တာ အကောင်းဆုံးပဲ မဟုတ်လားခင်ဗျာ၊ တောတွင်းတိရစ္ဆာန်ကြီးတွေဟာ ပါးနပ်ကြပါတယ်၊ လူက သတိနည်းနည်း ကင်းလွတ်တာနဲ့ သူတို့ရဲ့ အစာ ဖြစ်ကြရတတ်ပါတယ်၊ ကျွန်တော်က မိန်းကလေးနှစ်ယောက်ကို အမျော်သဘော

www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ စွန့်စားမှုမပြုလုပ်ရင်ကောင်းတယ်လို့ အကြံပေးချင်ပါတယ် ခင်ဗျား၊ ကျွန်တော်ပြောတာ အမှားဖြစ်သွားရင်လည်း ခွင့်လွှတ်ဖို့လို့ တောင်းပန်ပါတယ်"

ဟုပြော၏။

ကြူးလိုက်စန်း ခေါင်းတဆတ်ဆတ် ညိတ်ကာ...

"ဟုတ်ပါတယ်၊ မင်းပြောတာ မမှားပါဘူး၊ ကျုပ်လည်း သမီးနှစ်ယောက်ကို ခုလိုပဲ ပြောပြပြီး တားမြစ်ကြည့်ရဦးမယ်"

ထို့နောက်...

ထမင်းဝိုင်းသိမ်းလိုက်ကြသည်။

ကြူးလိုက်စန်းသည် ညွှီသည်နှစ်ယောက်အား နားနား နေနေ နေထိုင်ခွင့်ပေးပြီး နှုတ်ဆက်ကာ သူ့အိပ်ခန်းထဲသို့ ဝင်ရောက် သွားလေသည်။

ထိုအခါ...

ဝမ်ကျားက သုခုံးအား လေသံဖြင့်...

"ကျုပ် မင်းအဖေကိုလည်း ပြောခဲ့ပြီးပြီ၊ မွေးနေ့ညွှီခံပွဲ တုန်းက ဖြစ်တဲ့ကိစ္စကို မင်းလည်းအမြင်ပဲ မဟုတ်လား၊ ကြူးယွင် ဟာ ရန်သူနှစ်ယောက်ကို အသာလေး မောင်းထုတ်နိုင်ခဲ့တယ်၊ နောက်ပြီး ရန်သူဟာ ပေါ့ပေါ့တန်တန်လူတွေ မဟုတ်ဘူးဆိုတာ မင်းအသိပဲ၊ သူ့အဖေထက်တောင် သာလိမ့်မယ်လို့ ငါထင်တယ်၊ သည်မှာ တူမောင် မင်း သည်လို မိန်းကလေးမျိုးကိုရအောင် မယူ



နိုင်ရင် မင်းတစ်သက်လုံး နောင်တရနေလိမ့်မယ်"

ဟု ပြောလိုက်သည်။

သုခုံးက...

"ဦးလေးရယ်၊ ကျွန်တော်က ကြူးယွင်ကို အဲသည်ညက မြင်မိတာနဲ့ပဲ စွဲလန်းနေမိခဲ့တာပါ၊ သူကသာ ကျွန်တော့်ကို မနှစ် သက်မှာကိုဘဲ စိုးရိမ်နေမိပါတယ်ခင်ဗျာ"

ညစာ ထမင်းစားသောက်ချိန် လွတ်မြောက်ပြီးသော အချိန် ၌ မိုးချုပ်ခဲ့ပြီဖြစ်သည်။

ကြူးလိုက်စန်းနှင့် ညွှီသည်နှစ်ဦးဖြစ်ကြသော ဝမ်ကျားနှင့် သုခုံးတို့ သုံးဦးသားသည် စကားမြည်များ ပြောဆိုလျက် ရေနွေး ကြမ်းသောက်နေကြလေသည်။

ထိုအချိန်မှာပင် မြင်းခွာသံကို ကြားလိုက်ရလေသည်။

"ဟော...သမီးတို့ ပြန်လာကြပြီနဲ့တူတယ်"

မြင်းခွာသံသည် အိမ်ဗဟိုရှေ့ မြက်ခင်းသို့ရောက်လာပြီး နောက် ရပ်တန့်သွားလေသည်။

ထို့နောက်...

ရယ်မောသံများကို ဆက်၍ကြားရသည်။

မိန်းကလေးနှစ်ဦး၏ ရယ်မောသံများဖြစ်ကြသည်။

မိန်းကလေးနှစ်ယောက်သည် ကြူးလိုက်စန်းနှင့် ညွှီသည် နှစ်ယောက် ထိုင်နေသော ညွှီခန်းမအတွင်းသို့ ဝင်ရောက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သူတို့သည် ညှော်ခန်းမတွင်း၌ ဖခင်နှင့်အတူ ညှော်သည်နှစ်အား တွေ့လိုက်ရသဖြင့် ခြေလှမ်းတန့်သွားပြီး ရှိုးတိုးရှန့်းတန့်ဖြစ်သွားကြလေသည်။

ကြူးရှင်းသည် ထိုင်နေသော ဝမ်ကျားအား တစ်ချိန်က တွေ့မြင်ဖူးခြင်းရှိပေသည်။

သူမက ဝမ်ကျားအား ကိုယ်လေးရို့ကာ အရိုအသေပေးရင်း လူရွယ်ကို တစေ့တစောင်း အကဲခတ်ကြည့်လိုက်လေသည်။

စိတ်ထဲမှလည်း မည်သူဖြစ်သနည်းဟု တွေးနေမိသည်။

ကြူးရှင်းသည် လွန်စွာ အကင်းပါးသူ ဖြစ်လေသည်။

ထိုလူရွယ်သည် မိမိ၏ညီမနှင့် ခေတ်စပ်ရန် ဝမ်ကျားက ဖခင်အားလာရောက် ပြောသခြင်းဖြစ်မည်ဟု စိတ်ထဲက တဆက်တည်း တွေးလိုက်မိသည်။

ထိုသို့ ကြူးရှင်း ခန့်မှန်းနိုင်ခြင်းမှာလည်း လွန်ခဲ့သည့် ဖခင်ကြီး၏မွေးနေ့ပွဲက ဝမ်ကျားသည် သူ့ဖခင်အား ညီမဖြစ်သူအတွက် သတို့သားလောင်း ရှာဖွေပေးမည်ဟု ပြောဆိုခဲ့ဖူးသည် မဟုတ်ပါလော။

ယခု…

ကြူးရှင်းသည် ဖခင်ရှေ့တွင် ထိုင်နေကြသော ဝမ်ကျားနှင့် လူရွယ်အား မြင်ရသည်နှင့် သဘောပေါက်သွား၏။



ညီအစ်မနှစ်ယောက်သည် ဖခင်နှင့် ညှော်သည်ဝမ်ကျားတို့အား အသီးသီးနှုတ်ဆက် အရိုအသေပေးလိုက်ပြီးနောက် အိပ်ခန်းအတွင်းသို့ ဝင်ရောက်သွားကြလေသည်။

သုခုံးမှာ ကြူးရှင်း၏နောက်မှ ကြူးယွင်ကို တစိမ့်စိမ့် ကြည့်လျက် သဘောကျနေလေသည်။

ညီအစ်မနှစ်ယောက် အခန်းတွင်းသို့ ရောက်သော် အစ်မဖြစ်သူကြူးရှင်းက ကြူးယွင်အားကြည့်ကာ ပြုံးလိုက်၏။

"ညီမလေး…မင်းတော့ မကြာခင် သတို့သားရတော့မယ်၊ ညှော်ခန်းထဲမှာ လူရွယ်တစ်ယောက် တွေ့ခဲ့တယ်မဟုတ်လား။ ဦးလေးဝမ်ကျားခေါ်လာတာဖြစ်မယ်၊ ဒါဆိုရင်တော့ သူဟာ ရွှေဝတ်ရုံသူဌေးမွေးရဲ့သား သုခုံးပဲဖြစ်ရမယ် ညီမလေး"

ကြူးရှင်း၏စကားကြောင့် ကြူးယွင်၏မျက်နှာလေး ပျက်သွားပြီး မကြည်မသာ ဖြစ်သွားလေတော့သည်။

ကြူးရှင်းသည် ညီမဖြစ်သူ မျက်နှာမကောင်းတော့ဖြစ်သွားသည်ကို တွေ့လိုက်ရသဖြင့်…

"ညီမလေး…အစ်မကြီးစိတ်ထဲ မှန်းပြီးတွက်ဆ ပြောတာပါနော်၊ တကယ် သည်ကိစ္စ ဟုတ်မဟုတ်ဆိုတာ ဖေဖေ့ကို သေသေချာချာ မေးကြည့်လိုက်ဦးမယ်"

ကြူးယွင်သည် ကြူးရှင်း၏စကားများကို ကြားရသော်လည်း ဘာမှပြန်မပြောဘဲ တွေဝေငေးမော နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စိတ်အစဉ်တွင် သတိတရဖြစ်နေမိသူက ဝတ်စုံဖြူကို ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်၏ အရိပ်ပင်ဖြစ်လေသည်။

သူမသည် အတန်ကြာ တွေးတောနေပြီးမှ အတွေးစကိုဖြတ်ကာ သူ့အစ်မကို ကြည့်လိုက်သည်။

ပြီးမှ…

"မမ..ဖေဖေကသာ အဲသည်လူနဲ့ ကျွန်မကိုပေးစားရင် ကျွန်မတော့ မယူနိုင်ပါဘူး မမရယ်၊ သူ့ရဲ့မျက်နှာက ချောမောသလောက် ကျွန်မ သူ့ရဲ့အသွင်ဟန်ပန် အမူအရာကို အကဲခတ်ရတာ စိတ်ထားကောင်းမယ်လို့ မဟုတ်ဘူး"

ကြူးရှင်သည် ညီမဖြစ်သူ၏ မျက်နှာကိုကြည့်ကာ သူမခေါင်းကြီး၏မျက်နှာကို ရုတ်တရက် မြင်ယောင်မိလေသည်။

ထို့ကြောင့်…

သက်ပြင်းတစ်ချက် မသက်မသာ ချလိုက်မိသည်။

ခန်းမ အပြင်ဘက်တွင် ကြူးထိုက်စန်းနှင့် ဝမ်ကျားတို့နှစ်ဦးသာလျှင် စကားလက်ဆုံကျနေသည်။

သုခုံးသည် အနားယူအိပ်ရာဝင်ရန် နှုတ်ဆက်ပြီး သူ့အတွက်ပေးထားသော အခန်းထဲသို့ ဝင်ရောက်သွားလေသည်။

ထိုစဉ်…

ဝမ်ကျားက ကြူးထိုက်စန်းအား..



"အစ်ကိုကြီးကြူး..အစ်ကိုကြီးနဲ့ကျုပ်ဟာ ခင်မင်ရင်းနှီးခဲ့တာ နှစ်ပေါင်းကြာလှပြီ၊ အားနာစရာ မလိုပါဘူး ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပဲ ပြောစေချင်ပါတယ်၊ အခု ကျုပ်ခေါ်လာတဲ့သုခုံးကို အစ်ကိုကြီး ဘယ်လိုသဘောရသလဲ၊ ကျုပ်သဘောကတော့ သုခုံးနဲ့ အစ်ကိုကြီးရဲ့သမီးထွေးဟာ အသင့်တော်ဆုံး ဖြစ်လိမ့်မယ်၊ ဒါကြောင့်မို့လည်း ကျုပ်က အစ်ကိုကြီးသမီးကို နားချပြောဆိုပြီး အမြန်ဇာစပ်ပွဲလုပ်ပေးလိုက်ချင်တယ်၊ ကျုပ်အနေနဲ့က ကြားလူပါ၊ သည်ကိစ္စမဖြစ်မြောက်ရင်လည်း ကျုပ်အဖို့ ထိခိုက်စရာ ဘာမှမရှိပါဘူး၊ ကျုပ်ပြောချင်တာက သုခုံးလို ရုပ်ရည်ရော ပညာအရည်အချင်းပါ ဥစ္စာဓနပါ အစစပြည့်စုံနေတဲ့ လူငယ်တစ်ယောက်ကို ရှာဖွေဖို့ နောက်ထပ် တွေ့နိုင်မယ် မထင်ဘူး"

"သုခုံးအနေနဲ့လည်း ကြူးယွင်လို မိန်းကလေးမျိုးသာ လက်လွှတ်သွားရင် နောက်ထပ်ရှာဖွေနိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကျုပ်အနေနဲ့တော့ သည်ကလေးနှစ်ယောက်ရဲ့ ဇာစပ်မင်္ဂလာပွဲကို ဖြစ်မြောက်အောင် စီစဉ်စေချင်တယ်၊ တကယ်လို့ အစ်ကိုကြီးက ဖြစ်နိုင်မယ်လို့ ကတိစကားကြားရင် ကျုပ် သုခုံးကိုခေါ်ပြီး သူ့အဖေ ရွှေဝတ်ရုံသူထိုးဖွေးကို သွားအကြောင်းကြားလိုက်မယ်"

ထိုအခါ…

ကြူးထိုက်စန်းက…

"ညီလေးဝမ်..ညီလေးရဲ့ ကောင်းမွန်တဲ့သဘောထား ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



သမီးအပေါ်ထားတဲ့ မေတ္တာ စေတနာတွေကို ကျုပ်အလေးအနက် ထား ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ် အခု လောလောဆယ် အဖြေပေးနိုင်တာတော့ အမှန်ပါပဲ၊ သားသမီးရဲ့ မင်္ဂလာကိစ္စကို မိဘကသာ အစဉ်တစေ့ျာက် စီစဉ်လာခဲ့တဲ့ထုံးစံရှိပေမယ့် အခု ကျုပ် သမီးကြူးယွင်ရဲ့ စိတ်သဘောထားက ပြင်းထန်ပြီး ခွတ်တာခွတ် နိုင်လှတယ်၊ အဲသည်တော့ ကြူးယွင်ရဲ့ သဘောထားကို ဖမကြည့် ဘဲမှုပဲ တိတိကျကျ အဖြေပေးပါရစေ၊ ကလေးနှစ်ယောက်ရဲ့ ကိစ္စကို ညီလေးဝမ်ကပဲ တဆိတ်ကျေးဇူးပြုပြီး ကြည့်ကောင်းကြားကောင်း အောင်သာ တစ်ဖက်က မိဘတွေကို အချိန်ဆွဲဖြေကြားပေးစေချင် ပါတယ်"

ဝမ်ကျားကလည်း ကြူးထိုက်ခန်း၏ သဘောထားကို သဘောပေါက် လက်ခံလိုက်လေသည်။

* * *



နောက်တစ်နေ့ နံနက် အလင်း၌ အိမ်ဂေဟာ၏ဥယျာဉ်အ တွင်း၌ ကြူးရှင်းနှင့် ကြူးယွင် နောက် သုနှံးတို့ သုံးဦးသား စကား ပြောနေကြ၏။

ကြူးရှင်းက သုနှံနှင့်ကြူးယွင်အား ရင်းနှီးစေလိုသော ကြောင့် မိတ်ဆက်ပေးလိုက်၏။

သုနှံးက...

"သိုင်းကွက် တစ်ကွက်လောက် ပြပေးပါလား"

ဟု ပြောသည်။

ကြူးယွင် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးရှင်၊ ကျွန်မ စိတ်မပါဘူး"

ဟု တုံးတိတိ ပြောလိုက်၏။

သူမ ဤသို့ပြောလိုက်ပြီးနောက် ကြူးရှင်းဘက်သို့လှည့် က...

"မမ..ကျွန်မတို့ သည်နေ့ မြောက်ဘက်တောအုပ်ထဲကို သွား ပြီး အမဲပစ်ထွက်ရရင် မကောင်းဘူးလား"

ဟု ပြောလိုက်၏။

ကြူးရှင်း ခေတ္တမျှ စဉ်းစားလိုက်၏။

"အင်း..အစီအစဉ် မဆိုးဘူး၊ ဒါမှ ညီမလေးနဲ့သုနှံးတို့ ခင်မင် နိုင်တယ်"

ဟု တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

"ကောင်းသားပဲ ညီမလေး။ သည်နေ့ရာသီဥတု သာယာတယ်။ ကြော် အစ်ကိုသုခုံး ကျွန်မတို့နဲ့ အမဲပစ်လိုက်ခဲ့ပါလား"

ဟု သုခုံးအား အဖော်ညှိလိုက်၏။

သုခုံး ကပျာကယာပင်...

"ညီမတို့က လိုက်စေချင်ရင် လိုက်ရမှာပေါ့ဗျာ၊ ဒါမှလည်း ကျွန်တော့်အတွက် အတွေ့အကြုံအသစ် ရနိုင်တာပေါ့၊ အမဲပစ်တဲ့အတွေ့အကြုံတော့ ကျွန်တော့်မှာမရှိပါဘူး။ ကျွန်တော်လိုက်ရင်တော့ ညီမတို့ပစ်တဲ့ အမဲကောင်ကို အပျင်းပြေ ပြေးကောက်ဖို့ပဲ တတ်မှာပါဗျာ"

ကြူးရှင်းက သုခုံး၏စကားကို သဘောကျသွားကာ ရယ်မောလိုက်၏။

ကြူးယွင်ကမူ အေးဇက်စက် အမူအရာဖြင့် မရယ်မပြုံးရှိနေလေသည်။

* * *



ကြူးဂေဟာမှ ငွေမိုးတောင်ခြေ တောအုပ်ဆီသို့ မြင်းသုံးစီးပြေးနှင်လျှက်ရှိသည်။

မကြာမီ မြင်းသုံးစီးသည် တောအုပ်အတွင်းသို့ ဝင်ရောက်လာကြလေသည်။

ကြူးယွင်သည် သုခုံးနှင့်အတူ မနေလိုသဖြင့် သူနှင့်မည်သို့ လမ်းခွဲရလျှင် ကောင်းမည်နည်းဟု စိတ်ထဲကြံစည်နေသေည်။

နောက်ဆုံး ကြူးယွင်သည် စိတ်မရှည်နိုင်တော့ဘဲ မြင်းပေါ်မှခုန်လွှားကာ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်သွားလေတော့သည်။

သစ်ပင်ထိပ်များသို့ တစ်ဆင့်ပြီးတစ်ဆင့် လျှင်မြန်စွာ ခုန်လွှား တက်ရောက်သွားလေသည်။

ထို့နောက်...

သူမ၏ခန္ဓာကိုယ်သည် သစ်ကိုင်းခက်များ အကြားတွင် ပျောက်ကွယ်သွားလေသည်။

သုခုံးမှာ ကြူးယွင်တက်သွားသော သစ်ပင်ထိပ်များကို မော့ကြည့်ကာ ငေးမောနေလေတော့သည်။

ကြူးရှင်းက သုခုံးအား စောင်းငဲ့ကြည့်ကာ...

"အင်း...ကျွန်မညီမလေးကတော့ သည်လိုပါပဲ၊ စိတ်ဆော သိပ်ပြင်းတယ်၊ သူလုပ်ချင်တာလုပ်ရမှ ခုလည်း သူ့ဘာသာသူ ဘယ်ဆီများ ပျောက်သွားဦးမယ် မသိဘူးရှင်"

www.burmeseclassic.com

www.burmeseclassic.com



*သုခုံး ခေါင်းယမ်းသွားပေါ်၏*

တော်တော် စိတ်ပျက်သွားပုံရသည်။

သူ့အနီးတွင် ချည်းကပ်နေစေလိုသူက ကြူးယွင်ဖြစ်လေသည်။

ယခုတော့ ကြူးယွင်သည် မိမိတို့အား ဖယ်ခွာသွားခဲ့ချေပြီဖြစ်သည်

ယခုဆိုလျှင် သူ့အနီးတွင် ကြူးရှင်သာ ရှိနေလေတော့သည်။

* * *



ဤသို့ ဖြစ်ခဲ့ပြီး နောက်တစ်နေ့ နံနက်ချိန်တွင် ဖြစ်သည်။

သုခုံးသည် ဝမ်ကျားနှင့်အတူ အိမ်ပြန်ရန် ကြူးတိုက်စန်းအား နှုတ်ဆက်နေလေ၏။

"ကျွန်တော့်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ"

သုခုံးက နှုတ်ဆက်ပြီး မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

ဝမ်ကျားက ကြူးတိုက်စန်း အနားကပ်၍...

"အစ်ကိုကြီးကြူး၊ ကျွန်တော် သုခုံးကို ခေါ်လာခဲ့တုန်းက သူ့အဖေ ရှေ့ဝတ်ရှုံသုထုံးဖွေးကို အာမခံလာခဲ့တယ်၊ ကြူးယွင်နဲ့ သုခုံးတို့ ခေစပ်ပွဲ ဖြစ်မြောက်အောင် ပြောဆိုစီစဉ်ပေးပါမယ်လို့ ခု..ကျွန်တော်တို့သွားတော့မယ်၊ သုခုံးရဲ့အဖေကို လောလောဆယ်တော့ မယုတ်မလွန်ကြည့်ပြီး ပြောထားဦးမယ်၊ အစ်ကိုကြီးသာ သည်ကိစ္စကို အချိန်မလင့်စေဘဲ မြန်မြန်နားချစီစဉ်ပြီး ကျွန်တော့်ကို သတင်း စကားပြန်ကြားပေးပါ"

ထို့နောက်...

ဝမ်ကျားနှင့် သုခုံးတို့သည် ထွက်ခွာခဲ့ကြလေသည်။

လမ်းတွင် သုခုံးက ဝမ်ကျားအား အပြစ်တင်စကားဆိုလေသည်။

"ဦးလေးဝမ်..ဦးလေးဝမ်ကလေ၊ ကျွန်တော့်ကိစ္စကို တစ်ခါတည်း အပြီးအပြတ် ပြောမထားဘူး၊ ခုလိုဆိုတော့ အချိန်က ကြာဦး

www.burmeseclassic.com



မယ်၊ ကျွန်တော် သူ့ကို စိတ်မချဘူးဗျ"

ဝမ်ကျားက ပြုံးရယ်ရင်း...

"သုခုံ။ မင်းမသိပါဘူး၊ အခု မင်းကိစ္စမှာ ဦးလေး ဘယ်လောက်ကြိုးပမ်းပြောဆိုခဲ့ရသလဲဆိုတာ၊ ကြူးထိုက်စန်းကို ဦးလေးက အမြန်ဆုံးအဖြေပေးဖို့ ပြောဆိုလာခဲ့ပြီးပြီကွ၊ ကြူးယွင်ကို သူ့အဖေ နားချပြောဆိုပြီးမှ မင်းတို့ကိစ္စကို စီစဉ်လို့ဖြစ်မှာ၊ အခုအတောအတွင်းတော့ မင်းစောင့်ဆိုင်းနေဦးပေါ့၊ အကြာဆုံး သည်နှစ်ကုန်လောက်မှာ မင်းတို့မင်္ဂလာကိစ္စ ဖြစ်မြောက်အောင် ဦးလေးကြိုးစည်ပြောဆိုပေးပါ့မယ်၊ မင်းစိတ်ထဲမှာ စိုးရိမ်မနေနဲ့ ကြားလား သုခုံ"

ဤသို့ဖြင့် ရက်အနည်းငယ်ကြာသောအခါ ကြူးထိုက်စန်း၏နားသို့ သတင်းတစ်ခု ကြားလာရလေသည်။

ယင်းသတင်းမှာ သူ့သမီးငယ်ကြူးယွင်နှင့် ရွှေဝတ်ရုံသုထုံး၏သားထွေး သုခုံးတို့ ဤနှစ်ကုန်လောက်တွင် မင်္ဂလာဆောင်တော့မည်။

ယခု စေ့စပ်ပွဲပြုလုပ်ရန် လူကြီးချင်း စကားပြောဆိုပြီးကြပြီဟူသော သတင်းတစ်ရပ်ပင် ဖြစ်လေတော့၏။

စင်စစ်...

ထိုသတင်းကို ဖြန့်သူမှာ ဝမ်ကျားပင် ဖြစ်လေသည်။

သူ၏အကြံဉာဏ်မှာ လွန်စွာ ထိရောက်ပေ၏။

ကြူးထိုက်စန်း ကလေးနှစ်ယောက်၏ကိစ္စကို မဖြစ်ဖြစ်



သည့်နည်းဖြင့် စီစဉ်ရန်အတွက်လည်းကောင်း၊ နောက်မဆုတ်နိုင်ရန်အတွက်လည်းကောင်း ပရိယာယ်ဖြင့် ကြံစည်လိုက်ခြင်း ဖြစ်ပေသည်။

ထိုသတင်းစကား ကျယ်ပြန့်လာသည်နှင့်အမျှ ကြူးထိုက်စန်းလည်း နေမထိထိုင်မသာ ဖြစ်လာရသည်။

ထိုအခါ...

သူသည် သူ့သမီးထွေးကြူးယွင်နှင့် သုခုံးတို့ စေ့စပ်ပွဲ ဖြစ်မြောက်အောင် ကြံစည်အားထုတ်ရပေတော့မည်။

ကြူးထိုက်စန်းသည် သမီးအကြီး ကြူးရှင်းနှင့် တိုင်ပင်ရလေသည်။

ကြူးရှင်းက...

"ဖေဖေ...ဖေဖေက ပေါ်ထွက်လာတဲ့ သတင်းစကားတွေကြောင့် မထူးဘူးဆိုပြီး ညီမလေးနဲ့ သုခုံးကို စေ့စပ်ပေးဖို့ စကားကတိပြန်လိုက်ရင်တော့ ညီမလေးက ရှောရှောရှူရှူ လက်ခံလိုက်ရင်ကောင်းပါရဲ့၊ လက်မခံရင် စကားတွေ လွန်ပြီးမှ အခက်မတွေ့နိုင်ဘူးလား။ သတင်းစကားတွေ ထွက်ပေါ်ချင်သလောက် ထွက်ပေါ်နေပါစေ၊ ဖေဖေသာ ကတိစကား အပေးမလွန်ပါစေနဲ့"

ကြူးထိုက်စန်း သက်ပြင်းချလိုက်၏။

ထိုနေ့ညနေဘက်တွင် ကြူးရှင်းနှင့် စေ့စပ်ထားသော ရှေမင်းသည် ကြူးဂေဟာသို့ အလည်အပတ် ရောက်ရှိလာလေ၏

www.burmeseclassic.com

www.burmeseclassic.com



သူလည်း သတင်းစကားကို ကြား၍ လာမေးခြင်း ဖြစ်ပေသည်။

ကြူးရှင်သည် ဝေမင်းအား ခေါ်၍ သတင်းစကားထွက်ပေါ်လာရသော အကြောင်းအရင်း အဖြစ်အပျက်များကို ပြောပြလေသည်။

ဝေမင်းမှာ နားထောင်ရင်း ထိုကိစ္စကို စိတ်မသက်မသာ ဖြစ်လျက် ရှိနေရလေသည်။

ကြူးရှင်းက...

"အစ်ကိုဝေမင်း၊ ကြူးယွင်ရဲ့စိတ်ဓာတ်ကို အစ်ကိုလဲ သိသားပဲ၊ တကယ်လို့ သည်လို ထွက်ပေါ်လာတဲ့ သတင်းစကားကြောင့် ဖေဖေဟာ မထူးတော့ဘူးဆိုပြီး ညီမလေးကို သုခုံးနဲ့ပေးစားဖို့ ကတိပေးလိုက်ရင် ညီမလေးက လက်မခံပါဘူးလို့ ငြင်းနေရင် ဘယ်နှယ်လုပ်မလဲ၊ နောက်ပြီး ညီမလေးက အိမ်မှာ အတည်တကျနေခဲ့တယ်၊ သူထွက်သွားရင် ဘယ်လိုက်ရှာပြီး စိစဉ်မလဲ၊ ခုတောင် ဟိုတစ်နေ့ အမဲပစ်ထွက်တုန်းက သူစိတ်ကူးပေါက်ပြီး ဘယ်ထွက်သွားသလဲ မသိဘူး၊ သည်နေ့အထိ ပြန်မလာသေးဘူး၊ ညီမလေးကို ရှာဝ်ရှယ်လို့ မရနိုင်ဘူးနော်"

ကြူးရှင်းသည် ဤသို့ပြောပြီး သက်ပြင်းတစ်ချက် ဟင်းခနဲ ချလိုက်လေတော့သည်။

ထိုအချိန်၌...



ကြူးယွင်မှာ လူတစ်ယောက်အား လိုက်လံရှာဖွေ လျက် ရှိနေလေသည်။

သူမသည် ဝတ်စုံဖြူနှင့်လူကို လိုက်ရှာနေခြင်း ဖြစ်လေသည်။

ထိုဝတ်စုံဖြူနှင့်လူစွယ်မှာ သူမအား မြင်းဖြူကြီးကို ငှားရမ်းပေးခဲ့သူ ဖြစ်ပေ၏။

ကြူးယွင်သည် သူ့အစ်မနှင့် သုခုံးကို တောထဲ၌ ထားခဲ့ပြီး လစ်ထွက်လာခဲ့လေသည်။

တစ်ယောက်တည်း စိတ်ကူးပေါက်ပေါက်ဖြင့် ရုတ်တရက် ထွက်ခွာလာခြင်း ဖြစ်၏။

ထိုနေ့မှစ၍ ယနေ့ထက်တိုင် သူမအိမ်သို့ မပြန်ဖြစ်သေးချေ။

ဤအပြုအမူမှာ သူမအတွက် အဆန်းမဟုတ်တော့၏။

သူမသည် တစ်နှစ်တွင် ရက်ပေါင်း အနည်းငယ်မျှသာ [illegible] ဂေဟာတွင် နေထိုင်သည်။

ယခုတစ်ကြိမ်တွင်မူ သူမသည် သူမ၏ဖခင်အား စိတ်ထဲ မကျေမနပ်ဖြစ်ခဲ့သည်။

သူမ၏ဖခင်သည် သူမအား သုခုံးနှင့် အတင်းပေးစားချင် စိစဉ်နေသည်ဟုထင်၏။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ပြန်ချင်တော့ချေ။

အစဲထွက်လာခဲ့သောနေ့က သူမသည် အစ်မဖြစ်သူနှင့် သူ့ခဲ့တို့အား ထားခဲ့ကာ သစ်ပင်ပေါ်သို့ တက်ခဲ့ပြီး ပုန်းနေခဲ့သည်။

နောက်မှ မိမိ၏မြင်းရှိရာ ပြန်ဆင်းပြီး ထိုမြင်းနှင့်ပင် တော အုပ်အတွင်းမှ ထွက်ခွာလာခဲ့ခြင်း ဖြစ်ပေ၏။

ယခု...

သူမသည် ပူပြင်းလှသော နေရောင်အောက်တွင် အရှေ့ ဘက်ဒေသသို့ ဦးတည်လျက် မြင်းကို ခုန်းစိုင်းသွားနေလေ၏။

နေရောင်ခြည်သည် သူမ၏မျက်နှာကို တည့်မတ်စွာ ထိုး ကျနေသဖြင့် မျက်နှာပြင်တစ်ခုလုံး ပူစပ်ပူလောင်ဖြစ်၍ နေလေ သည်။

ထို့ကြောင့်...

သူမသည် မျက်နှာကို/နေရောင်ထိုးခြင်းမှ ကင်းလွတ်သက် သာစိမ့်သောငှာ ဦးခေါင်းကိုငုံ့ကာ ခါးကို လေးကိုင်းသဖွယ် ကိုင်းညွှတ် ပြီး မြင်းကို ခုန်းစိုင်းနှင်စေလေသည်။

သူမ၏ဆံကေသာမျှင်များမှာ လေတွင် တံခွန်များလွင့် သကဲ့သို့ တဖျပ်ဖျပ်လွင့်ရှားနေလေသည်။

ခရီးအတန်ပေါက်သော် ရှေ့တွင် လယ်ကွင်းတစ်ကွင်း တွေ့ ရသည်။

သူမသည် လမ်းကျဉ်းကလေးအတိုင်း မြင်းကို နှင်လာရာ



ရှေ့တွင် လယ်ထွန်နွားသုံးလေးကောင်ကို ဆွဲလျက် လာနေသော အသက်လေးဆယ်ကျော်ခန့် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရလေ၏။

ထိုအမျိုးသမီးကြီးသည် လက်တစ်ဖက်မှ နွားများကို ထိန်း ကျောင်းလျက် ကျန်လက်တစ်ဖက်ကမူ ပေါက်တူးကို ထမ်းလျက် လာနေခြင်း ဖြစ်လေသည်။

မကြာမီ လမ်းကျဉ်းကလေး၌ နွားများနှင့် ကြူးယွင် စီးလာ သောမြင်းတို့ မျက်နှာချင်းဆိုင်မိကြလေသည်။

နွားများသည် ရှေ့မှ မြင်းကိုတွေ့ရသဖြင့် ရှေ့ဆက် မ လျှောက်ရဲကြတော့ဘဲ ရှိနေကြသည်ကို တွေ့ရလေသည်။

နွားများကို ဆွဲလာသော အမျိုးသမီးကြီးသည် ကြူးယွင် အား ရပ်ကြည့်ကာ အေးစက်သော လေသံဖြင့်...

"မိန်းကလေး။ မင်းလမ်း ခဏလောက် ဖယ်ပေးနိုင်မလား။ အဒေါ့်နွားတွေက မြင်းကိုတွေ့ရင် ကြောက်တတ်လို့ပါ။ နောက်ပြီး မိန်းကလေးဝတ်ထားတဲ့အကျႌနီရဲရဲကြီးကို အဝေးက လှမ်းတွေ့တာနဲ့ ကြောက်နေတယ်"

ထိုအမျိုးသမီးကြီးက သူ့နွားများသည် မြင်းကို ကြောက် နေသည်ဟု ဆိုနေလေသည်။

အမှန်တော့မူ ထိုအမျိုးသမီးကြီးကိုယ်တိုင်ကလည်း မြင်းကို ကြောက်နေခြင်းပင် ဖြစ်လေသည်။

ထိုသို့ ရှိနေစဉ် ကြူးယွင်၏မြင်းသည် နွားတစ်ချက်ရှုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထိုအမျိုးသမီးကြီးသည် ထိတ်လန့်တကြား နောက်သို့ ခြေသုံးလေးလှမ်းခန့် ဆုတ်သွားလေသည်။

ကြူးယွင်သည် တွေးတောလိုက်၏။

"အင်း...သည့်လမ်းက မြင်းတစ်စီးစာလောက်ပဲ ရှိတာ၊ သူ့တို့ဦးစားပေးသင့်တယ်၊ ဒါမှ လူကြီးကို ရိုသေလေးစားရာကျမှာပေါ့"

ဟူ၍ ဖြစ်ပေ၏။

ကြူးယွင်သည် ပြုံးရယ်လျက်...

"အဒေါ် ကျွန်မလမ်းဖယ်ပေးပါ့မယ်၊ အဒေါ် နွားတွေနဲ့ အရင်သွားပါ"

ဟု ပြောရင်း လမ်းဘေးတစ်နေရာသို့ မြင်းကို ကပ်၍ ပေးလိုက်လေတော့သည်။

* * *



ထိုအမျိုးသမီးကြီးက ကြူးယွင်အား လှမ်းကြည့်လျက် ခပ်လှမ်းလှမ်းရှိ ကွင်းပြင်တစ်ခုဆီသို့ လက်ညှိုးထိုးရင်း...

"မိန်းကလေး သည်လို လမ်းဘေးက ရပ်နေလို့လဲ အဒေါ့်နွားတွေက ဖြတ်ရကြမှာ မဟုတ်ဘူးကွ၊ တတ်နိုင်မယ်ဆိုရင် မိန်းကလေးရဲ့မြင်းကို ဟောဟိုကွင်းပြင်မှာ သွားရပ်ပါလား၊ ဒါမှ အဒေါ့်နွားတွေ ဖြတ်ရဲမှာ"

ကြူးယွင်သည် အမျိုးသမီးကြီး ညွှန်ပြသော ကွင်းပြင်ကို လှမ်းကြည့်ကာ ခေါင်းကို ညိတ်ပြလိုက်လေ၏။

ပြီးလျှင် မြင်းကို စက်လှည့်ကာ ပြေးလေတော့၏။

ကွင်းပြင်ရောက်သော် မြင်းကို ရပ်စေ၏။

နွားအုပ်နှင့် အမျိုးသမီးကြီးကို လှမ်းကြည့်လိုက်သည်။

အမျိုးသမီးကြီးသည် နွားတစ်အုပ်နှင့်အတူ လမ်းကျဉ်းကလေးကို ဖြတ်လျှောက်သွားလေသည်။

ကြူးယွင်ရှေ့မှ လွန်သွားသည်နှင့် အမျိုးသမီးကြီးက...

"မိန်းကလေးရေ့ မင်းသိပ်လိမ္မာတယ်ကွယ်၊ လူကြီး စကားကိုလဲ နားထောင်တယ်၊ အဒေါ် ဆုတောင်းပေးပါ့မယ်၊ ယောကျ်ားကောင်း ယောကျ်ားမြတ်နဲ့ တွေ့ဆုံပေါင်းသင်းနိုင်ပါစေကွယ်"

ဟူ၍ ဆုတောင်းပေးလိုက်သည်။

ထိုအခါ...

ကြူးယွင်ကလည်း...

www.burmeseclassic.com

www.burmeseclassic.com



"အခေါ်…အခေါ်ပေးတဲ့ ဆုအတိုင်း ဖြစ်လာရင် တစ်နေ့ကျွန်မ အခေါ်ဆီလာပြီး လယ်ဝိုင်းထွန်ပေးပါ့မယ်"

ဟု ပြောလိုက်၏။

အဘိုးသမီးကြီးက ရယ်မောလျက်…

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ၊ မိန်းကလေး လာမယ့်နေ့ကို အခေါ်စောင့်နေပါ့မယ်"

ကြူးယွင်သည် ကျေနပ်စွာ ပြုံးလျက် မြင်းကို နှင်လိုက်လေတော့၏။

* * *



စန်းချူးမြို့နှင့် စန်းတုန်းမြို့သည် အလှမ်းနီးကပ်စွာ တည်ရှိနေလေ၏။

သွားမည်ဆိုလျှင် တစ်နေ့တာခရီးမျှသာ ဖြစ်ပေသည်။

ကြူးယွင်သည် ဝတ်စုံဖြူနှင့်လူရွယ်အား ရှာဖွေရန် ခရီးဆက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဝတ်စုံဖြူနှင့်လူရွယ် အကြောင်းကို သူမပြန်စဉ်းစားကြည့်မိလိုက်၏။

ထိုအခါ…

လွန်ခဲ့သော နှစ်နှစ်ခန့်က အချိန်များကို ပြန်လည်အမှတ်ရလာခဲ့၏။

ထိုစဉ်က သူမ၏အသက်သည် ဆယ့်ခြောက်နှစ်သာရှိသေးသည်။

တစ်နေ့သောအခါတွင် သူမသည် မြင်းဖြင့် တစ်ကိုယ်တည်း စိတ်ကူးပေါက်ရာ ခရီးထွက်လာခဲ့သည်။

နေ့ဝက်ခရီးခန့် မြင်းဖြင့် ပြေးနှင်လာရာ ခရီးအတော်ဝေးဝေးသို့ ရောက်လာခဲ့သည်။

လီပေါင်း သုံးရာကျော်ခရီးသည် စင်စစ်မနီးလှပါချေ။

ဝါးနက်တောင်ခြေတွင် အိမ်ဂေဟာကြီးတစ်ဆောင်ကို လှမ်းမြင်လိုက်ရ၏။

ထိုဂေဟာကြီးသည် တောင်ခြေရှိ တောအုပ်ကြီးရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားထည်ဝါစွာ တည်ရှိနေပေသည်။

အထယ်ရှုံသော ကြူးယွင်သည် ထိုအိမ်ဂေဟာရှေ့တွင် ရပ်တန့်နေသော ရှေ့သို့ ခရီးဆက်နှင်နိုင်မည်ဆိုလျှင် ဘာဖြစ်သနည်းမှ ကြုံဆုံရမည် မဟုတ်ပေ။

အခြားမြို့တစ်မြို့သို့ ကောင်းမွန်စွာ ရောက်ရှိသွားပေလိမ့်မည်။

သို့သော်...

ကြူးယွင်သည် ထိုအိမ်ကလေးအား အဝေးမှ မြင်မိကတည်းကပင် အနီးကပ် ကြည့်ရှုချင်စိတ်များ ဖြစ်ပေါ်လာခဲ့ရသည်။

အမှန်တော့ ၎င်းဂေဟာကြီးမှာ လှမ်းမှုလည်း ခမ်းနားထည်ဝါနေသောကြောင့်ပင် ဖြစ်သည်။

အိမ်ရှေ့မျက်နှာစာတွင် ဝါးခြံစည်းရိုးဝင်းထရံအား လှပသော ရောင်စုံတောပန်းများက ယှက်နွယ်ရစ်ပတ်ကာ ဖူးပွင့်နေကြသည်ကို တွေ့ရပြန်သေး၏။

ကြူးယွင်မှာ မြင်းကို စီးနင်းလျက် ထိုအိမ်ဂေဟာကြီးရှေ့သို့ ရောက်ရှိလာခဲ့ရပြီ။

သူမသည် ဝါးခြံနံရံပေါ်မှ ရောင်စုံပန်းဖူးပွင့်များကို ကြည့်လိုက်မိသည်။

ရောင်စုံပန်း အဖူးအပွင့်များမှာ အလွန်ပင် လှပနေလေသည်။



ကြူးယွင် စိတ်မထိန်းနိုင်တော့ချေ။

သူမ နှစ်သက်လှသည့် အနီရောင်ရဲရဲပန်း တစ်ပွင့်အား မြင်းပေါ်မှနေ၍ လှမ်းခူးလိုက်မိသည်။

ထို့နောက်...

ခေါင်းတွင် ပန်ဆင်လိုက်၏။

သူမသည် မြင်းကို နှင်မသွားသေးဘဲ အိမ်ဂေဟာ တံခါးမကြီးကို လှမ်းကြည့်နေမိပြန်သည်။

အိမ်ဂေဟာ၏ တံခါးမကြီးပေါ်တွင် စာကမ္ပည်းရေးထိုးသားသော ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရသောကြောင့် သူမဖတ်လိုက်မိသည်။

"ရွှေကျားဂေဟာ"

ဟူ၍ ဖြစ်ပေ၏။

ကြူးယွင်သည် မြင်းပေါ်မှပင် ထိုရွှေကျားဂေဟာ၏ ခြံဝင်းအတွင်းရှိ ရှုခင်းများကို လှမ်း၍ ကြည့်နေမိပြန်သည်။

ဤအိမ်ဂေဟာ၏နောက်ဘက်တွင် မြင်နေရသောတောင်သည် ဝါးနက်တောင်ပင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်...

ဤအိမ်ဂေဟာသည် ဝါးနက်တောင်အား အခြေပြုလျက် ရွှေကျားဂေဟာဟူ၍ အိမ်ဂေဟာ၏အမည်ကို မှည့်ခေါ်ထားဟန်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်တို့ အိမ်ဂေဟာသည်လည်း ခမ်းနားထည်ဝါလှသည်။

သို့သော်...

သူမ၏စိတ်ထဲတွင် ဤရွှေကျားဂေဟာသည် သူမတို့ ကြူးဂေဟာထက် ပို၍ ခမ်းနားထည်ဝါသည်ဟု ထင်၏။

ဤသို့ ကြူးယွင် တွေးတောငေးမောနေစဉ်မှာပင် မြင်းခွာသံများကို ရုတ်တရက် ကြားလိုက်ရပေ၏။

သူမသည် မြင်းခွာသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ မြင်းနှစ်စီး သူမရှိရာသို့ ပြေးနှင်လာသည်ကို လှမ်းတွေ့လိုက်ရ၏။

ထိုမြင်းနှစ်စီး သူမအနီးသို့ ရောက်လာလျှင် ရပ်တန့်လိုက်လေသည်။

သူမသည် မြင်းကို လွန်စွာနှစ်သက်သူ ဖြစ်သဖြင့် ဦးစွာ ထိုမြင်းနှစ်ကောင်ကို သေချာစွာ ကြည့်ရှုအကဲခတ်လိုက်မိသည်။

မြင်းတစ်ကောင်သည် ဝါကျင့်ကျင့်အရောင်ရှိပြီး အမွေးအမျှင်တောက်ပြောင်လှသည်။

ရှည်လျားသော မြင်းမြီးမှာ မြေကြီးသို့ပင် ထိလုနီးနီး ရှိနေသည်။

နောက်တစ်ကောင်မှာ ပို၍နှစ်သက်စရာ ကောင်းပေသည်။

ဦးခေါင်းမှ ခြေဖျားတိုင် တစ်ကိုယ်လုံး ဖြူဖွေးသော အရောင်ရှိလေသည်။



ထိုမြင်းနှစ်ကောင်စလုံးမှာ မြင့်မားထွားကျိုင်းလှပေသည်။

ကြူးယွင်သည် သူမစီးနေသော မြင်းညိုကြီးအား အလွန်နှစ်သက်ပေသည်။

သူမ၏မြင်းညိုကြီးသည် အလွန်လှပသည်ဟု ထင်မှတ်ကျေနပ်နေမိသည်။

ယခုသော် သူမရှေ့တွင် တွေ့နေရသော မြင်းနှစ်ကောင်နှင့် နှိုင်းယှဉ်ကြည့်လိုက်မိသောအခါ အမြင်သေးနုပ်သွားသကဲ့သို့ ရှိနေပေတော့၏။

ထိုစဉ်...

သူမ၏အတွေးက ရုတ်တရက် ပြတ်တောက်သွား၏။

အဘယ်ကြောင့်ဆိုသော် သူမ ငေးမောကြည့်နေစဉ် အော်ငေါက်မေးလိုက်သော အသံကို ကြားလိုက်ရသောကြောင့် ဖြစ်လေသည်။

သည်တော့မှ သူမသည် မြင်းနှစ်ကောင်ကို ငေးကြည့်နေရာမှ မြင်းပေါ်မှ လူနှစ်ယောက်ဆီသို့ အာရုံပြောင်းသွားရလေသည်။

ကြူးယွင်သည် မြင်းပေါ်မှ လူနှစ်ယောက်ကို သေချာစွာ လှမ်းကြည့်နေ၏။

သူမ အကဲခတ်လိုက်ခြင်း ဖြစ်ပေ၏။

မြင်းပေါ်မှလူသည် အသက်နှစ်ဆယ်ငါးနှစ်ခန့် အရွယ် ဖြစ်ကြောင်း သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ရှည်ရှည်သွယ်သွယ် ရှိသည်။

နှုတ်ခမ်းထောက်သည်။

သူ့မျက်လုံး နှစ်လုံးမှာ သေးငယ်လွန်းနေသည်ဟု ထင်ရသည်။

ထိုလူရွယ်၏ သေးငယ်သော မျက်လုံးအစုံတွင် အတွင်းမှ ရက်စက်သော အရိပ်အငွေ့များ ပေါ်ထွက်ယှက်သမ်းနေကြသည်။

နောက်တစ်ယောက်ကား အသက်ငါးဆယ်ဝန်းရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

ထိုအဘိုးအို၏ဦးခေါင်းမှ ဆံပင်တစ်ဝက်နီးပါးမှာ ဖြူနေပြီ ဖြစ်လေသည်။

သူ့ခေါင်းမှ ဆံပင်ဖြူတစ်ဝက်ကြောင့် သူ့အား အသက်ခြောက်ဆယ်ခန့်ဟု ထင်ရှိနိုင်စေသည်။

သို့သော်...

ထိုသူ၏မျက်နှာသွင်ပြင်မှာ အသက်လေးဆယ်ကျော်ကျော်သာ ရှိသေးသည်ဟု ထင်မှတ်လိုက်ရ၏။

နီမြန်းသော မျက်နှာရှိသည်။

နှာခေါင်းမှာ အတန်ပင် ကောက်နေပေ၏။

မျက်လုံးအစုံမှာ စူးရှတောက်ပြောင်ပေသည်။

ကြူးယွင်သည် ထိုလူနှစ်ယောက်အား ကြည့်ကာ ရင်ထိတ်သွား၏။



မြင်းပေါ်မှ လူရွယ်သည် ကြူးယွင်အား သေးငယ်သော မျက်လုံးအစုံဖြင့် ကြည့်ကာ ခပ်ဆတ်ဆတ် အသံဖြင့် မြောလိုက်သည်။

"ဘယ်သူလဲ၊ ဘာကြောင့် ပိုင်ရှင်ကို ခွင့်မတောင်းဘဲ မြင်း ပေါ်က ပန်းကိုခူးပြီး ဘာလို့ပန်တာလဲ"

ထိုလူရွယ်၏ခက်ထန်ကြမ်းတမ်းသော စကားကြောင့် ကြူးယွင်၏စိတ်ထဲတွင် ဒေါသထောင်းခနဲ ထွက်သွားသည်။

သူမက မျက်လုံးအစုံကိုပြူး၍ ထိုလူရွယ်ကို ကြည့်ကာ ဟက်ခနဲ ရယ်မောလိုက်ပြီး...

"နင့်လို ပြောရအောင် ရှင်ကဘယ်သူလဲ"

ဟု မေးလိုက်၏။

ထိုလူရွယ်က လက်ထဲက ကျာပွတ်ကို 'ရွှမ်း'ခနဲမြည်အောင် လေတွင် ရိုက်ခတ်လိုက်၏။

မြင်းသုံးကောင်စလုံး ထိတ်လန့်သွားပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

လူရွယ်က ကျာပွတ်ကိုင်ထားသော လက်ဖြင့် အိမ်ဂေဟာ တံခါးမကြီးဘက်သို့ လက်ညှိုးထိုး ညွှန်ပြလိုက်ပြီး ကျယ်လောင်သော အသံဖြင့်...

"မင်း မျက်စိကန်းနေသလား၊ ဟိုတံခါးမကြီးပေါ်က စာတန်းကို မတွေ့ဘူးလား၊ ရွှေကျားဂေဟာလို့ ရေးထားတာ သည်ရွှေ

www.burmeseclassic.com



ထွားဂေဟာကြီးက ပိုင်ရှင်မဲ့ဂေဟာကြီးတစ်ဆောင်လို့များ မင်းမှတ်ထင်နေသလား။ ရွှေကျားဂေဟာရဲ့ မြက်တစ်ပင်၊ ပန်းတစ်ပွင့်ကို ဘယ်လူစိမ်းတစ်ယောက်ကမှ မထိမကိုင် မဖျက်ဆီးရဘူး။ ရွှေကျားဂေဟာမှာ လူတွေရှိတယ်၊ စောင့်ရှောက်တဲ့လူတွေ ရှိတယ်၊ ရွှေကျားဂေဟာက လူတွေဟာ ဘယ်တော့မှ သူများရဲ့ အနှောင့်အယှက်ပေးခြင်းမခံဘူး။ မင်းနားလည်ရဲ့လား"

ဟု အော်ငေါက်လိုက်၏။

ကြူးယွင် မှုပြုံးပြုံးလိုက်၏။

"ပန်းပွင့်ကလေးတစ်ပွင့် ခူးမိတာများ ရေးကြီးခွင်ကျယ်လုပ်ပြီး သည်လောက်တောင် ဒေါသကြီးနေရသလားရှင်။ ရှင်တို့ ရွှေကျားဂေဟာက လူတွေဟာ သည်လိုပဲ ရိုင်းစိုင်းတတ်ကြသလား"

ကြူးယွင်က ပြောလိုက်သောကြောင့် လူရွယ်မှာ ဒေါသထွက်သွား၏။

ထို့ကြောင့်...

လူရွယ် အော်ဟစ်ပြောဆိုလိုက်လေ၏။

"ဟိတ်...မင်း တို့ရဲ့ ရွှေကျားဂေဟာက လူတွေကို မစော်ကားနဲ့၊ မင်းဘယ်ကလဲ တို့ဂေဟာရှေ့လာပြီး ဘာလုပ်နေတာလဲ ပြောစမ်း"

ကြူးယွင် ပြုံးလိုက်ပြီး...

"ကျွန်မကို စစ်လား ဆေးလားနဲ့ မေးနေစရာ မလိုပါဘူး"



မြင်းဖြူပေါ်မှ လူရွယ်သည် ဒေါသတကြီးဖြင့် မြင်းကို ကြူးယွင်၏မြင်းအနီးသို့ တိုးနှင်သွားသည်။

* * *

လူရွယ်သည် လက်ထဲမှ ကျာပွတ်ဖြင့် ကြူးယွင်၏ မျက်နှာကို လှမ်းရိုက်သည်။

လှမ်းရိုက်ရင်း...

"တော်တော်လျှာရှည်တဲ့ မိန်းကလေးပဲ၊ ကဲ...ခံပေတော့"

ဟု ပြောလိုက်၏။

ကြူးယွင်မှာ လူရွယ်၏မြင်းဖြင့် သူ့အနီးသို့ တိုးကပ်လာစဉ်ကတည်းက ကြိုတင်သတိထားခဲ့သည်မို့ တစ်ဖက်မှ ရိုက်ချက်ကို ကောင်းစွာပင် ကာကွယ်နိုင်ခဲ့လေ၏။

ရိုက်ချက်လွဲသွားသည်။

ကြူးယွင်၏လက်က ကျာပွတ်ကြိုးအောက်မှ အထက်သို့ ပင့်တင်ပုတ်ထုတ်လိုက်သည်။

"ချွမ်း"

ဟူသော အသံနှင့်အတူ လူရွယ် အလန့်တကြား ကိုယ်ကို နောက်သို့ယို့ကာ ရှောင်တိမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်၏ ကျာပွတ်ရိုက်ချက်က လူရွှယ်၏ပခုံးစွန်းကို အရှားအတ်ထိရိုက်သွားသည်။ 7

လူရွှယ်သည် မြင်းပေါ်မှ နောက်သို့ လန်ကျတော့မည့်ကဲ့သို့ ဖြစ်သွားရလေသည်။

သူ့ပခုံးစွန်းကို ထိရိုက်သွားသော ကျာပွတ်ဒဏ်ကြောင့် လူရွှယ်၏ပခုံးစွန်းမှ အကျီသည် လက်တစ်ဝါးခန့် ပြဲသွားသည်ကို တွေ့ရ၏။

လူရွှယ်သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ပြီးမှ အေးစက်သော လေသံဖြင့် ကြူးယွင်အား ပြောလိုက်သည်။

"ဟိတ်...မိန်းကလေး၊ မင်း မြင်းပေါ်က ဆင်းခဲ့စမ်း၊ မင်းနဲ့ ငါ လက်ရည်ချင်း စမ်းရအောင်၊ သိုင်းကွက်သုံးလေးကွက်လောက် ပြိုင်ကြရအောင်"

ကြူးယွင်မှာ လူရွှယ်က သူမအား အထင်သေးသော ကြောင့် ဒေါသထွက်လာ၏။

"လူရမ်းကားကြီး၊ ရှင့်ကို ကျွန်မလုံးဝ မကြောက်ဘူး"

ယင်းသို့ အော်ပြောလိုက်ယင်း သူမသည် နဖူးခေါင်းကောက်ကောက်နှင့်အဘိုးအိုကို လှမ်းကြည့်လိုက်လေသည်။

"ကျွန်မ သူနဲ့ယှဉ်ပြိုင်မယ်၊ ဒါပေမယ့် ရှင်သိပါတယ်နော်၊ ယှဉ်ပြိုင်စမ်းသပ်ပွဲရဲ့ စည်းကမ်းချက်တွေ ဘယ်လိုရှိတယ်ဆိုတာ



ရှင်တို့ ဥာဏ်နိဥာဏ်နက်တွေ မသုံးရဘူး၊ ဝင်မကူရဘူး၊ တစ်ယောက်ချင်းပဲ လက်ရည်ချင်းပြိုင်မယ်"

ကြူးယွင်က ပြောလိုက်ရာ အဘိုးအိုက ဘာမှ ပြန်မပြောဘဲ ဦးခေါင်းကိုသာ တစ်ချက်ညိတ်ပြလိုက်လေသည်။

ကြူးယွင် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

လူရွှယ်ရှေ့သို့ ရောက်သော် ရပ်လိုက်၏။

လူရွှယ်သည် လက်နှစ်ဖက်ကို ဖတ်ခနဲ ရိုက်လိုက်ပြီး ဆော်ဟာစ်မာန်သွင်းကာ သိုင်းကွက်ဆင်လိုက်၏။

ကြူးယွင်ကမူ အေးအေးဆေးဆေးပင်။

အဘိုးအိုက လူရွှယ်အား သတိပေးစကားပြောလိုက်၏။

"မှကျင်စင်း သတိထားပြီး ပြိုင်ပါ၊ ပေါ့ပေါ့ဆဆ မလုပ်နဲ့"

မှကျင်စင်းဆိုသည့်လူရွှယ်က အဘိုးအို လှမ်း၍ သတိပေးပြောဆိုမှုကြောင့် စိတ်၌ အတန်ငယ် လှုပ်ရှားသွားရလေသည်။

အကြောင်းက ခါတိုင်းအချိန်များနှင့်မတူသော ကာလ၊ ထိုအချိန်၌ ယခုအခြေအနေကို သူတုန်လှုပ်စွာ တွေးတောဆင်ခြင်လိုက်သည်။

အကြောင်းမှာ အဘိုးအိုသည် ယင်းသို့ တစ်ခါမှ သတိပေးစဖူး ပေးနေသောကြောင့် ဖြစ်လေ၏။

ယခု ပြိုင်ပွဲတွင် အဘိုးအိုသည် နှုတ်ဆိတ်ပြီး လက်ပိုက်ကြည့်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သည်ပွဲကျတော့ ထူးသည်။

သတိပေးခြင်းအမှုကို ပြု၍ သူကိုယ်တိုင်ကပင် လှုပ်လှုပ်ရှားရှား ဖြစ်နေခဲ့သည်။

အဘယ် အကြောင်းကြောင့်နည်း။

လူရွှယ် မစဉ်းစားတတ်အောင် ဖြစ်သွားရလေသည်။

ယခင်ကဆိုလျှင် ပြိုင်ပွဲပြီးဆုံးသွားမှ အဘိုးအိုက သူ့အား ယှဉ်ပြိုင်စမ်းသပ်ပွဲမှ နှစ်ဖက် ဟာကွက်၊ လက်ရည်သွေးအဆင့် သော သိမှတ်ဖွယ်၊ သတိပြုဖွယ်တို့ကို ပြောပြတတ်လေသည်။

သို့သော် ယခုတော့ အဘိုးအိုသည် ခါတိုင်းနှင့် မတူချေ။

သူ့အား ပြိုင်ပွဲ မစခင်မှာပင် လှမ်း၍ သတိပေးနေပေပြီ။

လူရွှယ် စဉ်းစားမိသည်မှာ အဘိုးအိုသည် ထိုမိန်းကလေး၏ သိုင်းပညာအဆင့်ကို ကြိုတင်အကဲခတ်ထားပေ၍လော။

လူရွှယ်သည် မိမိရှေ့မှ မိန်းကလေးအား အထင်မသေးဝံ့ တော့ချေ။

လူရွှယ်သည် သိုင်းကွက်ဟန်ကို ပြင်ထားရင်း ကြူးယွင်အား လှမ်း၍ ပြောလိုက်သည်။

"ကဲ..မိန်းကလေး၊ မင်းက စတိုက်စမ်း"

ကြူးယွင်က မဲ့ပြုံးပြုံးလျက်...

"ရှင်ပဲ စတိုက်ပါ၊ ယှဉ်ပြိုင်ပွဲကို စိန်ခေါ်တာက ရှင်ပဲ မဟုတ် လား"



ဟု ပြန်ပြောလိုက်၏။

လူရွှယ်ကလည်း ဘာမျှ ပြန်မပြောတော့ဘဲ ကြူးယွင်အား စတင် တိုက်ခိုက်လိုက်လေ၏။

* * *

ကြူးယွင်ကမူ လူရွှယ်၏တိုက်ကွက်ကို အသာအယာ ရှောင် ကာကွယ်လိုက်၏။

တောင်ပံဖြန့်သလို ပျံ့ဝဲခုန်လွှားဝင်လာသော လူရွှယ်၏ရင်ဝ အား ကြူးယွင်က လက်ယာလက်ကို ကာပြီး လက်ဝဲလက်ဝါးဖြင့် ဆီး၍ ထောက်လိုက်သည်။

လူရွှယ်သည် သူ့ရင်ဝသို့ ဆန့်တန်းတိုးဝင်လာသော လက် ဝါးထိုးနက်ချက်ကို ကိုယ်ရှိန်သတ် ရှောင်ရှားရန် ကြိုးစားလိုက်သော် လည်း မရတော့ပေ။

"ဖောင်း"

ဟူသော အသံဖြင့် ရင်ဝကို ထောက်မိသွားသည်။

လူရွှယ်၏တစ်ကိုယ်လုံး တုန်ခါသွားသည်။

သူသည် နောက်သို့ ခြေလှမ်းဆယ်လှမ်းခန့် ဆုတ်သွားလေ တော့သည်။

ဤတစ်ကွက် တည်းဖြင့် လူရွှယ်သည် ကြူးယွင်အား

www.burmeseclassic.com

www.burmeseclassic.com



အထင်မသေးပွဲတော့ပေ။

ကြူးယွင်သည် လူရွယ်အား သိုင်းကွက်သုံးကွက်ဖြင့် တိုက်ခိုက်အနိုင်ယူကာ ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားမည်ဟု စဉ်းစားလိုက်မိသည်။

ထို့ကြောင့်...

သူမက ရုတ်တရက် အော်ဟစ်မာန်သွင်းလိုက်ကာ တိုက်စစ်အသွင်သို့ ပြောင်းလဲလိုက်လေတော့သည်။

လွှားခနဲ သူမ ခုန်လိုက်သည်။

တစ်ကိုယ်လုံး မြောက်တက်သွားပြီး ပြန်အကျတွင် လူရွယ်ထံသို့ ရောက်သွားသည်။

သူမ၏ဆန့်တန်းထားသော လက်ငါးချောင်းက စွန်ကုတ်သဖွယ် လူရွယ်၏ဦးခေါင်းကို အထက်စီးမှလှမ်း၍ ကုတ်ခွဲလိုက်လေသည်။

လူရွယ်သည် ဤတစ်ချီ၌ အထူးသတိထားခဲ့သဖြင့် အမြန်ပင် ရှောင်ရှားနိုင်ပေသည်။

သူက တစ်ဖက်သို့ တိမ်းရှောင်လိုက်ကာ ကြူးယွင်အား တောင်ဖြူလက်ဝါးသိုင်းကွက်ဖြင့် တွန်းရိုက်ပစ်ရန် ပြင်ဆင်သည်။

ထိုစဉ်...

လူရွယ်အား အဘိုးအိုက အော်ဟစ်သတိပေးလိုက်ပြန်သည်။



လူရွယ်သည် ကြူးယွင်က မိမိ ရှေ့အထက်မှ ထိုးဆင်းလာသည်ကို မြင်ပါလျက် အဘိုးအိုက သူ့အား နောက်ကျောကို 'သတိထား'ဟု အဘယ်ကြောင့် ပြောဆိုလိုက်သည်ကို သဘောမပေါက်ဘဲ ဖြစ်နေလေသည်။

လူရွယ်မှာ မည်သို့ ခြေလှမ်းပြင်ရမည်ကို မသိဘဲ စဉ်းစားချင့်ချိန်နေစဉ်မှာပင် ကြူးယွင်သည် လူရွယ်၏ရှေ့သို့ ရောက်လာခြင်းမရှိဘဲ တစ်ပတ်ကျွမ်းပစ်ကာ လူရွယ်၏နောက်ကျောဘက်သို့ ရောက်ရှိသွားလေသည်။

အလွန် လျှင်မြန်လှပေသည်။

လူရွယ်သည် နောက်သို့ ကိုယ်ကို တစ်ပတ်လှည့်ပြီး ကြူးယွင်၏ထပ်မံတိုက်ခိုက်မည့် တိုက်ကွက်ကို ခုခံရန် ဟန်ပြင်လိုက်၏။

သို့သော်...

လူရွယ်၏ပခုံးတစ်ဖက်ကို ကြူးယွင်က တစ်ချက်ရိုက်ပုတ်ခဲ့ပြီး ဖြစ်သည်။

လူရွယ်သည် ပခုံးကို ရိုက်ပုတ်ခြင်း မခံစားရမီ သူ့မျက်နှာကို လေတစ်ချက်ဟပ်လိုက်သွားသည်ကို ဦးစွာခံစားလိုက်ရပေသည်။

လူရွယ်က ထိတ်လန့်တကြား နောက်သို့ ဆုတ်ရန် ကြိုးစားသည်။

သို့သော်...

နောက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ လျှင်မြန်စွာ ချဉ်းကပ်ရိုက်ပုတ်သွားခဲ့ပြီဖြစ်သည်။

လူရွှယ် နောက်သို့ ခုန်ဆုတ်လိုက်နိုင်သည့် အချိန်တွင် လူရွယ်၏ဝမ်းဗိုက်ပြင်သည် ထုံကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရပြီဖြစ်၏။

လူရွယ်မှာ သူထင်သကဲ့သို့ ဖြစ်မလာဘဲ ရှိနေလေသည်။

မိန်းကလေးအား တစ်ချက်မျှပင် သူတိုက်ခိုက်နိုင်စွမ်း မရှိခဲ့ချေ။

ထိုမိန်းကလေးကသာ သူ့ကို နှစ်ချက် သုံးချက်ခန့် တိုက်ခိုက်လိုက်သည်။

ထို့ကြောင့်...

လူရွယ်မှာ ရှက်လည်းရှက် ဒေါသလည်း ထွက်သွား၏။

သူသည် ကျယ်လောင်စွာ အော်ဟစ်မာန်သွင်းလိုက်ပြီး မိန်းကလေးထံ ခုန်လွှားတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

ဤတစ်ကြိမ်တော့ လူရွယ်သည် အရိုးကြေကြေ အရေခမ်းခမ်း အကြမ်းပတမ်း တိုက်ခိုက်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်ထားလိုက်ပေသည်။

ကြူးယွင်ကလည်း ဤတစ်ကြိမ်တွင် လူရွယ်အား မသက်ညှာတော့ဟု ဆုံးဖြတ်လိုက်၏။

ထိုသို့ရှိစဉ်...



အဘိုးအိုသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

အဘိုးအိုသည် လူရွယ်နှင့် ကြူးယွင်တို့နှစ်ယောက်ကြားသို့ ကျရောက်ရပ်တန့်လိုက်၏။

ထို့နောက်...

အဘိုးအိုသည် လူရွယ်အား နောက်ဆုတ်ရန် ဦးခေါင်းဖြင့် အချက်ပြလိုက်ပြီး သူကိုယ်တိုင်ကမူ ကြူးယွင်အား ရင်ဆိုင်တိုက်ခိုက်ရန် ပြင်ဆင်လိုက်တော့၏။

အဘိုးအိုသည် အဆင့်မြင့်သိုင်းပညာရှင်တစ်ဦး ဖြစ်ပေသည်။

တိုက်ပွဲ အသစ်ပြန်စသည်။

အဘိုးအိုနှင့် ကြူးယွင်တို့ တစ်ဦးနှင့်တစ်ဦး အကွက်ချောင်း၍ သိုင်းကွက်များဆင်လျက် ရှိသည်။

ရွေကျားဂေဟာ၏ ခြံစည်းရိုးတံခါးသည် ရုတ်တရက် ပွင့်ဟလာလေ၏။

ခြံစည်းရိုးတံခါး ပွင့်သွားသည်နှင့် အတွင်းမှ လူဆယ်ယောက်ခန့် ပြေးထွက်လာကြသည်။

ထိုလူများထဲမှ ရှေ့ဆုံးမှလူက လှမ်းပြီး အဘိုးအိုအား ပြောလိုက်သည်။

"ဆရာနန်းဖိန်၊ ခင်ဗျားရဲ့ လှုပ်ရှားနေတဲ့ လက်တွေကို ရပ်

www.burmeseclassic.com

လိုက်ပါ ဂေဟာသခင်ကြီးက အဲသည့် မိန်းကလေးကို ဂေဟာထဲ ဖိတ်ခေါ်ခဲ့ဖို့ အမှာပါးလိုက်ပါတယ်၊ ဂေဟာသခင်ကြီးက ငယ်ငယ် ရွယ်ရွယ်နဲ့ သိုင်းပညာအဆင့်မြင့်တဲ့ မိန်းကလေးကို တွေ့ဆုံစကား ပြောချင်တယ်တဲ့"

ထိုလူစုထဲမှ နောက်တစ်ယောက်က အဘိုးအိုအား ပြော လိုက်ပြန်၏။

"အစ်ကိုကြီးနန်းဖိန်၊ ခင်ဗျားဟာ အသက်လဲကြီးပြီ၊ ဘာ ကြောင့်များ သည်လို အသက်အရွယ်ငယ်တဲ့ မိန်းကလေးတစ် ယောက်ကို ယှဉ်ပြိုင်ချင်နေရတာလဲ၊ အခု သခင်ကြီးက ခင်ဗျားကို မှာလိုက်တယ်၊ ဟောသည့် မိန်းကလေးကို ဂေဟာထဲ ဖိတ်ခေါ်ခဲ့ပါ တဲ့"

ဒုတိယ စကားပြောလိုက်သူမှာ အဘိုးအိုတစ်ယောက်ပင် ဖြစ်လေ၏။

အသက်မှာလည်း နန်းဖိန်ဆိုသောအဘိုးအိုနှင့် မတိမ်းမ ယိမ်းပင်ရှိ၏။

ထိုအဘိုးအို၏ ညာဘက်ပါးပြင်အောက်တွင် ကြီးမားသော မှည့်နက်ကြီးတစ်လုံး ရှိလေသည်။

အမွေးလေးငါးချောင်းက ထိုမှည့်နက်ပေါ်တွင် ပေါက် ရောက်နေ၏။

စကားပြောလျှင် ထိုအမွေးများသည် လေတွင် တစ်လှုပ်



လှုပ်တလွင့်လွင့်ဖြင့် ရှိနေရာ ကြူးယွင်သည် ထိုအမွေးအမျှင်များကို ကြည့်၍ ရယ်ချင်စိတ် ဖြစ်ပေါ်လာရလေသည်။

နန်းဖိန်သည် စွန်ကုတ်လက်သည်းသိုင်းကွက်ပညာရပ်များ ဖြင့် သူ့တစ်ဘက် နာမည်ကြီးခဲ့သူ ဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က နာမည်ကျော် လျှမ်းလျှမ်း တောက် ကျော်ကြားခဲ့သော စုကျိုးနယ် သိမ်ငှက်ကြီး၏အမည်ကို သူမဆရာသမားထံမှ ကြားခဲ့ဖူးပေ၏။

နန်းဖိန်သည် ဒုတိယအဘိုးအိုမှ ပြောလိုက်သော စကားကို အတန်ငယ်မဲ့ကာ ရယ်မောလိုက်လေ၏။

နန်းဖိန်၏ရယ်မောသံကို ကြားလိုက်ရသော ကြူးယွင်မှာ ရင်သိမ့်တုန်၍ ထိတ်လန့်သွားမိလေ၏။

သူ၏ရယ်သံကို ကြားမိရသောကြောင့် သူသည် အတွင်း အား အဆင့်မြင့်သူတစ်ယောက် ဖြစ်ကြောင်း ခန့်မှန်းနိုင်လေသည်။

နန်းဖိန်သည် ရယ်မောနေရင်းမှ ရုတ်တန့်ကာ စကားဆိုလေ သည်။

"ညီလေးပုဆား၊ ညီလေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်က သည်မိန်းကလေးကို ယှဉ်ပြိုင်ဖို့ ကြံရွယ်တာ မဟုတ်ပါဘူး၊ သူ့သိုင်းပညာ ဘယ်အဆင့်ထိ ရှိတယ်ဆိုတာကို သိချင်လို့ [illegible] ယှဉ်ပြိုင်ချင်တာပါ။ မုကျင်စင်းဟာ သည်မိန်းကလေးကို [illegible] မုကျင်စင်းရဲ့ပညာကလဲ အဆင့်နိမ့်သေးတယ် မဟုတ်လား [illegible]

www.burmeseclassic.com

www.burmeseclassic.com



နိမ့်သေးတဲ့လူတို့ နိုင်ခဲ့တဲ့ ဟောသည် မိန်းကလေးရဲ့ ပညာရပ်ကို သိဖို့ဆိုတာ ခန့်မှန်းရခက်တယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် သူ့လက်ရည်ကို စမ်းသပ်ယှဉ်ပြိုင်ကြည့်ဖို့ စိတ်ကူးလိုက်တာပါ၊ ခု ညီလေး ပြောလာတော့ ကျုပ် သည်မိန်းကလေးနဲ့ မယှဉ်တော့ပါဘူး"

နန်းမိန်သည် ထိုသို့ ပြောလိုက်အပြီးတွင် လူတစ်ယောက်အား ကြူးယွင်၏မြင်းကို ဂေဟာအတွင်းသို့ ဆွဲယူသွားစေရန် စေခိုင်းလိုက်သည်။

ပြီးလျှင် ကြူးယွင်အား ဂေဟာအတွင်းသို့ ဝင်ရန် ဖိတ်ခေါ်လိုက်လေသည်။

* * *



ကြူးယွင်မှာ ရွှေကျားဂေဟာ၏ အရှင်သခင် မည်သူ ဖြစ်သည်ကို မသိရချေ။

သူမသည် အကြောင်းမရှိဘဲ ထိုရွှေကျားဂေဟာသခင်ကြီးအား ဝင်ရောက်မတွေ့ဆုံလိုပေ။

သို့သော်...

ထိုလူများက သူမအား အတင်းပင် ဂေဟာအတွင်းသို့ ခေါ်သွင်းရောက်ပြီး ဂေဟာသခင်ကြီးနှင့် တွေ့ဆုံပါဟု ပိုင်းဝန်းပြောဆိုကြလေသည်။

ကြူးယွင်က ဤသို့ တွေးနေလေသည်။

"သည်ရွှေကျားဂေဟာရဲ့ သခင်ကြီးဆိုတာ ဘယ်သူများလဲ၊ ဘယ်လို လူစားမျိုးလဲ၊ ရွှေကျားဂေဟာက သိုင်းသမားတွေဟာ ဘယ်လောက်အထိ အဆင့်မြင့်တဲ့ လူတွေလဲ၊ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ အဆင့်မြင့်သိုင်းသမားတွေ ဘယ်လောက်များ ရွှေကျားဂေဟာမှာ ရှိနေကြသလဲ"

ကြူးယွင်သည် သိလိုစိတ်များဖြင့် နောက်ဆုံး ထိုလူများနှင့်အတူ ရွှေကျားဂေဟာအတွင်းသို့ ဝင်ရောက်လိုက်ပါလာခဲ့လေသည်။

နန်းမိန်နှင့် ပုဆားဆိုသော ပုဂ္ဂိုလ်တို့သည် စကားတပြောပြောဖြင့် ရွှေကျားဂေဟာသို့ ဝင်ရောက်လိုက်ပါလာခဲ့လေသည်။

ပုဆားဆိုသော ပုဂ္ဂိုလ်က လမ်းလျှောက်ရင်း နန်းမိန်ကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနန်းဖိန်၊ သည်မိန်းကလေးဟာ ဘယ်ကများလဲ၊ သူဟာ အသက်ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ သူ့သိုင်းပညာ က မုလှချင်ကို နိုင်အောင် ယှဉ်ပြိုင်နိုင်တယ်နော်၊ အစ်ကိုကြီး၊ အထိုတို အကဲခတ်မိသလဲ ပြောပါဦး"

နန်းဖိန်က...

"သည်မိန်းကလေးရဲ့ လက်ရည်လက်စ ကြည့်ရတာ၊ လန်ကျန်ခေသာဘက်က လက်စွမ်းလက်ရည်တွေပါပဲ၊ ဒါပေမယ့် သူ့ခြေလှမ်းခြေကွက်တွေကတော့ ချူစန်းရဲ့အဖွဲ့က အကွက်တွေ ဖြစ်နေတာ တွေ့ရတယ်၊ သူနဲ့ မုကျင်ခင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ အကွက်သုံးကွက်လောက်ကို ကြည့်ရုံနဲ့ ကျုပ်လဲ တိတိကျကျ သေချာတာတ်အပ် မမှန်းဆနိုင်ဘူးပေါ့များ"

ပုဆားက ဘာမှ ပြန်မပြောချေ။

နန်းဖိန်က ဆက်လက်၍ ပြောလေသည်။

"ဟုတ်ပြီ၊ ကျုပ် အခုမှ တွေးမိတယ်ဗျ၊ မိန်းကလေးရဲ့ နောက်ဆုံးအကွက်ဖြစ်တဲ့ ကိုယ်ဖော့ပညာရပ်ကို သုံးပြီး တိုက်ခိုက်လိုက်တဲ့ အကွက်ဟာ ချူစန်းအဖွဲ့ရဲ့ ရေလှိုင်းနောက်ပြန်ဆိုတဲ့သိုင်းကွက်ဗျ၊ အင်း မိန်းကလေးဟာ အသက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ နာမည်ကြီးအဖွဲ့သုံးဖွဲ့ရဲ့ ပညာကွက်တွေကို တတ်မြောက်ကျွမ်းကျင်မှု ရှိနေတာ အံ့ဩစရာပဲ၊ သူက ဘယ်အဖွဲ့ကလဲ၊ ဘယ်ဆရာသမားရဲ့ တပည့် ဖြစ်နိုင်မလဲဆိုတာ ခန့်မှန်းဖို့ သိပ်ခက်နေတယ်၊ ဒါကြောင့်မို့



လဲ ကျုပ်က သူ့လက်ရည်ကို စမ်းသပ်ချင်တယ်လို့ ပြောနေတာပေါ့"

ပုဆားသည် ယခင်က သိုင်းလောကတွင် သေမင်းတမန်ဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားခဲ့သူ ဖြစ်လေသည်။

သူသည် ပစ္စည်းလုယက်ခြင်း၊ ဓားပြတိုက်ခြင်းဖြင့် နာမည်ကြီးခဲ့သည်။

ရက်စက်ခြင်း၌လည်း ကမ်းကုန်အောင် ဆိုးသွမ်းခဲ့သူ ဖြစ်လေသည်။

သူသည် ပစ္စည်းလုယက်ပြီးလျှင် လူကိုပါသတ်သူ ဖြစ်၏။

တစ်ယောက်မျှ အသက်ကို ချမ်းသာပေးခြင်း မရှိခဲ့ပေ။

ကုန်ကုန်ပြောရလျှင် ကလေးငယ်လေးပင်မချန် အစတုံးသတ်ဖြတ်လေ့ရှိသည်။

ဤမျှ ရက်စက်ဆိုးသွမ်းလှသော ဓားပြကြီးသေမင်းတမန်အား လူကြီး ကလေး အားလုံးက သူ့အမည်ကို ကြားရုံဖြင့် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြလေသည်။

ကြာသောအခါ သိုင်းလောကသားများသည် သေမင်းတမန် ပုဆားအား ဆုံးရေန် စုစည်းလာခဲ့ကြသည်။

ဤသို့ဖြင့် တစ်နေ့သောအခါ သေမင်းတမန်အား သိုင်းလောကသားများက ရှာဖွေပြီး ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။

ကံကောင်းထောက်မ၍ သူသည် အသက်မသေသဲ အော်ရာဖြင့် ထွက်ပြေးလွတ်မြောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အမှုထမ်းများကလည်း သေမင်းတမန်ပုဆိုးကို လက်ရဖမ်းဆီးနိုင်ရန် ကြိုးစားကြသည်။ 7

သို့သော်...

ပုဆိုးသည် အလွန်ကံကောင်းစွာဖြင့် လွတ်မြောက်ခဲ့လေသည်။

ထိုနောက်ပိုင်းမှစ၍ သူသည် သူ့ကိုယ်သူ ဖော်မြုပ်နေထိုင်ခဲ့သည်။

ယခု သူသည် ရွှေကျားဂေဟာတွင် ခိုလှုံနေထိုင်ခဲ့လေသည်။

သူသည် ဤရွှေကျားဂေဟာတွင် နေထိုင်ခဲ့သည်မှာ မြောက်နှစ်ကျော်ကျော်ကြာခဲ့ပြီ ဖြစ်၏။

ရွှေကျားဂေဟာရှင်မှာ မုကျားနန် ဖြစ်သည်။

မုကျားနန်သည် နန်းတွင်းမှ ဤဝါးနက်တောင်ခြေသို့ အေးအေးချမ်းချမ်း လာရောက်နေထိုင်ခဲ့ခြင်း ဖြစ်သည်။

နန်းဖိန်သည် မုကျားနန် အပေါ်တွင် ခိုလှုံနေထိုင်ခဲ့ဖူးသူ ဖြစ်သည်။

သေမင်းတမန်ပုဆိုးသည် မုကျားနန်အား စားပြတိုက်ခြင်း ဖြစ်ရာ နန်းဖိန်က ဝင်ကာရင်း တိုက်ပွဲ ဖြစ်ပွားသည်။

နောက်ဆုံး အရှုံးအနိုင်မပေါ်ဘဲ ကြေအေးသွား၏။

မုကျားနန်သည် အုပ်ချုပ်ရေးအရာရှိတစ်ယောက် ဖြစ်



သည်။ သူသည် လူအတော်များများကို ရာထူးအရှိန်အဝါဖြင့် ညှဉ်းပမ်းနှိပ်စက်ခဲ့ဖူးသည်။

မုကျားနန် ရာထူးမှ အနားယူသောအခါတွင် သူသည် နန်းတွင်းတွင် အခြေစိုက်မနေတော့ဘဲ ဤဝါးနက်တောင်ခြေသို့ ရွှေ့ပြောင်းခဲ့ခြင်း ဖြစ်ပေသည်။

သူသည် သူ့အား ရန်ငြိုးရန်စထား၍ လာရောက်တို့ပြန်ကြမည့် ရန်သူရန်ဘက်များကို စိုးရိမ်လှသဖြင့် နန်းဖိန်တို့လို သိုင်းသမားများအား သူ့အပါး၌ထားကာ တပည့်တပန်းအဖြစ် မြောက်စားမွေးမြူထားခဲ့ပေသည်။

သေမင်းတမန်ပုဆိုးလို လူမျိုးအား မုကျားနန်က တွေ့လျှင် လက်လွှတ်မခံချေ။

သူသည် ပုဆိုးအား သူ၏ရွှေကျားဂေဟာသို့ ခေါ်ဆောင်လာခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားဂေဟာတွင် နေထိုင်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း မုကျားနန်၏ရန်သူရန်ဘက်များက ရှာဖွေပြီး လာရောက်တိုက်ခိုက်ခဲ့သေး၏။

သို့သော်...

ရန်သူများသည် မုကျားနန်အား နိုင်အောင် မတိုက်ခိုက်နိုင်ခဲ့ချေ။

အဘယ်ကြောင့်ဆိုသော် မုကျားနန်၏လက်ရုံးတော်များဖြစ်ကြသည့် နန်းပိန်နှင့် ပုဆားတို့၏ စွမ်းစွမ်းတမံ ရှေ့မှကာဆီးတိုက်ခိုက်ပေးသောကြောင့်ပင်။

ယနေ့ ကြူးယွင်သည် စိတ်ကူးပေါက်ပေါက်ဖြင့် မြင်းတစ်စီးနှင့် ထွက်လာခဲ့ရာ ယခု ရွှေကျားဂေဟာသို့ ရောက်လာခဲ့ချေပြီ။

နန်းပိန်နှင့် ပုဆားတို့က ကြူးယွင်အား အိမ်ဂေဟာအတွင်း ဆောင်တစ်ဆောင်သို့ ခေါ်ဆောင်လာခဲ့သည်။

ထိုအဆောင်သည် စာကြည့်ဆောင် ဖြစ်သည်။

စာကြည့်ဆောင်ထဲတွင် လူတစ်ယောက် ထိုင်စောင့်နေသည်။

ထိုလူသည် ကြူးယွင် ဝင်လာသည်ကို တွေ့လိုက်ရလျှင်...

"မိန်းကလေး ကြွပါ..ကြွပါ၊ မိန်းကလေးရဲ့ အသက်အရွယ်နဲ့ မလိုက်အောင် ရှိတဲ့ ပညာအရည်အချင်းကို ဂုဏ်ပြုချင်လို့ ဖိတ်ခေါ်ရခြင်းပဲ ဖြစ်ပါတယ်"



ကြူးယွင်က ဦးညွှတ်လိုက်ပြီး...

"သည်လောက်လဲ မဟုတ်ပါဘူးရှင်၊ ကျွန်မက ခရီးသွားတစ်ယောက်ပါ။ သခင်ကြီးရဲ့ဂေဟာရှေ့ ရောက်တော့ မြင်းကို ခဏရပ်ပြီး အနားယူမိပါတယ်၊ ဒါကို မုကျင်ခင်းဆိုတဲ့လူက ရန်စကားပြောပြီး ကျွန်မကို စိန်ခေါ်ပါတယ်၊ သူဟာ ကျွန်မကို ကြမ်းတမ်းရိုင်းစိုင်းတဲ့ စကားနဲ့ ဆက်ဆံပါတယ်၊ အဲသည်အတွက် သခင်ကြီးရဲ့လူကို ဆုံးမပေးစေချင်ပါတယ်"

ရွှေကျားဂေဟာသခင်ကြီးက ရယ်မောလိုက်ပြီး...

"ကျုပ်ဆုံးမပေးပါ့မယ်၊ ကလေးသာသာ မိန်းကလေးတစ်ယောက်ကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတာ ကျုပ်တူတော်မောင်ရဲ့ အမှားတစ်ရပ်ပါပဲ"

မုကျင်ခင်းဆိုသည့်လူရွယ်မှာ ရွှေကျားသခင်ကြီး၏တူ ဖြစ်လေသည်။

"ကဲ..ကဲ.. အေးအေးဆေးဆေး ထိုင်ပါဦး။ လက်ဖက်ရည်ကြမ်းလဲ သုံးဆောင်ပါဦး"

ရွှေကျားဂေဟာသခင်ကြီး မုကျားနန်သည် အလွန်ဉာဏ်များသူ ဖြစ်သည်။

သူသည် ကြူးယွင်အား မသိမသာ အကဲခတ်နေမိသည်။

သူသည် ကြူးယွင်အား လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ မိန်းကလေးက ဘယ်သူများလဲ၊ ဘယ်မှာ နေထိုင်တာ
လဲ"

ဟု မေးလိုက်၏။

ကြူးယွင်မှာ မုကျားနန်က မိမိအား သံသယစိတ်ဖြင့် မေး
မြန်းနေကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့်...

သူမက ကြည်လင်သော မျက်နှာထားဖြင့်...

"ကျွန်မရဲ့ နာမည်တို့ နေရပ်တို့ကို မမေးမြန်းပါနဲ့ရှင်၊ ကျွန်မ
မပြောကြားနိုင်တာ ခွင့်လွှတ်ပါ။ ကျွန်မမှာ ခရီးဆက်စရာ ရှိနေပါ
တယ်၊ ခုပဲ ကျွန်မကို သွားခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ်"

မုကျားနန်က ရယ်မောရင်း ခေါင်းကို ခါယမ်းလိုက်ကာ...

"မိန်းကလေးက နာမည်လေးတောင် မပြောချင်အောင်
လျှို့ဝှက်နေတာကိုး။ ကဲ သည်လိုဆိုရင် မိန်းကလေးရဲ့ ဆရာသမား
နာမည် ဘယ်လိုခေါ်သလဲ၊ မိန်းကလေးရဲ့ ပညာရပ်တွေ တော်တော်
လေး ကောင်းမွန်နေလို့ မေးတာပါ။ ပြောပါ မိန်းကလေး"

ကြူးယွင်က...

"ကျွန်မမှာ ဆရာသမားတစ်ယောက်တော့ ရှိပါတယ်၊ အင်း
ဒါပေမယ့် ဆရာသမားနာမည်ကိုတော့ ကျွန်မ မသိပါဘူးရှင်၊ သူက
လဲ ကျွန်မကို သူ့နာမည်နဲ့ အမျိုးအနွယ်ကို မပြောပြခဲ့ပါဘူး"

မုကျားနန် ဒေါသထွက်လာသည်။



"မင်းကောင်းကောင်း မဖြေရင် မင်းကို တို့သည်ဂေဟာမှာ
ခေါ်ထားမယ်၊ မင်းဆရာသမား ရောက်လာပြီး မင်းကို ပြန်ခေါ်မှ
တို့က ဆရာရဲ့နာမည်ကို မေးမြန်းပြီးမှ မင်းကို ပြန်လွှတ်ပေးမယ်"

ကြူးယွင်သည် ထိုင်ရာမှ ရုတ်တရက် ထလိုက်လေ၏။

မိမိမှာ ဤနေရာမှ လွယ်ကူစွာ ထွက်ခွာသွားနိုင်မည်
မဟုတ်ကြောင်း ရိပ်စားမိ၏။

သူတို့ကလည်း မိမိကို လွယ်လင့်တကူ ပြန်လွှတ်ပေးမည်
မဟုတ်ချေ။

ထိုအချက်ကို သဘောပေါက်မိသော ကြူးယွင်မှာ ဤသို့
စဉ်းစားလိုက်မိ၏။

မိမိ အနေဖြင့် လွယ်လင့်တကူ ထွက်ပေါက်ကို ရှာရပေ
မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယင်းထွက်ပေါက်မှာ တစ်ခုတည်းသာ ရှိပေသည်။

မုကျားနန်ကို ဓားစာခံလုပ်ပြီး ထွက်ရန်သာ ဖြစ်လေသည်။

ထို့ကြောင့်...

ကြူးယွင်သည် ထိုအကြံအစည်ဖြင့် ထိုင်ရာမှ ရုတ်တရက် ထလိုက်ခြင်း ဖြစ်ပေသည်။

သို့သော်. ပုဆားက ရိပ်မိသွားပြီး မုကျားနန်ရှေ့မှ ကာ ကွယ်ထားလိုက်သည်။

ကြူးယွင်မှာ မုကျားနန်အား ဓားစာခံလုပ်ရန် အခွင့်မသာ တော့ချေ။

ထိုအကြံအစည်ကို ပယ်ဖျက်လိုက်ပြီး လက်နှစ်ဖက်ကို နောက်ပစ်လျက် ဟန်မပျက်ဘဲ တစ်ချက်မျှ ပြုံးရယ်လိုက်ပေ၏။

ထို့နောက်...

သူမသည် လက်နောက်ပစ်လျက် ခပ်တည်တည်ပင် ရင်ကို ကော့ကာ တံခါးပေါက်ဆီသို့ ချာခနဲလှည့်ထွက်သွားလေသည်။

နန်းဖိန်သည် ကြူးယွင် ရှေ့မှ ကာဆီးထားလိုက်သည်။

သို့သော် ကြူးယွင်က နန်းဖိန်အား တိုက်ခိုက်ကာကွယ်ခြင်း မပြုဘဲ အေးအေးဆေးဆေး လှမ်းလာနေ၏။

တိုက်ခိုက်ကာကွယ်မှု မပြုသော မိန်းကလေးတစ်ယောက် ကို နန်းဖိန်အနေဖြင့် မည်သို့တောင်တိုက်ခိုက်ရပါမည်နည်း။

သို့ဖြင့် ကြူးယွင်သည် တံခါးပေါက်အနီးသို့ ရောက်ရှိသွား



လေတော့သည်။

ကြူးယွင်က...

"ရှင်သတ္တိရှိရင် ကျွန်မကို တိုက်ဝံ့တိုက်ကြည့်စမ်း။ သိုင်း လောကရဲ့ စည်းကမ်းချက်တွေကို ဖောက်ဖျက်ပစ်ရင် ရှင်တစ်သက်လုံး အရှက်ရသွားလိမ့်မယ်"

ကြူးယွင်သည် ပြောပြောဆိုဆိုပင် သူမအား တားဆီးပိတ် ကွယ်ထားသော နန်းဖိန်၏ဘေးမှ ကပ်ကာ တံခါးအပြင်သို့ ထွက် သွားလေတော့၏။

နန်းဖိန်သည် အခက်ကြုံနေ၏။

ကြူးယွင်က...

"အခုလို သိုင်းသမားကောင်း ပီသတဲ့အတွက် လေးစားပါ တယ်ရှင်"

ကြူးယွင်သည် အိမ်ဂေဟာ တံခါးမကြီး အပြင်ဘက်သို့ ရောက်လျှင် သိုင်းသမားတစ်စုကို တွေ့လိုက်ရ၏။

ထိုသိုင်းသမားများသည် သိုင်းလောကတွင် နာမည်မရှိကြ သေးသော လူငယ်များပင် ဖြစ်သောကြောင့်တည်း။

ကြူးယွင် ဂေဟာတွင်းမှ ထွက်လာသည်ကို မြင်သည်နှင့် ၎င်းလူငယ် သိုင်းသမားများသည် ဓားလှံလက်နက်မျိုးစုံကိုင်ဆောင် ကာ အပြေးအလွှား ရောက်ရှိလာကြပြီးလျှင် သူမအား ဝိုင်းရံထား လိုက်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်က လေသံမာမာဖြင့်...

"ရှင်တို့ မရှက်ကြဘူးလား၊ မိန်းကလေးတစ်ယောက်ကို ရှင်တို့ ဝိုင်းတိုက်ကြမယ်ပေါ့ ဟုတ်လား"

လူရွယ်များက ရယ်မောလိုက်ကြသည်။

ရယ်မောရင်းမှပင်...

"ဟုတ်ကဲ့... ကျွန်တော်တို့ကလဲ လူအင်အားများလို့ ခင်ဗျားကို ဝိုင်းတိုက်ဖို့ ကြံစည်ရဲတာပေါ့ဗျာ၊ တစ်ယောက်ချင်းဆော့ ခင်ဗျားကို မယှဉ်ရဲပါဘူး"

ထို့နောက်...

သူတို့ အထဲမှ တစ်ယောက်က အချက်ပေးလိုက်လေသည်။

သူတို့သည် ကြူးယွင်အား ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

ဟူသော အသံများ တမုဟုတ်ချင်း ဆူညံသွားကြတော့သည်။

ဝင်လာကြသော လက်နက်မျိုးစုံတို့ကို သူမက ကောင်းစွာရှောင်တိမ်းပြီး ၎င်းတို့ကို ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူမ၏လက်နှစ်ဖက်တို့ကလည်း လေတိုက်သလို ဇွေ့ယမ်း



လွင့်ရှားသွားကြ၏။

တစ်ခဏအတွင်းမှာပင် လူရွယ်သိုင်းသမားသုံးယောက်သည် သူမ၏လက်ချက်ဖြင့် အဝေးသို့ လွင့်စဉ်သွားကြသည်။

* * *

ဒဏ်ရာရထားသော လူတစ်ယောက်ကိုမူ သူမ မလွှတ်။

သူ့လက်တစ်ဖက်ကို ဆွဲကိုင်ကာ ဇွေ့ယမ်းပစ်လိုက်လေသည်။

သူမရှေ့တွင် လူစကြာသည် တဝီးဝီးအော်မြည်လျက် လည်ပတ်နေလေသည်။

ထိုစဉ်...

နန်းဖိန်သည် ဂေဟာအတွင်းမှ ပြေးထွက်လာသည်။

သူသည် လက်နှစ်ဖက်ကို ဖြန့်ကား၍ သိမ်းငှက်တစ်ကောင်လို သုတ်ဆွဲတိုက်ခိုက်တော့မည့်ဟန်ဖြင့် တိုက်ပွဲခွင်သို့ ဝင်လာသည်။

"ယား"

သူက တစ်ဆင့်ခုန်လိုက်ပြန်သည်။

လှုံးခနဲ မြောက်တက်သွား၏။

ယင်းသိုင်းကွက်မှာ ပျော့ပျောင်းသွက်လက်လှပေ၏

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်သော သိုင်းကွက် ဖြစ်သည်။

ကြူးယွင်သည် နန်းဖိန် ခုန်လွှားဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့် သူမကလည်း အထက်သို့ ခုန်တက်ရှောင်လွှားလာ ရှောင်သည်။

ထိရောက်မှု မရှိသောကြောင့် နန်းဖိန် ဒေါသထွက်သွား၏။

ထို့ကြောင့်...

သူက ကြူးယွင်အား...

"ဟီးတိ ကောင်မလေး။ သည်နေ့ မင်း ရွှေကျားဂေဟာက ထွက်ပြေးနိုင်ရင် ငါသိုင်းလောကမှာ ဘယ်တော့မှ မလှုပ်ရှားတော့ဘူး။ အပြီးစတော်မြှုပ်နေလိုက်တော့မယ်"

ဟု အော်ပြောလိုက်သည်။

ထို့နောက်...

သူက လက်နှစ်ဖက်အား ဝှေ့ယမ်းလှုပ်ရှားလိုက်လေသည်။

လေဖတ်သံများ တဟူးဟူး ပေါ်ထွက်လာလေသည်။

သူက ကြူးယွင် ပြန်အကျလာကို စောင့်ရင်း သိုင်းကွက်တစ်ကွက်ကို အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

ကြူးယွင်သည် နန်းဖိန်၏သိုင်းပညာအဆင့်ကို ရိပ်စားမိသူ ဖြစ်သည်။

သူမသည် နန်းဖိန်နှင့် စွတ်တရွတ် ရင်မဆိုင်ပါချေ။

မြေပေါ်ပြန်အကျတွင် နောက်သို့ တစ်ပတ်ကျွမ်းပစ်လိုက်



လေသည်။ ထို့နောက်...

ခုန်လွှားကာ သိုင်းသမားတစ်ယောက်၏ နောက်ကျောဘက်သို့ တဒင်္ဂချင်း ရောက်ရှိသွား၏။

သူမက လက်ငါးချောင်းကို စုန်ကုတ်လက်သည်းသဖွယ် ပြင်လိုက်သည်။

သူမရှေ့၌ ရှိနေသော သိုင်းသမား၏ နောက်ကျောကို ဖမ်းဆုပ်ဆွဲယူကာ အရှေ့မှ ဆီးခံလိုက်လေသည်။

"ဖောင်း"

နန်းဖိန်က ကြူးယွင်ကို လက်ဝါးဖြင့် ဝိတ်ရိုက်လိုက်သည်။

သို့သော်...

သူ၏လက်ဝါးရိုက်ချက်ကလည်း ကြူးယွင်ကို မထိပါချေ။

ကြူးယွင်ရှေ့မှ ဆီးခံထားသော သိုင်းသမားကို ရိုက်မိလျက်သား ဖြစ်သွားသည်။

"အား"

ရှေ့မှ ဆီးခံလိုက်ရသော သိုင်းသမားမှာ စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်ပစ်လဲကျသွားလေတော့၏။

နန်းဖိန်၏သိုင်းကွက်မှာ လွန်စွာမှပင်ပြင်းထန်လှပေသည်။

ကြူးယွင်ပင် အနောက်သို့ ငါးလှမ်းခန့် ယိမ်းယိုင်သွားရသည်။

ရှေ့မှလူသာ ဆီးမခံထားခဲ့လျှင် သူမ ရှုံးပြီး သေချေ

www.burmeseclassic.com

www.burmeseclassic.com



သွားမှာ သေချာပေ၏။

ကြူးယွင် ဈက်လုံးပြူးသွား၏။

"ခြင်းလိုက်တဲ့ ရိုက်ချက်"

ဟု ရေရွတ်လိုက်မိ၏။

သူမသည် နန်းဖိန်၏ပြင်းထန်သော လက်ဝါးရိုက်ချက် အင်အားစွမ်းရည်ကို သိရှိလိုက်ရသဖြင့် အတော်ပင် ထိတ်လန့်တုန်လှုပ်၍ သွားလေသည်။

သူ့ကို ယှဉ်ပြိုင်ပြီး တိုက်ခိုက်ဖို့ မလွယ်မှန်း ကြူးယွင် နားလည်လိုက်သည်။

နန်းဖိန်မှာ သူ့လူကို သူပြန်ပြီး ရိုက်မိသွားသောကြောင့် လွန်စွာ ဒေါသထွက်နေပေ၏။

တပည့်ငယ်သားများ ရှေ့တွင်မို့ ပို၍ရှက်စိတ်ဝင်သွားရသည်။

သူက ဒေါသတကြီးဖြင့် အော်ဟစ်မာန်သွင်းလိုက်ကာ မျက်လုံးအစုံး ပြူးကျယ်လျက် လက်ဆယ်ချောင်းကို သံချိတ်ကောက်များသဖွယ် ပြင်ဆင်လိုက်သည်။

ထို့နောက်...

သူသည် သူ၏လက်ဆယ်ချောင်းကို ကွေးချည်တစ်လှည့် ဆန့်ချည်တစ်ခါ ပြုလုပ်နေသောကြောင့် လက်ချောင်းများ လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော တဖျတ်ဖျတ်မြည်သံများကိုပင် ကြား



နေရလေသည်။

သူ၏လက်သည်း ဆယ်ချောင်းသည် သံမဏိကဲ့သို့ မာကျောလှချေသည်။

ကြူးယွင်သည် ကြောင်တစ်ကောင်အလား သူ့လက်တွင်းသို့ ကျရောက်မသွားစေရန် လီမွာပါးနပ်စွာ ရှောင်ရှားနေရတော့၏။

"ဝှစ်"

"ဝှစ်...ဝှစ်"

သူမသည် တိုက်ခိုက်ရန် ချဉ်းကပ်လာနေသော နန်းဖိန်အား လှည့်ပတ်ကွေ့ရှောင်ပြေးနေရတော့၏။

နန်းဖိန်၏လက်ချောင်းမြည်သံ တဖျတ်ဖျတ်နှင့် လေဓားသံ တဝှစ်ဝှစ်မြည်သံက အသည်းထိတ်ရင်တုန် ကြောက်မက်ဖွယ်ကောင်းနေလေတော့၏။

သူမသည် ကွေ့ပတ်ရှောင်ရင်း ထွက်ပေါက်ကို ရှာဖွေကြည့်ရှုနေသည်။

နန်းဖိန်ကလည်း သူမကို ထွက်ပေါက်မပေးဘဲ အပြတ်ရှင်းပစ်ရန်အတွက် အကွက်ဆင်ကြိုးစား၏။

ကြူးယွင်မှာ ချောင်ပိတ်မိသွား၏။

ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်သွားရလေတော့၏။

ထိုစဉ်...

"အစ်ကိုကြီးနန်းဖိန်၊ အစ်ကိုကြီးအသက်ဟာ မငယ်တော့ပါ

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ဘာကြောင့်များ ကလေးသာသာ အရွယ်လေးနဲ့ စိန်ပြေးတမ်း ကစားနေရတာလဲဗျ”

ဟူသော အသံကို ရုတ်တရက် ကြားလိုက်ရ၏။

နန်းဖိန်သည် ထိုစကားသံကို ကြားလိုက်သည်နှင့် လက်နှစ်ဖက်ကို မြန်ရုတ်သိမ်းပြီး ထိုလူအား လှည့်၍ လှမ်းကြည့်လိုက်လေသည်။

ထိုသို့ ကြည့်လိုက်ရင်းက သူ့မျက်နှာသည် အံ့ဩသွားဟန်ဖြင့်...

“အလို လူကျော်ဝါး ဘယ်အချိန်က ရောက်နေတာလဲ၊ ကျုပ်က မင်းရောက်နေတာ လုံးဝမသိဘူး။ မင်းရဲ့ ကိုယ်ဖျောက်ပညာရပ်ဟာ အရင်ကထက်တောင် ပိုပြီး အဆင့်မြင့်လာပြန်ပြီနော်”

ထိုလူက သဘောကျစွာ ရယ်မောလိုက်လေ၏။

“ဟား..ဟား..ဟား အစ်ကိုကြီးနန်းဖိန်ကတော့ ကျွန်တော့်ကို မြှောက်နေပြန်ပါပြီ၊ ဒါနဲ့ သူနဲ့ ဘာကြောင့် တိုက်ခိုက်နေရတာလဲ၊ သူက ဘယ်သူလဲ”

နန်းဖိန်၏မျက်နှာကြီး ရဲခနဲ နီမြန်းသွားသည်။

“ပြောရရင်တော့ ရယ်စရာကောင်းနေပြီ၊ ကျုပ် အခုထိ သည်ကောင်မလေးရဲ့ ဇစ်မြစ်မသိရသေးဘူး”

ကြူးယွင်က ရောက်လာသူကို အကဲခတ်လိုက်၏။

ထိုလူမှာ လူလတ်ပိုင်းတစ်ဦး ဖြစ်၏။



ရုပ်ရည်မှာ ကြည့်ပျော်ရှုပျော်ရှိ၏။

သို့သော်...

ထိုသူကို ကြူးယွင် မသိပါချေ။

နန်းဖိန်ကမူ သူ့ကို သိပုံရသည်။

ထိုသို့ ရှိစဉ် ကြူးယွင် တစ်စုံတစ်ခုအား စဉ်းစားလိုက်မိ၏။

“သူတို့ စကားပြောနေတုန်း ငါထွက်ပြေးရင် အခွင့်ကောင်းပဲ”

သူမ ဆုံးဖြတ်ချက်ချလိုက်ပြီး ခန္ဓာကိုယ်ကျွမ်းပစ်လိုက်ရာ အဝေးသို့ ရောက်သွားသည်။

ကြူးယွင်သည် မြစည်းရိုးတံခါးဘက်သို့ ပြေးလွှားသွား၏။

သို့သော်...

မြစည်းရိုးတံခါးဝတွင် လူတစ်ယောက်က သူမကို ရှေ့မှ ကာဆီးထား၏။

ထိုလူက လက်တစ်ဖက်ကို ရုတ်တရက် ဆန့်တန်းလိုက်လေသည်။

လေခတ်အားတစ်ခုသည် ကြူးယွင်၏ရင်ဝသို့ ပြင်းထန်စွာ လာဆောင့်လေ၏။

အင်အားမှာ ပြင်းထန်လှပေ၏။

ကြူးယွင်မှာ နောက်သို့ လေးငါးလှမ်းခန့် ဆုတ်ထွက်သွားရပြီး ခန္ဓာကိုယ်ပါ အရှိန်ဖြင့် လဲကျသွားမလို ဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ရိုးတံခါးဝမှ လူသည် ဖြူးနေ၏။

သူ၏သိုင်းပညာအဆင့်မှာ လွန်စွာမြင့်၏။

ထိုလူမှာ နန်းဖိန့်နှင့် စကားပြောနေသူပင် ဖြစ်သည်။

ကြူးယွင်က ထိုလူနှင့် နန်းဖိန့်တို့ စကားပြောနေခိုက် ခုန်လွှားထွက်ပြေးခဲ့ခြင်း ဖြစ်၏။

သို့သော် ထိုလူသည် အံ့ဩလောက်အောင် လျင်မြန်လှသော အချိန်အတွင်း၌ သူမ၏ရှေ့သို့ ရောက်ရှိ ခုန်လွှားနိုင်ပြီး ရှေ့မှ ကာဆီးနိုင်ခဲ့သည်။

ထိုလူ၏ကိုယ်ဖော့ပညာရပ်ကား အံ့ဩဖွယ်ရာကောင်းနေပေတော့သည်။

* * *



## အကျဉ်းစံ

ကြူးယွင်သည် ထိုလူအား မျက်လုံးမြူးကာ ကြည့်နေမိသည်။

ထိုလူ(ဝါ)လုကျောက်ဝါး၏ ကိုယ်ဖော့ပညာသည် သူမထက် အဆပေါင်းများစွာ မြင့်မားနေသည် မဟုတ်ပါလား။

လုကျောက်ဝါးသည် သဘောကျစွာ တစ်ချက်ရယ်မောလိုက်သည်။

ထို့နောက်...

ကြူးယွင်အား စေ့စေ့ကြည့်ကာ...

"မိန်းကလေး၊ မင်းရဲ့ကိုယ်ဖော့ပညာ မဆိုးပါဘူး ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာသမားဆီက သင်ယူခဲ့တာလဲ"

ဟု မေးလိုက်သည်။

ကြူးယွင် အံကြိတ်ထားလိုက်၏။

ခေါင်းငြိမ်းခြင်း မပြုဘဲ ငြိမ်နေလိုက်သည်။

လူကျော့ဂါဝါး မျက်မှောင်ကုပ်လိုက်သည်။

"မိန်းကလေး၊ ကျုပ်မေးတာကို မင်းဘာကြောင့် မဖြေ တာလဲ"

ကြူးယွင် မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်တို့အားလုံး လူဆိုးလူရမ်းကားတွေ အများနဲ့တစ်ယောက် ခိုင်းတိုက်ကြတဲ့လူတွေ၊ အုပ်စုဖွဲ့ပြီးမှ အသာစီးယူချင်တဲ့လူတွေ၊ ရှင်တို့နဲ့ကျွန်မ စကားပြောစရာ အကြောင်းမရှိဘူး"

ထိုသို့ပြောပြီး သူမသည် မြစ်ညွှန်းရှိတစ်ဖက်သို့ ပြေးထွက်ခဲ့ပြန်သည်။

လူကျော့ဂါဝါး ရယ်မောလိုက်သည်။

"ဒီလိုပြေးလို့ ရမှာတဲ့လား"

ပြောရင်း ခြေတစ်ဖက်ဆောင့်ကာ ခုန်ထွက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် ကြူးယွင်ရှေ့သို့ ဝိုပ်ခနဲကျရောက်သွားလေသည်။

ကြူးယွင် တုန့်ခနဲ ရပ်လိုက်သည်။



သူမက ဒေါသတကြီး အော်မေးလိုက်သည်။

"ရှင် ဘာသဘောလဲ၊ ကျွန်မသွားမယ့်လမ်းကို ဘာကြောင့် တားဆီးချင်ရတာလဲ"

လူကျော့ဂါဝါးက စပ်ပြုံးပြုံးဖြင့်...

"ကျုပ်က မင်းကိုတားဆီးဖို့ စိတ်မဝင်စားပါဘူး။ ဒါပေမယ့် ကျုပ်မေးတာတွေကို ကောင်းကောင်းမွန်မွန် ပြန်မဖြေရင်တော့ မင်း ဒီနေရာက ထွက်သွားဖို့ လွယ်မယ်မထင်ဘူး"

ကြူးယွင် အံကြိတ်လိုက်သည်။

"ရှင် မြီမ်းခြောက်နေတာလား"

"ကျုပ်က မြိမ်းခြောက်နေတာ မဟုတ်ဘူးဆိုတာ မင်းသဘောပေါက်မှာပါ"

ကြူးယွင် ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ...

"ကျွန်မ ရှင်မေးတာကို ကောင်းကောင်းမွန်မွန် ပြန်ဖြေရင်ကော"

ဟု မေးလိုက်သည်။

လူကျော့ဂါဝါး ပြုံးလိုက်သည်။

"ဒါဆိုရင်တော့ ကျုပ် မင်းကို အသာတကြည် ပြန်လွှတ်ပေးမှာပေါ့"

ကြူးယွင် မျက်လုံးများ အရောင်တောက်သွားၾ

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာကယ်ပြောနေတာလဲ။ ကျွန်မကို ပြန်လွှတ်ဖို့ ရှင် သဘောရှိပြစ်ပါလေသား"

လုကျော့က်ဝါး ရင်ကော့လိုက်၏။

"ဂေဟာရှင်နဲ့ ကျုပ်က သွေးသောက်ညီအစ်ကိုတွေပဲ၊ ကျုပ်စကားတစ်ခွန်းနဲ့ ပြီးပါတယ်၊ မင်းသာ ကျုပ်မေးတာ ဖြေပါ"

ထိုအခါ ကြူးယွင်က...

"ကောင်းပြီ၊ ရှင်ပြောတဲ့အတိုင်း ကတိတည်ပါစေ"

လုကျော့က်ဝါး ခေါင်းညိတ်လိုက်သည်။

"ဒါတော့ စိတ်ချ၊ ကျုပ် မင်းကိုမလိမ်ပါဘူး။ ကျုပ်မေးတာကိုသာဖြေပါ"

"ဒါဆိုရင်ဖြေမယ်၊ ရှင်သေသေချာချာ နားထောင်၊ ကျွန်မဆရာသမားဟာ သိုင်းလောကအတော်ဆုံးလူပဲ၊ သူ့ရဲ့တပည့်ကတော့ ကျွန်မပဲပေါ့၊ ဒီလောက်ဆို ရှင်သဘောပေါက်မှာပါ"

ထိုသို့ပြောပြီးနောက် ကြူးယွင်သည် ခြံစည်းရိုးအပေါက်ဝသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လှမ်းသွားတော့သည်။

လုကျော့က်ဝါးသည် ကြူးယွင်ပြောကြားသွားသောစကားကိုစဉ်းစားရင်း ကျန်ရစ်ခဲ့သည်။

ထိုစဉ်...

နန်းဖိန်၏အော်ဟစ်သံက မိုးခြိမ်းသံအလား ပေါ်ထွက်လာသည်။



"အစေခံမလေး...မင်းပြောတဲ့စကားက ဇွေလည်ကြောင်ပတ်နဲ့ ငါတို့ကို လှောင်ပြောင်တဲ့သဘောလား။ အခု ရပ်လိုက်စမ်း"

ထိုသို့ပြောပြီး တဆက်တည်းမှာပင် လုကျော့က်ဝါးဘက်သို့ လှည့်ကာ...

"လုကျော့က်ဝါး...ဒီမိန်းကလေးရဲ့စကားကို နားမထောင်နဲ့၊ သူ့ကိုဖမ်းထားလိုက်တာပဲ ကောင်းပါတယ်၊ သူ့ကို အစာငတ်ရေငတ်ထားလိုက်ရင် သူ ကျုပ်တို့မေးတာကို ကောင်းကောင်းမွန်မွန် ဖြေကြားလာလိမ့်မယ်"

လုကျော့က်ဝါးက ကြူးယွင်အား လှမ်းကြည့်ကာ...

"မင်းဆရာ ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ကြူးယွင်က...

"ဆရာက သိုင်းလောက အတော်ဆုံးလူလေ၊ ဒါတောင် မသိတာညံ့တာပဲ"

လုကျော့က်ဝါး၏မျက်နှာ ရှုံ့မဲ့သွားသည်။

ကြူးယွင်ကိုလည်း စိတ်ပျက်သွားသည်။

သူက နန်းဖိန်အား လက်ဝှေ့ယမ်းပြကာ...

"အစ်ကိုကြီးနန်းဖိန်...အစ်ကိုကြီးပဲ ကြည့်စီစဉ်လိုက်ပါတော့"

ဟုပြောကာ မျက်နှာလွှဲထားလိုက်သည်။

နန်းဖိန်၏မျက်နှာ ပြုံးရွှင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားပြောကြီးကျယ်လှသော ကြူးယွှင်အား အမြင်ကတ်နေပြီဖြစ်သည်။

ထို့ကြောင့်…

အစွင့်အရေးရသည်နှင့် ချက်ချင်းပင် လှုပ်ရှားလိုက်၏။

"သတိထား"

နှုတ်မှသတိပေးကာ ကြူးယွှင်ထံ ခုန်ဝင်လိုက်၏။

တဆက်တည်းပင် ကြူးယွှင် ပြေးပေါက်မရှိအောင် တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုသည် ကြူးယွှင်၏ခန္ဓာကိုယ်တစ်ခုလုံးအား ဖုံးလွှမ်းသွားလေသည်။

နန်းဖိန်၏ သိုင်းကွက်များက ဆန်းပြား၏။

အကွက်များ မကြာမကြာပြောင်း၍ တိုက်ခိုက်သည်။

သူ၏သိုင်းကွက်များမှာ သိုင်းပဒေသာ သိုင်းကွက်များဖြစ်သည်။

မထင်မှတ်သော ရှုထောင့်မှ သိုင်းကွက်မျိုးစုံ ပြောင်းလဲကာ ထိုးနှက်တိုက်ခိုက်နေခြင်းပင် ဖြစ်သည်။

အလွန်လျင်မြန်၍ ပြင်းထန်သော သိုင်းကွက်များပင် ဖြစ်သည်။

ကြူးယွှင် အထိတ်တလန့် ဖြစ်သွားသည်။

သူမက အထက်မြက်ဆုံးသိုင်းကွက်များဖြင့် ပြန်လည်ခုခံ



ရင်ဆိုင်လိုက်သည်။

သို့သော်…

ပရိယာယ်ကြွယ်ကာ သိုင်းစွမ်းရည်ထက်မြက်လှသော နန်းဖိန်အား တန်းတူရည်တူ ယှဉ်ပြိုင်နိုင်စွမ်း မရှိပါချေ။

အတွေ့အကြုံအားဖြင့်လည်း နန်းဖိန်ထက် နုနယ်သေး၏။

သူမသည် နန်းဖိန်၏တိုက်ခိုက်မှုအား အလူးအလဲပင် ကာကွယ်နေရတော့သည်။

သူမသည် တစ်စထက်တစ်စ အရေးနိမ့်လာလေသည်။

နောက်ဆုံး…

သိုင်းကွက်သုံးဆယ်အရောက်တွင် နန်းဖိန်လက်အောက်သို့ ကျရောက်သွားလေသည်။

နန်းဖိန်၏ လက်ချောင်းများသည် ကြူးယွှင်၏သွေးကြောများအား ထိုးပိတ်နိုင်ခဲ့လေသည်။

ကြူးယွှင်မှာ နန်းဖိန်လက်တွင်းသို့ ကျရောက်သွားတော့သည်။

နန်းဖိန်က ကြူးယွှင်အား ထပ်မံစစ်ဆေး မေးမြန်းဖြစ်သည်။

ဒေါသထွက်နေသော ကြူးယွှင်သည် ဘာတစ်ခွန်းမျှ မဖြေဘဲနေသည်။

သူမက ခေါင်းမာလေ နန်းဖိန်က ခံပြင်းလေပင်ဖြစ်သည်

www.burmeseclassic.com



နောက်ဆုံး…

ကြူးယွင်အား အစာရေစာ အငတ်ထားကာ ဆက်လျှော်စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

ကြူးယွင်အား လုံခြုံလှသော အခန်းတစ်ခုသို့သွင်းကာ ပိတ်လှောင်ထားလိုက်လေတော့သည်။

* * *

နန်းဖိန်၊ ပုဆားနှင့်လုကျောက်ဝါးတို့သည် ဝိုင်းဖွဲ့အရက်သောက်ရင်း ကြူးယွင်အကြောင်း မှန်းဆနေကြသည်။

ပုဆားသည် အရက်ကို တစ်ကျိုက်မျှမော့သောက်လိုက်သည်။

ထို့နောက်…

လုကျောက်ဝါးအား စကားဆိုလိုက်သည်။

"ဒီမိန်းကလေးဟာ အတော်မသက်သာစရာကောင်းတယ်၊ ခရီးသွားဆိုလည်း သူဟာ ရွှေကျားဂေဟာရှေ့မှာ ရပ်မနေသင့်ဘူး။ မုကျင်စင်းကိုလည်း မယှဉ်ပြိုင်သင့်ဘူး၊ သူ့ရဲ့သိုင်းကွက်တွေဟာလည်း ရှုပ်ထွေးလှတယ်၊ ဘယ်ဂိုဏ်း ဘယ်အဖွဲ့ကလဲဆိုတာ စဉ်းစားလို့ မရဘဲဖြစ်နေတယ်၊ ညီလေးက ကျုပ်ထက်ပိုပြီး ဗဟုသုတကြွယ်ဝတဲ့အတွက် သူနဲ့ပတ်သက်ပြီး ထင်မြင်ချက်ပေးပါဦး"



လုကျောက်ဝါး သက်ပြင်းချလိုက်၏။

"ကျုပ် သိုင်းလောကဗဟုသုတ နဲ့စပ်တာမှန်ပါတယ်၊ ဒါပေမယ့် ဒီမိန်းကလေးရဲ့ သိုင်းကွက်တွေကိုတော့ တိကျစွာ အဓိပ္ပါယ်ဖော်မရဘဲ ဖြစ်နေတယ်၊ သူတောင် ဒီလောက်ရှုပ်ထွေးပြီး ခန့်မှန်းရခက်တဲ့ပညာတွေကို တတ်ထားရင် သူ့ဆရာသမားက ပိုဆိုးမှာသေချာတယ်၊ ဒီလိုလူစားမျိုးတွေနဲ့က ရှောင်ကြဉ်ဖို့ပဲသင့်တယ်၊ ဒါကြောင့် သူ့ဆရာကို ကျုပ်က သိပ်သိချင်နေတာပေါ့"

ပုဆားက…

"မိန်းကလေးဖြေမှပဲ သိရတော့မယ့်ကိန်း ဆိုက်တာပဲ"

ဟု ညည်းတွားလိုက်၏။

နန်းဖိန်ကလည်း မစဉ်းစားနိုင်ဘဲဖြစ်နေပေရာ သုံးဦးသား ကြူးယွင်အကြောင်းအား ဘာတစ်ခုမှ ကောက်ချက်မချနိုင်ဘဲ ဖြစ်နေကြရလေသည်။

သူတို့သုံးဦးသည် သူမ အဘယ်ကြောင့် တစ်ကိုယ်တည်း ရွှေကျားဂေဟာသို့ ရောက်လာသည်ကို တွေးတောမှန်းဆနေကြလေသည်။

အမျိုးမျိုးသော ထင်မြင်ချက်များကို ပြုကြသည်။

သို့သော် သူတို့သည် တိကျမှန်ကန်သော တွေးထင်မြော ဆိုနိုင်ခြင်းမျိုးကား မရှိပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



၇

## အကူအညီ

ကြူးယွင်သည် ယခုအခါ ရွှေကျားဂေဟာ၏ အကျဉ်းသား ဖြစ်နေချေပြီ။

သူမအား လှောင်ပိတ်ထားသော အခန်းသည် လုံခြုံမှုမှာ ခိုင်ခန့်မှုလည်း၊ လုံးဝစိတ်ချရသော အခန်းတစ်ခန်း ဖြစ်နေပေသည်။

တစ်ခန်းလုံး အပေါက်ဆို၍ လက်သီးဆုပ်ဝင်သာရုံမျှသာ ရှိသော အပေါက်နှစ်ပေါက်သာ ရှိလေသည်။

လေတိုးပေါက်ကလေး နှစ်ပေါက်သာ ဖြစ်ပေတော့သည်။

ထိုအပေါက်ငယ်လေး နှစ်ပေါက်မှ လုံလောက်သော လေတိုက်ကို မရရှိနိုင်ပေ။



သူမမှာ အသက်ရှူကြပ်နေသည်။

သူမသည် ကောက်ရိုးခင်းထားသော သမံတလင်းပေါ်တွင် လဲလျောင်းလျက် အတွေးနယ်ချဲ့နေမိသည်။

ဖခင်ဖြစ်သူနှင့် အစ်မကြီးအား သတိရမိသည်။

ထို့အတူ...

သူမ၏ဆရာသမားကိုလည်း အောက်မေ့သတိရနေမိလေသည်။

ထိုစဉ်၌...

ကြူးယွင်သည် ဆရာသမားဖြစ်သူ၏ မျက်နှာကို မြင်ယောင်လိုက်မိသည်နှင့် ရုတ်တရက် သတိတရဖြစ်ကာ သူမ၏ကိုယ်တွင်းတခနေရာမှ လက်နက်အား စမ်းသပ်လိုက်မိ၏။

"တော်ပါသေးရဲ့၊ ငါ့လက်နက်ကို ထုတ်မသုံးမိလိုက်လို့ သူတို့မြင်မသွားတာ ကံကောင်းတာပဲ၊ ငါ့လက်နက်သာ တွေ့သွားရင် ငါ ဘယ်သူလဲဆိုတာ သိသွားကြမှာ သေချာတယ်၊ အင်း သူတို့ သိသွားကြရင်လဲ တစ်မျိုးကောင်းတာပဲ၊ ငါ့ကို အခုလို အနိုင်ကျင့်ဖမ်းဆီးရဲမှာ မဟုတ်တော့ဘူး"

ကြူးယွင်သည် ထိုသို့ စဉ်းစား တွေးတောနေရင်းက တဖန် ခေါင်းခါယမ်းကာ အောက်ပါအတိုင်း ရေရွတ်မိလိုက်ပြန်လေသည်။

"အို...ငါဘာလို့ ပြောရမှာလဲ၊ သူတို့ဘာသာ ထင်ချင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ထင်ကြ၊ ငါ့ဆရာ ဘယ်သူဆိုတာ မပြောနိုင်ပါဘူး။ သူတို့ဖမ်းခွဲးစစ်ဆေးတိုင်း ငါက ဖြေရမှာလား"

ကြူးယွင်တစ်ယောက်တည်း အတွေးများဖြင့် အလုပ်ရှုပ်နေလေသည်။

နောက်ဆုံး...

သူမသည် မျက်လုံးအစုံမှိတ်လိုက်ပြီး အနားယူလိုက်လေတော့သည်။

* * *



အခန်းအပြင်ဘက်တွင် မှောင်ရိပ်များ သိမ်းစပြုနေချေပြီ ထို့ကြောင့်...

အခန်းတွင်း၌ အမှောင်ထုက လွှမ်းမိုးလာ၏။

တစ်နေ့တာအချိန် ကုန်ဆုံးသွားပြီဟု ကြူးယွင် နားလည်လိုက်သည်။

အချိန်များကုန်လာသည်နှင့်အမျှ သူမဝမ်းဗိုက်မှာ ဆာလောင်လာသည်။

သည်ကြားထဲ ရေက ငတ်လာပြန်သည်။

သို့သော် သူမသည် လွန်စွာမာနကြီးသူ ဖြစ်၏။

သူမအား မတရားဖမ်းဆီးထားသော ရွှေကျားဂေဟာမှ လူများအား အညှံမခံပါ။

အလျှော့မပေးပါ။

ဆာလောင်မွတ်သိပ်ခြင်း။ ရေငတ်ခြင်း၊ ဝေဒနာကို ကျိတ်မှိတ်ပြီး အိပ်ပျော်အောင် ကြိုးစား၏။

နောက်ဆုံး သူမ အိပ်ပျော်သွားသည်။

မည်မျှ အချိန်ကြာသွားသည်မသိ။

ရုတ်တရက် အိပ်ရာမှ လန့်နိုးသွားသည်။

မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

သူမနားထဲသို့ အသံတစ်ခု ဝင်ရောက်လာသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံ တရှုးရှုးမြည်သံ ပေါ်ထွက်ရာ အရပ်ကို သေသေချာချာ သိရှိသွားလေတော့သည်။

ထိုမြည်သံသည် လေတိုးပေါက်တစ်ပေါက်အတွင်းမှ ပေါ်ထွက်နေခြင်း ဖြစ်ကြောင်း၊ သိလိုက်သည်။

ထိုအသံသည် လူတစ်ယောက်၏ပါးစပ်မှ တိုးညှင်းလှစွာ ပေါ်ထွက်နေခြင်း ဖြစ်ကြောင်း သိရှိလိုက်ရလေတော့သည်။

တစ်စုံ ထူးခြားပြီ ဖြစ်ကြောင်း ကြူးယွင် တွေးလိုက်မိသည်။

အသံထွက်ပေါ်ရာ လေတိုးပေါက် ရှိရာသို့ အသာထသွားသည်။

ဤတွင်...

လေတိုးပေါက်အတွင်းမှ စကားပြောသံ တိုးသဲ့သဲ့ကို ကြားလိုက်ရပေသည်။

"မိန်းကလေး၊ မင်းသိပ်ဆာနေလားဟင်"

ထိုအခါ...

ကြူးယွင်က ပြန်ပြောလိုက်သည်။

သူမ၏လေသံမှာ ဒေါသသံပါနေသဖြင့် အနည်းငယ်ကျယ်လောင်သွား၏။

"ရှင်တို့ကို အောက်ကျခံပြီး အညှိမယ်များ ထင်နေလား။ အသေသာခံမယ်၊ ရှင်တို့ ထမင်းကို မစားဘူး"



အပြင်ဘက်မှ လူသည် ရှူးခနဲ အသံတစ်ချက်ပြုလိုက်ပြီး...

"မိန်းကလေး တိုးတိုးပြောပါ၊ သူတို့ကြားသွားမယ်၊ ဟောဒီမှာ ကျုပ်က မိန်းကလေးအတွက် ချန်ထားတဲ့ ပေါက်စီနှစ်လုံး စားလိုက်ပါ၊ အကြွင်းအကျန်တစ်ခုမှ အခန်းထဲချန်မထားခဲ့နဲ့"

လေတိုးပေါက်မှ အရာဝတ္ထုနှစ်ခု ကျလာသည်။

ကြူးယွင်က ဖမ်းယူကြည့်လိုက်ရာ ပေါက်စီနှစ်လုံး ဖြစ်နေသည်ကို သိလိုက်ရသည်။

ကြူးယွင် ဝမ်းသာသွားသည်။

သူမက အပြင်ဘက်မှ 'လုရှောင်ယုံ'ဟု ခေါ်သံကို ခပ်ကျယ်ကျယ်လေး ကြားလိုက်ရသည်။

အပြင်ဘက်မှ သူက လေတိုးတိုးဖြင့် အလောတကြီး ပြောဆိုလိုက်ပြန်သည်။

"ဟော...သူတို့ ကျုပ်တော့ကို ခေါ်နေပြီ၊ ကျုပ်တော်သွားတော့မယ်"

ကြူးယွင်သည် သူမ၏နေရာသို့ ပြန်လာပြီး ထိုင်ချလိုက်သည်။

သူမ၏ဝမ်းဗိုက်ထဲ တကျုတ်ကျုတ်မြည်နေ၏။

အပြင်ဘက်မှ မျက်နှာမမြင်ရသော လုရှောင်ယုံဆိုသည့်လူ ပစ်ချပေးသွားခဲ့သော ပေါက်စီနှစ်လုံးကို စားသင့်မစားသင့် ချင့်ချိန်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို...သူတို့က ငါ့ကိုသတ်ချင်ရင် စောစောကတည်းက သတ်လို့ရတာပဲ၊ အခု ငါ့ကို ချုပ်နှောင်ထားတာဟာ သူတို့မှာ အကြောင်းရှိလို့ ဖြစ်မယ်၊ အဲဒီတော့ ဒီပေါက်စီနှစ်လုံးကို ငါစားမယ်၊ အန္တရာယ် မဖြစ်လောက်ပါဘူး"

သူမသည် ထိုသို့ တွေးပြီး ဆုံးဖြတ်ချက်ချကာ ပေါက်စီကို စားသောက်လိုက်၏။

ပေါက်စီဆိုသော အစာသည် ခြောက်သွေ့သောသဘော ရှိလေ၏။

ရေငတ်နေသောကြောင့် ခြောက်သွေ့သော ပေါက်စီကို စားရသည်က မလွယ်ပါ။

တော်တော်နှင့် မျိုမချနိုင်ဘဲ ဖြစ်နေရသည်။

ထို့အပြင်...

ယင်းပေါက်စီနှစ်လုံးသည် ဝမ်းဗိုက်ကို ကျေနပ်လောက်အောင် မဖြည့်တင်းနိုင်ပါချေ။

သို့သော မတတ်နိုင်ပါ။

သူမ၏ဂိုတရားက ဤမျှသာရှိသည်။

ဤသည်ပင် အလွန်ကောင်းသည်ဟု ဆိုရပေမည်။

ပေါက်စီကို စားရင်း သူမစဉ်းစားသည်။

"ငါ့ကို ပေါက်စီလာပေးတဲ့လူဟာ ဘယ်သူများပါလိမ့်၊ သူ ဘာကြောင့် ငါ့ကို အစာလာပေးရတာလဲ"



သူမသည် တွေးရင်းမှ ရေငတ်လာသည်။

သူမ စိတ်ထဲတွင် ရေသောက်လိုက်ရလျှင် ကောင်းမည်ဟု ရေရွတ်လိုက်မိသည်။

ထိုစဉ်...

လေတိုးပေါက်မှ အသံတစ်ချက်ကြားလိုက်ရပြန်သည်။

"လုရှောင်ယုံ"

ကြူးယွင် တိုးတိုးရေရွတ်လိုက်၏။

လေတိုးပေါက်မှ အသံထွက်ပေါ်လာသည်။

"မိန်းကလေး၊ ဟောဒီမှာ ပန်းသီးတစ်လုံးယူထားလိုက်ပါ၊ တစ်ခုတော့ သတိထားပါ၊ စားပြီးရင် အစေ့ကို အခန်းထဲမှာ ပစ်မထားပါနဲ့နော်၊ အပြင်ဘက်ကို လွှင့်ပစ်ပေးပါ၊ နောက်ပြီး ကျွန်တော့်ကို အသံထွက်ပြီး မခေါ်ပါနဲ့၊ ကျွန်တော် လူလစ်ရင် လာခဲ့ပါ့မယ်"

ကြူးယွင်က လေတိုးပေါက်လေးအား လှမ်းကြည့်လိုက်သည်။

မျက်နှာကို မမြင်ရချေ။

သူမ တစ်ချက်ပြုံးကာ...

"လုရှောင်ယုံ ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သည်။

ဤတွင်...

လုရှောင်ယုံက ကပျာကယာ ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ခင်ဗျားက ကျွန်တော့်နာမည်ကို ဘယ်လိုလုပ်သိတာလဲ ဘယ်သူပြောပြသလဲ"

"ဘယ်သူမှ ကျွန်မကို ပြောမပြပါဘူးရှင်၊ စောစောက ရှင့်ကို အခြင်က လူတစ်ယောက် နာမည်ခေါ်လိုက်သံကို အထဲကနေ ကြားလိုက်ရလို့ပါ"

လုရှောင်ယုံက…

"ခင်ဗျား နားပါးလွန်းပါတယ်၊ ကျုပ်ချီးကျူးပါတယ်၊ ခင်ဗျားဟာ ဒီလောက် အသက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ သိုင်းပညာလဲ အတော်ကျွမ်းကျင်တယ်၊ နေ့ခင်းက ခင်ဗျားတို့ တိုက်ခိုက်ခဲ့တာ ကျုပ်တွေ့ခဲ့ရတယ်၊ သူတို့ဟာ ခင်ဗျားကို ဘယ်အဖွဲ့က ဖြစ်တယ်ဆိုတာ အခုထိ မခန့်မှန်းနိုင်ကြသေးဘူး။ ဒါကြောင့် ခင်ဗျားကို ချုပ်ထားပြီး သုံးလေးရက်လောက် အစာမကျွေးဘဲ ထားကြလိမ့်မယ်၊ ခင်ဗျားကို အစာရေစာငတ် နှိပ်စက်ပြီးမှ စစ်ဆေးကြလိမ့်မယ်"

ကြူးယွင်မှာ လုရှောင်ယုံ ပြောမှ ရန်သူ၏အကြံအစည်ကို သိလိုက်ရတော့၏။

သို့သော်…

သူမသည် လုရှောင်ယုံ၏စကားကို ရုတ်တရက် မယုံတော့ သေးပေ။

သူမက လုရှောင်ယုံအား ပြောလိုက်၏။

"ရှင် ကျွန်မကို စားသောက်စရာတွေကို အခုလို လာပေးတာ ကျေးဇူးတင်ပါတယ်၊ ရှင့်ကို သူတို့က ကျွန်မဆီကို လာနိုင်ပြီး စနည်းနာနိုင်းတာတော့ မဟုတ်ပါဘူးနော်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ ရှင့်ကိုတော့ ကျွန်မ ကျေးဇူးတင်ပါတယ်"



လုရှောင်ယုံက ခပ်အုပ်အုပ်ရယ်မောလိုက်ပြီး…

"မိန်းကလေးက စိတ်ထဲရှိသလို ဝေဖန်ပြောဆိုတာဟာ မမှန်ကန်နိုင်ပါဘူး။ ကျွန်တော်ဟာ သူတို့နဲ့ မတူပါဘူး။ ခင်ဗျားကို ကျွန်တော်က စေတနာနဲ့ အခုလို လာဆက်ဆံနေတာပါ။ သူတို့က ခင်ဗျားကို ဘယ်သူလဲဆိုတာ မသိပေမယ့် ကျွန်တော်ကတော့ ခင်ဗျားရဲ့ ဓမ္မမြစ်ကို သိနေပါတယ်၊ ခင်ဗျားရဲ့ ဆရာသမားဟာ ဘယ်သူလဲဆိုတာ ကျွန်တော်ခန့်မှန်းတတ်ပါတယ်"

"ဟင်"

ထိုစကားကြောင့် ကြူးယွင် အံ့အားသင့်သွားရလေသည်။

သူမက စိတ်လှုပ်ရှားစွာဖြင့်…

"ရှင်…ရှင် ဘယ်လိုလုပ်သိသလဲ"

ဟု မေးလိုက်မိသည်။

လုရှောင်ယုံက…

"ခင်ဗျားအသုံးပြုတဲ့ သိုင်းကွက်ကို အခြေခံပြီး ခန့်မှန်းတာပါ။ စိတ်မပူပါနဲ့ ခင်ဗျား ဒုက္ခရောက်နေတဲ့အကြောင်း ခင်ဗျားရဲ့ ဆရာကို ကျွန်တော် သွားအကြောင်းကြားပေးပါ့မယ်၊ ခင်ဗျားဆရာသမားဟာ မနက်ဖြန်လောက်ဆို ဒီကို ရောက်လာနိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မိမိဆရာသမား ရောက်လာလျှင် အနှောင်အဖွဲ့မှ ကင်းလွတ်တော့မည် ဖြစ်၍ ကြူးယွင် ကျေနပ်သွားမိသည်။

မိမိ စေခိုင်းခံနိုင်သော လုရှောင်ယုံကိုလည်း စိတ်ထဲမှ ချီးကျူးလိုက်မိသည်။

လုရှောင်ယုံက...

"ကျွန်တော် တစ်ခုလောက် တောင်းပန်ချင်ပါတယ်"

ကြူးယွင် မျက်မှောင်ကုပ်ကာ...

"ဘာများလဲ"

"ဘယ်သူ့ရှေ့မှာပဲဖြစ်ဖြစ် ကျွန်တော့်နာမည်ကို မခေါ်ပါနဲ့၊ ကျွန်တော်နဲ့ သိကျွမ်းတယ်လို့ မယူဆပါနဲ့၊ အခုတွေ့ဆုံတဲ့အကြောင်းကိုလဲ ဘယ်သူ့မှမပြောပါနဲ့၊ ဒါကို လျှို့ဝှက်ထားပေးပါ၊ ကဲ.. ကျွန်တော်သွားတော့မယ်၊ ခင်ဗျားစိတ်ချပါ၊ ခင်ဗျားရဲ့ဆရာ မနက်ဖြန် ရောက်လာစေရပါ့မယ်"

လုရှောင်ယုံ ပြောပြီး ထွက်ခွာသွားသည်။

ကြူးယွင်မှာ လုရှောင်ယုံနှင့် ပတ်သက်ပြီး အံ့သြနေရလေသည်။

လုရှောင်ယုံသည် သူ့မအတွင်း ပဟေဠိသဖွယ် ဖြစ်နေခဲ့ချေပြီ။

ဤဓွေကျားဂေဟာတွင် လုရှောင်ယုံ အဘယ်အကြောင်းကြောင့် နေထိုင်ရသနည်း။



လျှို့ဝှက်ချက်များ ရှိနေ၍လော။

ထို့အပြင်...

မိမိဆရာသမားကိုလည်း သိနေသည်။

သို့သော်...

မည်သူမည်ဝါဟုလည်း ထုတ်ဖော်ပြောမသွားခဲ့ပါ။

ဓွေကျားဂေဟာ၌ လုရှောင်ယုံသည် အလျှို့ဝှက်ဆုံး လူတစ်ယောက်ဟု ကြူးယွင် သတ်မှတ်လိုက်ရလေတော့သည်။

ဤသို့ဖြင့်...

တစ်ညတာ အချိန်ကား ကုန်ဆုံးသွားခဲ့ရတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# 7

## ကျားဖြီးဆွဲမိခြင်း

နေမင်းကြီးသည် ကောင်းကင်ပေါ်၌ ထွန်းလင်းတောက်ပနေသည်။

ရာသီဥတုက ပူအိုက်လှသည်။

နန်းဖိန်နှင့် ပုဆားတို့က လုကျောက်ဝါးအား နံနက်စာအဖြစ် ညှော်ကျူးမွေးနေလေသည်။

စားသောက်ရင်း ကြူးယွင်အား စစ်ဆေးမေးမြန်းရန် တိုင်ပင်ဆွေးနွေးနေကြ၏။

ထိုစဉ်မှာပင်...

ရွှေကျားဂေဟာမှ သိုင်းသမားတစ်ယောက် အလောတကြီးရောက်ရှိလာလေသည်။



နန်းဖိန် မျက်မှောင်ကုပ်သွားသည်။

"ဟေ့..ဘာဖြစ်လာတာလဲ"

ဟု ဆီး၍ မေးလိုက်သည်။

အစောင့်သိုင်းသမားက အရိုအသေပေးကာ...

"အိမ်ဂေဟာရှေ့မှာ ညှော်သည်အဘွားအိုတစ်ယောက်ရောက်နေပါတယ်၊ သူက ဆရာကြီးတို့သုံးယောက်ကို တွေ့ချင်ပါတယ်လို့ ပြောနေပါတယ်"

နန်းဖိန် အံ့သြသွားသည်။

ပုဆားနှင့် လုကျောက်ဝါးတို့လည်း မျက်မှောင်ကုပ်သွားကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မည်သို့သောညှော်သည်နည်းဟူသော မျက်နှာထားမျိုးဖြင့် မေးမြန်းနေကြလေသည်။

သို့သော်...

မည်သူမျှ အတိအကျမသိဘဲ ဝေဝေဝါး ဖြစ်နေကြလေသည်။

သုံးယောက်သား တိုင်ပင်ထားသလို ပြိုင်တူထလိုက်ကြသည်။

နန်းဖိန်က အစောင့်သိုင်းသမားအား လက်ဝှေ့ယမ်းပြလိုက်သည်။

အစောင့်သိုင်းသမားက ဦးဆောင်ခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်…

အိမ်ဂေဟာရှေ့သို့ ရောက်လာကြသည်။

သို့သော်…

လူတစ်ဦးတစ်ယောက်မျှပင် မတွေ့ရချေ။

လုကျော့ာက်ဝါး မျက်မှောင်ကုပ်သွားသည်။

နန်းဖိန်က အပြစ်တင်သော အကြည့်ဖြင့် အစေခံသိုင်းသမားအား ကြည့်လိုက်သည်။

ပုဆားက ဒေါသသံဖြင့်…

"ဘယ်မှာလဲ၊ ငါတို့ကို တွေ့ချင်တဲ့ ဧည့်သည်"

ဟု ငေါက်ငမ်းလိုက်၏။

အစေခံသိုင်းသမား ထိတ်လန့်သွားသည်။

ကပျာကယာ ဦးညွှတ်ကာ…

"ကျွန်တော် ဆရာကြီးတို့ကို လိမ်မပြောဝံ့ပါဘူး။ တကယ် ဧည့်သည်ရောက်လာလို့ပါ"

သူက တွေ့မြင်ခဲ့ရသော အဘွားအို၏အသက်အရွယ်နှင့် ပုံပန်းသဏ္ဌာန်ကိုပါ ပြောပြလိုက်သည်။

နန်းဖိန်တို့သုံးယောက် တွေဝေသွားကြသည်။

အဘွားအို၏ပုံသဏ္ဌာန်ကိုလည်း ခန့်မှန်းလိုက်ကြသည်။

ရုတ်တရက်…

"ဒုက္ခပဲ"



လုကျော့ာက်ဝါး အထိတ်တလန့် ရေရွတ်လိုက်၏။

သူ၏မျက်နှာတစ်ခုလုံးလည်း ဖျက်ယွင်းနေ၏။

နန်းဖိန်နှင့် ပုဆားတို့က သူ့အား အကဲခတ်ကြည့်လိုက်ကြသည်။

"ဘာဖြစ်လို့လဲဗျ"

နန်းဖိန်က မေးလိုက်သည်။

လုကျော့ာက်ဝါးက…

"သူ..သူဟာ.."

ရှေ့ဆက်မပြောနိုင်ဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

လုကျော့ာက်ဝါး၏ မျက်နှာပေါ်တွင် တစ်စုံတစ်ရာအား ကြောက်ရွံ့မှုက ထင်းသားပေါ်လွင်နေပေသည်။

နန်းဖိန်နှင့် ပုဆားတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။

လုကျော့ာက်ဝါးတစ်ယောက် မည်သို့သော အကြောင်းကြောင့် ထိတ်လန့်နေပါသနည်း။

သူတို့သည် မစဉ်းစားတတ်အောင် ဖြစ်နေလေတော့သည်။

သူတို့ တွေဝေငေးငိုင်နေချိန်၌…

"ဒေါက်..ဒေါက်..ဒေါက်"

ဟူသော အသံကို မတိုးမကျယ် ကြားလိုက်ရသည်။

ထိုအသံမှာ သမံတလင်းနှင့် တုတ်တစ်ချောင်း ထိရိုက်ရာမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသော အသံ ဖြစ်ပေသည်။

လုကျောက်ဝါး မျက်လုံးပြူးသွားသည်။

တစ်စုံတစ်ရာအား ကြောက်ရွံ့မှုက ခန္ဓာကိုယ်တစ်ခုလုံး ဖျံ့နှံ့သွား၏။

သူက တုန်ယင်သော လေသံဖြင့်...

"ဟုတ်တယ်၊ မလွဲဘူး။ သူမှ...သူအစစ်ပဲ"

ဟု ပြောပြီး အတွင်းခန်းတစ်နေရာသို့ စူးစိုက်ကြည့်လိုက်ပြီး ထွက်ပေါ်လာမည့်သူအား စောင့်လင့်နေလိုက်လေသည်။

"ဒေါက်...ဒေါက်"

မြည်သံမှာ ဆက်လက်ထွက်ပေါ်လာသည်။

မကြာမီ...

ခန်းမအတွင်း တံခါးပေါက်တစ်ခုမှ လူနှစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

နန်းဖိန်တို့ လှမ်းကြည့်လိုက်ရာ...

ရှေ့ဆုံးမှလူသည် တောင်ဝှေးကိုထောက်ကာ လျှောက်လှမ်းလာနေသော အဘွားအိုတစ်ယောက် ဖြစ်ပြီး ၎င်းအဘွားအို နောက်မှ ကပ်လျက်ပါလာသူအား မြင်လျှင် အံ့သြသွားကြသည်။

အကြောင်းမှာ...

ထိုလူမှာ မနေ့ညက ဖမ်းဆီးချုပ်နှောင်ထားခဲ့သော ကြူးယွင် ဖြစ်နေသည် မဟုတ်ပါလား။



လုကျောက်ဝါးသည် အဘွားအိုကို မြင်လျှင် ရုတ်ချင်းပင် ဦးညွှတ်အရိုအသေ ပေးလိုက်ကာ ကမျာကယာ ပြောဆိုလိုက်၏။

"ကျွန်တော်လုကျောက်ဝါး ဘွားဘွားကို ဂါရဝပြုပါတယ်"

လုကျောက်ဝါးသည် ထိုသို့ နှုတ်ဆက်ပြောဆိုလိုက်ပြီးနောက် ဦးခေါင်းငုံ့ကာ ငြိမ်သက်စွာဖြင့် အဘွားအိုထံမှ ထွက်ပေါ်လာမည့် စကားသံကို နားစွင့်၍နေလေသည်။

သူသည် အဘွားအို၏မျက်နှာကို ကြည့်ရှုရန်ပင် မဝံ့မရဲ ဖြစ်နေဟန်တူ၏။

ယင်းအဘွားအိုကား မည်သူ ဖြစ်ပါသနည်း။

အဘယ်ကြောင့် လုကျောက်ဝါး တစ်ယောက် ဤမျှ ကြောက်ရွံ့နေရပါသနည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဝန်ကျင်သည် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားသည်ဟု ထင်ရသည်။

အဘွားအိုး၏ မျက်လုံးအစုံသည် လုကျော်ဝါးထံ ကျရောက်လာသည်။

သူမ၏မျက်လုံးအစုံသည် အလွန်တရာပင် စူးရှတောက်ပလေသည်။

သူမသည် တောင်ဝှေးအား တစ်ချက်ဆောင့်ချလိုက်ပြီး...

"ဒီလောက်လဲ အရှိအသေပေးစရာ မလိုပါဘူး။ ငါ့အရည်အချင်းက မင်းဦးလေးနဲ့ မတိမ်းမယိမ်းပါပဲ၊ အခုလို မမျှော်လင့်ဘဲ မင်းနဲ့တွေ့လိုက်တော့ တစ်ခုမှာချင်တယ်"

လုကျော်ဝါးက ခေါင်းမမော့ဘဲ...

"ဟုတ်ကဲ့ ပြောပါ"

အဘွားအိုက...

"တခြားတော့ မဟုတ်ပါဘူး၊ နောင်တစ်ချိန် ပေဟာဒီ ငါ့တပည့်မလေးနဲ့ ကြုံတွေ့ခဲ့ရင် စောင့်ရှောက်ထိန်းသိမ်းပေးပါကွယ်"

လုကျော်ဝါး၏ရင်ထဲ လှုပ်ရှားသွားသည်။

"ဟိုမိန်းကလေးက သူ့ရဲ့တပည့်မ ဖြစ်နေတာကိုး၊ ခြေလွန်လက်လွန် မဖြစ်တာ ကံကောင်းပေလို့ နို့မဟုတ်ရင် မလွယ်ဘူး"

စိတ်ထဲမှ ငြည်းတမ်းလိုက်သည်။

တစ်ဆက်တည်း သက်ပြင်းချကာ...



"ဟုတ်ကဲ့၊ စိတ်ချပါ ခင်ဗျာ"

သူက ယင်းသို့ ပြောနေစဉ်မှာပင် ကြူးယွင်၏အသံ ထွက်ပေါ်လာသည်။

"အခု ကိစ္စအတွက်တော့ အပြစ်ပေးမှ ဖြစ်မယ်"

ပြောပြောဆိုဆို ရှေ့သို့ လျှောက်လှမ်းထွက်လာကာ လုကျော်ဝါးအား ဘယ်ပြန်ညာပြန် နှစ်ချက်ဆင့်ရိုက်ချလိုက်လေသည်။

"ဖြန်း..ဖြန်း"

သူမက မနေ့က လုကျော်ဝါး သူ့အပေါ် အနိုင်ကျင့်ခဲ့သည်ကို အမှတ်ရပြီး လက်တုန့်ပြန်လိုက်ခြင်း ဖြစ်ပေသည်။

လုကျော်ဝါး၏ ပါးနှစ်ဖက်စလုံး ထူပူသွားသည်။

သို့သော်...

သူက အဘွားအို၏ အရှိန်အဝါကြောင့် ဘာမှပြန်မလုပ်ဘဲ ငြိမ်သက်စွာပင် ရပ်နေလေသည်။

အဘွားအိုက ကြူးယွင်အား ဟန့်တားလိုက်သည်။

"ကြူးယွင်၊ သူ့ကို ဒီလို သွားမလုပ်နဲ့ သူ့ဦးလေးက စိတ်ကြီးတယ်၊ မင်းကို ဒေါသထွက်လိမ့်မယ်"

လုကျော်ဝါးက...

"ရပါတယ်၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

ဘာမျှမဖြစ်သော လေသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအို ကျေနပ်စွာ ပြုံးရင်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

အဖြစ်အပျက်အား တွေ့မြင်ရသော နန်းဖိန်နှင့် ပုဆားတို့ နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့နှစ်ဦးစလုံး ထိုအဘွားအို မည်သူ ဖြစ်သည်ကို လုံးဝ သေိကြပါချေ။

သို့သော်...

သူတို့ထက် သိုင်းပညာအရာတွင်သာမက ပညာဗဟုသုတ အရာတွင်ပါ သာလွန်သည့် လုကျောက်ဝါးပင်လျှင် ထိုအဘွားအိုအား တလေးတစားရှိကာ ကြောက်ရွံ့နေကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။

ထို့ကြောင့်...

အဘွားအိုသည် ထိပ်သီးသိုင်းပညာရှင်တစ်ဦး ဖြစ်ရမည်ဟု ခန့်မှန်းမိလိုက်ကြသည်။

နန်းဖိန်နှင့် ပုဆားတို့ နှစ်ယောက်သည် ဘာမှ ဝင်မပြောဘဲ အသာရပ်လျက် ငြိမ်သက်စွာ ကြည့်နေကြလေသည်။

အဘွားအိုသည် နန်းဖိန်တို့အား ရှိသည်ဟုပင် သဘော မထားပါ။

သူတို့အား တစ်ချက်ကလေးမျှပင် လှည့်မကြည့်ဘဲ ရှိနေလေသည်။



ကြူးယွင်၏စိတ်ထဲ မကျေမနပ် ဖြစ်နေသေး၏။

ယင်းမကျေနပ်ချက်မှာ မနေ့က သူ့မအား ပညာပြသွားကြသည့် နန်းဖိန်နှင့် ပုဆားတို့အား ခိတ်ထဲခံပြင်းနေမိခြင်းပင် ဖြစ်သည်။

ကြူးယွင်သည် လုကျောက်ဝါး ရှေ့မှ အဘွားအိုထံသို့ ပြန် မလျှောက်လာဘဲ ရုတ်တရက် နန်းဖိန် ရှေ့သို့ ရောက်သွားကာ နန်းဖိန်အား လှမ်းရိုက်လိုက်လေသည်။

မထိပါချေ။

တစ်ချက်နှင့် မထိ၍ ဆင့်ကဲဆင့်ကဲ သူမက ရိုက်နှက်လေသည်။

သို့သော်...

နန်းဖိန်သည် ကြူးယွင် ရိုက်ချက်ကို ရှောင်တိမ်းလိုက်သော ကြောင့် ဖြစ်လေသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရှောင်တိမ်းပေးပြီးနောက် နန်းဖိန် ဒေါပွလာသည်။

သူသည် သည်းမခံနိုင်တော့ဘဲ ကြူးယွင်အား ပြန်လည် တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုကြောင့် ကြူးယွင်မှာ နောက်သို့ ခြေလှမ်း လေးငါးလှမ်းမျှ ဆုတ်သွားရလေသည်။

"ဟား..ဟား..ဟား"

ဤသည်ကို တွေ့မြင်လိုက်ရသော အဘွားအိုက အေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ရှာ ရယ်မောလိုက်၏။

ထိုသို့ ရယ်မောရင်းက နန်းဖိန်အား…

"မင်းက ဒီပညာလောက်လေးနဲ့ ငါ့ရှေ့မှာ လာပြီး အစွမ်းပြနေရသလား"

ဟု ပြောရင်း ကြူးယွင်အား လှည့်ပြောလိုက်၏။

"ကြူးယွင်၊ မင်း သူနဲ့ထပ်ပြီး ယှဉ်ပြိုင်လိုက်စမ်း။ မင်းကို သူ နောက်ထပ် အနိုင်ကျင့်ရဲဦးမလားဆိုတာ ငါကြည့်မယ်၊ ငါ့တပည့် အစွမ်းပြလိုက်ပါဦး"

အဘွားအိုက မြှောက်ပေးလိုက်သဖြင့် ကြူးယွင် သဘောကျသွားလေသည်။

သူမက ပြုံးရယ်ရင်း…

"ကောင်းပါပြီ၊ ကျွန်မ သူ့ကို လေးငါးချက်လောက် ရိုက်ပြီး ဆုံးမလိုက်ပါမယ်"

စကားဆုံးလျှင် သူမသည် နန်းဖိန်ရှေ့သို့ လွှားခနဲ ခုန်ဝင်လိုက်၏။

နန်းဖိန် မဲ့ပြုံးပြုံးလိုက်သည်။

သူက တောင်ဖြူလက်သီးသိုင်းကွက်ဖြင့် သူမအား ပြန်လည်တုံ့ပြန် တိုက်ခိုက်ရန် ပြင်ဆင်လိုက်လေသည်။

သို့သော်…

"ဟူး"



ဓလတစ်ချက်ဝှေ့ယမ်းလာကာ နန်းဖိန်၏ခန္ဓာကိုယ်အား ရိုက်ခတ်သွားသည်။

နန်းဖိန်၏ခန္ဓာကိုယ် တောင့်တင်းသွားကာ လှုပ်၍မရတော့ချေ။

အဘွားအို၏ အကြောပိတ်ပညာမှာ လွန်စွာ အဆင့်မြင့်လွန်းလှပေသည်။

နန်းဖိန်သည် အဘွားအိုကို လှမ်းကြည့်ရင်း လွန်စွာ ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

"ဖြန်း"

"ဖြန်း"

ကြူးယွင်၏ ရိုက်ချက်ကလည်း နန်းဖိန်၏ပါးပေါ်သို့ နှစ်ချက်ဆင့် ကျရောက်သွားပြန်သည်။

"ရှင်တို့က သိုင်းပညာတော်တယ်ဆိုပြီး ကိုယ့်ထက် နိမ့်ကျသူကို အထင်သေးတယ်၊ ညှင်းပမ်းချင်တယ်၊ ဒီအတွက် နောင်မလုပ်ရဲအောင် ကျွန်မက ဆုံးမပေးမယ်"

ကြူးယွင်က ယင်းသို့ပြောလိုက်ပြီး နန်းဖိန်ကို တတိယမြောက် ဖြန်းခနဲ ရိုက်လိုက်ပြန်သည်။

နောက်ဆုံး ရိုက်ချက်သည် အလွန်ပင် ပြင်းထန်လှသည်။

နန်းဖိန်၏ပါးပြင်မှာ ရဲခြည်းယောင်ကိုင်း၍ နီမြန်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဆားမှာ မခံချိမခံသာ ဖြစ်နေသည်။

သူသည် ကြူးယွင်အား မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကို အကြံထုတ်နေပေတော့သည်။

ကြူးယွင်သည် နန်းဖိနပ်အား ရိုက်နှက်အပြီး စိတ်ကျေနပ်ဟန်ဖြင့် နောက်ဆုတ်လိုက်သည်။

ရုတ်တရက်...

"ယား"

ပုဆားက ညာသံပေးကာ ကြူးယွင်ထံ လျှပ်တပြက် ခုန်ဝင်လာလေသည်။

ကြူးယွင် ရင်ထိတ်ကာ နောက်ဆုတ်လိုက်၏။

သို့သော်...

ပုဆား၏လျှင်မြန်သော လက်ချောင်းများက သူမ၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်မိလျှက်သား ဖြစ်သွားလေသည်။

"လွှတ်စမ်း"

ကြူးယွင်က အော်ဟစ်ကာ ရုန်းကန်လိုက်၏။

သို့သော်...

ဖမ်းချုပ်မှုမှ မလွတ်မြောက်ပါချေ။

ပုဆားက အားထည့်လိုက်လျှင် ကြူးယွင်မှာ လက်ကောက်ဝတ်တစ်ခုလုံး နာကျင်သွားကာ မျက်နှာရှုံ့မဲ့သွားရ၏။

သူမက ဆက်လက် ရုန်းကန်ခြင်း မပြုနိုင်တော့ချေ။



ပုဆားက အဘွားအိုအား အေးစက်သော လေသံဖြင့် လှမ်းပြောလိုက်သည်။

"ခင်ဗျား ကျုပ်ကို ထိရဲရင်ထိကြည့်စမ်း။ ကျုပ်အသားကို ထိတာနဲ့ ခင်ဗျားတပည့် သေပြီသာမှတ်ထား"

အဘွားအို မှုလိုက်၏။

ပုဆားအား စေ့စေ့ကြည့်ကာ...

"မင်းက ရိုင်းပျတဲ့အပြင် ကျုပ်ကိုတောင် ခြိမ်းခြောက်ရဲတယ်ပေါ့။ ကောင်းပြီ၊ မင်းရဲ့အစွမ်း ဘယ်လောက် ရှိသလဲဆိုတာ ကြည့်ရတာပေါ့"

ပြောပြောဆိုဆို သူမ၏လက်ထဲမှ တောင်ဝှေးကို ဒေါက်ခနဲ ကျယ်လောင်စွာ မြည်အောင် ဆောင့်ချလိုက်သည်။

"ကဲ...မင်း သူ့ကို လွှတ်လိုက်စမ်း"

အဘွားအိုနှင့် ပုဆားတို့ အကွာအဝေးမှာ ဆယ်ပေခန့် ကွာဝေးပေသည်။

အဘွားအိုက လက်ထဲမှ တောင်ဝှေးကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဝှီး"

ပြင်းထန်သော လေအရှိန်တစ်ခုသည် ပုဆားထံ တိုးဝင်လာသည်။

လေရှိန်အဟုန်ခံရသော သူ၏လက်မှာ ကျဉ်ခနဲ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ပုဆားသည် ကြူးယွင်အား ကပျာကယာ လွှတ်ပေးလိုက်ရသည်။

ကြူးယွင်သည် အနှောင်အဖွဲ့မှ လွတ်မြောက်သည်နှင့် ကိုယ်ကို တစ်ပတ်လှည့် ရုန်းထွက်ကာ ပုဆားအား ဘယ်ပြန်ညာပြန် ရိုက်ချလိုက်လေသည်။

သူမ၏လှုပ်မြန်သော လက်ဝါးသည် ပုဆား၏ပါးပြင်ပေါ် ရိုင်းခနဲ ကျရောက်သွား၏။

"ဖြန်း...ဖြန်း"

ဟူသော အသံနှစ်ချက် ပေါ်ထွက်လာပြီး ပုဆား၏မျက်နှာ နီမြန်းသွားသည်။

ပုဆားမှာ မျက်ရည်ပူများပင် ကျဆင်းလာအောင် နာကျင်သွားရလေသည်။

ကြူးယွင်က စိတ်မကျေနပ်သေးဘဲ ပုဆားအား ထပ်မံရိုက်ရန် လက်ကို ရွယ်လိုက်ပြန်သည်။

ဤတွင်...

အဘွားအိုက လက်ကာပြကာ...

"ကြူးယွင်၊ တော်လောက်ပြီ၊ တို့ ဒီက သွားကြရအောင်"

ဟု ပြောလိုက်သည်။

ကြူးယွင် လက်လျှော့လိုက်၏။



"ဟုတ်ကဲ့ ဆရာ"

သူမသည် အဘွားအိုထံ ပြန်လျှောက်ကာ အဘွားအို၏ လက်ကိုဆွဲလိုက်၏။

ထို့နောက်...

သူမတို့ နှစ်ယောက်သည် ရွှေကျားဂေဟာမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၇

## သက်ခြေအသွားအို

လုကျောက်ဝါသည် နေရာမှ မလှုပ်ရှားဝံ့ဘဲ ဤအတိုင်းပင် အသွားအိုကို ကြည့်နေပေသည်။

အသွားအိုကလည်း လုကျောက်ဝါး ယင်းသို့ သူ့အား ကြည့်လျက် တရိုတသေ ရပ်နေသည်ကို ဂရုပင်မစိုက်တော့ဘဲ ကြူးယွင်နှင့် အတူ ထွက်လာခဲ့သည်။

မြွေကျားဂေဟာအတွင်း မြစည်းရိုးအနီးသို့ ရောက်လျှင် ကြူးယွင်က သူမ၏မြင်းကို သတိရသွားသည်။

သူမ၏မြင်းကို သူတို့ ဘယ်ဆီခေါ်သွားမှန်းမသိ။

ကြူးယွင်က မုကျင်စင်း စီးသော မြင်းဖြူကြီးကို သဘောကျနေပြီ ဖြစ်၍ မြင်းဖြူကြီးကို တွေ့လို့တွေ့ငြား အိမ်ဂေဟာ၏တစ်ဖက်ထောင့်ရှိ မြင်းချည်တိုင်သို့ လှမ်းကြည့်မိသည်။



မြင်းဖြူကို မတွေ့ရ။

သို့သော်...

နန်းဖိနပ်စီးသော မြင်းကိုသာ တွေ့လိုက်ရပေသည်။

ကြူးယွင်သည် ဝါကျင့်ကျင့်အမွေးနှင့် တစ်မျိုးလှပနေ သော နန်းဖိနပ်၏မြင်းဖြူကြီးအား ပြေးဖြုတ်ကာ စီးလာသည်။

အသွားအို အနားသို့ ရောက်လျှင် အသွားအိုအား မြင်းပေါ်သို့ တက်စေသည်။

အသွားအိုသည် ကြူးယွင် ယူဆောင်ခဲ့သော မြင်းကို များစွာသဘောကျသွားလေသည်။

သူမသည် မြင်းပေါ်သို့ ပေါ့ပါးစွာဖြင့် ခုန်တက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုနှင့် ကြူးပယ်င်တို့ ထွက်သွားကြပြီ ဖြစ်၏။

"အင်း"

လုကျောက်ဝါး သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိသည်။

နန်းဖိန်နှင့် ပုဆားတို့မှာ ကိုယ့်ပါးကိုယ်ပွတ်သပ်နေမိကြသည်။

သူတို့သည် အလွန်တရာပင် မကျေမနပ် ဖြစ်နေကြလေသည်။

"ဟောက်"

နန်းဖိန် ဒေါသတကြီး တက်ခေါက်လိုက်သည်။

ထို့နောက်..

လုကျောက်ဝါးအား ကြည့်ကာ..

"ညီလေး။ ဒီအဘွားကြီးက ဘယ်သူလဲ၊ သူ့သိုင်းပညာက အတော်ကြောက်ဖို့ ကောင်းတယ်"

ပုဆားကလည်း...

"ဟုတ်တယ်၊ ဒီအဘွားကြီး သိုင်းပညာတော်လို့ သူ့တပည့်က စွာကျယ်ဖြစ်နေတာ"

လုကျောက်ဝါး မချိပြုံးပြုံးလိုက်သည်။

"ကျုပ်တို့က သူ့တပည့်ကိုမှ သွားဖမ်းမိတာ ကံဆိုးတာပဲ၊ ဒါပေမယ့် ပြဿနာက အခုလောက်နဲ့ပဲ ပြီးသွားလို့ တော်သေးတယ်"



ပုဆားက မကျေမနပ်ဖြင့်...

"ကျုပ်တို့ ဒီလောက် အရှက်ကွဲခဲ့တာတောင် မင်းက တော်သေးတယ်လို့ ပြောနေသေးတယ်"

နန်းဖိန်က ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ညီလေးလုရဲ့ဦးလေးဟာ သိုင်းလောကမှာ ထိတ်ထိတ်ကြဲပဲ မဟုတ်လား။ ဘာကြောင့် ခေါင်းငုံ့ခံနေရတာလဲ၊ တော်ရုံလူဟာ 'သွေးလက်ဝါး'ဆိုတဲ့ မင်းဦးလေး ဂုဏ်ရှိန်ကြောင့် မင်းကို ခုက္ခမပေးရဲကြဘူး မဟုတ်လား"

လုကျောက်ဝါး၏ဦးလေး ဖြစ်သူမှာ သွေးလက်ဝါးဟူသော အမည်ဖြင့် သိုင်းလောကထိပ်သီး စာရင်းဝင်သူတစ်ဦးပင် ဖြစ်သည် မဟုတ်ပါလား။

လုကျောက်ဝါး သက်ပြင်းချလိုက်သည်။

သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက် သွားလေသည်။

"ဒီအဘွားအို ဘယ်သူမှန်း မသိလို့ ခင်ဗျားတို့ ပြောဆိုရဲနေကြတာပါဗျာ"

နန်းဖိန် မျက်မှောင်ကုပ်ကာ...

"ဒီအဘွားကြီးက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

လုကျောက်ဝါးက...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်က သိုင်းလောကမှာ ကျော်ကြားပြီး သတင်းပျောက်ကွယ်သွားတဲ့ 'သက်ခြေမယ်'ပေါ့"

"ဟင်"

"ဟာ"

ထိုစကားကြားလျှင် နန်းဖိနန်နှင့် ပုဆားတို့ အံ့ဩထိတ်လန့်သွားကြလေသည်။

ပုဆားက မျက်လုံးပြူးကြီးဖြင့်...

"သူဟာ တကယ်ပဲ သက်ခြေမယ်လား"

လုကျောက်ဝါး အသာပြုံးကာ...

"သက်ခြေတောင်ဓားကိုင်ဆောင်သူဟာ သိုင်းလောကမှာ သူတစ်ယောက်ပဲ ရှိတယ်လေကွာ"

ပုဆား ပါးစပ်ပိတ်ထားလိုက်၏။

နန်းဖိနန်လည်း တိတ်ဆိတ်နေသည်။

သက်ခြေမယ်သည် သိုင်းပညာကြောက်မက်ဖွယ်ကောင်းသူတစ်ဦးပင်။

မိမိအား ထိပါးလျှင် အသက်ခြေရန် ဝန်လေးတတ်သူမဟုတ်ပါ။

မိမိတို့က သူမ၏တပည့်မအား ဖမ်းဆီးခဲ့ခြင်းသည် သူမအား ရန်စသကဲ့သို့ ဖြစ်နေပေသည်။

ပုဆား ခေလပူတစ်ချက် မှုတ်ထုတ်လိုက်သည်။



"တော်သေးတယ်၊ သူ ပြဿနာမရှာဘဲ ထွက်သွားလို့"

နန်းဖိနန် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ငါတို့ ကံကောင်းသွားတယ်လို့ ဆိုရမယ်"

သူတို့သည် လုကျောက်ဝါး အဘယ်ကြောင့် ယခုလို ညည်းတွားသည်ကို သဘောပေါက်လိုက်ကြပြီ ဖြစ်သည်။

ထိုစဉ်...

လုကျောက်ဝါးက...

"ခင်ဗျားတို့ မသိသေးတဲ့ အကြောင်းတစ်ခု ကျုပ်ပြောပြရဦးမယ်"

ဟု ပြောလာသည်။

ပုဆားက...

"ဘာများလဲ"

လုကျောက်ဝါးက တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်ရဲ့ဦးလေး သွေးလက်ဝါးဟာ သိုင်းလောကမှာ ကျင်လည်ရင်း၊ လူတစ်ယောက်နဲ့ အမှတ်မထင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ တယ်၊ အဲဒီ ယှဉ်ပြိုင်ပွဲမှာ ကျုပ်ဦးလေး အပြတ်အသတ် ရှုံးနိမ့်ခဲ့ တယ်"

ပုဆားနှင့် နန်းဖိနန်တို့ စိတ်ဝင်စားသွားကြ၏။

နန်းဖိနန်က မအောင့်အည်းနိုင်ဘဲ...

"သွေးလက်ဝါးကို အပြတ်အသတ်နိုင်အောင် ဖိုက်နိုင်တဲ့ လူ မရှိသလောက် ရှားတယ်၊ အဲဒီလူက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား မေးလိုက်သည်။

လုကျော့က်ဝါး မချိပြုံးပြုံးလိုက်သည်။

"ဘယ်သူ့ရှိရမှာလဲ 'သက်ခြေမယ်'ပဲပေါ့"

ပုဆားနှင့် နန်းဖိနိတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်သည်။

အတန်ကြာမှ ပုဆားက...

"သက်ခြေမယ် ဒီလောက် ကြောက်စရာကောင်းမှန်း အခုမှပဲ သိရတော့တယ်"

ဟု ညည်းတွားလိုက်သည်။

လုကျော့က်ဝါးက...

"ဒီအကြောင်းကို ဘယ်သူမှ မသိကြပါဘူး။ အဲဒီ နောက်ပိုင်း ကျူပ်သိုင်းလောကမှာ စတင်ကျင်လည်တော့ 'သက်ခြေမယ်'နဲ့ ထိပ်တိုက်မတိုးဖို့ ရှောင်ရှားဖို့ ဦးလေးက အထပ်ထပ် မှာကြားခဲ့တာပဲ၊ အခု မထင်မှတ်ဘဲ တွေ့ဆုံမိတယ်၊ ကံကောင်းလို့ပေါ့"

သူတို့အားလုံး နှုတ်ဆိတ်ကာ ငြိမ်သက်သွားကြလေတော့သည်။

* * *



## ပညတ်ချက်

ကြူးယွင်တို့သည် နန်းဖိနိ၏မြင်းကို ယူဆောင်ကာ ထွက်ခွာလာခဲ့သည်။

ကြူးယွင်က ထွက်မသွားမီ လုရှောင်ယုံတို့ သတိရလာမိသည်။

ထို့ကြောင့်....

သူမသည် ဘေးပတ်ဝန်းကျင်ကို မျက်လုံးကစား၍ လှည့်ပတ်ရှာဖွေကြည့်မိသည်။

မြို့စည်းရိုးအတွင်း မည်သူတစ်ဦး တစ်ယောက်မျှ မတွေ့ရချေ။

နှစ်ဦးသား မြင်းကိုနှင်၍ မြို့ပြင်သို့ ထွက်လာခဲ့ကြသည်။

မြို့ပြင်သို့ ရောက်လျှင် သူတို့ ရှေ့ခဝ်လမ်းလှမ်းမှ လူရွယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မြင်းတစ်ကောင်ကို ဆွဲ၍ လာနေသည်ကို တွေ့ရသည်။

လူရွယ် သွားပုံလာပုံ ရှိ၏။

သူ့အသွင်အပြင်နှင့် ဟန်အမူအရာမှာလည်း နုံတုံတုံ အ-တတ ရှိပုံရ၏။

သူ၏ညာဘက် မျက်လုံးအိမ်အောက်တွင် ကြီးမားသော မှဲ့ကြီးတစ်လုံး ရှိသည်ကို တွေ့ရသည်။

ထိုမှဲ့ကြီးက သူ့ရုပ်သွင်ကို ဖျက်ဆီးထားသကဲ့သို့ ရှိလေသည်။

ရုပ်ကိုလည်း အကျည်းတန်စေသည်။

ထိုလူရွယ်သည် မြင်းကို ဆွဲကာ တစ်လှမ်းချင်းလာနေ၏။

သူသည် ကြူးယွင်တို့ နှစ်ဦးအား တွေ့မြင်နေဟန် မတူပါချေ။

ကြူးယွင်၏စိတ်ထဲတွင်...

"ဒီလူဟာ ငါတွေ့ချင်နေတဲ့ ငှါကျော့ရှင် လုရှောင်ယုံတော့ ဟုတ်ပုံမပေါ်ဘူး"

ဟု တွေးလိုက်မိသည်။

လုရှောင်ယုံသည် ယခု မြင်တွေ့ရသော လူရွယ်လို နုံတိနုံချာပုံမျိုးတော့ ဟုတ်ဟန်မတူဟု သူမဆက်တွေးမိ၏။

ကြူးယွင် အာရုံကို အဘွားအို(ဝါ)သက်ခြေမယ် ရိပ်စားမိသွားလေသည်။



ထို့ကြောင့် သက်ခြေမယ်က...

"ကြူးယွင် ဘာတွေ ငေးနေတာလဲ၊ မြင်းကို အမြန်နှင်လေ"

ဟု သတိပေးလိုက်သည်။

ထိုအခါမှ ကြူးယွင် သတိပြန်ဝင်လာသည်။

မြင်းကို အသော့နှင်ပစ်လိုက်သည်။

မြင်းသည် နတ်မြင်းပျံကဲ့သို့ တစ်ရှိန်ထိုးပြေးနှင်နေတော့သည်။

ရွှေကျားဂေဟာသည် အနောက်ဘက်၌ ဝေးလံစွာ ကျန်ရစ်ခဲ့သည်။

သူမသည် ခရီးဆက်နေရင်းမှ သိလိုသော အချက်ကို မေးလိုက်သည်။

"ဆရာ..လုကျော့ဝါးဆိုတဲ့လူဟာ ဘယ်သူလဲ၊ သူ့ရဲ့ ကိုယ်ဖော့ပညာဟာ အုံသြစရာကောင်းလောက်အောင် ထူးချွန်တယ်၊ သူဟာ ဘယ်သူ့တပည့်လဲ"

သက်ခြေမယ် ပြန်လည်ဖြေကြားသည်။

သို့သော်...

ကြူးယွင် မေးသော မေးခွန်းကို ပြန်လည်ဖြေကြားခြင်းကား မဟုတ်ပေ။

"ကြူးယွင်၊ စောစောက မြင်းကို ဆွဲပြီး ပြန်လာတဲ့ လူရွယ် တစ်ယောက်ကို တွေ့လိုက်တယ် မဟုတ်လား၊ အဲဒီလူကို မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



လား"

ကြူးယွင်မှာ မိမိသိလိုသော မေးခွန်းအား မဖြေဘဲ မီရွာ ဆွာဧကဟာရေ့တွင် တွေ့ခဲ့သော လူရွယ်၏အကြောင်းကို ပြောနေသောကြောင့် စိတ်ဝင်စားလာလေသည်။

ထို့ကြောင့် သူမက…

"အဲဒီလူလား၊ ကျွန်မမှတ်မိပါတယ် ဆရာ၊ သူ့ကို ကြည့်ရတာ နံ့နံ့အအနဲ့ မျက်စိအောက်မှာလဲ မှဲ့နက်ကြီးတစ်လုံးနဲ့ အတော်ကြည့်ရဆိုးပါတယ်"

သက်ခြေမယ် ရယ်မောလိုက်၏။

"ကြူးယွင်၊ မင်း ဒီကောင်လေးနဲ့ ဘယ်တော့မှ မပတ်သက်မဆက်ဆံနဲ့ တွေ့ဆုံခဲ့ရင်လဲ သူစိမ်းလိုပဲ သဘောထား"

ကြူးယွင် မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲဆရာ"

သက်ခြေမယ်က အတန်ငယ်တင်းမာသော လေသံဖြင့် ပြောလာသည်။

"သူ့ကို အထင်မသေးနဲ့၊ သူဟာ အဆိပ်ရှိတဲ့ မြွေလိုပဲ၊ သူဟာ ဘယ်သူ့ကိုမဆို ဒုက္ခပေးနိုင်စွမ်းရှိတယ်၊ မင်းသာ သူနဲ့ပတ်သက်မိရင် ဒုက္ခရောက်မှာ ကျိန်းသေးတယ်၊ ငါပြောတဲ့ စကားတွေ သေသေချာချာ မှတ်ထားပါ၊ တကယ်လို့ ငါ့စကား နားမထောင်ဘဲ သူနဲ့ပတ်သက် ဆက်ဆံမိခဲ့ရင် မင်းကို ကြီးလေးတဲ့ အပြစ်ပေးမယ်၊



အတတ်နိုင်ဆုံး အဲဒီသူငယ်နဲ့ ဝေးဝေးရှောင်"

ပြတ်သားသော လေသံဖြင့် သတိပေးစကားဆိုလာလေသည်။

"ဟုတ်ကဲ့ပါ ဆရာ"

ကြူးယွင်မှာ ခေါင်းသာ ညိတ်လိုက်ရသည်။

ဆရာဖြစ်သူသည် အဘယ်ကြောင့် ယခုလို သတိပေးနေရသည်ကို နားမလည်နိုင်ဘဲ ဖြစ်နေမိလေသည်။

မည်သို့ဆိုစေ…

ဆရာဖြစ်သူကမူ ထိုလူရွယ်ကို သိရှိထားပုံရ၏။

ထို့ကြောင့်…

ကြူးယွင် ပို၍ စိတ်ဝင်စားနေမိတော့သည်။

လူတို့၏စိတ်သည် အလွန်ဆန်းကြယ်ပေသည်။

တစ်စုံတစ်ယောက်က မသိစေလို၍ ထိမ်ဝှက်ထားသည်ကို ပို၍ သိလိုချင်ကြသည်။

သူမလည်း ထိုအတိုင်းပင်။

အဘယ်ကြောင့်ဆိုသော်…

သူမလည်း လူသားတစ်ယောက်ပင် ဖြစ်နေသောကြောင့်တည်း။

မနေ့ညက သူမ၏ဆရာမကြီးအား အကြောင်းကြားခေါ်ခဲ့ သူမှာ ထိုလူရွယ်ပင် ဖြစ်နေမည်လော။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်သည် လုရှောင်ယံ့ပင်လော။

ကြူးယွင် ဝေခွဲ၍မရဘဲ တွေးတောနေမိသည်။ 7

အကယ်၍ ထိုလူရွယ်သည် လုရှောင်ယံ့ ဖြစ်နေခဲ့လျှင် သူသည် သူမ၏ကျေးဇူးရှင်ပင် ဖြစ်နေရေမည်။

လုရှောင်ယံ့သည် သူမအား အစာပေးခဲ့သူ ဖြစ်သည်။

သူမအား အချုပ်အနှောင်မှ ကင်းလွတ်အောင် သူမ၏ ဆရာမကြီးအား အကြောင်းကြား ပေါ်ခဲ့သူပင် ဖြစ်မည်။

ထိုသို့ စေတနာကောင်းလှသော လူရွယ်အား သူမ၏ ဆရာမကြီးက အဘယ်အကြောင်းကြောင့် သူမနှင့် မဆက်ဆံစေလိုပါသနည်း။

ကြူးယွင်သည် ဆရာဖြစ်သူအား မည်သို့မျှ ပြန်လည်မမေးမြန်းခဲ့ပါ။

စောဒကလည်း မတက်တော့ပါ။

သက်ခြေမယ်က ကျေနပ်စွာဖြင့်...

"အင်း... မင်းလိမ္မာတယ်၊ ငါ့စကားကို မြဲမြဲနားထောင်၊ ဘာဖြစ်လို့ ဒီလို သတိပေးရသလဲဆိုတာ တစ်နေ့ကျရင် မင်းသဘောပေါက်လာလိမ့်မယ်"

ဟု ပြောလာသည်။

ကြူးယွင်က လုကျောက်ဝါး အကြောင်းအား ထပ်မံမေးမြန်းလိုက်ပြန်သည်။



ထိုအခါ သက်ခြေမယ်က...

"သိုင်းလောကမှာ ကျော်ကြားနေတဲ့ သွေးလက်ဝါးကို မင်းသိတယ် မဟုတ်လား"

ကြူးယွင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ မကြာသေးခင်ကမှ သိုင်းလောကထဲက အနားယူသွားတဲ့ သွေးလက်ဝါးဆိုတဲ့ သိုင်းသမားကြီး မဟုတ်လား"

သက်ခြေမယ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အဲဒီ သွေးလက်ဝါးဟာ လုကျောက်ဝါးရဲ့ ဦးလေးပဲ၊ လုကျောက်ဝါးက သူ့ဦးလေးဆီက ပညာကုန်ရထားတယ်၊ ဒါကြောင့် အရမ်းထူးချွန်နေတာ"

ကြူးယွင် သက်ပြင်းချလိုက်သည်။

သွေးလက်ဝါးသည် ထိပ်သီးသိုင်းသမားကြီးတစ်ဦး ဖြစ်ကြောင်း သူမနားလည်သိရှိထားပေသည်။

သူမက ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"လက်စသတ်တော့ သွေးလက်ဝါးဟာ လုကျောက်ဝါးရဲ့ ဦးလေး ဖြစ်နေတာကိုး"

သက်ခြေမယ် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ငါလဲ အခုနောက်ပိုင်း သူနဲ့ မတွေ့တာကြာပြီ၊ သူ့တူ လုကျောက်ဝါးတောင် ပညာ တော်တော်ကောင်းနေပြီဆိုတော့ သူဆိုရင် အတော်တိုးတက် ကောင်းမွန်နေမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သွေးလက်ဝါးက သိုင်းလောကကို စွန့်ခွာလိုက်ပြီ မဟုတ်လား"

"ဟုတ်တယ်လေ၊ သိုင်းလောကထဲသာ မကျင်လည်တော့တာပါ၊ ဝါသနာအရ သိုင်းကွက်အသစ်အဆန်းတွေတော့ တီထွင်ဦးမှာ သေချာတယ်"

ကြူးယွင် ပခုံးတွန့်လိုက်၏။

"သူ့ရဲ့ပညာ ဘယ်လောက်တော်တော် ဆရာ့ရဲ့သိုင်းပညာကိုတော့ မီမယ်မထင်ပါဘူး။ ဆရာ့ရဲ့ပညာတွေဟာ အဆုံးအစမရှိ ကျယ်ပြန့်လှပါပေတယ်"

သက်ခြွေမယ် ပြုံးလိုက်သည်။

"မင်းက ဆရာကိုတောင် မြှောက်ပင့်နေတာပဲ၊ ကဲ.. မင်းကိုလဲ အဆင့်မြင့်တဲ့ ပညာရပ်တွေ ထပ်သင်ကြားပေးရဦးမယ်၊ ဒါမှ ငါ့စိတ်ချနိုင်မှာ၊ ကဲ.. ခရီးဆက်ကြရအောင်"

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ထို့နောက်...

"ဟေး"

မြင်းကို အော်ငေါက်ကာ ဒုန်းစိုင်းနှင်လိုက်လေတော့သည်။

* * *



## တွံ့ပြန်မှု

တစ်နှစ်...။

တစ်နှစ်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

တစ်နှစ်အတွင်း ကြူးယွင်သည် မည်သည့်နေရာကိုမျှ မသွားခဲ့ပါ။

ဆရာဖြစ်သူ အပါးတွင်သာ နေခဲ့လေသည်။

နေ့တာရှုဝဆိုသလို သိုင်းပညာရပ်များကို လေ့ကျင့်သင်ကြားရင်း အချိန်များ ကုန်ဆုံးခဲ့သည်။

သက်ခြွေမယ်သည် အဆင့်မြင့်သော သိုင်းကွက်များအား ထိရောက်စွာ သင်ကြားပေးခဲ့သည်။

ကြူးယွင်၏သိုင်းပညာအဆင့်မှာ တစ်နေ့တစ်ခြား ဒီးရှိ အလား တရိပ်ရိပ် တိုးတက်လာခဲ့ပေတော့သည်။

တစ်နှစ်ဟူသော အချိန်အတွင်း ကြူးယွင်သည် ထိပ်တန်း

www.burmeseclassic.com

www.burmeseclassic.com



အဆင့်သို့ ရောက်မှန်းမသိ ရောက်ရှိလာခဲ့တော့သည်။

တစ်နှစ်တာ လွန်မြောက်ခဲ့ပြီးသော နေ့တစ်နေ့တွင် ကြူးယွင်က အိမ်ပြန်ရန် ခွင့်ပန်ခဲ့သည်။

"ဆရာ၊ ကျွန်မဖခင်ရဲ့ မွေးနေ့ပွဲ မကြာခင် ရောက်တော့မယ်၊ အဲဒါကြောင့် အိမ်ကို ပြန်ချင်ပါတယ်"

သက်ခြေမယ်က လျှောလျှောရှုရှုပင် ခွင့်ပြုခဲ့၏။

"အေး..အခုဆိုရင် မင်းရဲ့သိုင်းပညာအဆင့်က မသေးတော့ဘူး။ စိတ်ချရသလောက် ရှိနေပြီ၊ အိမ်ပြန်ပြီး သိုင်းလောကမှာ အတွေ့အကြုံ ရှာဦးပေါ့၊ ခွင့်ပြုပါတယ်"

နောက်တစ်နေ့ ကြူးယွင်သည် ဆရာဖြစ်သူအား နှုတ်ဆက်ကာ ခရီးထွက်လာခဲ့လေတော့သည်။

* * *



တစ်ရက်...။

နှစ်ရက်...။

ကြူးယွင်သည် နှစ်ရက်လုံးလုံး ခရီးနှင်ခဲ့သည်။

သုံးရက်မြောက်နေ့တွင် ရွှေကျားဂေဟာအနီးသို့ ရောက်ရှိခဲ့ပြန်သည်။

သူမသည် လွန်ခဲ့သော တစ်နှစ်ခန့်က ရွှေကျားဂေဟာတွင် ဖြစ်ပျက်ခဲ့သောကိစ္စကို သတိရမိသည်။

ထိုစဉ်က သူမအား သိုင်းပညာအားကိုးဖြင့် အနိုင်ကျင့်ခဲ့သော နန်းဖိန်တို့လူစုအား မကျေနပ်နိုင်သေးဘဲ ဖြစ်နေလေတော့သည်။

သူမသည် သိုင်းပညာ ယှဉ်ပြိုင်လိုသောစိတ်များ ပေါ်ပေါက်လာသည်။

တစ်ဆက်တည်းပင် စေတနာရှင် လုရှောင်ယုံကိုလည်း သတိတရ ဖြစ်နေမိလေသည်။

သူမ၏ဆရာ မှာကြားသတိပေးထားသော လူငယ်မှာ လုရှောင်ယုံပင် ဖြစ်လိမ့်မည်ဟု သူမက တွေးထင်ထားလေသည်။

ကြူးယွင်သည် ထိုသို့ စဉ်းစားရင်း ရွှေကျားဂေဟာသို့ တစ်ခေါက်ဝင်ကြည့်လိုစိတ်များ တားမရ ဆီးမရ ပေါ်ပေါက်လာသဖြင့် မြင်းကိုနှင်ကာ ဂေဟာအနီးသို့ ချဉ်းကပ်လာခဲ့လေသည်။

သူမသည် ရွှေကျားဂေဟာ အနီးရှိ တောအုပ်ကလေးတွင်

www.burmeseclassic.com

www.burmeseclassic.com



ပုန်းလျှိုးနေခဲ့ပြီး ညဘက်သို့ ရောက်သောအခါကျမှ အိမ်ဂေဟာအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ခဲ့လေတော့သည်။

* * *

ည...

တိတ်ဆိတ်ငြိမ်သက်နေ၏။

ကြူးယွင်သည် မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထား၏။

သူမသည် အမှောင်ရိပ်ကို အကာအကွယ်ယူကာ ချွေကျူးဂေဟာအတွင်း ဝင်ရောက်လာခဲ့သည်။

အစောင့်များသည် လက်နက်ကိုယ်စီဖြင့် စောင့်ကြပ်နေကြလေသည်။

သိုင်းသမားနှစ်ယောက်မှာလည်း မီးပုံးများကိုင်ဆောင်ကာ ခြံဝင်းအား လှည့်ပတ်စစ်ဆေးနေ၏။

အစောင့်များ၏ပုံဟန်မှာ လျော့တိလျော့ရဲရှိနိုင်သည်ဟု တွေးကာ ကြူးယွင် အံ့သြသွားသည်။

ချွေကျူးဂေဟာတွင် ထူးခြားမှု ရှိနေပြီဟု ကြူးယွင် ဆင်ခြင်လိုက်မိသည်။

သူမက စနည်းနာကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သူမသည် အိမ်ဂေဟာထောင့်မှာ တစ်ရွေ့ရွေ့ တိုးကပ်လာ



ခဲ့လေသည်။

အစောင့်နှစ်ဦးသည် အိမ်ဂေဟာ၏ဘေးတံခါး အနီးတွင် စောင့်ကြပ်မှုတာဝန်ကို ထမ်းဆောင်ရင်း အချင်းချင်း စကားလက်ဆုံကျနေလေသည်။

ထို့ကြောင့်...

ကြူးယွင်က အသာနားစွင့်နေလိုက်သည်။

အစောင့်နှစ်ယောက်အနက် တစ်ယောက်မှာ လှံရှည်ကိုင်ဆောင်ထားသည်။

ကျန်တစ်ယောက်မှာ ဓားရှည်တစ်လက် ကိုင်ဆောင်ထားသည်။

လှံရှည်ကိုင်ထားသူက...

"ဂေဟာရှင်နဲ့ သိုင်းဆရာနန်းဖိန်တို့လူစု ခရီးထွက်သွားတာ ထူးခြားသလိုပဲ"

ဟု စတင်ပြောလာသည်။

ဓားကိုင်ထားသူက...

"ကိစ္စတစ်ခုခု အရေးကြီးလို့ နေမှာပေါ့"

လှံရှည်ကိုင်ထားသူ သက်ပြင်းချလိုက်၏။

"သူတို့ ထွက်သွားတာ အကြောင်းမဟုတ်ဘူး။ အခုအချိန် ရန်သူ ရောက်လာရင် ဒုက္ခပဲ၊ ဂေဟာမှာ ထိပ်တန်းသိုင်းသမား မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုင်ထားသူ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား။ မင်းကလည်း စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပါပြီ။ တော်ရုံလူ ဘယ်သူကလာပြီး ခုက္ခပေးရဲမှာလဲ၊ ဂေဟာရှင်တို့ မရှိတာ တို့ဂေဟာက လူတွေလွှဲရင် အခြားအပြင်လူမှ မသိကြတာ"

လှံရှည်ကိုင်ထားသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ တော်ရုံလူ မသိပါဘူး။ ငါ့ကိုက စိုးရိမ်မိတာပါ"

နားထောင်နေသော ကြူးယွင် အံ့သြသွားသည်။

"ဂေဟာရှင်တို့လူစု ခရီးထွက်သွားတယ်ဆိုပါလား။ ဘယ်ကိုသွားကြတာလဲ၊ အိုး ငါနဲ့ မဆိုင်ပါဘူး"

သူက သက်ပြင်းတစ်ချက်ချကာ ဆက်လက်တွေးတောလိုက်သည်။

"နန်းဆိန်တို့လူစု မရှိဘူးဆိုတော့ ငါလာတာ အလကား ဖြစ်သွားပြီပေါ့။ တောက်...ပညာပြခါနီးမှ နာလိုက်တာ"

သူမ ကြိတ်မနိုင်ခဲမရ ဖြစ်သွားမိသည်။

ထို့နောက်...

ပြန်လည်ထွက်ခွာရန် ဟန်ပြင်လိုက်၏။

သို့သော်...

အစောင့်များ၏ စကားသံကြောင့် သူမ၏ခြေလှမ်းများ



တုန့်ခနဲ ရပ်တန့်သွားလေသည်။

အစောင့်များ ပြောသည့် စကားထဲ၌ လုရှောင်ယုံ၏အမည် ပါလာသည် မဟုတ်ပါလား။

ကြူးယွင် ထွက်မသွားတော့ဘဲ အသာနားစွင့်နေလိုက်မိလေသည်။

လှံရှည်ကိုင်ထားသူက ချောင်းတစ်ချက်ဟန့်ကာ...

"ဘာပဲပြောပြော လုရှောင်ယုံ ထွက်သွားတာတော့ စိတ်မကောင်း ဖြစ်မိတယ်၊ သူက နန့်အအဆိုပေမယ့် ဂေဟာက လူတွေ နိုင်းတာ အကုန်မညည်းမညူ လုပ်ပေးတာယ်ကွ"

ဟု ပြောလာသည်။

ဓားကိုင်ထားသူက...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူက သခင်ကြီး အမြတ်တနိုး တန်ဖိုးထားတဲ့ ရှေးဟောင်းပန်းအိုးကို ခွဲမိသွားတာကို။ သခင်ကြီးစိတ်ဆိုးတာပေါ့"

လှံရှည်ကိုင်ထားသူက...

"ဘယ်လိုပဲဖြစ်ဖြစ် လုရှောင်ယုံက စိတ်သဘောထား ကောင်းပါတယ်၊ အခုကိစ္စလဲ မတော်တဆ ဖြစ်တာ တမင်လုပ်တာမှ မဟုတ်ဘဲ၊ ဒါကို ရေးကြီးခွင်ကျယ်လုပ်ပြီး ဂေဟာက နှင်ထုတ်လိုက်တာတော့ ဆိုးတယ်"

ဓားကိုင်ထားသူ ကပျာကယာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ယောကောင် တိုးတိုးပြော သူများတွေ ပြန်တိုင်ရင် ငါတို့ ခုက္ခရောက်ဦးမယ်၊ သခင်ကြီးက သူ့ကို ဝေဖန်တာ နည်းနည်းလေးမှ ကြိုက်တာ မဟုတ်ဘူးကွ"

ထို့ကြောင့်...

လှိုရှည်ကိုင်ထားသူ စကားမရှည်ရဲတော့ဘဲ ပါးစပ်ပိတ် ထားလိုက်တော့သည်။

ကြူးယွင် မဲ့ပြုံးပြုံးလိုက်သည်။

သူမအပေါ် ကူညီခဲ့သော လုရှောင်ယိုအား နှင်ထုတ်လိုက် သော ဂေဟာရှင် မုကျူးနန်အပေါ် စိတ်ဆိုးမိသည်ကတစ်ကြောင်း၊ နန်းဖိန်တို့နှင့် ရင်မဆိုင်ရ၍ စိတ်ခုမိသည်ကတစ်ကြောင်းတို့ကြောင့် ရွှေကျားဂေဟာအား ပညာပေးရန် ဆုံးဖြတ်လိုက်၏။

သူမသည် အမှောင်ရိပ်ကို အကာအကွယ်ယူကာ အနောက် ဖက်အဆောင်သို့ လျင်မြန်စွာ ပြေးလွှားသွားခဲ့သည်။

မကြာမီ...

ကိုယ်ဖျောက်ပညာ အသုံးပြု၍ ပြန်လည်ထွက်ခွာလာလေ သည်။

ထို့နောက်...

အမှောင်ရိပ်အား အကာအကွယ်ယူကာ ရွှေကျားဂေဟာ ခြံဝင်းအတွင်းမှ ထွက်ခွာသွားတော့သည်။

သူမ ထွက်သွားပြီး မရှေးမနှောင်းမှာပင် အနောက်ဘက်



အဆောင်ဆီမှ မီးတောက်မီးလျှံများ ထွက်ပေါ်လာခဲ့လေတော့ သည်။

"မီးဗျို့...မီး"

ဆူညံသော အော်ဟစ်သံများနှင့်အတူ ရွှေကျားဂေဟာတစ် ခုလုံး ပွက်လောရိုက်သွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## လက်ဆောင်

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကြူးယွင်သည် မြင်းအား ခုန်းစိုင်းနှင်လာခဲ့၏။

သူမသည် ရွှေကျားဂေဟာအား လက်တုန့်ပြန်ခဲ့ရ၍ ကျေနပ်နေမိသည်။

သူမသည် အနောက်ဖက် အဆောင်အား မီးရှို့ပစ်ခဲ့သည် မဟုတ်ပါလား။

မကြာမီ...

ကြူးယွင်သည် ဟိုပိုက်မြို့လေးသို့ ရောက်ရှိလာ၏။



သူမသည် ထိုမြို့လေးတွင်ပင် တစ်ညတာ အိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်သည်။

တည်းခိုခန်းတစ်ခုတွင် အခန်းတစ်ခု ငှားရမ်းကာ အနားယူလိုက်လေသည်။

နောက်တစ်နေ့...

သူမသည် မြင်ဆင်စရာ ရှိသည်များ မြင်ဆင်ကာ မနက်စာ စားသောက်ရန် ဆင်းလာခဲ့၏။

စားသောက်ခန်းမတွင် လူတစ်ယောက်အား တွေ့လိုက်ရသောအခါ လွန်စွာ အံ့ဩသွားလေသည်။

"ဆရာ"

နှုတ်မှလည်း လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

မှန်ပေသည်။

သက်ခြေမယ်ပင် ဖြစ်သည်။

သူမသည် ဆရာဖြစ်သူရှေ့တွင် ဝင်ထိုင်လိုက်၏။

စိတ်ထဲတွင်တော့ စိုးရိမ်နေမိသည်။

သူမ ရွှေကျားဂေဟာသို့ ဝင်ခဲ့သည်ကို ဆရာဖြစ်သူ သိရှိသွားသလော။

လုရှောင်ယုံဆိုသူအား တိတ်တဆိတ် ရှာဖွေခဲ့သည်ကို သိရှိသွားသလော စသည်ဖြင့် သူမမှာ စိုးရိမ်နေရလေသည်။

သက်ခြေမယ်သည် ဤမှုဝေးလ်သောခရီးကို ချွတ်ချွင်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာနိုင်ခဲ့သည်မှာ အလွန်အံ့ဩဖွယ်ရာပင် ဖြစ်လေသည်။

မြင်းဖြင့် လာသလော။

ခြေလျင်ဆိုဖြင့် လာသလော။

ကြူးယွင် မစဉ်းစားတတ်ပါချေ။

သို့သော်...

မြင်းကိုမူ ဆိုင်ပြင်၌ မတွေ့ရသဖြင့် မြင်းစီးလာခဲ့တာတော့ မဖြစ်နိုင်ဟု သူမထင်သည်။

သက်ခြေမယ်သည် မျက်နှာချင်းဆိုင်ထိုင်နေသော ကြူးယွင်အား စိုက်ကြည့်နေ၏။

သူမ၏စူးရဲသော အကြည့်ဒဏ်ကို ကြူးယွင် မခံနိုင်ဘဲရှိနေ၏။

သက်ခြေမယ် နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်မိသည်။

ထို့နောက်...

အေးတိအေးစက် လေသံဖြင့်...

"ရွှေကျားဂေဟာကို မင်း ဘာကြောင့် မီးရှို့ခဲ့တာလဲ"

ဟု မေးလာသည်။

သူမ၏အမေးစကားကြောင့် ကြူးယွင်၏မျက်နှာ ကွက်ခနဲ ပျက်သွားရသည်။

သူမသည် ဆရာဖြစ်သူအား လိမ်၍မရမှန်း သဘောပေါက်ထားသည်။



ထို့ကြောင့်...

အမှန်အတိုင်း ဝန်ခံလိုက်သည်။

"နန်းဖိန်တို့နဲ့ ယှဉ်ပြိုင်ဖို့ပါ၊ သူတို့ မရှိလို့ ပညာပေးခဲ့တာပါ"

သက်ခြေမယ် ပင့်သက်ရှိုက်လိုက်၏။

"ခက်တယ်၊ မင်းက အသက်ငယ်သေးတော့ တစွတ်ထိုးနိုင်တယ်၊ ဒါနဲ့ မင်း ဟိုသူငယ်နဲ့ မတွေ့ခဲ့ဘူး မဟုတ်လား"

ကြူးယွင် ကပျာကယာဖြင့်...

"ကျွန်မ သူ့ကိုသွားရှာတာ မဟုတ်ပါဘူး၊ နန်းဖိန်တို့နဲ့ စာရင်းရှင်းချင်လို့ပါ"

ဟု ဖြေကြားလိုက်သည်။

သက်ခြေမယ်၏မျက်နှာ တည်ကြည်လေးနက်သွား၏။

အတန်ကြာမှ သူမက သက်ပြင်းတစ်ချက်ချကာ...

"အင်း..မင်းသတိထား၊ အရာရာကို စိတ်လိုက်မာန်ပါ မလုပ်နဲ့၊ တစ်နေ့ မင်းဒေါသတွေ့လိမ့်မယ်"

ထိုသို့ပြောပြီး သက်ခြေမယ်က အင်္ကျီရင်ဘတ်ကြားမှ ဆံထိုးလေးတစ်ချောင်း ထုတ်ယူကာ လှမ်းပေးလိုက်လေသည်။

"ရော့.. ဒါကို သိမ်းထား၊ ဒီပစ္စည်းဟာ ငါ့ရဲ့အမှတ်အသားပစ္စည်းပဲ၊ ဒီပစ္စည်းကို တွေ့တဲ့သိုင်းသမားတွေဟာ ငါ ဘယ်သူဘယ်ဝါဆိုတာ သိကြလိမ့်မယ်၊ မတော်လို့များ မင်းကို သိုင်းလောကပညာရှင်တွေက ရန်ပြုပြီး အနှောင့်အယှက်ပေးခဲ့ရင် ဒီပစ္စည်းကို ထုတ်ပြ

www.burmeseclassic.com



လိုက်၊ ငါ့တပည့် ဖြစ်တဲ့အကြောင်းကိုလဲ ပြောပြလိုက်၊ ငါ့အရှိမ်း အမှတ်တရနည်းနဲ့ ငါ့မှာမည်ကို သိသွားရင် မင်းကို သူတို့က ရန်မမူတဲ့ အပြင် လိုအပ်တဲ့ အကူအညီကိုတောင် ပေးကြလိမ့်မယ်၊ ကဲ.. ငါသွား မယ်၊ မင်းသာ အိမ်အပြန်ခရီးမှာ သတိဝီရိယရှိရှိနဲ့ သွားပြီးတော့ ငါပြောတဲ့ သူငယ်ကိုလည်း မပတ်သက်မိအောင်ရှောင် ကြားလား"

"ဟုတ်ကဲ့ ဆရာ"

သက်ခြွေမယ်သည် ထိုင်ရာမှထကာ ဆိုင်အပြင်သို့ ထွက်ခွာသွားလေတော့သည်။

* * *



ကြူးယွင်တစ်ယောက် အတွေးများနှင့် ကျန်ရစ်ခဲ့သည်။

လုရှောင်ယှံဟု ထင်ရသော လူရွယ်နှင့် မဆက်ဆံရန် အတန်တန် မှာကြားနေသော ဆရာဖြစ်သူ၏စကားများကို ပြန်လည်ကြားယောင်ရင်းမှ နားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။

ထိုလူရွယ်အား ဆရာဖြစ်သူက အဘယ်ကြောင့် ဤမျှ မုန်းတီးနေရပါသနည်း။

ထိုလူရွယ်သည် သူမအား အကူအညီပေးခဲ့သော လုရှောင်ယှံပင် ဖြစ်လေမည်ဟု သူမထင်မှတ်မိသည်။

ထိုလူရွယ်နှင့် မိမိ၏ဆရာတို့ မည်သို့သော ပတ်သက်မှုများ ရှိနေပါသနည်း။

အအကြောင်းတစ်စုံတစ်ရာတော့ ရှိပေလိမ့်မည်။

ထို့ကြောင့်...

ကြူးယွင်မှာ လုရှောင်ယှံဟု ထင်ရသော ထိုလူရွယ်ကို စိတ်ထဲက သိချင်နေမိတော့သည်။

အမှန်ကို ဆိုရလျှင် သူမသည် လုရှောင်ယှံနှင့် တွေ့ဆုံချင်နေမိသည်။

အကယ်၍ တွေ့ခဲ့လျှင် သူမသိလိုသော ကိစ္စများကို သိစေမည် မဟုတ်ပါလား။

ဆရာဖြစ်သူ၏ပဟေဠိဆန်သော လျှို့ဝှက်အကြောင်းအရာတို့၏ အဖြေကိုလည်း သူမသိရှိလာနိုင်ပေလိမ့်မည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com



လောကြီးကား ကျယ်ဝန်းလှပေသည်။

လူရွှယ် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

မည်ကဲ့သို့ ရှာဖွေရပါမည်နည်း။

တွေ့ဆုံရန်ကား ခက်ခဲလှပေသည်။

သို့သော်..

ကြူးယွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

ယင်းဆုံးဖြတ်ချက်မှာ လူရွှယ်အား မတွေ့တွေ့အောင် ရှာမည်။

ဒေသအနှံ့ မြေလှန်ပြီး ရှာဖွေမည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်ပေတော့၏။

ယခု လောလောဆယ်တွင်ကား သူမအိမ်သို့ ပြန်ရပေဦးမည်။

အိမ်သို့ တစ်ခေါက်ပြန်ပြီးမှ တစ်နေ့နေ့ တစ်ချိန်ချိန် သူ့ကို ထွက်ရှာပေဦးမည်။

* * *



ကြူးယွင်သည် မြို့ကလေးမှ ဆက်လက်ခရီးထွက်လာခဲ့သည်။

သူမသည် တစ်လမ်းလုံး စဉ်းစားလာခဲ့သည်။

သူမစဉ်းလာသော အကြောင်းအရာမှာ သူမဆရာနှင့် လူရွှယ် အကြောင်းပင် ဖြစ်လေသည်။

ဤသို့ဖြင့် ငွေဖိုင်းတောင်ခြေသို့ ချဉ်းကပ်လာခဲ့သည်။

သူမ၏စိတ်အစဉ်တွင် ဝမ်းသာကြည်နူးခြင်းနှင့်အတူ ပျော်ရွှင်လန်းဆန်း၍ သွားပေတော့၏။

သူမနေထိုင်ရာ ကြူးဂေဟာသို့ မရောက်မီရှေ့၌ တောအုပ်စိမ်းစိမ်းကလေး တစ်ခုရှိသည်။

ထိုတောအုပ်ကလေးထဲတွင် စမ်းချောင်းငယ်တစ်ခုလည်း ရှိနေ၏။

သူမသည် အိမ်သို့ပြန်လာခဲ့တိုင်း သူမ၏မြင်းကို ထိုစမ်းချောင်းမှရေကို တိုက်လေ့ရှိ၏။

သူမကမူ စမ်းချောင်းနံဘေးတွင် ခေတ္တထိုင်မည်။

အမောအပန်းဖြေရင်း သူမ မြင်းရေသောက်နေသည်ကို ကြည့်ကာ ပြုံးနေမည်။

အသွင်သွင်နှင့် ဂီတသံစဉ်လို သာယာသော စမ်းချောင်းငယ်၏အလှကို တမေ့တမောကြည့်ကာ ကြည်နူးပေမည်။

သူမ စိတ်ကူးဖြင့် ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်အတွင်းသို့ ဝင်လာခဲ့သည်။

လန်းဆန်းအေးမြသော လေကို တစ်ဝကြီးရှူရှိုက်လိုက်မိသည်။

စမ်းချောင်း အနီးသို့ ရောက်လုဆဲဆဲတွင် မြင်းဖြူကြီးတစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရ၏။

မြက်ခင်းပြင်တစ်နေရာတွင် မြက်စားနေခြင်း ဖြစ်သည်။

သူမ သေသေချာချာ ကြည့်လိုက်ရာ လွန်ခဲ့သော တစ်နှစ်က ရွှေကျားဂေဟာတွင် တွေ့ခဲ့ရသော မြင်းဖြူကြီး ဖြစ်ကြောင်း မှတ်မိလိုက်သည်။

ကြူးယွင်၏ရင်ထဲ လှုပ်ရှားသွားမိသည်။

သူမ၏စိတ်တွင် ရွှေကျားဂေဟာမှလူများ လိုက်လာကြလေသလားဟု တွေးလိုက်မိသည်။

ကြူးယွင် မြင်းကို ရပ်တန့်လိုက်ကာ မြင်းပေါ်မှ ဆင်းလိုက်သည်။

စိုးရိမ်စိတ်များနှင့်အတူ သတိကို ကြီးစွာထားလျက် ရှေ့သို့ လျှောက်လှမ်းလာခဲ့သည်။

မြင်းကို အသာအယာ ဆွဲခေါ်လာခဲ့သည်။

အချိန်မှာ ညနေစောင်းအချိန် ဖြစ်ပေသည်။

တောအုပ်အတွင်း၌ အေးချမ်းသာယာလျက် ရှိနေ၏။

ကျေးငှက်များ အိပ်တန်းတက်ချိန် ဖြစ်သည်မို့ ငှက်တို့၏



တွန်ကြူးသံကိုလည်း ကြားရသည်။

လွမ်းဆွတ်သလိုလို ကြည်နူးသလိုလို ဝေဒနာများ ရင်ထဲသို့ ဝင်လာသည်။

ကျေးငှက်သာရကာတို့၏ မြည်သံများနှင့်အတူ သစ်ရွက်ချင်းခတ်သံကိုပါ ကြားနေရသည်။

သူမသည် အတွေးကို ဆက်တွေးမြန်သည်။

"အင်း… ရွှေကျားဂေဟာက လူဆိုရင် တစ်ယောက်တည်းတော့ လာမှာမဟုတ်ဘူး။ လာရင် အဖွဲ့နဲ့လာကြမှာ အနည်းဆုံး ဒီနေရာမှာ မြင်းသုံးလေးကောင်လောက်တော့ တွေ့ရမှာပဲ၊ ငါ ရွှေကျားဂေဟာကို မီးရှို့ခဲ့တာ သိလို့ လိုက်လာတယ်ပဲထားဦး။ ဒီနေရာအထိ အရောက်လာနိုင်ဦးမယ် မထင်ဘူး ဒါဆို ဘယ်သူများ ဖြစ်မလဲ"

သူမ တွေးရင်းမှ လူတစ်ယောက်အား သတိရလာ၏။

"လုရှောင်ယုံများ ဖြစ်နေမလား"

ရုတ်တရက် သူမ နှလုံးခုန်သံသည် ကျယ်လောင်လာသည်ဟု ထင်မှတ်လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် အသိတိတ် လျှောက်လှမ်းလာသည်။

ထို့နောက် သူမသည် ရှုကွယ်တစ်ခုကို အကာအကွယ်သဘောမျိုးယူ၍ စမ်းချောင်းငယ်ရှိရာသို့ လှမ်း၍ ကြည့်လိုက်၏။

ထိုသို့ ကြည့်လိုက်စဉ်မှာပင် သူမ၏နားအာရုံအတွင်းသို့ လွမ်းစွာ သာယာချိုလွင်သော ကဗျာတေးတစ်ပုဒ်က ဝင်ရောက်နိုးသီလာခဲ့ပေတော့သည်။

စမ်းချောင်းနံဘေးတွင် လူတစ်ယောက်ထိုင်လျက် ကဗျာတစ်ပုဒ်ရွတ်ဆိုနေသည်။

ထိုလူသည် ဝတ်စုံဖြူကို ဝတ်ဆင်ထားသည်။

ကြူးယွင်းအား ကျောပေးပြီး ထိုင်နေ၏။

စမ်းချောင်းရေပြင်ကို ကြည့်ကာ ကဗျာရွတ်နေခြင်း ဖြစ်သည်။

ကြူးယွင် ဆက်လက်နားထောင်နေမိသည်။

ထိုလူသည် လုရှောင်ယုံပင် ဖြစ်မည်ဟု ယူဆလိုက်သည်။

ကဗျာရွတ်ဆိုသံမှာ သိပ်အကျယ်ကြီး မဟုတ်သော်လည်း နား၌ ပီပီပြင်ပြင်ကြားနေရသည်။

ထိုလူရွယ်၏ခြေထောက်အစုံက စမ်းချောင်းရေပြင်အတွင်း၌စိမ်၍ လှုပ်ယမ်းနေသည်။

သူထိုင်နေသော နေရာနှင့် မနီးမဝေးတွင် မီးပုံငယ်တစ်ခုရှိသည်။



မီးပုံမှ မီးတောက်မီးလျှံများ ထွက်နေသည်။

မီးပုံနံဘေးတွင် သစ်ကိုင်းနှစ်ကိုင်း စိုက်ထူထား၏။

ထိုသစ်ကိုင်းနှစ်ကိုင်းပေါ်တွင် ကန့်လန့်ဖြတ် သစ်သားတုတ်တံချွန်တစ်ခု တင်ထား၏။

လက်သီးဆုပ်ခန့် ရှိသော ငှက်သုံးကောင်ကို အရေခွဲဆုတ်၍ တံစို့ထိုး မီးကင်နေခြင်းဖြစ်သည်။

မီးကင်ထားသော ငှက်ကင်မှ မွှေးကြိုင်သော အနံ့အသက်ကို ကြူးယွင် ရှူရှိုက်မိ။

သူမသည် တစ်နေ့ခင်းလုံး ဘာမှ မစားရသေးပါ။

ယခု ငှက်ကင်အနံ့ကြောင့် ဝမ်းဆာလာသည်။

လူရွယ်၏နောက်ကျောကို ကြည့်လျက် လုရှောင်ယံ ဖြစ်နိုင်မဖြစ်နိုင် ခန့်မှန်းနေမိသည်။

လူရွယ်သည် ကဗျာရွတ်ဆိုလျက် ရှိနေဆဲပင်။

သူမသည် ၎င်းကဗျာကို ဂရုတစိုက် နားစွင့်ထောင်လိုက်သည်။ ၎င်းလူရွယ်သည် ကဗျာစာဆို ကျိုးယိ၏ 'သဘာဝအလှ'ဆိုသော ကဗျာတေးသွားတစ်ပုဒ်ကို သီဆိုနေခြင်း ဖြစ်သည်။

ကြူးယွင် ငြိမ့်ငြိမ့်လေး ကြားနေရ၏။

ထို့နောက် လူရွယ်သည် ရုတ်တရက်ဆိုသလို ကဗျာရွတ်ဆိုခြင်းကို ရပ်တန့်လိုက်သည်။

ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မီးဖိုအနီးသို့ လျှောက်သွားသည်။

ထိုအခါမှ လူရွယ်၏မျက်နှာသွင်ပြင်ကို သူမမြင်လိုက်ရတော့၏။

ထိုလူရွယ်၏မျက်နှာသွင်ပြင်မှာ ရွှေကျားဂေဟာရှေ့တွင် တွေ့မြင်ခဲ့ဖူးသော လူရွယ်နှင့် တထေရာတည်း တူနေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

သို့သော် မျက်လုံးအိမ်အောက်တွင် အကြည့်ရဆိုးသော မှဲ့နက်ကြီးကား ရှိမနေတော့ချေ။

ရိုးအနုံချာသော ဟန်မူရာမျိုးလည်း ကင်းရှင်းနေသည်ကို ကြူးယွင် တွေ့ရသည်။

လူရွယ်၏မျက်နှာမှာ ယောကျ်ားပီသ ချောမောပြီး တည်ကြည်ခန့်ညားလေသည်။

သူမသည် လူရွယ်အား ငေးမောကြည့်နေမိသည်။

လူရွယ်သည် မီးပုံဘေး အနီးသို့ ရောက်လျှင် မီးကင်ထားသော ငှက်ကင်တစ်ကောင်ကို တံစို့နှင့် ဖြုတ်ယူပြီး မြေပေါ်ချထားသော အိတ်တစ်လုံးထဲမှ ပေါက်စီတစ်လုံးကို ထုတ်ယူလိုက်၏။

ထို့နောက် လူရွယ်က ပေါက်စီနှင့်ငှက်ကင်ကို စားရင်း ပါးစပ်မှ အသံကျယ်ကျယ်ဖြင့် လှမ်း၍ပြောလိုက်၏။

"မိန်းကလေး ကျူပ်ယူလာတဲ့ ပေါက်စီတွေက စားကောင်းပြီး အရသာရှိတယ်၊ နောက်ပြီး ရေဆာရင်လဲ ကျူပ်မှာ ပန်းသီးတွေ



စားဖို့ ပါလာတယ်၊ မိန်းကလေး ဗိုက်ဆာနေတယ် မဟုတ်လား၊ စားချင်တဲ့ ဆန္ဒရှိရင် လာစားလှည့်ပါလို့ ဖိတ်ခေါ်ပါတယ်"

ကြူးယွင်မှာ ဝတ်စုံဖြူနှင့်လူရွယ်က ပေါက်စီနှင့် ပန်းသီး အကြောင်း ပြောနေသဖြင့် စိတ်လှုပ်ရှားသွားတော့သည်။

ထို့ကြောင့်လည်း သူမမှာ ထိုလူရွယ်၏မျက်နှာကို အတန်ကြာအောင် ငေးစိုက်ကြည့်နေမိပေသည်။

အတော်လေးကြာမှ ရှုံ့အကွယ်မှ ထွက်လိုက်၏။

လူရွယ်က ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းကြည့်နေလေသည်။

ကြူးယွင်သည် ရှက်သွေးဖြာကာ ခေါင်းငုံ့ထားလိုက်မိတော့သည်။

* * *

ဝတ်စုံဖြူလူရွယ်က နှစ်လိုဖွယ် ပြုံးလိုက်သည်။

လက်ထဲမှ အစားအစာများအား မြှောက်ပြရင်း...

"မိန်းကလေး၊ မင်းနည်းနည်းလောက် လာစားပါလား၊ ကျူပ်မှာ စားစရာတွေ ပိုလျှံပါတယ်"

ကြူးယွင်သည် ခေါင်းကို ပြန်မော့ပြီး တစ်ချက်ပြုံးလိုက်၏၊ ပြီးမှ...

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မအိမ်က ဟိုရှေ့နားလေး

www.burmeseclassic.com

www.burmeseclassic.com



တင် ရှိပါတယ်၊ ရှင်ပဲ ဝအောင်စားပါ"

လူရွယ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်က မင်းကို စားစေချင်လို့ ငှက်က လေးတွေကိုတောင် အပင်ပန်းခံပြီး မီးကင်ထားတယ်၊ အင်း..ကျုပ် စောင့်နေရတဲ့ အချိန်ကာလလေးတွေဟာ နေလာလို့နှင်းပျောက် သွားရသလို အချိန်ကုန် လူပင်ပန်းတာပဲ ရှိတာပေါ့၊ အင်း.."

လူရွယ်သည် သက်ပြင်းတစ်ချက် ဟင်းခနဲချလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

ကြူးယှင်က လူရွယ်၏မြင်းဖြူကို တစ်ချက်လှမ်းကြည့်ကာ

"ရှင့်မြင်းကြီးက သိပ်လှတာပဲနော်၊ ကျွန်မကို ခဏလောက် ပေးစီးပါလားဟင်၊ ကျွန်မအိမ်ကို တစ်ခေါက်လောက် စီးသွားချင် တယ်၊ ကျွန်မပြန်လာတော့ ရှင့်ကို ပြန်အပ်ပါ့မယ်၊ ရှင့်မှာ အချိန်အား တယ် မဟုတ်လား"

လူရွယ် ပြုံးကာ...

"မိန်းကလေးက ကျုပ်ရဲ့မြင်းကို သဘောကျနေလို့လား"

ဟု မေးလိုက်သည်။

ကြူးယှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

လူရွယ်က...

"ဒါဖြင့် စီးကြည့်လေ"



ကြူးယှင် ဝမ်းသာသွားသည်။

"ရှင် ဒီကပဲ စောင့်နေပေါ့နော်"

လူရွယ်က ရယ်မောပြီး ခေါင်းကို အသာအယာညိတ်ပြ လိုက်သည်။ ထိုလူရွယ်သည် ရွှေကျားဂေဟာရှေ့တွင် တွေ့ခဲ့ရသော လူရွယ်ပင်ဖြစ်မည်ဟု ကြူးယှင် မှတ်ချက်ချလိုက်သည်။

သို့ဆိုလျှင် လူရွယ်သည် လုရှောင်ယုပင် ဖြစ်လိမ့်မည်ဟု ကြူးယှင် ထင်မိတော့၏။

သူမက လူရွယ်အား စကားဆက်ရန် ရှက်ရွံ့နေသဖြင့် လူ ရွယ်အား စကားမဆို ဖြစ်တော့ပါ။

ချက်ချင်း မြင်းဖြူပေါ်သို့ လွှားခနဲ ခုန်တက်ကာ စိုင်းနှင် လာခဲ့တော့သည်။

* * *

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

ကြူးယှင်သည် မြင်းဖြူအား အသားကျ စီးနှင်နေပေသည်။

မြင်းဖြူပေါ်တွင် လူရွယ်၏ဆောင်ဓားတစ်လက်ကိုလည်း တွေ့ရသည်။

ကြူးယှင်သည် လူရွယ်၏မြင်းအား အိမ်ဂေဟာသို့ စီးနှင်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ သူမစီးသော မြင်းဖြူကြီးမှာ နတ်မြင်းပျံတစ်ကောင်လို လေဟုန်စီး၍ အပြေးနှင်သွားလေ၏။

ကြူးယွင်သည် မြင်းစီးရင်း သတိရလာသည်။

ယင်းမှာ အခြားမဟုတ်ပေ။

သူမလွယ်ထားသော အိတ်ထဲမှ ပန်းသီးများကို စမ်းသပ်မိလိုက်သောကြောင့် ဖြစ်သည်။

ယနေ့သည် သူမဖခင်၏မွေးနေ့ပင် ဖြစ်သည်။

သူမသည် လမ်းတွင် ဖခင်အား လက်ဆောင်ပေးရန် ပန်းသီးများ ဝယ်လာခဲ့သည်။

တောအုပ်ထဲတွင် လူရွယ်အား ဆင်းကြည့်နေသဖြင့် အချိန်ပင် အတော်နောက်ကျသွားပြီ ဖြစ်လေသည်။

နောက်ကျနေခဲ့သောကြောင့်လည်း သူမမှာ မြင်းကို ဒုန်းစိုင်းနှင်လာခဲ့ရခြင်း ဖြစ်သည်။

ထိုနေ့ကား...

ကြူးယွင်တစ်ယောက် လူရွယ်ထံမှ မြင်းဖြူကို ချွေငှားစီး၍ သူ့ဖခင် အိမ်ဂေဟာသို့ ပြန်လာခဲ့သောနေ့ပင် ဖြစ်၏။

ထိုနေ့က သူမ ဖခင်၏မွေးနေ့ပွဲ ကျင်းပ ညှိခံနေသော အချိန်လည်း ဖြစ်ပေသည်။ သူမ အိမ်သို့ ရောက်သောအခါ...

သွေးကျာပွတ်ဝူးဖိန်နှင့် သစ်နက်မယ်တို့သည် ဖခင်၏မွေးနေ့ပွဲအား နှောင့်ယှက်ဖျက်ဆီးရန် ရောက်ရှိနေခဲ့သည်။



သူတို့၏သိုင်းပညာမှာ ထက်မြက်လှသဖြင့် မွေးနေ့ပွဲ ပျက်စီးရမလို ဖြစ်ခဲ့သည်။

သူမ၏ဖခင်နှင့် အစ်မဖြစ်သူတို့သည် ရန်သူအား နှိမ်နင်းတိုက်ခိုက်နေသည်။ သို့သော် အရာမထင်ဘဲ အရေးနိမ့်နေခဲ့ရ၏။

ထိုသို့သော အချိန်မျိုးတွင် ကြူးယွင်တစ်ယောက် ရောက်ရှိသွားခဲ့ခြင်းပင် ဖြစ်သည်။

သူမသည် ဖခင်နှင့် အစ်မဘက်က ကာကွယ်တိုက်ခိုက်ပေးရင်း ရန်သူများအား ဆုံးမမောင်းထုတ်နိုင်ခဲ့လေသည်။

ရန်သူနှစ်ဦး ဆုတ်ခွာထွက်ပြေးသွားပြီးနောက် သူမသည် အိမ်ဂေဟာ၌ ကြာကြာမနေခဲ့ပါ။

ဖခင်အား ပန်းသီးလက်ဆောင်ပေးပြီးနောက် ထိုနေ့မှာပင် မြင်းဖြူကိုစီးလျက် တောအုပ်သို့ ပြန်လာခဲ့ပေသည်။

သူမ ငှားရမ်းထားသော လူရွယ်၏မြင်းဖြူအား ပြန်လည်ပေးရဦးမည် မဟုတ်ပါလား။

တောအုပ်သို့ ပြန်ရောက်လျှင် ဝတ်စုံဖြူနှင့်လူရွယ်အား မတွေ့ရတော့ပါ။

မီးပုံပေါ်တွင် ငှက်ကင်တစ်ကောင်နှင့် မီးပုံဘေးတွင် ငွေသီးနှစ်လုံး၊ ပန်းသီးတစ်လုံးကို ထားရစ်ခဲ့သည်ကို တွေ့ရသေးသည်။

ထိုနေ့မှစပြီး လူရွယ်အား နောက်ထပ် မတွေ့ရတော့ပါချေ။

သို့သော်လည်း သူမ၏စိတ်ကူး ရုပ်ပုံလွှာထဲတွင်မူ ထို

www.burmeseclassic.com

www.burmeseclassic.com



လူရွယ် အမြဲတမ်းရှိနေခဲ့ပေသည်။

သူမသည် ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ပြောပြခဲ့ခြင်း မရှိပေ။

ဤသို့ဖြင့် အချိန်သည် တစ်နေ့ပြီးတစ်နေ့သော ကုန်ဆုံးသွားခဲ့ရပေသည်။ ဝတ်စုံဖြူလူရွယ်အား ယနေ့တိုင် ကြုံတွေ့ခဲ့ခြင်း မရှိသေးပါချေ။

ဤကား ကြူးယွင်နှင့် လုရှောင်ယုံဆိုသောလူရွယ်တို့၏ တခဏတာ ကြုံဆုံခဲ့ရသော ဘဝ တစ်ဆစ်ချိုးလေးပင် ဖြစ်သည်။

ကြူးယွင်၏ရင်ထဲတွင် ဆရာဖြစ်သူနှင့် လုရှောင်ယုံတို့ မည်သို့ပတ်သက်သည်။

ဆရာဖြစ်သူက လုရှောင်ယုံအား အဘယ်ကြောင့် မုန်းတီးနေသည်ကိုလည်း သိချင်မိသည်။

အခွင့်အရေးရသည့် တစ်နေ့တွင် ဆရာဖြစ်သူအား မေးမြန်းရန် ဆန္ဒရှိနေခဲ့ပေတော့သည်။

ပထမပိုင်းပြီး၏။

ဒု–တတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒကျော်သူ

# အရိပ်အယောင်ကျမ်း

(ဒုတိယပိုင်း–ဓာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

7



## သံယောဇဉ်

တောင်စဉ် တောင်တန်းကြီးတို့ကား မြင့်မားလှပေသည်။

ဆီးနှင်းခဲများလည်း အစဉ်သဖြင့် ဖုံးလွှမ်းနေလျက် ရှိပေသည်။

အရပ်လေးမျက်နှာ ဘယ်နေရာ ဘယ်အရပ်ကြည့်ကြည့် မြူနိုးမြူငွေ့များနှင့် အဖြူရောင်တောင်စဉ်တောင်တန်းကြီးတွေကိုသာ တွေ့မြင်ရမည် ဖြစ်ပေသည်။

တောင်စဉ်တောင်တန်းများအကြားတွင်ကား ချိုင့်ဝှမ်းဒေသများသည်လည်း အများအပြားရှိ၏။

အထူးသဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



ဤအရပ်တွင် မိုးမှာ ပါးလွန်းသည်။

အေးမြပြီး ခြောက်သွေ့နေသည်သာ များ၏

သို့သော်...

လေကျလျှင်ကား ကျလာသော လေစိုင်လေလုံးသည် မုန်တိုင်းနှယ် အလွန်ပြင်းထန်၏။

နှင်းမြူတောင်ကုန်း...၊

ဤအရပ်ဒေသတွင်ကား နှင်းမြူတောင်ကုန်းသည် အလွန်ခေါင်ကာ လူသူအရောက်အပေါက် နည်းပါးလွန်းလှပါသည်။

တော်ရုံလူလည်း ရောက်ဖို့ မလွယ်ချေ။

သို့သော်...

ကြူးယွင်အဖို့မှာတော့ နှင်းမြူတောင်ကုန်းသည် စိမ်းသော အရပ်ဒေသ မဟုတ်တော့ပါ။

အကြောင်းမှာ...

ဤအရပ်ဒေသသည် ကြူးယွင်အဖို့ ငယ်စဉ်ကလေး ဘဝကတည်းက ရောက်ရှိလာခဲ့ပြီး...

ဤအရပ်ဒေသတွင်ပင် ကြီးပြင်းလာကာ ယခုလို သိုင်းလောက၌ ထူးချွန်ထက်မြက်သူတစ်ယောက် ဖြစ်လာခဲ့ရသောကြောင့်ပင် ဖြစ်၏။

သက်ခြေမယ်သည်ကား သိုင်းလောကတစ်ခုလုံးက နာမည်ကြီးရုံနှင့် လေးစားကြောက်ရွံ့ရသော ထိပ်သီးသိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်လေသည်။



သူမသည် ဘယ်တုန်းကမှ တပည့်မွေးခဲ့သူတစ်ဦး မဟုတ်ပါချေ။

ထိပ်သီးသိုင်းပညာရှင်တစ်ဦး အနေဖြင့် ပညာလက်ဆင့်ကမ်းရန် တပည့်ရှာဖွေတတ်ကြသည်။

ထိုသို့ အဆင့်မြင့်သိုင်းပညာရှင်ကြီးများ တပည့်မွေးခဲ့ရာတွင် အချို့သော တပည့်များသည် ဆရာထက် တပည့်က လက်စောင်းထက်ကြသည်လည်း ရှိခဲ့သလို အချို့ကျတော့ ဆရာသင်ပေးလိုက်သော သိုင်းပညာကို တလွဲအသုံးချကာ မကောင်းသည့်ဘက်တွင် ကြောက်မက်ဖွယ်ကောင်းအောင် အသုံးချကာ ဒုစရိုက်လူဆိုးကြီးများ ဖြစ်ခဲ့ကြသည်။

ထိုအခါမျိုးတွင် ဆရာဖြစ်သူမှာ နာမည်ပျက်ရပေတော့သည်။

ထိုသို့သော သာဓကများကြောင့် သက်ခြေမယ်သည် တပည့်မွေးရန် လက်တွန့်နေခြင်းပင်။

မမွေးရန်လည်း ဆုံးဖြတ်ခဲ့သည်။

သို့သော်...

သူမအနေဖြင့် တပည့်တစ်ယောက် မွေးလိုက်ရသော အခြေအနေတစ်ခု ဖြစ်ပေါ်လာခဲ့ရလေသည်။

အကယ်၍သာ...

ပြည်မကို ခရီးမထွက်ဖြစ်ပါကလည်း ယခုလို အခြေအနေမျိုး ကြုံတွေ့ရမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမ ယခုတစ်ခေါက် ပြည်မသို့ ခရီးထွက်ခဲ့ရာတွင် သွေးသောက်မောင်နှမ ဝမ်ပိုက်နှင့် တွေ့ဆုံခဲ့မိ၏။

ဝမ်ပိုက်နှင့်အတူ ကလေးမတစ်ဦး ပါလာသည်။

ဝမ်ပိုက်သည် ကလေးတစ်ဖက်နှင့် အခက်တွေ့နေပုံရပေသည်။

ထို့ကြောင့် အကျိုးအကြောင်း မေးမြန်းကြည့်ရာ ဝမ်ပိုက်က...

"ဒီကလေးမက ကျန်းမာရေး ချူချာတယ်၊ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်က ဒီကလေးကိုမွေးပါ။ ကျုပ်ကမှ မမွေးရင် ဒီကလေးမဟာ လူ့ဘဝမှာ ကြာရှည်နေရမှာ မဟုတ်ဘူးပြောလို့ သူ့ကို သနားပြီးမွေးဖို့ ကျုပ်လက်ခံခဲ့တာ၊ အခုလို အစ်မကြီးနဲ့ တွေ့ရတာဟာ ကံကောင်းတာပဲ၊ ကျုပ်က ဒီကလေးကို မပြုစုတတ်လို့ အခက်ကြုံနေတာ၊ အစ်မကြီးလို မိန်းမသားတစ်ယောက်ကသာ မိန်းကလေးတစ်ယောက်ကို သားတပည့်အဖြစ် မွေးသင့်တယ်လို့ ကျုပ်ထင်တယ်၊ အစ်မကြီးနဲ့ဆို ကျုပ်စိတ်ချရပါပြီ၊ ကျုပ် တစ်သက်မှာ ဒီတစ်ခါပဲ အစ်မကြီးဆီက အကူအညီတောင်းဖူးတာပါ၊ ကျုပ်ဆန္ဒကို လိုက်လျောပေးပါ"

ဝမ်ပိုက်သည် အတန်တန် ဖျောင်းဖျပြောဆိုကာ မွေးစားရန်ပေးခဲ့သည်။

ထိုအချိန်မှစ၍ သက်ခြွေမယ်သည် သိုင်းလောကသို့ မထွက်တော့ဘဲ ကြူးယွင်အတွက် အချိန်ပေးခဲ့သည်။



ကြူးယွင်အား လက်ခံကာ တပည့်အဖြစ် မွေးစားကာ ပြုစုပျိုးထောင်ပေးခဲ့ရခြင်း ဖြစ်ပေသည်။

* * *

ဤသို့ဖြင့်...

ကြူးယွင် ဆယ်နှစ်အရွယ်ကတည်းက သက်ခြွေမယ် မွေးစားပြီး ဤခေသရှိ နှင်းမြူတောင်ကုန်းပေါ်တွင် သိုင်းပညာများ သင်ပေးခဲ့သည်မှာ ဆယ်နှစ်ပင် ပြည့်မြောက်လာခဲ့ချေပြီ။

ယခုတိုင် ကြူးယွင်၏မိဘနှစ်ပါးကို တွေ့ဖူးမြင်ဖူးခြင်း မရှိသေးပါ။

နောက်ပိုင်း စုံစမ်းကြည့်မှ ကြူးယွင်သည် ကြူးဂေဟာ၏ သခင်မလေး ဖြစ်ကြောင်း သိခဲ့ရသည်။

ကြူးယွင်သည် သူမထံတွင် ဆယ်နှစ်မျှ ပညာသင်ယူပြီးနောက် မိဘနှစ်ပါးထံ ပြန်လိုသည်ပြော၍ သူမကိုယ်တိုင် ပြည်မရောက်သည်အထိ လိုက်ပို့ပေးခဲ့သည်။

ထိုမှတစ်ဖန် ကြူးယွင်သည် ပြဿနာအချို့ ကြုံတွေ့ခဲ့သည်။

ဤသည်ကို သက်ခြွေမယ် လုံးဝ ခေါင်းထဲပင် မထည့်ထားမိပါ။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ယုံဆိုသော လူရွယ်တစ်ယောက်က ကြူးယွင် အပေါ် လွှမ်းမိုးသွားသည့် ပြဿနာကိုကား သက်ခြေမယ် ခေါင်းမှ မထည့်မဖြစ် ထည့်ထားလိုက်ရလေသည်။

သူမက ကြူးယွင်ကို ရှည်ရှည်ဝေးဝေး မပြောဘဲ...

“လုရှောင်ယုံဆိုတဲ့သူငယ်ကို မင်းခေါင်းထဲက ထုတ်ပစ်လိုက်၊ သူနဲ့ မပတ်သက်အောင်နေပါ၊ သူနဲ့ ဆက်နွယ်မိရင် တစ်နေ့ ခင်းဒုက္ခတွေ့လိမ့်မယ်”

ဟူသော သတိပေးစကားများသာ ပြောခဲ့သည်။

နိုင်လုံသော အကြောင်းပြချက်ကိုကား မပေးခဲ့ပါချေ။

သို့ပါလျက် ကြူးယွင်သည် ပြည်မတွင် ကြာကြာမနေဘဲ အလောသုံးဆယ်ဖြင့် နှင်းမြူတောင်ကုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ သည်။

သူမနှင့်အတူ ကိစ္စရပ်တစ်ခု ပါလာမည်ဟု သက်ခြေမယ် ခန့်မှန်းလိုက်မိတော့သည်။

* * *



ကြူးယွင်သည် အိမ်မှ ထွက်ပြီးနောက် လုရှောင်ယုံအား လိုက်လံရှာဖွေခဲ့သည်။

သို့သော်...

ရှာမတွေ့ပါချေ။

နောက်ဆုံး ဆရာဖြစ်သူအား မေးမြန်းရန် ကတိုက်ကရိုက် ထွက်လာခဲ့ခြင်း ဖြစ်သည်။

သို့မှသာ ပြဿနာ ရှင်းရှင်းလင်းလင်း သိနိုင်ပေတော့မည်။

ကြူးယွင်သည် ရောက်ရောက်ချင်း ဆရာဖြစ်သူအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

“ဆရာ့ကို ဂါရဝပြုပါတယ်”

သက်ခြေမယ်က အသာအယာပြုံးရင်း...

“မြေးကလေး ဒီကို ပြန်လာတာ မြန်လှချည်လား”

စကားကို မသိဟန်ဖြင့် ပြောလိုက်သည်။

ကြူးယွင်သည် ခရီးရောက်စတွင် သက်ခြေမယ်ကို ထွေထွေ ထူးထူး ဘာမျှမပြောပါ။

ပြည်မက ယူဆောင်လာသော လက်ဆောင်ပစ္စည်းများကိုသာ အသာတကြည်ပေးလေသည်။

သက်ခြေမယ်က...

“ငါ့မြေးရဲ့ မိဘနဲ့ အစ်မတို့ကော နေထိုင်ကောင်းကြရဲ့လား”

ဟု မေးသောအခါမှ ကြူးယွင်က...

“ကောင်းပါတယ် အဘွား”

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားကိုသာ ပြန်ပြောသည်။

အခုန်တော့...

သူတို့သည် ဤနှင်းခြူးတောင်သို့ မရောက်ခင်ကတည်းက ဖြည်တွင် တွေ့ဆုံခဲ့ကြပြီးဖြစ်သည်။

ထိုသို့ ဆုံတွေ့ရာတွင် သက်ခြွေမယ်က လုရောင်ယုံနှင့် စေတ်သတ်ရှိ ထပ်မံသတိပေးခဲ့၏။

တကယ်တော့ လုရှောင်ယုံအား ကြူးယွင် ရှာဖွေနေမှန်းသိ၍ ရုပ်တန်းက ရုပ်စေချင်သော သဘောနှင့် ထပ်မံသတိပေးပြောကြားခဲ့ခြင်းပင် ဖြစ်သည်။

* * *



ယခုတစ်ခေါက် ကြူးယွင် ပြန်လည်ရောက်ရှိလာသည်မှာ ရှင်မှုခြင်း မရှိပေ။

အရင်က ပြန်ရောက်လျှင် သွက်လက်ချက်ချာစွာ ရှိလေသည်။

ထို့ကြောင့်...

အကင်းပါးသော သက်ခြွေမယ်က ကြူးယွင်အား တစ်ချက်အကဲခတ်ကြည့်ကာ...

"ငါ့မြေးကို ကြည့်ရတာ အဘွားကို တစ်ခုခု မကျေနပ်တဲ့ပုံပဲ၊ ဘာများ မကျေနပ်တာလဲ ငါ့မြေးရယ်"

ဟု မေးလိုက်သည်။

ဆရာဖြစ်သူက ထုတ်၍ မေးလာသည့် အချိန်ထိ ကြူးယွင်သည် ရင်ထဲမှ ခံစားချက်ကို ထုတ်ပြောရကောင်းမကောင်း၊ ချိန်ဆ၍ နေလေသည်။

နောက်မှ အကြောင်းစုံသိလို၍ အဘွားအိုထံသို့ အမြန်ဆုံး ပြန်လာခဲ့သည့်အဖြစ်ကို တွေးမိပြီး သူမက...

"ကျွန်မ ဘွားဘွားကို မကျေနပ်စရာ ဘာတစ်ခုမှ မရှိပါဘူး၊ ဘွားဘွားဟာ ကျွန်မရဲ့အမေလဲ ဟုတ်တယ်၊ ကျွန်မရဲ့ ဆရာသမားလဲ ဟုတ်တယ်၊ မကျေနပ်စရာရှိခဲ့ရင်တောင် ကျွန်မအဖို့ ဘွားဘွားကို မကျေနပ်ဘူးလို့ ပြောသင့်ပါ့မလား"

ဟု ပြော၏။

သက်ခြွေမယ်သည် မြေးတပည့်မလေးကြူးယွင်၏ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



အား လက်တစ်ဖက်ဖြင့် အသာအယာ ပွတ်သပ်ပေးရင်း…

"ဒါဝေယျ… ငှါးမြွေးဆီမှာ ဘွားဘွားကို ပြောစရာစကား ရှိနေတယ် မဟုတ်လား"

ဟု အတွေ့အကြုံရှိသော လူကြီးတစ်ယောက်၏အမြင်မျိုးဖြင့် တွက်ချက်ရှိန်ဆ၍ မေးခွန်းထုတ်လိုက်သည်။

ထိုအခါမှ ကြူးယွင်သည် ရင်ထဲရှိနေသော စကားကို ဖွင့်ဟ ပြောကြားလိုက်ရန် ဆုံးဖြတ်လိုက်တော့၏။

* * *



သက်ခြွေမယ်သည် ကြူးယွင်၏ဆံနွယ်များအား အသာအယာ ပွတ်သပ်ပေးနေသည်။

ကြူးယွင် သက်ပြင်း မသိမသာချကာ…

"အဘွားကို ပြောချင်တာထက် သိချင်တာ တစ်ခုလောက် မေးချင်လို့ပါ။ ဒါမှ ရင်ထဲ ရှင်းလင်းသွားမှာမို့ပါ"

ဟု စကားစလိုက်၏။

သက်ခြွေမယ် အသာအယာ ပြုံးလိုက်သည်။

"အေး… ငါသိတာပေါ့။ ငှါးမြွေးမှာ ပြောချင်သိချင်တာတွေ ရှိတယ်ဆိုတာ ဒါကို မကျေနပ်တဲ့ စကားများလားလို့ ငှါးမြွေးအဘွားကို ဘာမကျေနပ်တာလဲလို့ မေးလိုက်မိတာပါ"

"ကျွန်မမေးချင်တာလဲ ဘွားဘွားသိမှာပါ"

သက်ခြွေမယ် မျက်မှောင်ကုတ်ကာ…

"ဘာများလဲကွယ်"

ထိုအခါ လုရှောင်ယုံနှင့် ပတ်သက်သော စကားကို ဘယ်က စပြီး ပြောရမှန်းမသိ ဖြစ်ကာ သူမ တစ်ချက်တွေ၍ သွားလေသည်။

သက်ခြွေမယ်က…

"ငှါးမြွေး ဘာသိချင်တာလဲ မေးလေကွယ်"

ဟု ထပ်မေးလာ၏။

သည်တော့မှ သူမက သက်ခြွေမယ်အား မော့၍ ကြည့်လိုက်ကာ…

"အဘွား"

www.burmeseclassic.com



ဟု အရင်ဆုံးခေါ်လိုက်သည်။

အမှန်တော့လည်း သူမက အဘွားဟု ခေါ်၍ အဘွားဖြစ်သူက ငါ့မြေးဟု ခေါ်နေသော်လည်း သူတို့နှစ်ဦး၏ခံစားချက်များ ဖြစ်သည်။

ဆယ်နှစ်ဆိုသော အချိန်ကာလသည် သူတို့၏သံယောဇဉ် အနှောင်အဖွဲ့ကို ပို၍ ခိုင်မာမြဲမြံစေခဲ့သည် မဟုတ်ပါလား။

သက်ခြေမယ်သည် ကြူးယွင်၏ဆံနွယ်များအား အသာအယာပွတ်သပ်ပေးရင်း...

"ဘာလဲ...ငါ့မြေး"

ဟု ခေါ်လိုက်လေသည်။

ကြူးယွင်က အားတင်းကာ...

"ဘွားဘွားက ကျွန်မကို လုရှောင်ယုံဆိုတဲ့လူနဲ့ မပတ်သက်ရဘူး။ ပတ်သက်ခဲ့ရင် ဘေးတွေ့လိမ့်မယ်လို့ ဘာဖြစ်လို့ ပြောခဲ့တာလဲဟင်"

ဟု မေးလိုက်သည်။

ထိုအမေးစကားကြားရသောအခါ သက်ခြေမယ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရလေတော့သည်။

* * *



## အဖြစ်မှန်

လုရှောင်ယုံဟူသော အမည်ကြားလျှင် သက်ခြေမယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထိုင်ရာမှလည်း ရုတ်ခြည်းဆိုသလို ထရပ်လိုက်သည်။

ထို့နောက်...

ပြတင်းပေါက် ရှိရာသို့ သွားရပ်ကာ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

အပြင်ဘက်တွင် ဆီးနှင်းများ တဖွဲဖွဲ လွင့်မျော၍ နေလေသည်။

မြင်ကွင်းမှာကား မြူနှင်းငွေ့များဖြင့် ဝေဝါး၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ခြွေမယ်၏မျက်နှာပေါ်ဝယ် ခန့်မှန်းရခက်သော [illegible] ဖြစ်ပေါ်နေ၏။

သူမသည် ပြန့်ကျဲသွားသော စိတ်အစုံကို အတော်ကလေး စုစည်းယူနေရပုံရှိ၏။

ကြူးယွင် သက်ပြင်းတစ်ချက် တိတ်တခိုးချလိုက်သည်။

ပြောလက်စနှင့် မထူးဟု သဘောပိုက်ကာ ဆက်ပြောရန်လည်း ဆုံးဖြတ်လိုက်လေသည်။

သူမသည် သက်ခြွေမယ်အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

ပြီးမှ ကြူးယွင်က...

"တကယ်လို့ သူသာ ဘွားဘွားကို သတင်းမပို့ခဲ့ရင် ကျွန်မ ခုလိုရောက်မှာ၊ ရွှေကျူးဂေဟာကို ဘွားဘွား ရောက်နိုင်မှာ မဟုတ်ဘူး။ သူ့ကြောင့်သာ ကျွန်မတို့ဆရာတပည့် ပြန်လည်ဆုံဆည်းခွင့်ရခဲ့တာ၊ ဒါကြောင့် လုရှောင်ယုံဟာ ကျွန်မအပေါ် ကျေးဇူးရှိနေပါတယ်"

ဟု ပြောလိုက်သည်။

သက်ခြွေမယ် နှုတ်ခမ်းတစ်ချက်မဲ့လိုက်၏။

တစ်ဖန်...

ကြူးယွင်အား စူးစူးစိုက်စိုက်ကြည့်ကာ...

"ငါ့မြေးက လာကယ်တဲ့ ဘွားဘွားကို ကျေးဇူးမတင်လဲ ရတယ်ဆိုတဲ့သဘောလား"

ဟု ကောက်ကာငင်ကာ မေးလိုက်၏။



သူမ၏လေသံသည် အနည်းငယ် မာသွားသည်။

ထိုအခါ...

ကြူးယွင်က ဖျာဖျာသလဲပင် ရှင်းပြလိုက်သည်။

"အဲဒီ သဘောမျိုးပြောတာ မဟုတ်ပါဘူး ဘွားဘွားရယ်၊ ကျွန်မဆိုလိုချင်တာက လုရှောင်ယုံကို ကျေးဇူးရှိမှန်း သိသိကြီးနဲ့ ကျေးဇူးမရှိတဲ့ ဟန်ဆောင်ရမယ့် အခြေအနေမျိုး ရောက်နေလို့ ကျွန်မက ဘွားဘွားကို မေးကြည့်ရတာပါ"

"အင်း"

သက်ခြွေမယ် သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိလေသည်။

ထို့နောက်...

ကြူးယွင်၏ပခုံးအား အသာအယာပုတ်ကာ...

"ငါ့မြေးပြောတာ မှန်ပါတယ်၊ ဒီကိစ္စ ဒီအကြောင်းအရာတွေကို သေသေချာချာ မသိသေးတဲ့ ငါ့မြေးအတွက်တော့ ထူးဆန်းနေမှာပေါ့"

ဟု ပြောကာ မျက်နှာ မသာမယာ ဖြစ်သွား၏။

သက်ခြွေမယ်၏စကားကြောင့် ကြူးယွင်မှာ ပို၍စိတ်ဝင်စားသွားမိလေသည်။

ကြူးယွင်က ဆရာဖြစ်သူအား ကြည့်ကာ...

"ဘယ်လိုကိစ္စ အကြောင်းအရာတွေ ရှိလို့လဲ ဘွားဘွား ကျွန်မ မသိရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်မိသည်။

သက်ခြွေမယ် သက်ပြင်းချကာ...

"သိရမှာပေါ့ကွယ်"

ဟု ပြောပြီး သက်ခြွေမယ်သည် ကွပ်ပျစ်နားသို့ လျှောက်ကာ သွားရောက်ထိုင်လိုက်လေသည်။

ကြူးယွင်ကလည်း ဆရာဖြစ်သူနောက်သို့ တကောက်ကောက်လိုက်၍နေသည်။

သက်ခြွေမယ်က ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သလို ကြူးယွင်ကလည်း ကွပ်ပစ်ပေါ်တွင် ထိုင်လိုက်လေသည်။

ကွပ်ပျစ်ပေါ်တွင် စောစောပိုင်းက ချထားသော ငှက်ပျောသီးတစ်ဖီး ရှိနေသည်။

စားလိုက စားလို့ရသည်။

သက်ခြွေမယ်က ငှက်ပျောသီးတစ်လုံးကို ဖြုတ်ယူစားသောက်လိုက်သည်။

သူမ၏ပုံဟန်မှာ စိတ်လှုပ်ရှားနေကြောင်း ကြူးယွင် ရိပ်စားမိလိုက်၏။

သို့သော်...

မသိဟန်ဆောင်၍ နေလိုက်လေသည်။

သက်ခြွေမယ်က ရီဝေသော မျက်လုံးအစုံဖြင့်...

"အဲဒီအကြောင်းတွေကို ဘွားဘွား ဘယ်သူ့ကိုမှ မပြောဖူးပါဘူး။ ငါ့မြေးကို ထိမ်ဝှက်မထားဘဲ ပြောပါ့မယ်၊ ဒါမှလဲ ဒီပြဿနာ



အကြောင်းအရင်းကို ရှင်းရှင်းလင်းလင်း သိသွားမှာပါ"

ဟု ပြောလာသည်။

သူမ၏ပုံဟန်သည် လျှို့ဝှက်ချက်တစ်ခုကို မတတ်သာတော့၍ ဖွင့်ပြောရသည့် ပုံစံမျိုး ရှိနေပေသည်။

သူမသည် ဖွင့်ပြောရန်အတွက် အတော်အားယူနေရပုံမျိုးပင်။

မည်သို့သော အကြောင်းကိစ္စမို့ ဤမျှ တွန့်ဆုတ်နေရပါသနည်း။

ထိုအကြောင်းကို သိရပေတော့မည်။

ကြူးယွင်သည် တိတ်ဆိတ်စွာဖြင့် နားစိုက်ထောင်နေတော့သည်။

"တစ်ခါကပေါ့"

အစချီကာ သက်ခြွေမယ်သည် ရီဝေသော မျက်လုံးအစုံဖြင့် ပြောလာလေသည်။

"ဘွားဘွား ခရီးတစ်ခုကို သွားရင်း လူတစ်ယောက်ကို သိုင်းသမားသုံးယောက်က လိုက်လံတိုက်ခိုက်နေတာကို တွေ့ခဲ့ရတယ်၊ ဘွားဘွားလဲ သူတို့ မသိအောင် အခြေအနေကို အကဲခတ်ခဲ့တယ်၊ အတိုက်ခံရတဲ့လူဟာ နန်းတွင်းက ပညာရှိ လုစင်းရန်ဆိုသူပဲ၊ သူဟာ ပညာရှိ ဖြစ်သလို သိုင်းပညာလဲတော်တယ်၊ ဒီလိုပဲ သူ့ကို လိုက်လံတိုက်ခိုက်တဲ့ သိုင်းသမားသုံးယောက်ဟာလဲ နယ်နယ်ရရ ဝိုင်ပိုလ်တွေ မဟုတ်ဘူး၊ တစ်ခေတ်တစ်ခါက လျှမ်းလျှမ်းတောက်

www.burmeseclassic.com

www.burmeseclassic.com



နာခဲ့ကြီးခဲ့တဲ့ 'ဘီလူးသုံးဖော်' ဖြစ်နေတယ်"

ကြူးယွင် မျက်မှောင်ကုပ်သွားသည်။

"ဘီလူးသုံးဖော်ဟာ ပညာရှိ လုစင်းရုန်ကို ဘာလို့ လိုက်လံ တိုက်ခိုက်ရတာလဲ"

သက်ခြေမယ်က ခေါင်းတစ်ချက် ယမ်းလိုက်ပြီး...

"သိုင်းကျမ်းတစ်စုအတွက် လောဘဇောတိုက်နေကြလို့ပဲပေါ့"

ကြူးယွင် မျက်လုံးဝိုင်းသွားသည်။

"သိုင်းကျမ်း ဟုတ်လား"

သက်ခြေမယ် လက်ကာပြလိုက်၏။

"ဘွားဘွား စကားကို ဆုံးအောင် နားထောင်ဦး။ ဒါမှ ငါ့မြေး သဘောပေါက်မှာပေါ့"

ကြူးယွင်မှာ မိမိလောကြီးသွားသည့် အဖြစ်ကို သတိရ သွားမိသည်။

ထို့ကြောင့်...

ဦးခေါင်းအသာညိတ်ကာ...

"ဟုတ်ကဲ့ ဘွားဘွား"

ဟု ဆိုကာ နှုတ်ဆိတ်နေလိုက်၏။

သက်ခြေမယ်က ဆက်ပြောလာသည်။

"တကယ်တော့ လုစင်းရုန်ဟာ ရှောင်လင်ကျောင်းက ရလာတဲ့ အရိုပ်အယောင်သိုင်းကျမ်းကို ယူဆောင်ခဲ့သူပဲ၊ ဒါကို သတင်း



ရသွားတဲ့ ဘီလူးသုံးဖော်ဟာ လမ်းက ဖြတ်လုကြတာပေါ့"

သူမက ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်သည်။

"ပညာရှိလုရုန်စင်းဟာ ဘီလူးသုံးဖော်ကို နိုင်မနိုင်ဆိုတာ သေချာ မသိဘူး။ ရှုံးသွားလို့ရှိရင် ဘီလူးသုံးဖော်ဆီ သိုင်းကျမ်းကို လဲ အပါမခံနိုင်ဘူး။ ဒါကြောင့် သိုင်းကျမ်းကို လုံခြုံတဲ့ တစ်နေရာမှာ ဝှက်ထားပြီး ဘီလူးသုံးဖော်ကို ပြန်လည်ရင်ဆိုင်ခဲ့တယ်၊ ရှုံးခဲ့ရင်တောင် သိုင်းကျမ်းဟာ တခြားလူလက်ထဲ မရောက်စေဘူးပေါ့၊ လုရုန်စင်းဟာ ဘီလူးသုံးဖော်ကို စိတ်ရှုလက်ရှု ပြန်လည်တိုက်ခိုက် နိုင်ခဲ့တယ်၊ တိုက်ပွဲမှာ လုရုန်စင်း အနိုင်ရခဲ့တယ်၊ ဒါနဲ့ လုရုန်စင်း ဟာ သိုင်းကျမ်းဝှက်ထားတဲ့ နေရာကို ပြန်လာခဲ့တယ်၊ ဒါပေမယ့် သိုင်းကျမ်းဟာ မရှိတော့ဘူး"

"ဟင်"

ကြူးယွင် အံ့ဩသွားသည်။

သက်ခြေမယ်က...

"အဲဒီ သိုင်းကျမ်းဟာ ဘယ်သူ့လက်ထဲ ရောက်သွားတယ် ထင်လဲ"

ကြူးယွင် စဉ်းစားရကြပ်သွားသည်။

ရုတ်တရက် တစ်စုံတစ်ရာအား သတိရသွားကာ သက်ခြေ မယ်အား မျက်လုံးပြူး၍ ကြည့်လိုက်မိလေသည်။

သက်ခြေမယ် တစ်ချက်ပြုံးကာ...

"အဲဒီနေရာကို သိတာ ဘွားဘွားပဲလေ၊ သူတို့ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



နေတာကို အခွင့်ကောင်းယူပြီး ဘွားဘွားက သိုင်းကျမ်းကို ယူထား လိုက်တာပေါ့၊ လုစင်းရန်ဟာ သူ့သိုင်းကျမ်းကို တစ်စုံတစ်ယောက်က ယူသွားတယ်ဆိုတာ သိလိုက်တယ်၊ ဒါပေမယ့် ဘယ်သူယူသွားတယ် ဆိုတာ သိမသွားဘူး။ အခုတော့ လုစင်းရန်လဲ မရှိတော့ဘူး ကွယ် လွန်သွားပါပြီ"

"ဒါပေမယ့် သူ့မြေး လုရှောင်ယုံဟာ သိုင်းကျမ်းခိုးသွားတဲ့ လူနောက်ကို လိုက်လံစုံစမ်းနေခဲ့တယ်"

ကြူးယွင် အံ့သြသွားသည်။

"လုရှောင်ယုံဟာ ပညာရှိ လုစင်းရန်ရဲ့မြေး ဟုတ်လား ဘွားဘွား"

သက်ခြွေမယ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် လုစင်းရန်ဟာ သူ့ရဲ့သိုင်းပညာတွေကို အမွေ ပေးခဲ့တဲ့အပြင် အရိပ်အယောင် သိုင်းကျမ်းအကြောင်းကို လုရှောင်ယုံက သိနေပုံရတယ်၊ သူ့လို သိုင်းထူးချွန်မျိုး အသုံးပြုနိုင်ခဲ့ရင် အရိပ်အ ယောင် သိုင်းကျမ်း ခိုးယူသူ ဖြစ်လိမ့်မယ်လို့ သူယူဆထားပုံရတယ်"

"ဪ..လက်စသတ်တော့ လုရှောင်ယုံဟာ သိုင်းကျမ်း နောက် ခြေရာခံတဲ့လူ ဖြစ်နေတာကိုး"

ကြူးယွင် တီးတိုးရေရွတ်လိုက်သည်။

သက်ခြွေမယ်က...

"အဲဒါကြောင့် လုစင်းရန် မျိုးဆက် ဖြစ်နေတဲ့ လုရှောင်ယုံ ဟာ အခုအခြေအနေမှာ ငါ့မြေးကို အကူအညီပေးခဲ့တာ မှန်ပေမယ့်



တစ်နေ့မှာ ဘွားဘွားတို့ရဲ့ အကြီးမားဆုံး ရန်သူတော် ဖြစ်လာနိုင် တယ်လေ၊ ဒါကြောင့်လဲ ဘွားဘွားက ငါ့မြေးကို လုရှောင်ယုံနဲ့ ပေါင်း သင်းရဘူးလို့ အတန်တန် သတိပေးခဲ့ရတာပဲပေါ့ကွယ်"

သက်ခြွေမယ်က ကြူးယွင်အား မခြွင်းမချန် ရှင်းလင်းပြော ပြလိုက်ပြီးနောက် အပြင်ဘက် ဆီးနှင်းပွင့်များ လွင့်ပျော့နေသည်ကို ငေးကြည့်နေ၏။

ထို့နောက်...

တောင်ဝှေးကို ကောက်ကိုင်ကာ အပြင်ဘက် ဆီးနှင်းများ တဖွဲဖွဲ ကြွေလင့်နေသည့်ကြားသို့ တောင်ဝှေးကို ထောက်ကာ တလှုပ် လှုပ် လျှောက်လှမ်း၍ သွားလေသည်။

ကြူးယွင်မှာ ကြည့်နေရင်းမှာပင် တဖြည်းဖြည်း မှုန်ဝါး ကာ ပျောက်ကွယ်၍ သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သက်ခြွေမယ်က သူမသည် ပညာရှိ လုစင်းရန်ထံမှ သိုင်းထုံးကို သေသေအောင် ခိုးယူခဲ့ကြောင်း ဖွင့်ဟဝန်ခံပြောခဲ့သည့်အတွက် ကြူးယွင်မှာ မိမိ၏မွေးစားမိခင်လည်းဖြစ်၊ ဆရာသမားဆိုလည်းဖြစ်သော သက်ခြွေမယ်အပေါ် အပြစ်ဆိုရန် ခက်နေပါတော့သည်။

"အင်း။ တကယ်တမ်းဆိုရင် ငါ အခုတတ်ထားတဲ့ သိုင်းပညာတွေဟာ အရိုင်အယောင် သိုင်းကျမ်းထဲက ဆန်းကြယ်လှတဲ့ သိုင်းကွက်တွေပဲ မဟုတ်လား။ သိုင်းလောကမှာ သူများထက် မှာ တစ်ချက်သာမှ တည်မြဲနိုင်မှာ ဘွားဘွားမှာ အပြစ်မရှိပါဘူး"

ကြူးယွင်သည် ဆရာဖြစ်သူအပေါ် အမြင်ရှင်း၍ သွားလေသည်။

"ဘွားဘွားဟာ မဟုတ်တာတစ်ခုကို လုပ်ထားပြီး သူ မဟုတ်တာ မလုပ်ပါဘူးလို့ လိမ်ညာပြောနေတာမှ မဟုတ်ဘဲ အမှားကို ဝန်ခံရဲတဲ့ လူတစ်ယောက်ပဲ၊ ဘွားဘွားကို ငါအပြစ်မယူသင့်ပါဘူး"

ဟုလည်း ကြူးယွင် အတွေးရောက်လိုက်မိ၏။

သို့သော်...

သက်ခြွေမယ် ပြောပြသော အကြောင်းအရာတွင် ကြူးယွင် မရှင်းသော အချက်တစ်ချက် ပါဝင်နေပြန်သည်။

လုရှောင်ယုံသည် လူကောင်းလား လူဆိုးလားဟူသော အချက်ပင် ဖြစ်သည်။

ယခုပုံအတိုင်းဆိုလျှင်ကား လုရှောင်ယုံသည် ရွှေကျားဂေဟာ၏အရှင်သခင် မုကျားနန်နှင့် နန်းဖိန်တို့လူစု၏ဘက်တော်သား



ဖြစ်နေသည်။

သူတို့အားလုံးသည်ကား ဒုစရိုက်လောကသားများဟူပင် မှတ်ယူရမည် ဖြစ်သည်။

မုကျားနန်ကဲ့သို့သော လောဘသားတစ်ဦးထံသို့ လုစင်းရန်၏မျိုးဆက်က အဘယ်ကြောင့် ရောက်ရှိနေရပါသနည်း။

လုစင်းရန်သည် သမာသမတ်ရှိသော ပုဂ္ဂိုလ်တစ်ဦးပင် မဟုတ်ပါလား။

ဤသည်မှာ ကြူးယွင်အဖို့ အဖြေမထုတ်နိုင်သော ပုစ္ဆာတစ်ခုပင် ဖြစ်နေသည်။

"လုရှောင်ယုံဟာ ရွှေကျားဂေဟာအဖွဲ့ဝင်ပဲထားဦး။ သူဟာ ဘာကြောင့် အဖွဲ့က မကြိုက်တာ၊ အဖွဲ့ကို ဆန့်ကျင်တာတွေ လုပ်ရတာလဲ၊ ဘယ်လိုရည်ရွယ်ချက်များ ရှိနေလို့လဲ"

သူမ အမျိုးမျိုး တွေးကြည့်သည်။

အတွေးများသော ရှုပ်ထွေးသွားသည်။

အဖြေကား ပေါ်မလာပါချေ။

ထိုကြားထဲ အဖြူရောင်ဝတ်လူရွယ်က ပေါ်ထွက်လာပြန်သည်။

ထိုလူရွယ်ကရော မည်ကဲ့သို့ လူစားမျိုး ဖြစ်နေပါသနည်း။

ကြူးယွင်၏အတွေးအာရုံကို လွှမ်းမိုးသွားပြန်၏။

ထိုလူရွယ်အား လုရှောင်ယုံဟု အတွေးရောက်လိုက်မိသည်။

ထိုသို့သော အတွေးစိတ်ကူးမျိုး ကြူးယွင်၏အတွေးအာရုံ

www.burmeseclassic.com

www.burmeseclassic.com



ထဲ ရောက်လာရသည်မှာ အကြောင်းမဲ့သက်သက် မဟုတ်ပါချေ။

အကြောင်းမှာ...

လုရှောင်ယုံဆိုသော လူရွယ်နှင့် ဝတ်စုံဖြူမြင်းဖြူကြီးနှင့် လူရွယ်တို့သည် တစ်ယောက်နှင့်တစ်ယောက် အလွန်တူ၍ နေသည်။

သို့သော်...

ဝတ်စုံဖြူလူရွယ်နှင့် လုရှောင်ယုံတို့မှာ တစ်ယောက်တည်း မဖြစ်နိုင်ဆိုသော အချက်တစ်ခုရှိ၏။

၎င်းမှာ လုရှောင်ယုံ၏မျက်လုံးအိမ်အောက်တွင် အကြည့်ရဆိုးသော မှဲ့နက်ကြီးက ရှိနေပေသည်။

လုရှောင်ယုံသည် တစ်ယောက်၊ ဝတ်စုံဖြူလူရွယ်သည်ကား အခြားတစ်ယောက်ဖြစ်လျှင် ကြူးယွင်အဖို့ ပို၍ သဘောကျစရာ ဖြစ်သည်။

အကြောင်းမူကား လုရှောင်ယုံပဲ ဖြစ်သည်ဆိုပါမူ သူ့ကို လူကောင်းတစ်ယောက် ဖြစ်သည်။

ဒုစရိုက်သိုင်းလောကသား တစ်ယောက် မဟုတ်ဟု ဆိုနိုင်သည်။

ကြူးယွင်၏ ဦးခေါင်းထဲ ဝတ်စုံဖြူလူရွယ်၏ မြင်းဖြူ အကြောင်း ပေါ်လာသည်။

"သူက မြင်းဖြူကြီးကို ငါ့ကိုပေးခဲ့တာလား။ မြင်းတစ်ကောင်ရဲ့တန်ဖိုးထက် ဒီနေရာမှာ အသုံးဝင် မဝင်က ပိုအရေးကြီးတာပဲ"



"ငါက သူ့မြင်းကို လုချင်လို့ တောင်းတာမှ မဟုတ်တာ ခဏလောက် စီးကြည့်ချင်လို့ ခဏတဖြုတ် ငှားခဲ့တာပဲ၊ ဒါကို သူ မကျေနပ်လို့လား"

"သူက ငါ့အလာကို မစောင့်ဘဲ ထွက်သွားတာ သူ့မှာ အရေးကြီးတဲ့ အကြောင်းကိစ္စ တစ်ခုခု ရှိလို့ ထွက်သွားတာများလား"

ကြူးယွင်မှာ ခေါင်းရှုပ်လာသည့် နောက်ဆုံး သက်ပြင်းတစ်ချက်ကိုသာ လေးပင်စွာ ချလိုက်မိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



7

မကျော့ဖွဲ့

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းဖြူတစ်ကောင်သည် တောလမ်းအတိုင်း ခုန်းစိုင်းနှင် လာသည်။

မြင်း၏ကျောပေါ်ဝယ် ချောမောလှပသော မိန်းကလေး တစ်ဦး လိုက်ပါလာ၏။

ထိုမိန်းကလေးကား ကြူးယွင်ပင် ဖြစ်သည်။

ကြူးယွင်သည် ဆရာဖြစ်သူထံတွင် ဆယ်ရက်မျှ နေထိုင်ပြီး နောက် ပြည်မသို့ ပြန်လာခဲ့ခြင်းပင် ဖြစ်သည်။



သူမသည် အိမ်သို့ တစ်ခေါက်ပြန်ရန် ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူမ မြင်းကို အသားကျစီးလာရင်း တောလမ်းတစ်နေရာ သို့ အရောက်တွင်...

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ သစ်ပင်ကြီးတစ်ပင် သည် ကန့်လန့်ဖြတ် ပြိုလဲကျလာလေသည်။

"ယေား"

ကြူးယွင်က မြင်းကို အော်ငေါက်ကာ ကမ္ဘာကယာ ရပ်တန့် လိုက်၏။

မရပ်၍လည်း မဖြစ်ပါ။

သစ်ပင်မှာ လမ်းအား ပိတ်ဆို့ထားလိုက်သည် မဟုတ်ပါ လား။

ကြူးယွင်၏မျက်လုံးအစုံ စူးရှတောက်ပြောင်သွားလေ သည်။

အန္တရာယ်၏အငွေ့အသက်ကိုလည်း ခံစားမိလိုက်သည်။

သစ်ပင်မှာ သွေးရိုးသားရိုး ပြိုလဲကျသွားခြင်းမျိုး မဟုတ်ပါ ချေ။

အကြောင်းမှာ...

သစ်ပင်အရင်းသည် တစ်စုံတစ်ယောက်က ခုတ်လှဲသည့် ဟန်မျိုး တိတိရိရိ ပြတ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် ငြိမ်သက်စွာနေရင်း ပတ်ဝန်းကျင်အား အာ [illegible]

ပတ်ဝန်းကျင်တစ်ခုလုံး ထူးခြားစွာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကြူးယွင် နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်မိသည်။

သူမ၏လက်ကလည်း ဓားရိုးကို အသာအယာဆုပ်ကိုင်ထားလိုက်မိသည်။

ထိုအခိုက်မှာပင်…

"ဝှစ်…ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာသည်။

ဝင်းလက်သော အလင်းရောင်တန်းများသည် ကြူးယွင်ထံ နေရာအနှံ့မှ တိုးဝင်လာလေသည်။

ကြူးယွင်၏ဓားကိုင်လက် ဆတ်ခနဲ လှုပ်ရှားသွား၏။

"ချွင်…ချွင်"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ဝင်းလက်သော အရာဝတ္ထုများ ပျောက်ကွယ်သွား၏။

မြေပေါ်တွင်ကား လက်နက်ပုန်းများ ပြန့်ကျဲကျရောက်နေသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ကြူးယွင်က မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

သူမ၏ခြေထောက်အစုံ မြေပေါ်ကျရောက်သွားပြီးလျှင်…

"ရှင်တို့ထွက်လာခဲ့ရင် ကောင်းမယ်"



ဟု ကျယ်လောင်စွာ ပြောလိုက်သည်။

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင်…

"ဟား…ဟား…ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရယ်မောသံနှင့်အတူ လူသုံးယောက် သစ်ပင်ချုံနွယ်များ နောက်ကွယ်မှ လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

လူသုံးယောက် လှမ်းထွက်လာသည်။

ထိုလူသုံးယောက်သည် ကြူးယွင်နှင့် မျက်နှာချင်းဆိုင်တွင် ရပ်တန့်လိုက်သည်။

ထိုလူသုံးယောက်အနက်မှ နှစ်ယောက်ကို မြင်လျှင် ကြူးယွင် မျက်မှောင်ကုပ်သွားမိသည်။

ထိုလူနှစ်ယောက်အား သူမက ကောင်းစွာ သိထားပေသည်။

အကြောင်းမှာ…

ယင်းလူနှစ်ယောက်ကား သူမဖခင်၏မွေးနေ့အား အနှောင့်အယှက်ပေးခဲ့သည့် သွေးကျာပွတ်ဝူးဖိန်နှင့် သစ်နက်မယ်တို့ပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရေးသားကြောင့်ပင်...

သူတို့နှင့်အတူ ပါလာသူမှာ ခန္ဓာကိုယ်အလွန်ထွားကြိုင်း သန်မာပြီး ဆံပင်များ ပွယောင်းကာ မြွေသိုကြီးတစ်ကောင်နှင့် တူသူပင် ဖြစ်သည်။

ကြူးယွင်က ဝူးဖိန်တို့အား ပြုံးပြလိုက်သည်။

"ရှင်တို့က မမှတ်သေးလို့ ကျွန်မကို တွေ့ရဲသေးတာပေါ့ ဟုတ်လား"

သူမ၏စကားကြောင့် ဝူးဖိန် မျက်နှာကွက်ခနဲ ပျက်သွားသည်။

သစ်နက်မယ်၏မျက်နှာလည်း နီမြန်းသွားသည်။

သူမက လူသန်ကြီးဘက်လှည့်ကာ...

"အစ်ကိုကြီး ကျွန်မတို့ကို လူကြားထဲ စော်ကားအရှက်ခွဲခဲ့တာ သူပေါ့"

ဟု တိုင်တန်းလိုက်သည်။

ထိုလူသန်ကြီးကား မြောက်ပိုင်းတောင်တန်းဒေသတွင် နာမည်ကြီးနေသော 'မြွေသိုကြီးထိန်ဝမ်း'ပင် ဖြစ်သည်။

ဝူးဖိန်နှင့် သစ်နက်မယ်တို့သည် ကြူးယွင် လက်ချက်ဖြင့် ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာများကို ထိန်ဝမ်းထံတွင် သွားရောက်ကုသခဲ့သည်။

ထိန်ဝမ်းသည် ဝူးဖိန်တို့၏မိတ်ဆွေရင်းချာတစ်ဦးပင် ဖြစ်သည်။



တော်ရုံကိစ္စမရှိဘဲ ပြည်မသို့ ဆင်းမလာတတ်ပေ။

ဝူးဖိန်တို့သည် ငယ်ရွယ်သော မိန်းကလေးတစ်ယောက်အား ရှုံးနိမ့်လာကြောင်း သိရလျှင် အံ့ဩမိသည်ကတစ်ကြောင်း၊ မပြင်းမိသည်ကတစ်ကြောင်း။

ထို့အပြင်...

ကြူးယွင်၏ သိုင်းပညာကို လေ့လာလိုသည်က တစ်ကြောင်းဖြင့် မြောက်ပိုင်းတောင်တန်းဒေသအား စွန့်ခွာ၍ ပြည်မသို့ ခြေဆန့်လာခြင်း ဖြစ်သည်။

ထိန်ဝမ်းသည် ကြူးယွင်အား မမှိတ်မသုန် အကဲခတ်ကြည့်နေသည်။

ထို့နောက်...

သဘောကျဟန်ဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ...

"အင်း.. အသက်ငယ်ငယ်လေးနဲ့ မင်းတို့ကို အနိုင်ရခဲ့တယ်ဆိုတော့ ချီးကျူးစရာပဲ၊ ဒါပေမယ့် တကယ်ကော အစွမ်းအစရှိရဲ့လားဆိုတာတော့ သိချင်မိသေးတယ်"

မထိတထိ ပြောလာသည်။

ဝူးဖိန်တို့သည် အားကိုးရှိ၍ ယခုလို သူမနှင့် ရင်ဆိုင်တွေ့ခြင်း ဖြစ်ကြောင်း ကြူးယွင် နားလည်လိုက်သည်။

သူမ နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

ထိန်ဝမ်းအား စိုက်ကြည့်ကာ...

"ရှင်လဲ အရှက်မကွဲချင်ရင် ဒီနေရာက ထွက်သွားတော

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ဖြစ်မယ်"

ဟု ပြောလိုက်သည်။

"ဘာ"

ထိန်ဝမ်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဒေါသကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ဝူးဖိန်က...

"အစ်ကိုကြီး။ သူက အပြောကြီးတယ်၊ အစ်ကိုကြီးကိုလဲ မရိုမသေ ဆက်ဆံတယ်၊ သူ့ကို မှတ်လောက်အောင် ဆုံးမပစ်လိုက်စမ်းပါ"

ဟု မြှောက်ပေးလိုက်သည်။

ကြူးယွင် နှာခေါင်းရှုံ့လိုက်သည်။

"သတ္တိရှိရင် ရှင်တို့လာပါလား။ ဘာကြောင့် သူများကို မြှောက်ပေးနေတာလဲ"

ဝူးဖိန် ငြိမ်ကျသွားသည်။

ထိန်ဝမ်းက ရှေ့သို့ လှမ်းထွက်လာသည်။

တစ်ဖန်...

ကြူးယွင်အား စူးရဲစွာ စိုက်ကြည့်ကာ...

"မိန်းကလေး။ ကျုပ်က မင်းရဲ့သိုင်းပညာ ဘယ်လောက် ထက်မြက်တယ်ဆိုတာ သိချင်ပါတယ်"

ဟု စိန်ခေါ်လာသည်။

ကြူးယွင် ပခုံးတွန့်လိုက်၏။



"ကျွန်မတို့က ရန်ငြိုးမှမရှိဘဲ"

ထိန်ဝမ်းက...

"အခုတစ်ခေါက် ကျုပ် သိုင်းလောကထဲ ဆင်းလာတာ ကျုပ်ရဲ့ ခြင်္သေ့သိုင်းပညာအစွမ်းကို သိချင်လို့ပါ။ ဒီတော့ မိန်းကလေးနဲ့ အရင်ဆုံး ယှဉ်ပြိုင်ချင်တယ်၊ အကယ်၍ ကျုပ်ရှုံးသွားခဲ့ရင် မြောက်ပိုင်းတောင်တန်းဒေသမှာပဲ နေတော့မယ်၊ သိုင်းလောကကို ဆင်းမလာတော့ဘူး"

သူက ဝူးဖိန်နှင့် သစ်နက်မယ်တို့အား ညွှန်ပြကာ ဆက်လက်ပြောကြားလိုက်သည်။

"နောက်နောင် သူတို့လဲ မင်းကို ဘယ်တော့မှ မနှောင့်ယှက်စေရဘူး"

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ရှင်က ဒီလောက် စိတ်အားထက်သန်နေမှတော့ ရှင့်ရဲ့စိန်ခေါ်မှုကို ကျွန်မလက်ခံလိုက်ပါ့မယ်"

ထိန်ဝမ်း သဘောကျသွားသည်။

ဝူးဖိန်နှင့် သစ်နက်မယ်အား မျက်ရိပ်ပြကာ...

"မင်းတို့ နောက်ဆုတ်ကြစမ်း"

ဟု ပြောလိုက်သည်။

ဝူးဖိန်နှင့် သစ်နက်မယ် ချက်ချင်းဆိုသလို နောက်ဆုတ်သွားကြလေသည်။

ထိန်ဝမ်းနှင့် ကြူးယွင်တို့ မျက်နှာချင်းဆိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်က...

"မှင် အချင်စတိုက်ပါ"

ဟု ပြောလိုက်သည်။

ထိန်ဝမ်း အောင့်သက်သက် ဖြစ်သွားသည်။

သို့သော် ဘာစကားမျှ မပြောတော့ပါ။

သူ၏လက်နက် ဖြစ်သော သံလက်သည်းရှည်များ ထုတ်ယူ တပ်ဆင်ကာ...

"သတိထား"

အော်ဟစ်သတိပေးပြီး စတင်တိုက်ခိုက်လိုက်လေတော့ သည်။

* * *

တောလမ်းအတွင်း ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ် ပေါက်လာသည်။

ထိန်ဝမ်း၏ခြသေ့်လက်သည်းသိုင်းပညာမှာ တကယ်ပင် အစွမ်းထက်လှပေသည်။

အလှည့်အပြောင်း ပရိယာယ်များလှကာ အလွန်ပင် ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ကြူးယွင် သတိထားကာ ခုခံတိုက်ခိုက်နေရသည်။

ထိန်ဝမ်း၏တိုက်ခိုက်မှုမှာ တဖြည်းဖြည်းနှင့် မုန်တိုင်းတိုက်



သကဲ့သို့ ပြင်းထန်လာသည်။

ရပ်ကြည့်နေသော ဝူးဖိန်နှင့် သစ်နက်မယ်တို့မှာ ဝမ်းသာ နေကြ၏။

ဤပုံအတိုင်းဆိုလျှင် မကြာမီ ကြူးယွင်တစ်ယောက် ရှုံးနိမ့် သွားမည်ဟု ထင်မှတ်လိုက်ကြသည်။

သို့သော် တကယ်တမ်းတွင် သူတို့၏အထင်နှင့်အမြင် ဟက်တက်စင်အောင် လွဲချော်သွားရလေသည်။

အကြောင်းမှာ...

ကြူးယွင်က သက်ခြွေမယ် သင်ကြားပေးခဲ့သော နောက် ဆုံးသိုင်းကွက်များကို ထုတ်ဖော်အသုံးပြုလိုက်သောကြောင့်ပင်။

ဝင်းလက်တောက်ပသော အလင်းရောင်တန်းများသည် မုန် တိုင်းသဖွယ် ရှိနေသော ထိန်ဝမ်းထံ တန်းတန်းမတ်မတ် တိုးဝင်သွား လေတော့သည်။

• မရှေးမနှောင်းမှာပင်...

"ချွမ်း...ချွမ်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာ၏။

ထို့အတူ တိုက်ပွဲလည်း ရုတ်ခြည်းရပ်တန့်သွားလေတော့ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိန်ဝမ်း ငူငူကြီး ရပ်နေသည်။

သူ၏ချက်နှာပေါ်ဝယ် မယုံကြည်နိုင်သော ဟန်မူရာများ အထင်းသားပေါ်လွင်နေ၏။

မြေပေါ်၌ သံလက်သည်းချွန်နှစ်ခု ကျနေ၏။

ထို့အတူ သူ၏လက်နှစ်ဖက်စလုံးတွင် ဒဏ်ရာရကာ သွေးများ စီးကျနေ၏။

သူကား ရှုံးနိမ့်သွားချေပြီ။

ကြူးယွင်က ဓားကိုဓားအိမ်ထဲ ပြန်လည်ထိုးသွင်းကာ ကျောခိုင်းလိုက်သည်။

ထိန်ဝမ်း ခေါင်းတစ်ချက်ခါယမ်းလိုက်၏။

ထို့နောက်...

"သွားကြမယ်"

ဝူးပိန်နှင့် သစ်နက်မယ်တို့အား ခေါ်ဆောင်ကာ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

* * *



## ပြန်လည်ဆုံဆည်းရာဝယ်

"ခွပ်ခွပ်...ခွပ်ခွပ်"

ကြူးယွင်သည် မြင်းကို မှန်မှန်စီး၍ မိမိရောက်ဖူးခဲ့သော စမ်းချောင်းကလေးသို့ ရောက်ရှိလာခဲ့လေသည်။

စမ်းချောင်းကလေးကား တသွင်သွင် စီးဆင်းနေ၏။

ရေစီးကြောင်း အကွေ့တဝိုက် အတွန့်အခေါက်နှင့် အောက်ခံကျောက်သား အဖုအထစ် နေရာတို့တွင် စမ်းရေသည် လှိုင်းခတ်သံကို ပေါ်ပေါက်၍ လာစေလေသည်။

ကြူးယွင်သည် တစ်နေရာသို့ အရောက် မြင်းကို ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးများက တွန်ကြူး၍ တောလမ်း၏အလှကို ဆင်နေကြ၏။

ထိုစဉ်…

လူတစ်ယောက်၏ ကဗျာရွတ်ဆိုသံ ပေါ်ထွက်လာလေသည်။

ဤသည်ကို ကြားလိုက်ရသောအခါ ကြူးယွင် ဝမ်းသာသွားလေသည်။

အကြောင်းမှာ…

ထိုအသံသည် ဝတ်စုံဖြူလူရွယ်၏အသံပင် ဖြစ်နေသည် မဟုတ်ပါလား။

ကဗျာရွတ်ဆိုသံ ကြားရပြီး လူကို မတွေ့ရ၍ ကြူးယွင် ဘဝင်မကျ ဖြစ်သွားကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သူမသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိပါ။

နောက်မှ သတိဝင်လာကာ…

"ဒီမှာ ရှင်က ဘာကြောင့် အတွေ့မခံတာလဲ၊ ကျွန်မက ရှင့်ကို သတိရလို့ ဒီနေရာကို ရောက်လာတာပါ။ ကျွန်မ ငှားသွားတဲ့ မြင်းလဲ ရှင့်လက်ထဲ ပြန်အပ်ရဦးမယ် မဟုတ်လား"

ဟု အော်ပြောလိုက်သည်။

ကဗျာရွတ်သံ တိတ်ဆိတ်သွားပြီး ရုတ်တရက်…

"ကျုပ် ဒီမှာပါ။ ကျုပ်ကလဲ မင်းကိုတွေ့ချင်နေတာပါ။ ကျုပ်မြင်းဆုံးရှုံးသွားမှာစိုးလို့ တွေ့ချင်တာမျိုးတော့ မဟုတ်ပါဘူး"



ဟု ပြောလာတော့မှ အသံလာရာသို့ ကြူးယွင်လှည့်၍ ကြည့်လိုက်လေရာ အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်သည် စမ်းချောင်း၏တစ်ဖက်မှ လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

လူရွယ်သည် ကြူးယွင် ရှေ့သို့ရောက်လျှင် ရပ်လိုက်ပြီး စေ့စေ့ကြည့်လာလေသည်။

ကြူးယွင် အနည်းငယ် ရှက်ရွံ့သွားသည်။

သူမက သက်ပြင်းတစ်ချက် မသိမသာချကာ…

"ရှင့်မြင်းကို ကျွန်မငှားပြီး ပြန်မပေးခဲ့တာ မဟုတ်ပါဘူး။ ကျွန်မ ဒီနေရာကို ပြန်ရောက်လာတဲ့အချိန် ရှင်မရှိတော့လို့ပါ။ အခု လဲ ဒီနယ်ဘက် အဖြတ်မှာ ရှင်နဲ့တွေ့ရမလားလို့ ဒီဘက်လမ်းက လာခဲ့တာပါ"

ဟု ရှင်းလင်းပြောပြလိုက်၏။

လူရွယ်က ပြုံးစစနှင့်…

"ကျုပ်မြင်းကို မင်းငှားသွားပြီး ပြန်လာမပို့ဘူးလို့ မပြောသေးဘူးနော်၊ အဲဒါ ကျုပ်အပြစ်ပါ၊ မင်းမြင်းငှားတုန်းက ဘယ်အချိန်ပြန်လာပို့လို့ ကျုပ် မပြောမိဘူးလေ"

ကြူးယွင်ကလည်း…

"ကျွန်မကလဲ ဘယ်လောက်ကြာမယ်ဆိုတာ မပြောမိခဲ့ဘူး"

"ဖြစ်တတ်ပါတယ်၊ ထားပါတော့လေ၊ ကျုပ်က ဒီမြင်းကို

www.burmeseclassic.com



လက်ဆောင်အဖြစ် မင်းကို ပေးလိုက်ပါပြီ၊ ခြေလျင်ခရီးဆက်ဖို့ မိန်းကလေးတစ်ယောက်အနေနဲ့လဲ မသင့်လျော်ပါဘူး"

"ကျွန်မက ဘာကိုမှမမှုလို့ ဒီခရီးလမ်းကို လာခဲ့တာ"

"မင်းရဲ့ သိုင်းပညာ မခေမှန်း ကျုပ်သိထားပါတယ်၊ ဒါပေမယ့် အန္တရာယ်ဆိုတာ အချိန်မရွေး ကျရောက်တတ်တယ် မဟုတ်လား"

"အခုလို သတိပေးစကားဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါထက် ရှင့်ရဲ့မြင်း လက်ဆောင်ပေးရလောက်အောင် ရှင်နဲ့ ကျွန်မက နာမည်တောင် သိကြတာ မဟုတ်ဘူး"

လူရွယ် ပန်းတွန့်လိုက်၏။

"အမည်နာမက အဓိကမဟုတ်ပါဘူး။ ပြီးတော့ ကျုပ်တို့ ဆုံတွေ့တာလဲ ပထမဦးဆုံးမှ မဟုတ်တာ"

လူရွယ်က ပြောရင်း သဘောကျဟန်ဖြင့် ရယ်လိုက်၏။

သူမသည် လူရွယ်အား အတိုက်အခံသဘော ပြောမည့်သာ ပြောနေသည်။

ယခုလို ပြောနေရသည်ကိုပဲ သူ့မှာ ဘာရယ်မသိ ကြည်နူးပြုံးပျော်မိလျက်သား ဖြစ်၍နေသည်။

"ရှင်က စကားကြွယ်သားပဲ"

"မင်းထင်လို့ပါ၊ ကျုပ်က စကားပြောရမှာ အလွန်ဝန်လေးတတ်တဲ့လူပါ"

ကြူးယွင် ပန်းတွန့်လိုက်သည်။



"ကျွန်မနဲ့ တွေ့မှ စကားကြွယ်ရတယ်ဆိုတဲ့ သဘောလား"

"ဒါလဲ ဖြစ်နိုင်ပါတယ်"

သူက ကြူးယွင်အား တစ်ချက်အကဲခတ်ကြည့်ကာ တွေးတွေးဆဆဖြင့် ပြောလာသည်။

"မင်းနာမည်ကို ကျုပ် မသိပေမယ့် သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ကြူးဂေဟာသခင်မလေးဟာ မင်းပဲ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်ထားပါတယ်၊ ကျုပ်အတွေး မှန်တယ် မဟုတ်လား"

ကြူးယွင် ပြုံးလိုက်သည်။

"ရှင်က လူကဲခတ်တော်သားပဲ"

လူရွယ်က...

"သိုင်းလောကထဲ လှည့်လည်နေတဲ့မင်းဟာ တော်ရုံလူ မဖြစ်နိုင်ဘူးလေ"

"ကျွန်မလဲ ရှင့်ကို မြင်ဖူးထားတယ်၊ နာမည်ကိုလဲ သိထားတယ်ဆိုရင် ယုံမလား"

"ပြောစမ်းပါဦး"

"ရှင်ဟာ ချွေကျားဂေဟာက မုကျားနန်တို့ရဲ့ ဘက်တော်သားတစ်ယောက် ဖြစ်တဲ့ လုရှောင်ယုံ မဟုတ်လား"

ထိုစကားကြားသောအခါ လူရွယ်၏မျက်နှာ ကွက်ခနဲ ဖျော့သွားလေသည်။

လူရွယ် မချိပြုံးပြုံးကာ...

"မင်းလဲ လူကဲခတ် မညံ့လှပါဘူး၊ ဒါပေမယ့် အဲဒီ လုရှောင်

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုတဲ့လူမှာ မှဲ့ပါတယ် မဟုတ်လား"

"ကျွန်တော်ယင်ယင်တုန်းကလဲ မှဲ့အတု တပ်ခဲ့ဖူးပါတယ်"

"လုရှောင်ယုံရဲ့မှဲ့ဟာ အတုတပ်ထားတယ်လို့ ပြောချင်တာလား"

"ကျွန်မဆိုလိုလိုတဲ့ အဓိပ္ပါယ် ရှင်းသိပါတယ်"

လူရွယ် သက်ပြင်းချလိုက်၏။

"ဟုတ်ပါတယ်၊ မင်းထင်တာ မမှားပါဘူး။ ကျုပ်က 'သစ္စာဖောက်လုရှောင်ယုံ'ပါ"

ထိုစကားကြားလျှင် ကြူးယွင် မျက်နှာပျက်သွား၏။

လူရွယ်သည် သူမနှင့် ဆရာဖြစ်သူတို့၏ ရန်သူသဖွယ် ဖြစ်လာမည့်သူ မဟုတ်ပါလော။

* * *



## နောက်ကြောင်းရာဇဝင်

ကြူးယွင်၏ တကိုယ်လုံး တောင့်တင်းသွားသည်။

လုရှောင်ယုံ၏စကားက သူမအား စိုးရိမ်ပူပန်သွားစေခြင်း ဖြစ်သည်။

သူမသည် လုရှောင်ယုံနှင့် ပတ်သက်ပြီး သိသယ ရှိခဲ့သည်။

ယခုတော့...

လုရှောင်ယုံကိုယ်တိုင် ဖွင့်ဟဝန်ခံလာပြီ ဖြစ်လေသည်။

ကြူးယွင်က လုရှောင်ယုံအား စိုက်ကြည့်လိုက်ပြီး...

"ရှင်...ရှင်ဟာ လုရှောင်ယုံဆိုတာ အမှန်ပဲလား"

ဟု ပို၍ သေချာသွားအောင် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ယုံ ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်၊ ကျုပ်ဟာ လုရှောင်ယုံပါ၊ ဒါပေမယ့် ရွှေကျားဂေဟာက လူတစ်ယောက်တော့ မဟုတ်ပါဘူး"

ညည်းသို့ဆိုစေ...

ကြူးယွင်သည် လုရှောင်ယုံအား သတိထားနေလိုက်ပြီ ဖြစ်သည်။

မသိမသာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

လုရှောင်ယုံ တိုက်ခိုက်လာပါက ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

လုရှောင်ယုံက ကြူးယွင်၏အခြေအနေကို ကြည့်ကာ တစ်ချက်ပြုံးလိုက်လေသည်။

ကြူးယွင်မှာ အဖြစ်မှန်ကို မသိသေးခြင်းကြောင့် သူ့အား စိတ်မချနိုင်ဘဲ ဖြစ်သွားကြောင်းလည်း နားလည်လိုက်လေသည်။

ကြူးယွင်အား လုံးဝရန်ပြုမည် မဟုတ်သည့် သဘောဖြင့် လက်နှစ်ဘက် နောက်ပစ်ကာ သက်တောင့်သက်သာ ရပ်နေလိုက်လေသည်။

ကြူးယွင်က အတန်ကြာ အကဲခတ်ပြီးမှ...

"ရှင်ဟာ လုရှောင်ယုံဆိုတော့ ပညာရှိလုစင်းရန်နဲ့ ပတ်သက်နေမှာပေါ့"

ဟု မေးလိုက်လေသည်။

လုရှောင်ယုံ ဝန်ခံလိုက်ပြန်သည်။



"ဟုတ်ပါတယ်"

"ရှင်..ရှင်"

"ကျုပ်ဟာ ပညာရှိလုစင်းရန်ရဲ့မြေး ဖြစ်ပါတယ်၊ ကျုပ်အဘိုးရဲ့မှတ်တမ်းကြောင့်လည်း ကျုပ်ဟာ အခုလို အခြေအနေမျိုး ဖြစ်လာခဲ့တာပါ"

ကြူးယွင်သည် လုရှောင်ယုံကို ကြည့်ရင်း စိတ်ထဲရှုပ်ထွေးနေပါတော့သည်။

သူမ ဝမ်းသာဝမ်းနည်း ဖြစ်နေသည်။

ဝမ်းသာမိသည်ကား သူမအား ကူညီခဲ့သည့် လုရှောင်ယုံနှင့် ပြန်လည်တွေ့ဆုံလိုက်ရခြင်းကြောင့် ဖြစ်သည်။

ဝမ်းနည်းမိသည်ကား သူမ၏မွေးစားအဘွား 'သက်ခြေတောင်ဝှေး' ဟုန်ရွှေကျုံး၏ရန်သူတော် ဖြစ်နေခြင်းကြောင့်ပင်။

လုရှောင်ယုံက...

"ကျုပ်က ရွှေကျားဂေဟာကို ရောက်ခဲ့တာ အရိုင်အယောင်သိုင်းကျမ်းကြောင့်ပါ၊ ကျုပ်အဘိုး မှာကြားခဲ့တဲ့စကားအတိုင်း လှုပ်ရှားဆောင်ရွက်နေခဲ့တာပါ"

ကြူးယွင်က...

"ရှင့်အဘိုးက ဘာများ မှာကြားသွားလို့လဲ"

လုရှောင်ယုံက...

"ရှင်းပါတယ်၊ အရိုင်အရောင်သိုင်းကျမ်းကို တွေ့အောင် ရှာပြီး ရအောင် ယူရမယ်လို့ မှာကြားသွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဘိုးဖြစ်သူ မှာကြားခဲ့သည့်အတိုင်း အရိပ်အယောင်သိုင်းကျမ်း နောက်သို့ သဲကြီးမဲကြီး လိုက်နေသူ ဖြစ်နေပါသည်။

လုရှောင်ယိုက...

"ကျုပ်အဘိုး ကွယ်လွန်သွားခဲ့ပေမယ့် အရိပ်အယောင်သိုင်းကျမ်းကြောင့် အသေဖြောင့်ရှာမယ်လို့ ကျုပ် မထင်ပါဘူးဗျာ"

သူ၏စကားသံ၌ ဝမ်းနည်းကြေကွဲသံများ စွက်နေ၏။

သူ၏ရင်ထဲ၌ ခံစားချက်များ ရှိနေကြောင်း ထင်ရှားနေ၏။

ကြူးယွင်က...

"ရှင့်အဘိုးက.."

"ကျုပ်အဘိုးဟာ အရိပ်အယောင်သိုင်းကျမ်းကြောင့် အကျဉ်းချခံရတဲ့အထိ ဒုက္ခရောက်ခဲ့ရတာပေါ့၊ သူ ဘယ်လို ခံစားခဲ့ရမယ်ဆိုတာ တွေးကြည့်ရင် သိနိုင်ပါတယ်လေ"

ကြူးယွင်က...

"ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ ကျွန်မက ရှင့်အဘိုး အကြောင်း ကောင်းကောင်းမသိခဲ့တော့.."

သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

လုရှောင်ယိုက...

"မင်းသိချင်ရင် ကျုပ်ပြောပါ့မယ်၊ ကျုပ်ရဲ့အဘိုးဟာ.."

သူ၏မျက်နှာ တည်ကြည်လေးနက်သွား၏။

သူ၏မျက်လုံးများ ရီဝေလာသည်။



အတိတ်က ဖြစ်ရပ်များကို မြင်ယောင်လာပုံရလေသည်။

သူ၏မှတ်ဉာဏ်များ တလှပ်လှပ် ဖြစ်လာပြီး အတိတ်က ဖြစ်ရပ်များကို ပြောပြလိုက်လေသည်။

ကြူးယွင်လည်း နားထောင်ရင်း သူမကိုယ်တိုင် အတိတ်ကာလသို့ လွင့်မျောရောက်ရှိသွားသည်ဟု ခံစားလိုက်ရလေတော့သည်။

အတိတ်...

အတိတ်ကာလမှ လူမသိ သူမသိ ဖြစ်ရပ်တစ်ခု ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ဈေး...။

မြို့လယ်ဈေးမှာ နံနက်မိုးစင်စင်လင်းချိန်မှစပြီး ညနေဝင်မိုးချုပ်သွားသည်အထိ စည်ကားနေတတ်သောဈေး ဖြစ်သည်။

စီးပွားရေးအကွက်ဖြစ်သော မြို့လယ်ဈေးအနီး၌ 'လုရှမ်း' က မြေတစ်ကွက်ကို ဝယ်ယူကာ ကုန်စုံဆိုင်ဖွင့်ခဲ့လေသည်။

လုရှမ်း၏ဖော်ရွေမှု၊ ရောင်းချသော ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှု၊ ဈေးနှုန်းချိုသာမှုတို့ကြောင့် မကြာမီ ဖောက်သည်များရရှိလာကာ ဈေးရောင်းကောင်းပြီး စီးပွားတက်လာခဲ့တော့သည်။

လုရှမ်းကို မသိသူ မရှိသလောက် ဖြစ်လာသကဲ့သို့ 'လုရှမ်း' ၏သား လုရှောင်ယုံမှာလည်း လိမ္မာရေးခြားရှိသော ကလေးငယ်တစ်ယောက် ဖြစ်ရကား အများက ချစ်ခင်ခဲ့ကြလေသည်။

ထူးခြားသည်ကား လုရှောင်ယုံမှာ ဈေးရောင်းဈေးဝယ်ကိစ္စများကို လုံးဝစိတ်မဝင်စားခြင်း ဖြစ်လေသည်။

လုရှောင်ယုံ စိတ်ဝင်စားသည်မှာ...

မိုးချုပ်တော့မည် ဖြစ်သည်။

လုရှမ်းက ဈေးဆိုင်ကို ပိတ်လိုက်သည်။

အလုပ်သမားများအား တစ်နေ့တာ လုပ်အားခ ငွေရှင်းပေးပြီး ပြန်လွှတ်လိုက်သည်။

လမ်းပေါ်၌လည်း လူသွားလူလာ ကျဲသွားသကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်သွား၏။



လုရှမ်းသည် တစ်နေ့လုံး အလုပ်များနေခဲ့သဖြင့် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သည်။

သို့သော် အနားမယူနိုင်သေးပါ။

သားဖြစ်သူ လုရှောင်ယုံကို မတွေ့ရခြင်းကြောင့် ဖြစ်သည်။

"သည်ကောင်လေး ထိုက်ကျိကျောင်းက ပြန်မလာသေးဘူးထင်ပါရဲ့"

ဆိုင်ကို ကြည့်ထားရန် ဆိုင်စောင့်ကို မှာကြားပြီး မြို့အရှေ့ဘက်ပိုင်းသို့ ထွက်လာခဲ့လေသည်။

မြို့အရှေ့ပိုင်း၌ ထိုက်ကျိဂိုဏ်း၏ပညာများ သင်ကြားပေးသော သိုင်းကျောင်းတစ်ခု ရှိလေသည်။

ထိုက်ကျိပညာမှာ အစွမ်းထက်သော ပညာဖြစ်၍ သိုင်းပညာ ဝါသနာပါသူ အများအပြား တက်ရောက်သင်ကြားကြလေသည်။

လုရှောင်ယုံက ဈေးသည်တစ်ဦး၏သား ဖြစ်သော်လည်း ဈေးရောင်းဈေးဝယ် ဝါသနာမပါဘဲ သိုင်းပညာ ဝါသနာပါနေသည်မှာ ထူးခြားနေပါတော့သည်။

လုရှောင်ယုံက ပူဆာသဖြင့် လုရှမ်း မတတ်သာဘဲ သားဖြစ်သူကို ထိုက်ကျိသိုင်းကျောင်းကို ပို့ပေးခဲ့ရလေသည်။

ထိုက်ကျိကျောင်းမှ တာဝန်ခံဆရာက လုရှမ်း၏ငွေကြေးအင်အားကြောင့် လက်ခံလိုက်ရသော်လည်း လုရှောင်ယုံမှာ ငယ်လွန်းသေးသဖြင့် တကယ် တိုက်ခိုက်ရေးပညာရပ်များကို သင်ကြားမပေးသေး

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကျွန်းမာရေးဆိုင်ရာပညာကိုသာ သင်ပေးခဲ့လေသည်။

ညောင်သို့ဆိုစေ...

သိုင်းပညာနှင့် ပတ်သက်လာလျှင် ဝါသနာကြီးလွန်းသော လုရှောင်ယုံက တကယ်ကို စွဲနဲ့ဘဲနှင့် သင်ယူခဲ့လေသည်။

နေဝင်ချိန်၌ အခြားသင်တန်းသားများ ပြန်သွားကြသော်လည်း လုရှောင်ယုံက မပြန်ဘဲ ဆက်ပြီး လေ့ကျင့်နေတတ်သည်။

လုရှောင်ယုံ၏အကျင့်ကို သိထားခြင်းကြောင့် လုရှမ်းက ထိုက်ကျိုကျောင်းသို့ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

သို့သော်...

ထိုက်ကျိုကျောင်းသို့ မရောက်မီ လမ်းခုလတ်မှာပင် အိမ်ပြန်လာသော လုရှောင်ယုံနှင့် ဆုံတွေ့မိတော့သည်။

လုရှမ်းက...

"ရှောင်ယုံ မိုးတောင်ချုပ်နေပြီ"

လုရှောင်ယုံက...

"ဖေဖေ၊ ဆရာတို့က သည်နေ့ သိုင်းကွက်အသစ်တစ်ကွက် သင်ပေးတာနဲ့ ရအောင် လေ့ကျင့်နေမိလို့ပါ၊ အခု ကျွန်တော်ရသွားပါပြီ၊ မနက်ဖြန်ဆို နောက်မကျတော့ပါဘူး"

လုရှမ်း သက်ပြင်းချလိုက်သည်။

"ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း မနက်ဖြန် နောက်မကျရတော့ဘူးနော်"

"စိတ်ချပါ ဖေဖေ"



"ကဲ..လာအိမ်ပြန်ကြစို့"

"ဟုတ်ကဲ့ ဖေဖေ"

လုရှမ်းလည်း သားဖြစ်သူ လုရှောင်ယုံကို လက်ဆွဲကာ အိမ်ပြန်ခဲ့လေတော့သည်။

* * *

ယနေ့...

ယနေ့ လုရှောင်ယုံက ကတိပေးထားသည့်အတိုင်း အိမ်သို့ စောစောပြန်လာခဲ့လေသည်။

ဖခင်ကြီးသည် သူ၏ကုန်စုံဆိုင်အလုပ်များဖြင့် အမြဲတမ်း အလုပ်ရှုပ်နေတတ်သည် မဟုတ်ပါလား။

"သားလုရှောင်ယုံ၊ မင်းပင်ပန်းနေပြီ၊ စောစောအိပ်လိုက်တော့"

"ဟုတ်ကဲ့ ဖေဖေ"

လုရှောင်ယုံလည်း စောစောပင် အိပ်ရာဝင်ခဲ့လေသည်။

အလုပ်များသော ဖခင်ကြီးက ညဥ့်နက်မှ အိပ်ရာဝင်တတ်ပေသည်။

ထို့ကြောင့် အနှောက်အယှက် မဖြစ်ရလေအောင် လုရှောင်ယုံအား အခန်းတစ်ခု အိပ်ရာတစ်ခု ခွဲပေးကာ အိပ်စေသည်မှာ ယနေ့ညတော့ လုရှောင်ယုံ ကံကောင်းသွားသည်ဟု ဆိုနိုင်ပါတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ လုရှောင်ယုံက အခန်းထဲဝင်ကာ တံခါးပိတ်လိုက်သည်။

ဖယောင်းတိုင်မီးကို ငြိမ်းကာ အိပ်ရာဝင်ခဲ့သည်။

သို့သော်...

လုရှောင်ယုံ အိပ်မပျော်နိုင်ခဲ့ပါချေ။

သူ့မျက်လုံးထဲ၌ နေ့လည်က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်နေမိလေသည်။

နေ့လည်က သူတို့ သိုင်းကျောင်းသို့ လူတစ်ယောက်က စာတစ်စောင်လာပေးသွားလေသည်။

စိန်ခေါ်စာ ဖြစ်သည်။

သိုင်းကျောင်းဖွင့်ထားသည့် သိုင်းဆရာ'ထင်းရှင်'အား 'ရန်ကျိုဖုံး'ဆိုသူက စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ရန်ကျိုဖုံးမှာ ကျိုနယ်တစ်ဝိုက်၌ ဆိုးသွမ်းသောင်းကျန်းရင်း တစ်ထက်တစ်စ သတင်းကြီးလာသော သိုင်းသမားဆိုးတစ်ယောက် ဖြစ်သည်။

လူသတ်၊ ဓားပြတိုက်၊ အဓမ္မကျင့်၊ မကောင်းမှုအားလုံး မရှောင်သူ ဖြစ်သည်။

ရန်ကျိုဖုံးက ဤမြို့ထဲသို့ ဝင်ရောက်သောင်းကျန်းလိုသည်မှာ ကြာပြီဖြစ်သည်။

ထိုက်ကျိုသိုင်းကျောင်း ဖွင့်ထားသည့် ဆရာထင်းရှင်က သူ့အတွက် အဟန့်အတား ဖြစ်နေသည်။

ဤမြို့ကလေးအား နှောက်ယှက်လာသည့် လူဆိုးဓားပြ



ဟူသမျှကို ဆရာထင်းရှင်က ဆုံးမနှိမ်နင်းကာ မောင်းထုတ်တတ်သည် မဟုတ်ပါလား။

ရန်ကျိုဖုံးက ဆရာထင်းရှင်အား ဖယ်ရှားပစ်မှသာ ဤမြို့ကလေး၌ လုပ်ချင်တိုင်းလုပ်၍ ရမည်ဟု နားလည်ခဲ့သည်။

သို့ဖြင့် ရန်ကျိုဖုံးက ဆရာထင်းရှင်အား စိန်ခေါ်လိုက်ခြင်း ဖြစ်လေသည်။

ဆရာထင်းရှင်က စိန်ခေါ်စာကို ဖွင့်ကာ ဖတ်ကြည့်ခဲ့သည်ကို လုရှောင်ယုံ တွေ့မြင်ခဲ့လေသည်။

ဆရာထင်းရှင်က...

"သည်ည မြို့ပြင်သင်္ချိုင်းမြေမှာ ချိန်းဆိုလိုက်တာပဲ၊ ကျုပ်သွားပြီး သူ့ကို ဆုံးမမယ်"

ဟု ရေရွတ်ပြောဆိုသည်ကိုလည်း လုရှောင်ယုံ ကြားခဲ့လေသည်။

လုရှောင်ယုံသည် ပြန်လည်တွေးတောစဉ်းစားရင်း အိပ်မပျော်နိုင်အောင် ဖြစ်နေရပါတော့သည်။

"ရန်ကျိုဖုံးဆိုတဲ့လူဆိုးကြီးဟာ အတော်နာမည်ကြီးတာပဲ၊ သူသာ မြို့ထဲဝင်လာရင် တစ်မြို့လုံး ဒုက္ခရောက်မှာပဲ၊ ဖေဖေကလည်း သူများတွေလိုပဲ သူ့ကိုကြောက်နေတာ"

ဖခင်ကြီးလုရှမ်းသည် လူဆိုးကြီးရန်ကျိုဖုံ မြို့ထဲ ဝင်လာလျှင် တစ်မြို့လုံး ပျက်စီးသွားမည်ဟု ညည်းတွားပြောဆိုသည်ကို ကြားရခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကိုဖုံးအား လူတိုင်းလူတိုင်းက ကြောက်ရွံ့ထိတ်လန့်နေကြပါတော့သည်။

လုရှောင်ယုံ တွေးမိသည်မှာ...

"သူ့ကို လူတွေက ဘာကြောင့်များ သည်လောက်တောင် ကြောက်နေကြရတာလဲ၊ ဆရာထင်းရှူင်ကတော့ သူ့ကို ဆုံးမနိုင်ပါမလား"

ဟု ရေရွတ်မိသည်။

ဆရာထင်းရှူင်နှင့် ရန်ကိုဖုံးတို့၏ယှဉ်ပြိုင်ပွဲကို ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

လုရှောင်ယုံမှာ ငယ်ရွယ်သော်လည်း သတ္တိကောင်းပြီး အကြောက်အလန့်မရှိသော ကောင်လေးတစ်ယောက် ဖြစ်သည်။

အခြားကောင်လေးများကဲ့သို့ တစ္ဆေသရဲများကိုလည်း ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိပါချေ။

လုရှောင်ယုံ အမျိုးမျိုး တွေးတောစဉ်းစားပြီးလျှင်...

"ယှဉ်ပြိုင်ပွဲကို ငါသွားကြည့်မယ်"

ဟု ဆုံးဖြတ်ကာ အိပ်ရာထဲမှ လူးလိမ့်ထလိုက်သည်။

အခန်းပြတင်းပေါက်ဆီသို့ ခြေဖော့နင်းကာ သွားလိုက်သည်။

ထို့နောက် ပြတင်းတံခါးကိုဖွင့်က အပြင်ဘက် ခုန်ထွက်လိုက်လေတော့သည်။

* * *



လုရှောင်ယုံသည် သတ္တိကောင်းပြီး ရဲတင်းဖျတ်လတ်သော ကောင်လေးတစ်ယောက် ဖြစ်သည်။

ဤမြို့ကလေး၌ လုရှောင်ယုံ မရောက်ဖူးသော နေရာဟူ၍မရှိချေ။

ဤမြို့ကလေးမှ လမ်းများကို မျက်စိမှိတ်သွားလာနိုင်သူ ဖြစ်လေသည်။

ညဉ့်နက်လာပြီဖြစ်ရာ လမ်းပေါ်၌ လူရှင်းသွား၏။

ကောင်းကင်ပေါ်၌ လဝန်းနှင့် ကြယ်ကလေးများ ရှိနေသည်။

ညက အေးမြနေသော်လည်း လုရှောင်ယုံမှာ ချွေးပျံ၍ နေသည်။

ဖခင်ကြီး မသိအောင် တိတ်တိတ်ကလေး ထွက်လာခဲ့ရသကဲ့သို့ သိုင်းကျောင်းဆိုင်ရှင် ထင်းရှူင်နှင့် လူဆိုးကြီး ရန်ကိုဖုံးတို့၏ယှဉ်ပြိုင်ပွဲကို ကြည့်ရတော့မည် မဟုတ်ပါလား။

အုံ့ဩစရာကောင်းလောက်အောင်ပင် လုရှောင်ယုံသည် သိုင်းပညာနှင့် ပတ်သက်လာလျှင် ဝါသနာကြီးလွန်းပြီး ထမင်းမေ့ဟင်းမေ့ ဖြစ်တတ်ပေတော့သည်။

ဖခင်ကြီးလုရှမ်းက သိုင်းပညာ လုံးဝမတတ်သော ငွေနှံသည်ပွဲစား ဈေးဆိုင်ပိုင်ရှင်တစ်ဦး ဖြစ်သည်။

သို့ပါလျက် လုရှောင်ယုံ သိုင်းပညာ ဝါသနာပါနေသည်မှာ အကြောင်းရှိရမည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ယုံက ခပ်သွက်သွက် ပြေးသွားရင်း မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်ရှိသွားတော့သည်။

အရှောက်ဘက်မြို့ပြင်၌ မိုး၍ လူခြေတိတ်ဆိတ်နေပါသည်။

အိမ်ခြေကျဲပါးပြီး မလှမ်းမကမ်း၌ မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေသည့် သင်္ချိုင်းမြေအား တွေ့မြင်နေရလေသည်။

လုရှောင်လုံမှာ သင်္ချိုင်းမြေနှင့် မလှမ်းမကမ်းသို့ ရောက်လာသည့်တိုင် ကြောက်ရွံ့ထိတ်လန့်မှု မဖြစ်မိသေးပေ။

သူက သင်္ချိုင်းမြေထဲသို့ပင် ရောက်သွားမည့်သူ မဟုတ်ပါလား။

လုရှောင်ယုံ ဟိုဟိုသည်သည် အကဲခတ်လိုက်သည်။

ထို့နောက် သင်္ချိုင်းမြေဆီသို့ တဟုန်ထိုးပြေးသွားလိုက်လေသည်။

ညအချိန်မတော် လုရှောင်ယုံကဲ့သို့ ကောင်လေးတစ်ယောက် ပြေးလွှားလှုပ်ရှားနေသည်ကို ရုတ်တရက် မည်သူကမျှ သတိထားမိကြမည် မဟုတ်ပါချေ။

မကြာမီ...

လုရှောင်ယုံလည်း သင်္ချိုင်းမြေထဲ ရောက်ရှိသွားတော့သည်။

သင်္ချိုင်းမြေထဲ ရောက်လျှင် လုရှောင်ယုံ စဉ်းစားမိလိုက်သည်မှာ...



"သိုင်းပညာယှဉ်ပြိုင်တယ်ဆိုတာ လွတ်လပ်ပြီး ကျယ်ပြန့်တဲ့ မြေကွက်လပ်တစ်ခု လိုအပ်တယ်၊ ဆရာထင်းရှွင်တို့က ဘယ်နေရာမှာသွားပြီး ယှဉ်ပြိုင်ကြမှာလဲ"

သိုင်းယှဉ်ပြိုင်၍ ကောင်းမည့်နေရာကို ရှာဖွေကြည့်လိုက်လေသည်။

သင်္ချိုင်းမြေထဲ၌ အုတ်ဂူများ၊ မြေပုံမှတ်တိုင်များ ပြည့်နှက်နေ၏။

လွတ်လပ်ကျယ်ပြန့်သော နေရာဟူ၍ မရှိသလောက် ဖြစ်လေသည်။

လုရှောင်ယုံက ဆရာထင်းရှွင်နှင့် လူဆိုးကြီးရန်ကျိုးဖုံးတို့ ယှဉ်ပြိုင်ရန် ရွေးချယ်နိုင်သည့် နေရာကို စဉ်းစားရှာဖွေနေစဉ်မှာပင်

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုရှောင်ယုံ ရင်ထိတ်သွား၏။

ကပျာကယာ အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ တွယ်ကာစ်တက်ကာ ပုန်းအောင်းလိုက်ရလေသည်။

လုရှောင်ယုံ ပုန်းအောင်းလိုက်ပြီး မရှေးမနှောင်းမှာပင်...

"ဟူး"

သင်္ချိုင်းမြေထဲသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူသည် ငွေရောင်အဝတ်အစားများဝတ်ထား အနီရောင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံ လွှမ်းခြုံထားလေသည်။

အသက် လေးဆယ်ကျော်ခန့်ရှိပြီး မျက်လုံးမှေးမှေး နီဖူး ဖောက်ဖောက် ရက်စက်ကြမ်းကြုတ်မည့်သူတစ်ဦး၏ အသွင် သဏ္ဌာန်ရှိနေ၏သည်။

ထိုလူကို မြင်သည်နှင့် လုရှောင်ယုံမှာ ခြေဖျားလက်ဖျား အေးစက်ကာ ကြောက်ရွံ့ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာတော့ သည်။

ထိုလူအား မကောင်းဆိုးဝါး နာနာဘာဝတစ်ကောင်ဟု ထင်မှတ်လိုက်သည် မဟုတ်ပါလား။

လုရှောင်ယုံ အသက်ရှဲရဲ မှုမှုံ့အောင် ဖြစ်သွားလေတော့ သည်။

ထိုလူက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

တဖန် ကောင်းကင်ပေါ်မှ လဝန်းကို မော့ကြည့်လိုက်ပြီး လျှင်...

"ငါက စိတ်လောပြီး စောစောရောက်လာတာပဲ"

ဟု ရေရွတ်လိုက်သည်။

သူ၏လက်တစ်ဘက်ကိုလည်း ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ...

"ဟူး"

အနက်ရောင်ဝတ်ထားသူနှစ်ယောက် ရုတ်ချည်းရောက်ရှိ လာကြလေသည်။



ထိုလူနှစ်ယောက်က ဦးညွတ်လိုက်သည်။

အနီရောင်ဝတ်ရုံ လွှမ်းခြုံထားသူက...

"ထင်းရှုးက ရောက်မလာသေးဘူး။ မင်းတို့နှစ်ယောက် နေ ရာကောင်းရှာပြီး နေရာယူထားလိုက်ကြ၊ ငါ့ရဲ့ ဘယ်လက်မှုံ့နဲ့ ညာ လက်ရုံးဟာ သည်ညမှာ အားကိုးရလိမ့်မယ်လို့ ငါယုံကြည်တယ်၊ မင်းတို့ လက်မနှေးကြစေနဲ့"

ဟု ပြောလိုက်၏။

ထိုလူနှစ်ယောက်က...

"စိတ်ချပါ ဆရာ"

"သည်ည ထင်းရှုး၊ အသက်ရှင်လျက် ပြန်ထွက်မသွားစေရ ပါဘူး ဆရာ"

ဟု ပြောပြီး အုတ်ဂူများကြား တိုးဝင်ပျောက်ကွယ်သွားကြ လေတော့သည်။

လုရှောင်ယုံ မျက်လုံးပြူးသွားသည်။

"ရန်ကျိုဖုံးက ဆရာထင်းရှုးကို အကောက်ကြံမလို့ပါလား"

ရန်ကျိုဖုံး၏အကြံအစည်ကို မသိလျှင် ထင်းရှုး ဒုက္ခရောက် လိမ့်မည်ဟု တွေးပြီး လုရှောင်ယုံ တွေးတောပူပန်လာလေတော့ သည်။

"မဖြစ်ဘူး။ ဆရာထင်းရှုးကို သွားပြောမှပဲ"

လုရှောင်ယုံ သစ်ပင်ပေါ်မှ တိတ်တဆိတ် ဆင်းလိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စိတ်လောကြီးနေရကား ခြေချော်ပြီး အောက်ဘက်သို့ လျှောကျသွားတော့သည်။

"အမယ်လေး"

"ဖုတ်"

လုရှောင်ယုံ လွှတ်ခနဲ အော်လိုက်မိသည်။

ခြေပေါ် လျှောကျကာ ဖုတ်ခနဲ ဖင်ထိုင်ကျသွားတော့သည်။

လုရှောင်ယုံ ခေါင်းနပန်းကြီးသွား၏။

သူ့အား လူဆိုးကြီးရန်ကျိုဖုံး သတိထားမိသွားနိုင်သည် မဟုတ်ပါလား။

ပြေးမှ ဖြစ်တော့မည်ဟု သတိဝင်ကာ ကုန်းရုန်းထဖို့ ဟန်ပြင်လိုက်စဉ် ရန်ကျိုဖုံးက သူ၏အနီးသို့ ရောက်ရှိလလေတော့သည်။

"ချွေးကောင်လေး၊ မင်း ဘယ်သူလဲ၊ သည်နေရာမှာ ဘာလာလုပ်တာလဲ"

ခက်ထန်စွာ အော်ငေါက်လာတော့သည်။

"ကျွန်…ကျွန်တော်"

လုရှောင်ယုံ မည်သို့ပြောရမှန်းမသိ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေပါတော့သည်။

ရန်ကျိုဖုံးက…

"ပြောစမ်း၊ မင်း ဘယ်သူလဲ"

"ကျွန်တော်"



လုရှောင်ယုံက သူ၏အမည်ကို ပြောပြရန် ဟန်ပြင်လိုက်စဉ်မှာပင်…

"ရန်ကျိုဖုံး၊ မင်း ဘယ်မှာလဲ ကျူစ်ရောက်လာတာတောင် မကြိုဆိုတော့ဘူးလား"

ကျယ်လောင်သော စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ကြရလေသည်။

ထိုလူကို တွေ့မြင်လိုက်ရသည်နှင့် လုရှောင်ယုံ ဝမ်းသာသွားတော့သည်။

ထိုလူမှာ သူ၏ဆရာ ထင်းရှူး ဖြစ်နေသည် မဟုတ်ပါလား။

ထင်းရှူး အချိန်မီ ရောက်ရှိလာခြင်း ဖြစ်သည်။

လုရှောင်ယုံ ကံကောင်းသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

ရန်ကျိုဖုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"သွားစမ်း"

လုရှောင်ယုံအား ကန်ထုတ်ပစ်ကာ ဂရုမစိုက်တော့ဘဲ ထင်းရှွင်နှင့် ရင်ဆိုင်လိုက်လေသည်။

ထင်းရှွင်သည် လုရှောင်ယုံအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့ဩသွား၏။

သို့သော်...

သူနှင့် ပတ်သက်နေမှန်းသိလျှင် ရန်ကျိုဖုံးက ဒုက္ခပေးနိုင်ခြင်းကြောင့် ဝေးဝေးထွက်သွားရန် မျက်ရိပ်ပြကာ သတိပေးလိုက်ရလေသည်။

လုရှောင်ယုံ ထိတ်လန့်နေသည်။

ထင်းရှွင်ကို အားကိုးတကြီးခေါ်ရန် ဟန်ပြင်ပြီးမှ ထင်းရှွင်မျက်ရိပ်ပြနေသည်ကို သတိထားမိပြီး ဘာမှမပြောဘဲ နေလိုက်သည်။

ခပ်ဝေးဝေးသို့ ရောက်အောင် နောက်ဆုတ်လိုက်လေသည်။

ရန်ကျိုဖုံးက သူ့အား ဂရုမစိုက်ဘဲ ထင်းရှွင်ကိုသာ အာရုံရောက်နေပြီ ဖြစ်သည်။

"ထင်းရှွင်၊ သည်မြို့မှာ ခင်ဗျားဟာ တကယ့် သူရဲကောင်း



ကြီးတစ်ယောက်လို နာမည်ကောင်းရနေတယ်ပေါ့လေ၊ ခင်ဗျားကို ကျုပ်ဆုံးမပြမယ်၊ သည်ညဟာ ခင်ဗျားရဲ့ နောက်ဆုံးညပဲ ဖြစ်ရမယ်"

ထင်းရှွင် မဲ့ပြုံးပြုံးလိုက်သည်။

"ရန်ကျိုဖုံး၊ ကျုပ်ကလည်း မင်းကို ဆုံးမချင်နေတာနဲ့ အတော်ပဲ၊ မင်းကို ဆုံးမလိုက်တာနဲ့ သည်တစ်နယ်လုံး အေးချမ်းသွားမှာ"

ရန်ကျိုဖုံးက...

"ကျုပ်က ခင်ဗျားကို သချိုင်းမြေမှာ ဘာကြောင့် ချိန်းလိုက်ရသလဲသိလား။ ခင်ဗျားရဲ့အလောင်းကို သည်နေရာမှာ တစ်ခါတည်း မြှုပ်ပစ်ဖို့ပေါ့ဗျာ၊ ကဲ ဘယ်သူ ဆုံးမနိုင်မလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်လိုက်လေသည်။

ထင်းရှွင်ထံသို့ မြားတစ်စင်းပမာ တိုးဝင်သွားခြင်း ဖြစ်သည်။

ထင်းရှွင်က...

"စိတ်ချ၊ ကျုပ်က မင်းကို ဆုံးမပြမယ်"

လက်ဝါးနှစ်ဘက် အသုံးပြုကာ ထိုက်ကျိလက်ဝါးသိုင်းဖြင့် ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်စလုံး ထိပ်တန်းသိုင်းပညာ ရှိကြသူများ ဖြစ်ကြလေသည်။

ရန်ကျိုဖုံးကလည်း လက်ဝါးနှစ်ဘက်ဖြင့်ပင် တိုက်ခိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရန်ကျိုဖုံးသည် အနောက်နယ်မြေမှ မရဏလက်ဝါးသိုင်းကို တတ်မြောက်ထားသူ ဖြစ်နေကြောင်း ထင်းရှူး သိရှိလိုက်၏။

"လက်စသပ်တော့ မင်းဟာ အနောက်နယ်မြေက မရဏလက်ဝါးသိုင်းကို တတ်မြောက်ထားတာကြောင့် ဩဘင်းကျန်းဖုံနေတာကိုး၊ စိတ်ချ ထိုက်ကျိုသိုင်းမှာ မရဏလက်ဝါးကို ဆုံးမတဲ့ သိုင်းကွက်တွေ ရှိနေတာ မင်းကို လက်တွေ့ပြမယ်"

ထင်းရှူးက လက်တစ်ဘက်ကို လက်သီး၊ ကျန်လက်တစ်ဘက်ကို လက်ဝါးပုံသဏ္ဍာန် ပြုလုပ်ကာ မတူညီသော သိုင်းကွက်နှစ်မျိုးကို တပြိုင်နက်တည်း ထုတ်ဖော်ပြီး ရန်ကျိုဖုံးအား တိုက်ခိုက်လိုက်လေသည်။

ရန်ကျိုဖုံးကလည်း ထင်းရှူးအား အသေသတ်လိုသူ ဖြစ်ရကား လုံးဝအရေးမထားဘဲ လူသတ်မရဏလက်ဝါးသိုင်းကို အသုံးပြုကာ တရကြမ်း တိုက်ခိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြခြင်း ဖြစ်သည်။

ရန်ကျိုဖုံးသည် ကျော်ကြားနေသော ထင်းရှူးအား အလွယ်တကူ အနိုင်မရနိုင်ပါက အကောက်ကြံဖို့ တပည့်လက်ရုံးနှစ်ယောက်ကို ခေါ်လာခဲ့ပေသည်။

သူက ထင်းရှူးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ချိန်မှာပင်...

"ဟိတ်"

"ယား"



လက်ရုံးနှစ်ယောက်က ညာသံပေးကာ ပုန်းကွယ်ရာမှ ခုန်ထွက်လာကြပြီး ထင်းရှူးအား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

ထင်းရှူးလည်း ရန်ကျိုဖုံး နောက်ဆုတ်သွားစေရန် လက်ဝါးဖြင့် ရိုက်ထုတ်လိုက်ပြီး ရှောခဲ့လှည့်ကာ ကိုယ်ရံတော်နှစ်ယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

ကိုယ်ရံတော်နှစ်ယောက်မှာ ထင်းရှူး၏နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

ထင်းရှူးက ရန်ကျိုဖုံးကို အာရုံရောက်နေသဖြင့် သူတို့၏ တိုက်ခိုက်မှု အောင်မြင်လိမ့်မည်ဟု ယုံကြည်ထားသည်။

သို့သော်...

ထင်းရှူးက ချက်ချင်း နောက်လှည့်ပြီး တိုက်ခိုက်လာရာ ကိုယ်ရံတော်နှစ်ယောက် အခက်ကြုံသွားတော့သည်။

ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

ထင်းရှူး၏ထိုက်ကျိုသိုင်းက ထူးခြားနေသည် ဖြစ်ရကား...

"ဝုန်း"

"အား"

ကိုယ်ရံတော်နှစ်ယောက်မှာ ထင်းရှူး၏လက်ဝါးရိုက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားကြတော့သည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက် ခံလိုက်ရသည်ကို တွေ့ရလျှင် ရန်ကျိုဖုံး မကျေမနပ် ဖြစ်သွားလေသည်။

"သည်တနေ့ ခင်ဗျားကိုသတ်ရမှ ကျုပ်ကျေနပ်နိုင်မယ်၊ သေဖို့သာ ပြင်ထား"

ဓားရှည်ကို ဆွဲထုတ်ကာ ထင်းရှူးအား တရကြမ်းတိုက်ခိုက် လိုက်လေသည်။

"ဝှစ်...ဝှစ်"

စူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်သော ဓား ရောင်များ ထွက်ပေါ်လာလေသည်။

ဓားရိပ်များသည် ထင်းရှူး၏တစ်ကိုယ်လုံး ဖုံးလွှမ်းထား လိုက်လေသည်။

ဓားတစ်ချက် ထိလိုက်သည်နှင့် ထင်းရှူး ဒုက္ခရောက်သွား မည် ဖြစ်သည်။

ရန်ကျိုဖုံးမှာ အလွန်ရက်စက်ကြမ်းကြုတ်သူ ဖြစ်ကြောင်း ထင်ရှားနေ၏။

ထင်းရှူးကလည်း ရန်ကျိုဖုံးအား မဖြစ်မနေ ဆုံးမရမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ပြင်းထန်သော ဓားချက်များကို ပွတ်ကာသီကာ ရှောင် တိမ်းပေးလိုက်ပြီးလျှင်...

"ကျုပ်အလှည့်ပဲ"

ဟု ပြောကာ လက်သီးဖြင့် ထိုးသွင်းရန် ဟန်ပြင်လိုက်လေ



သည်။ သို့သော် တကယ်တမ်း ထိုးသွင်းခြင်း မပြုဘဲ ခြေထောက် ဆန့်ထုတ် ကန်ကျောက်လိုက်လေသည်။

ထင်းရှူး၏လှည့်ကွက်ကို မသိဘဲ လက်သီးဖြင့် ထိုးသွင်း မည်ဟု ယူဆမိသော ရန်ကျိုဖုံးမှာ လက်သီးကို ဂရုစိုက်နေမိကာ ခြေထောက်ကန်ချက်ကို မရှောင်နိုင်ဘဲ ဖြစ်သွားတော့သည်။

ပြင်းထန်သော ခြေထောက်ကန်ချက်ကြောင့်...

"ဝုန်း"

"အား"

ရန်ကျိုဖုံး၏ခန္ဓာကိုယ် အပေါ်မြောက်တက်ကာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

ရန်ကျိုဖုံး ရှုံးနိမ့်သွားသကဲ့သို့ ဒဏ်ရာလည်း ရသွားပြီ ဖြစ် လေသည်။

ထင်းရှူးမှာ အနိုင်ရလိုက်ပြီဖြစ်ရာ ဆက်၍ မတိုက်ခိုက် တော့ဘဲ လက်ပိုက်ကြည့်နေလိုက်၏။

ရန်ကျိုဖုံး မြေပေါ်ကျသွားပြီး သုံးလေးပတ်လိမ့်သွားလေ သည်။

ရန်ကျိုဖုံး တပျာတယာ လူးလိမ့်ထလိုက်သည်။

ထင်းရှူးကို မျက်လုံးပြူး၍ ကြည့်ရင်း...

"ခင်...ခင်ဗျား"

ထင်းရှူးက...

"မင်းအတွက် အခွင့်အရေးတစ်ခုပေးလိုက်မယ်၊ သည်နယ်

www.burmeseclassic.com

www.burmeseclassic.com



က ထွက်သွားပါ၊ ဘယ်တော့မှ ပြန်မလာနဲ့၊ မင်းမသွားဘူးဆိုရင် တော့ မင်းကို ချမ်းသာမပေးနိုင်ဘူး"

သူ၏သဘောထားကို ပြတ်ပြတ်သားသား ပြောလိုက်လေသည်။ ရန်ကျိုဖိုး ဒေါသထွက်နေသည်။

သူက အရပ်တကာလှည့် ထင်တိုင်းကျဲခဲ့ပြီး အပွဲပွဲနွှဲခဲ့သမျှ ထင်းရှင်းနှင့် တွေ့တော့မှ မရှုမလှ ရှုံးနိမ့်သွားရသည် မဟုတ်ပါလား။

သူ၏တပည့်နှစ်ယောက်ကိုလည်း ဒေါသထွက်နေမိတော့သည်။

သူ၏တပည့်နှစ်ယောက်သည် မလှမ်းမကမ်း၌ လဲကျကာ သတိလစ် မေ့မြောနေကြပါသည်။

ရန်ကျိုဖိုးသည် တပည့်နှစ်ယောက်ကို မကျေမနပ် ဖြစ်နေရာမှ ကြောက်လန့်တကြား ဖြစ်နေသည့် လုရှောင်ယုံကို တွေ့မြင်သွားတော့သည်။

လုရှောင်ယုံသည် ရှောင်တိမ်းသွားရမည် ဖြစ်သော်လည်း တိုက်ပွဲကို ကြည့်လိုစိတ်ကြောင့် ဝေးဝေးမသွားတော့ဘဲ တစ်နေရာ၌ ပုန်းအောင်းကာ ချောင်းကြည့်နေခဲ့ခြင်း ဖြစ်သည်။

ရန်ကျိုဖိုးတို့ ဆရာတပည့်သုံးယောက်မှာ ထင်းရှင်း၏လက်ချက်ဖြင့် လွင့်စဉ်သွားရာမှ မမျှော်လင့်ဘဲ လုရှောင်ယုံ ပုန်းနေသောနေရာအနီးသို့ ရောက်ရှိသွားကြခြင်း ဖြစ်လေသည်။

ရန်ကျိုဖိုးက လုရှောင်ယုံကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။



"မင်း သေချင်နေတာကိုး"

ချက်ချင်းပင် လုရှောင်ယုံအနီးသို့ ရောက်ရှိသွားပြီး ဖမ်းချုပ်လိုက်လေသည်။

"လွှတ်...လွှတ်"

လုရှောင်ယုံ အတင်းရုန်းကန်လိုက်သော်လည်း မလွတ်မြောက်နိုင်တော့ချေ။

"ဟိတ် မင်း ဘာလုပ်တာလဲ"

ထင်းရှင်းက ချက်ချင်း အနီးသို့ ရောက်ရှိလာလေသည်။

"ဟား...ဟား...ဟား"

ရန်ကျိုဖိုး ဟားတိုက်ရယ်မောလိုက်သည်။

"ထင်းရှင်း၊ သည်ကောင်လေးကို ကျုပ်သတ်ပစ်လိုက်မယ်"

"ဘာ"

"ကျုပ်ကို အသက်ရှင်လျက် ထွက်သွားခွင့်ပြုမှ သည်ကောင်လေးကို ချမ်းသာပေးမယ်"

ထင်းရှင်း မျက်နှာပျက်သွားလေသည်။

သူက ရန်ကျိုဖိုးအား အသက်ချမ်းသာပေးကာ လွှတ်ပေးမည်သာ ဖြစ်သည်။

သို့သော်...

အများသူငါအား နောက်ထပ် ဒုက္ခမပေးနိုင်ရန် သိုင်းပညာ ဖျက်ဆီးပစ်လိုက်မည်ဟု ဆုံးဖြတ်ထားလေသည်။

ယခုတော့ ထင်းရှင်းကြောင့် အခက်ကြုံရပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျိုဖုံးက...

"ကျုပ်သွားတော့မယ်၊ ခင်ဗျား သည်မှာပဲ ရပ်နေပါ၊ လိုးဝ မလှုပ်ရှားပါနဲ့"

ဟု ခြိမ်းခြောက်လိုက်သည်။

လုရှောင်ယုံကိုဆွဲကာ နောက်ဆုတ်သွား၏။

အခြေအနေအရ ရန်ကျိုဖုံးအား မလွှတ်ပေး၍ မဖြစ်တော့ချေ။

ထင်းရှွင် ခံပြင်းနေ၏။

လုရှောင်ယုံကြောင့် ရန်ကျိုဖုံးအား လွှတ်ပေးရတော့မည် ဖြစ်လေသည်။

"တော်တော်ရှုပ်တဲ့ ကောင်လေးပဲ"

လုရှောင်ယုံက သက်သက်မဲ့ အနှောက်အယှက်ပေးသည်ဟု စိတ်ဆိုးနေတော့သည်။

လုရှောင်ယုံ ဒုက္ခရောက်မည်ကို စိုးရိမ်ကာ မလှုပ်ရှားဘဲ နေလိုက်သေသည်။

ရန်ကျိုဖုံးက လှောင်ပြောင်ရယ်မောလိုက်သည်။

"ထင်းရှွင်၊ ခင်ဗျား ဘာမှမတတ်နိုင်တော့ဘူး မဟုတ် လား"

ထင်းရှွင်က...

"ကောင်လေးကို လွှတ်လိုက်ပါ၊ မင်းထွက်သွားပေါ့"

ရန်ကျိုဖုံးက...

"စိတ်ချ သချိုင်းအပြင်ဘက် ရောက်တာနဲ့ လွှတ်ပေးလိုက်မယ်"

"မင်း..."

"စိတ်ချပါဗျာ၊ သည်ကောင်လေး ဘာမှမဖြစ်စေရပါဘူး"

"မင်းကတိတည်ပါစေ၊ ကောင်လေးသာ တစ်ခုခု ဖြစ်သွားရင် မင်းကို မြေလှန်ရှာပြီး သတ်ပစ်မယ်ဆိုတာ မမေ့နဲ့"

"ကျုပ်ကို သည်လောက်တောင် ခြိမ်းခြောက်စရာ မလိုပါဘူးဗျာ၊ လွှတ်ပေးမှာပါ"

ရန်ကျိုဖုံးက နောက်သို့ တရွေ့ရွေ့ ဆုတ်သွားလေသည်။

လုရှောင်ယုံက ယက်ကန်ယက်ကန်နှင့် လိုက်ပါသွားလေသည်။

ထိုသို့ လိုက်ပါသွားရင်း အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

ရန်ကျိုဖုံးက ထင်းရှွင်ကို အာရုံရောက်နေပြီး သူ့ကို အမှတ်တမဲ့ ဖြစ်နေချိန်၌ လုရှောင်ယုံက သူ့အား ဆွဲထားသည့် ရန်ကျိုဖုံး၏ လက်ကို ကိုက်ချလိုက်လေသည်။

အမှတ်တမဲ့ ဖြစ်သွားရကား ရန်ကျိုဖုံး အကိုက်ခံရပြီး လက်တွင် သွေးများ ထွက်လာတော့သည်။

"အား"

နာကျင်သွားခြင်းကြောင့် ရန်ကျိုဖုံး အော်လိုက်လေသည်။

လုရှောင်ယုံကိုလည်း လွှတ်ပေးလိုက်လေသည်။

လုရှောင်ယုံသည် ရလာသည့် အခွင့်အရေးကို လက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



မစ်သဲ အတင်းရုန်းကန် ထွက်ပြေးသွားတော့သည်။

"တောက်… ခွေးကောင်လေး"

ရန်ကျိုဖုံးက ဒေါသတကြီးဖြင့် ပြေးလိုက်သွားရန် ဟန်ပြင်ပြီးမှ ခြေလှမ်းတွန့်ခနဲ ရပ်သွားလေသည်။

အကြောင်းမှာ သူ၏နောက်ကျောဘက်သို့ တစ်ယောက်ယောက် ရောက်ရှိလသည်ဟု ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"ကောင်လေးထက် အရင် မင်းသေသွားချင်သလား မလှုပ်နဲ့"

နောက်ကျောဘက်မှ ထင်းရှင်၏အေးစိမ့်သော အသံ ထွက်ပေါ်လာလေသည်။

ထင်းရှင်က…

"ရန်ကျိုဖုံး။ မင်းနောက်ထပ် ဘယ်တော့မှ ဆိုးသွမ်းလို့ မရအောင် ဆုံးမရလိမ့်မယ်"

သူ၏လက်တစ်ဘက် လှုပ်ရှားလိုက်သည်။

လက်ညှိုး လက်ခလယ်ဖြင့် ရန်ကျိုဖုံး၏သွေးကြောအချို့ကို ထောက်ကာ ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်လေသည်။

"မလုပ်ပါနဲ့"

ရန်ကျိုဖုံး ဘယ်တော့မှ သိုင်းပညာ အသုံးပြု၍ ရတော့မည် မဟုတ်ချေ။

ရန်ကျိုဖုံး နောက်ထပ် ဆိုးသွမ်းမိုက်မဲနိုင်တော့မည် မဟုတ်ပါချေ။



ရန်ကျိုဖုံးက ထင်းရှင်အား မုန်းတီးစွာ ကြည့်ရင်း…

"ခင်…ခင်ဗျား ရက်စက်လှချည်လား"

ထင်းရှင်က…

"ခင်ဗျားကို အသက်ချမ်းသာပေးလိုက်တာပဲ၊ ကံကောင်းပြီမှတ်ပါ၊ ကျုပ်စိတ်ပြောင်းမသွားခင် ကျုပ်ရှေ့က မြန်မြန်ထွက်သွားတာ ကောင်းမယ်"

ရန်ကျိုဖုံး ဘာမှမပြောတော့ဘဲ ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *

ရန်ကျိုဖုံး ထွက်သွားပြီ ဖြစ်သည်။

သူ၏တပည့်နှစ်ယောက်လည်း ဘယ်အချိန်က ထွက်သွားမှန်း မသိလိုက်ရချေ။

သချိုင်းမြေထဲ တိတ်ဆိတ်သွားလေသည်။

လုရှောင်ယုံ ခေါင်းကလေးငုံ့ကာ ရပ်နေ၏။

ထင်းရှင်က သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"သည်နေရာကို မင်း ဘာလာလုပ်တာလဲ"

လုရှောင်ယုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ကျွန်…ကျွန်တော်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလာလုပ်တာလဲ"

"ကျွန်...ကျွန်တော် ဆရာတို့ရဲ့ ပြိုင်ပွဲကို လာကြည့်တာပါ ခင်ဗျာ"

"ဘာကွ"

ထင်းရှူး၏အသံ ဟိန်းထွက်လာ၍ လုရှောင်ယုံ ကမျာက ထာ နောက်ဆုတ်လိုက်လေသည်။

ထင်းရှူးက မျက်လုံးပြူး၍ ကြည့်ရင်း...

"ငါတို့ ယှဉ်ပြိုင်တာကို လာကြည့်တာ ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ် ဆရာ"

"ညကြီးအချိန်မတော် မြို့ပြင်သချိုင်းမြေကို မင်းတစ်ယောက်ထဲ ထွက်လာခဲ့တာ မင်း မကြောက်ဘူးလား"

လုရှောင်ယုံက...

"ဆရာတို့ ဘယ်လိုယှဉ်ပြိုင်ကြမလဲဆိုတာကို ကျွန်တော် ကြည့်ချင်လို့ပါ"

သူက အမှန်အတိုင်း ပြောနေ၏။

လုရှောင်ယုံမှာ သိုင်းပညာနှင့် ပတ်သက်လာလျှင် အလွန် ဝါသနာကြီးသူ၊ စွဲလှံ့လဝီရိယကြီးသူ ဖြစ်ကြောင်း ထင်းရှူး သိထားလေသည်။

လုရှောင်ယုံမှာ သူ၏သင်တန်းကျောင်း၌ အသက်အငယ်ဆုံး ကျောင်းသားဖြစ်ပြီး အသက်အကြီးဆုံး ကျောင်းသားထက် ပိုပြီး ဝီရိယရှိလေသည်။



လုရှောင်ယုံ၏ဖခင်မှာ ကုန်သည်တစ်ဦး ဖြစ်၍ လုရှောင်ယုံ က သိုင်းပညာ ဝါသနာကြီးသည်ကို ထင်းရှူး အံ့သြမိခဲ့သည်။

တစ်နေ့ လျှမ်းလျှမ်းတောက် ဖြစ်လာမည့် ကျောက်ကောင်း တစ်ခုဟု သဘောထားခဲ့သည်။

ယခုတော့...

"မင်းဟာ ငယ်ရွယ်သေးတယ်၊ လုပ်သင့်မလုပ်သင့် မစဉ်းစားဘဲ ထင်ရာလုပ်တတ်တဲ့ ဥာဉ်ရှိနေရင် ကြီးလာရင်ခက်မယ်၊ မင်းရဲ့စိတ်ဆန္ဒက အန္တရာယ်ကိုတောင် မတွေးနိုင် မမြင်နိုင်တော့ဘူး။ မင်းကို ယုံကြည်စိတ်ချဖို့ ခက်ခဲနေပြီ"

ဟု ပြင်းပြင်းထန်ထန် ဝေဖန်သုံးသပ်လိုက်လေသည်။

ဆရာဖြစ်သူ၏စကားကြောင့် လုရှောင်ယုံ ထိတ်လန့်သွားတော့သည်။

"ဆရာ...ကျွန်တော်..."

"တော်ပြီ၊ မင်းဆက်မပြောနဲ့တော့"

ထင်းရှူးက ဟန့်တားလိုက်သည်။

တစ်ဖန်...

"မင်းကို ဆက်ပြီး သိုင်းပညာသင်ပေးလို့ မဖြစ်တော့ဘူး။ မနက်ဖြန်ကစပြီး သိုင်းကျောင်းကို လာစရာမလိုတော့ဘူး။ ကဲ... သွားပေတော့"

ဟု မောင်းထုတ်လိုက်သည်။

လုရှောင်ယုံ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထင်းရှင်း၏ပြတ်သားသော စိတ်သဘောထားကို သိထားသည့်အလျောက် ဘာမှမပြောဝံ့တော့ဘဲ ခေါင်းငိုက်စိုက်ချကာ ထွက်လာခဲ့တော့သည်။

ထင်းရှင်းက အကဲခတ်ကြည့်နေ၏။

လုရှောင်ယုံမှာ သိုင်းပညာနှင့် ပတ်သက်ပြီး တစ်နေ့ ထိပ်တန်းရောက်လာမည်ကို မျှော်လင့်ထားနိုင်ပါသော်လည်း သူသဘောမကျတော့ပါ။

ရန်ကျိဖုံးကသာ လုရှောင်ယုံကို မားစားခံလုပ်ကာ အကြွပ်ကိုင်မည်ဆိုလျှင် အခက်ကြုံရလိမ့်မည် မဟုတ်ပါလား။

လုရှောင်ယုံကို ငဲ့ညှာနေရသဖြင့် သူ့ဒုက္ခရောက်သွားနိုင်သကဲ့သို့ လုရှောင်ယုံကိုယ်တိုင်လည်း အချိန်မရွေး ဒုက္ခရောက်သွားနိုင်သည့် အခြေအနေ ဖြစ်လေသည်။

ထိုအခြေအနေမျိုး ကြုံခဲ့ရခြင်းကြောင့် ထင်းရှင်း မည်သည့်နည်းနှင့်မျှ သဘောမကျနိုင်တော့ပါ။

လုရှောင်ယုံအား ဆက်ပြီး လက်မခံတော့ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

* * *



အဘိုး

ညသန်းကောင်ကျော်ပြီ ဖြစ်သည်။

လုရှောင်ယုံတို့ ဈေးဆိုင်မှာ မီးလင်းနေဆဲ။

ဆိုင်တံခါးလည်း တစ်ခြမ်းဖွင့်ထားသည်။

လုရှောင်ယုံက တစ်ချက်ကြည့်ပြီး...

"ငါတိတ်တိတ်ကလေး ထွက်သွားခဲ့ပေမယ့် ဖေဖေသိသွားပြီ၊ သူစိတ်ပူပြီး မအိပ်နိုင်ဘဲ ငါ့ကိုစောင့်နေတာ ဖြစ်မယ်"

ဟု တွေးကာ ခြေလှမ်းရပ်သွားလေသည်။

အတန်ကြာသည့်တိုင်အောင် ကျောက်ရုပ်အလေး မလှုပ်မယှက် ရပ်နေမိလေသည်။

မည်မျှကြာသွားမှန်းမသိ...အိမ်ထဲမှ လူတစ်ယောက် ထွက်

www.burmeseclassic.com

www.burmeseclassic.com



တာသည်ကို တွေ့လိုက်ရလေသည်။

လုရှောင်ယုံ၏ဖခင် လုရှမ်းဖြစ်သည်။

"ဖေဖေ"

လုရှောင်ယုံ စိတ်ထဲမှ ခေါ်လိုက်သည်။

လုရှမ်းလည်း တွေ့မြင်သွားပြီး ပြေးလာလေသည်။

"သားလေး လုရှောင်ယုံ၊ မင်း ဘယ်တွေ လျှောက်သွားနေတာလဲ"

လုရှောင်ယုံ အနီးသို့ ချက်ချင်းရောက်ရှိလာတော့သည်။

လုရှောင်ယုံ ဘာမှမပြောပါ။

လုရှမ်းက...

"ဖေဖေ သားကို လိုက်ရှာတာ တစ်မြို့လုံးနဲ့နေပြီ၊ သား ဘယ်တွေ လျှောက်သွားနေတာလဲ"

လုရှောင်ယုံက...

"ကျွန်တော်ဆရာ ထင်းရှုးနဲ့ လူဆိုးကြီးရန်ကျိုဖုံးတို့ မြို့ပြင် သချိုင်းမြေမှာ ယှဉ်ပြိုင်တိုက်ခိုက်တာကို သွားကြည့်နေခဲ့တာပါ ဖေဖေ"

"ဟေ"

လုရှောင်ယုံက အမှန်အတိုင်း ဝန်ခံလိုက်သောအခါ လုရှမ်း ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

"လာ...လာ အိမ်ထဲသွားကြမယ်"

ချက်ချင်းပင် လုရှောင်ယုံ၏လက်ကို ဆွဲကာ အိမ်ထဲသို့ ခေါ်



ဆောင်သွားလေတော့သည်။

* * *

မီးအိမ်မှ ဝါကျင့်ကျင့် မီးရောင်က အိမ်ရှေ့ခန်း၌ ဖြာကျနေသည်။

လုရှောင်ယုံအား ထိုင်ခုံတစ်လုံး၌ ထိုင်ခိုင်းပြီး အိမ်တံခါးများကို လုံလုံခြုံခြုံ ပိတ်လိုက်ပြီးမှ လုရှမ်းက မေးလိုက်လေသည်။

"ကဲ... ငါ့သား ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

လုရှောင်ယုံက...

"ကျွန်တော်က ဆရာနဲ့ လူဆိုးကြီး လက်တွေ့ ဘယ်လိုယှဉ်ပြိုင်တိုက်ခိုက်ကြတယ်ဆိုတာကို ကြည့်ချင်တာ၊ ဒါနဲ့ တိတ်တိတ်ကလေးသွားကြည့်မိတာ"

"ကောင်းကွာ"

လုရှမ်း မချင့်မရဲ ဖြစ်သွား၏။

လုရှောင်ယုံက အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

လုရှမ်း စိတ်ဝင်စားစွာ နားထောင်နေလိုက်၏။

လုရှောင်ယုံ၏စကားဆုံးတော့မှ ပင့်သက်ရှိုက်လိုက်ခဲ့လေတော့သည်။

"မင်းတော်တော် ကံကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လှရှောင်ယုံက ခေါင်းငုံ့ထားလိုက်သည်။

လှရှမ်းက…

"ဆရာထင်းရှင်က လက်မခံတော့ဘူး မဟုတ်လား"

"ဟုတ်…ဟုတ်ပါတယ် ဖေဖေ"

"သူက ဉည်းကမ်းကြီးပြီး တိကျပြတ်သားတယ်၊ ဖေဖေ သွားပြီး တောင်းပန်လည်း ပြန်ပြီး လက်ခံမှာ မဟုတ်ဘူး။ သည်တော့ ငါ့သား အိမ်မှာပဲ နေတာ အကောင်းဆုံးပဲ၊ သိုင်းပညာ မသင်ချင်စမ်း ပါနဲ့ ဖေဖေ့ အလုပ်တွေကို ဝိုင်းကူလုပ်ပေးစမ်းပါ၊ ဈေးရောင်းရတာ လဲ ပျော်စရာကောင်းပါတယ်၊ သိုင်းသမားတွေဟာ ရန်ဖြစ်ကြ၊ သွေး ထွက်သံယို တိုက်ခိုက်ကြနဲ့ မကောင်းပါဘူး သားရယ်"

လှရှမ်း ဆုံးမသောအခါ လှရှောင်ယုံ ခေါင်းငုံ့ထားလိုက်ပြန် သည်။

လှရှမ်းက…

"ဆရာထင်းရှင်က သားကို သဘောကျခဲ့တယ်၊ ချီးကျူးခဲ့ တယ်၊ ဒါပေမယ့် သည်အရွယ်နဲ့ ညကြီးအချိန်မတော် မြို့ပြင်သချိုင်း လို နေရာမျိုးကို သွားရဲတယ်၊ အန္တရာယ်များလှတဲ့ ယှဉ်ပြိုင်တိုက်ပွဲ မျိုးကို ကြည့်ရဲ့တယ်ဆိုတော့ ငါ့သားဟာ ကိုယ့်ကိုကိုယ် မထိန်းချုပ် နိုင်ဘဲ စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ သဘောရှိတယ်လို့ တွက်ဆပြီး သားရဲ့ နောင်ရေးကို မျှော်တွေးပြီး သိုင်းပညာ ဆက်သင်မပေးဖို့ ဆုံးဖြတ်လိုက်တာပဲကွဲ့၊ ငါ့သားလည်း သိုင်းဆက်သင်ဖို့ မကြိုးစားနဲ့ တော့နော်၊ ကဲ…ညဉ့်နက်ပြီ၊ အိပ်ကြစို့"



လှရှောင်ယုံ ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ ဖေဖေ"

ထို့နောက် သားအဖနှစ်ယောက် အသီးသီး အိပ်ရာဝင် လိုက်ကြလေတော့သည်။

* * *

တစ်ရက်…။

နှစ်ရက်…။

သုံးရက်…။

နေ့ရက် အလီလီ ကုန်ဆုံးသွားခဲ့လေသည်။

လှရှောင်ယုံမှာ သိုင်းကျောင်းသို့ မသွားရတော့ပါ။

တစ်နေ့တစ်နေ့ ဈေးဆိုင်၌ ဖခင်ကြီးအား ကူညီလုပ်ကိုင် ပေးရင်း အချိန်ကုန်ခဲ့ရလေသည်။

လှရှောင်ယုံ မပျော်ရွှင်တော့ပါ။

တစ်နေ့တစ်နေ့ မှိုင်တွေနေတော့သည်။

ဖခင်ကြီးလှရှမ်းကလည်း အခြေအနေကို ရိပ်မိထားလေ သည်။

လှရှောင်ယုံကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေ၏။ ထိုသေးသေး မရှိအောင် ဂရုစိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လခန့်ကြာလျှင် လှရှောင်ယုံ နေမကောင်း ဖြစ်ကာ အိပ်ရာထဲ လဲသွားတော့သည်။

လှရှမ်းမှာ ငွေကြေးတတ်နိုင်သူဖြစ်၍ သမားတော်များ ပင့်ကာ ဆေးဝါးကုသပေးခဲ့သည်။

ဆေးဆရာများ၊ သမားတော်များ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားသည်။

လှရှောင်ယုံ၏ဝေဒနာ သက်သာမလာချေ။

လှရှောင်ယုံမှာ ပိန်ချုံးသွားသည်။

နာလံထူမလာတော့ဘဲ ပို၍ အခြေအနေဆိုးကာ နောက်ဆုံး သေဆုံးသွားမည်ဟုပင် ထင်ရတော့သည်။

လှရှမ်းက သမားတော်များ၏ ပြောကြားချက်အရ လှရှောင်ယုံ၏ဝေဒနာမှာ စိတ်ကြောင့် ဖြစ်ကြောင်း၊ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေကြောင်း၊ စိတ်ပျော်ရွှင်ချမ်းမြေ့အောင် ထားရမည် ဖြစ်ကြောင်း သိခဲ့ရလေသည်။

လှရှမ်းသည် အခြေအနေ အရပ်ရပ်ကို သုံးသပ်ကာ မည်သို့ ဖြေရှင်းရမည်ကို နားလည်သဘောပေါက်ခဲ့လေတော့သည်။

လှရှောင်ယုံက ကုတင်ပေါ်၌ ပက်လက်ကလေး လှဲလျောင်းနေ၏။

လှရှမ်းက...

"ငါ့သား၊ မင်းရဲ့ ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားစေချင်ရင် ခရီးထွက်ပြီး အပန်းဖြေရမယ်လို့ သမားတော်ကြီးက ပြောသွားတယ်"



ဟု သွေးတိုးစမ်း စကားစလိုက်လေသည်။

လှရှောင်ယုံ၏မျက်လုံးအစုံ၌ အရောင်လက်ခနဲ ထသွားလေသည်။

လှရှမ်း ဆက်ပြောသည်။

"ဒါကြောင့် သားကို ခရီးထွက်နိုင်အောင် ဖေဖေစီစဉ်ပေးမယ်"

လှရှောင်ယုံ၏နှုတ်ခမ်း တလှုပ်လှုပ် ဖြစ်လာလေသည်။

"ကျွန်တော် ခရီးထွက်ရမယ်"

"ဟုတ်တယ်"

"ဘယ်ကိုလဲဟင်"

"သားအဘိုးဆီကိုပေါ့"

"ဗျာ"

လှရှောင်ယုံမှာ ဖခင်ကြီး၏စကားကြောင့် တအံ့တသြ ဖြစ်သွားလေသည်။

"အဘိုး၊ ကျွန်တော့်မှာ အဘိုး ရှိနေတယ် ဟုတ်လားဟင်"

"ဒါပေါ့"

"ဖေဖေ ဘယ်တုန်းကမှ မပြောခဲ့ဖူးပါလား"

လှရှောင်ယုံ မယုံနိုင်အောင် ဖြစ်နေသည်။

သူ့တွင် အဘိုးရှိနေသည်။

လှရှောင်ယုံ နားလည်ထားသည်မှာ လောကပေါ်၌ သူတို့

www.burmeseclassic.com

www.burmeseclassic.com



သားအဖ နှစ်ယောက်ထဲသာရှိပြီး ဆွေမျိုးသားချင်း မရှိဟူ၍ ဖြစ်သည်။

ယခုတော့ အဘိုးတစ်ယောက် ရှိနေကြောင်း သိလိုက်ရပြီ ဖြစ်လေသည်။

လုရှောင်ယုံက...

"ကျွန်တော့်အဘိုးဆိုတာ..."

လုရှမ်းက...

"ငါ့ရဲ့ အဖေပေါ့"

လုရှောင်ယုံက...

"ဖေဖေ ဘာကြောင့် အခုမှ ပြောရတာလဲဟင်၊ ကျွန်တော် ဘာမှ မသိခဲ့ရပါလား"

လုရှမ်းက...

"မပြောပြဘူးဆိုတာ၊ ငါ့ဖေဖေက ငါ့ကို စွန့်ပယ်ထားလို့ပေါ့"

"ဗျာ"

"ဖေဖေဟာ သိုင်းသမားတစ်ယောက်ပေါ့၊ သူက ငါ့ကို ကြီးပြင်းလာတဲ့အခါ သူ့ရဲ့ခြေရာနင်းပြီး သိုင်းသမားတစ်ယောက် ဖြစ်လာစေချင်တယ်၊ ငါက သိုင်းပညာကို လုံးဝ ဝါသနာမပါဘူး။ မသင်ချင်ဘူး။ သည်လိုနဲ့ ငါတို့သားအဖနှစ်ယောက် အချင်းများခဲ့ကြတယ်၊ စိတ်ဝမ်းကွဲခဲ့ကြတယ်၊ နောက်ဆုံး လမ်းခွဲခဲ့ကြရတာပေါ့"

လုရှောင်ယုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။



လုရှမ်းက...

"နောက်ဆုံး ဖေဖေက ငါ့ကို မောင်းထုတ်လိုက်တယ်၊ တစ်သက်လုံး သေခန်းပြတ်ပေါ့"

ဤမျှလောက်ဖြင့် လုရှောင်ယုံမှာ ဖခင်ကြီး အကြောင်းကို သိရှိနားလည်သွားလေသည်။

ဖခင်ကြီးသည် သိုင်းပညာဝါသနာမပါဘဲ ကုန်သည်ဈေးသည် ဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့လေသည်။

သူ့ကိုလည်း သိုင်းပညာမသင်ဖို့ အတန်တန် တားမြစ်ခဲ့သည်။

သူကလည်း အံ့ဩစရာကောင်းအောင် သိုင်းပညာဝါသနာပါနေသည်။

အဘိုးဖြစ်သူ၏သွေး ပါလာခြင်း ဖြစ်လေသည်။

ဖခင်ကြီးမှာ သူ့အား အလွန်ချစ်မြတ်နိုးသည်။

နေ့သည် ကွယ်လွန်သွားပြီးနောက် တစ်ကောင်ကြွက်ကဲ့သို့ ဖြစ်နေသော သားလေးအား အလိုလိုက်ကာ အလျှော့ပေးခဲ့ပြီး ထိုက်ကျိုကျောင်း၌ သိုင်းပညာသင်ကြားစေခဲ့ခြင်း ဖြစ်လေသည်။

လုရှောင်ယုံလည်း ဖခင်ကြီး၏ မေတ္တာတရားကို နားလည်သဘောပေါက်ထားလေတော့သည်။

"ကျွန်တော့်အဘိုးက ရှိနေသေးတာပေါ့နော်"

"ဒါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးဆီကို ကျွန်တော်သွားရမှာလား"

"ဟုတ်တယ်"

"ဒါဆို..."

"သားက အဘိုးဆီကို သွားရမယ်၊ အနားယူပြီး ကျန်းမာလာတာနဲ့ သိုင်းပညာသင်ရမယ်"

လုရှောင်ယုံက...

"အဘိုးက ကျွန်တော့်ကို သိုင်းပညာသင်ပေးမှာပေါ့နော်"

"ဒါပေါ့"

လုရှောင်ယုံ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။

သူ၏အဘိုးသည် သိုင်းပညာရှင်တစ်ဦး ဖြစ်နေသည်။

သူက အဘိုးထံသို့သွားကာ သိုင်းပညာသင်ကြားရတော့မည် ဖြစ်သည်။

လုရှောင်ယုံ အံ့ဩဝမ်းသာမဆုံး ဖြစ်သွားရလေတော့သည်။

လုရှမ်းက...

"ငါ့သား နေကောင်းအောင်နေပါ၊ နေကောင်းလာတာနဲ့ ဘိုးဘိုးဆီကို သွားရလိမ့်မယ်"

လုရှောင်ယုံက...

"ကျွန်တော် နေကောင်းသွားပါပြီ ဖေဖေ"

ဟု အလောတကြီး ပြောလိုက်သည်

လုရှမ်း ပင့်သက်ရှိုက်လိုက်သည်။



သားဖြစ်သူမှာ သိုင်းပညာ မသင်ရသဖြင့် စိတ်ထိခိုက်ကာ နေမကောင်း ဖြစ်ခဲ့ကြောင်း ထင်ရှားလေသည်။

သိုင်းပညာသင်ရမည်ဆိုသောအခါ ချက်ချင်းပင် ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။

လုရှောင်ယုံကား မျိုးဆက်သွေးပါသူ ဖြစ်နေသည်။

လုရှမ်း ဘာမှ မတတ်နိုင်တော့ပါ။

လုရှောင်ယုံကြောင့် သူ၏ဖခင်က သူ့အား ကျေနပ်ခွင့်လွှတ်လိမ့်မည်ဟုလည်း ယုံကြည်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် လုရှောင်ယုံ ပြောသည့် စကားများကို စိတ်ဝင်စားစွာ နားထောင်နေ၏။

လုရှောင်ယုံက အကြောင်းရှိ၍ ပြောနေခြင်းဖြစ်ပြီး ပြောပြသော စကားများမှာလည်း စိတ်ဝင်စားစရာကောင်းနေသည် မဟုတ်ပါလား။

လုရှောင်ယုံက...

"အရိပ်အယောင်သိုင်းကျမ်းနဲ့ ဘယ်လိုပတ်သက်ခဲ့ရတယ်ဆိုတာ ပြောပြမယ်ဆိုရင် ကျုပ်တို့သားအဖ အကြောင်းကို အရင်ဆုံး ပြောပြမှ ပြည့်စုံမယ်ထင်လို့ ကျုပ်ပြောပြနေတာပါ"

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်ရှင်၊ ဒါမှလည်း ရှင့်ရဲ့ဘဝအကြောင်းကို သိရမယ်ဆိုတော့ ကျွန်မသိထားတွေနဲ့ ပတ်သက်ပြီး နှိုင်းယှဉ်စဉ်းစား ကြည့်လို့ ရတာပေါ့"

လုရှောင်ယုံ ပြုံးလိုက်သည်။

"ညီမက ကျုပ်ရဲ့အကြောင်းကို သိထားတယ်ဆိုပါတော့"

ကြူးယွင်က...

"ကျွန်မက တစ်ချို့ကိစ္စတွေကို အနည်းအကျဉ်းလောက် သိထားတာပါရှင်"

မည်သို့သော အကြောင်းကိစ္စများ ဖြစ်သည်ကို လုရှောင်ယုံ မေးမြန်းလိုသော်လည်း မမေးဘဲ နေလိုက်လေသည်။

လုရှောင်ယုံက တည်ကြည်သော မျက်နှာထားဖြင့် ဆက်



ပြောလိုက်လေသည်။

"အရိပ်အယောင်သိုင်းကျမ်းဟာ ကျုပ်အဘိုးနဲ့ ပတ်သက်ခဲ့တာပါ။ သည်သိုင်းကျမ်းကြောင့် ကျုပ်အဘိုး ဒုက္ခရောက်ခဲ့ရတာ"

ကြူးယွင်က...

"ရှင့်အဘိုးအကြောင်း ကျွန်မကို ပြောပြမယ် မဟုတ်လား ရှင်"

ဟု မေးလိုက်သည်။

လုရှောင်ယုံက...

"ကျုပ်ပြောပြချင်ပါတယ်၊ မင်းနားထောင်ချင်တာကိုပဲ ကျေးဇူးတင်ပါတယ်"

ကြူးယွင် ပြုံးလိုက်သည်။

"ကျွန်မကို ပြောပြပါရှင်"

လုရှောင်ယုံက...

"ကျုပ်အဖေက ကျုပ်အဘိုးဆီကို ပို့ပေးခဲ့တယ်၊ ကျုပ်အဘိုးရဲ့ ကျေးဇူးကြောင့် ကျုပ်ဟာ ခုလို သိုင်းသမားတစ်ယောက် ဖြစ်လာခဲ့ရတာပါ၊ ကျုပ်အဘိုးက..."

သူ၏အဘိုးအကြောင်းကို ပြောပြလိုက်သည်။

ကြူးယွင်ကလည်း စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

လုရှောင်လုံက...

"ကျုပ်အဘိုးဟာ သာမန်မိသားစုတစ်စုက မွေးဖွားလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အညတရတစ်ယောက်ပါ။ သူက သိုင်းပညာ ဝါသနာပါတယ်၊ တပတ်တကုတ် ကြိုးစားခဲ့တယ်၊ သည်လိုနဲ့ တစ်နေ့မှာ မမျှော်လင့်တဲ့ ကံစွတစ်ခုနဲ့ ကြုံတွေ့ခဲ့ပြီး သူ့ရဲ့ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရတာပေါ့"

ဟု အဘိုးက အဘိုးဖြစ်သူ အကြောင်းကို ပြောပြလိုက်လေတော့သည်။

* * *



## ကံတရား

ထိုက်ကျူးမြို့...။

ထိုက်ကျူးမြို့သည် စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်သည်။

ထိုက်ကျူးမြို့သို့ ရောက်လာသူတိုင်းသည် 'ခွေငါး'စားသောက်ဆိုင်သို့ ဝင်ရောက်စားသောက်လေ့ ရှိကြသည်။

ထိုက်ကျူးမြို့တွင် ခွေငါးစားသောက်ဆိုင်မှာ နာမည်ကြီးလှသည် မဟုတ်ပါလား။

ယနေ့...

နေမွန်းတည့်ချိန်၌ ဖျင်ကြမ်းအင်္ကျီဝတ်ထားသော လူရွယ်တစ်ဦးသည် ထိုက်ကျူးမြို့ ခွေငါးစားသောက်ဆိုင်သို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်မှာ ရပ်ဝေးမှ လာခဲ့ပုံရပြီး ဆာလောင်မွတ်သိပ်နေပုံလည်း ရလေသည်။

ဆိုင်ထဲရောက်လျှင် ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ နေရာယူကာ စားစရာများ မှာကြားစားသောက်လိုက်လေသည်။

နံနက်စာ စားချိန်ကို ကျော်လွန်ကာ နေမွန်းတည့်ချိန်ပင် ရောက်ရှိနေပြီဖြစ်၍ ဆိုင်ထဲလူရှင်းနေပါသည်။

လူရွယ် အပါအဝင် စားသောက်သူ လေးငါးယောက်မျှသာ ရှိနေပါသည်။

လူရွယ်သည် ပတ်ဝန်းကျင်ကို အမှုမထားအားဘဲ ဆာဆာနှင့် စားသောက်နေစဉ် သူ၏နားထဲသို့ စကားသံအချို့ တိုးဝင်လာလေသည်။

"မင်းသေချာရဲ့လားကွ"

"သေချာပါတယ်၊ အဲသည်လူဟာ ဆုငွေထုတ်ထားတဲ့ လူဆိုးဝမ်းလီပဲဗျ"

"ဝမ်းလီက ကြောက်စရာ ကောင်းတယ်လို့ သတင်းကြီးနေတာနော်၊ မင်းက သူ့ကို စိတ်ဝင်စားနေတာ အန္တရာယ်မများဘူးလား"

"အန္တရာယ်များမယ်ဆိုတာ ငါသိတာပေါ့၊ ဒါပေမယ့် ဆုငွေက မနည်းဘူး"

"မင်း..မင်းက ဝမ်းလီကို သွားဖမ်းမလို့လား"



"ငါမှ သိုင်းပညာ မတတ်တာ၊ သူ့ကို ဖမ်းဖို့မပြောနဲ့ သူ့အနားတောင် ကပ်နိုင်မှာ မဟုတ်ဘူး"

"ဒါဖြင့် မင်း ဘာကြောင့် ပြောနေရမှာလား"

"ဝမ်းလီအကြောင်း သတင်းပေးနိုင်တာနဲ့ ဆုငွေရမှာ၊ တိတိကျကျတော့ သတင်းပေးနိုင်ရမှာပေါ့လေ"

ဝဲဘက်ရှိ စားပွဲတစ်ခုမှ လူနှစ်ယောက် ပြောဆိုနေကြသော စကားသံများ ဖြစ်လေသည်။

လူရွယ် စိတ်ဝင်စားသွားသည်။

ထိုလူနှစ်ယောက်အား မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူနှစ်ယောက်သည် လူရွယ်ကို သတိမထားမိဘဲ ဆက်၍ ပြောဆိုနေကြ၏။

တစ်ယောက်က...

"မင်းက တိတိကျကျ သိရအောင် စုံစမ်းမယ်ဆိုပါတော့"

ကျန်တစ်ယောက်က...

"သိပ်ပြီး အပင်ပန်းခံစရာ မလိုပါဘူး၊ 'ဝမ်းလီ' တည်းခိုနေတဲ့ တည်းခိုခန်းကို စောင့်ကြည့်နေပြီး သူ့ကို ဖမ်းဆီးနိုင်အောင် သတင်းပေးလိုက်ရုံပါပဲ"

ပထမလူက...

"သေချာမှ လုပ်ပါကွာ၊ တော်ကြာ ဒုက္ခများနေဦးမယ်"

"မပူစမ်းပါနဲ့၊ ငါတို့ ဘာမှ မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပြောဆိုနေချိန်၌ ဆိုင်ရှေ့မှ လူတစ်ယောက် ဖြတ်သွားလေသည်။

ထိုလူကို မြင်လျှင် ပြောဆိုနေသူနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"အဲဒါ ဝမ်းလီပဲ၊ ကျုပ်တို့ သူ့နောက်ကို လိုက်သွားရအောင်"

"မင်း ဘာလုပ်မလို့လဲ"

"သူ ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ စုံစမ်းထားရမယ်လေ၊ ဒါမှ တိတိကျကျ သတင်းပေးနိုင်မှာပေါ့။ ကဲ..သွားကြရအောင်"

"ဟာ..ငါ မလိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"အန္တရာယ် သည်လောက်များတာ မင်း မသိဘူးလားကွ"

"ဆုငွေရရင် မင်းလည်း တစ်ဝက်ရမယ်ဆိုတာ မင်းထည့်မတွက်တော့ဘူးလား"

"မင်း တကယ် ဝေစုခွဲပေးမှာလား"

"တကယ်ပေါ့"

"အေးလေ၊ ငါလည်း ငွေလိုနေတာဆိုတော့ လိုက်ရတော့မှာပေါ့၊ ငါတို့သတိထားမှ ဖြစ်မယ်နော်"

"စိတ်ချပါကွာ"

ထို့နောက် ထိုလူနှစ်ယောက်သည် ဆိုင်လုလင်ကို ခေါ်ကာ ကျသင့်ငွေပေးပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်သွားကြလေသည်။



ဖျဉ်ကြမ်းအကျႌဝတ်ထားသော လူရွယ်မှာ ဆက်ပြီး စားသောက်ခြင်း မပြုနိုင်ပါတော့ချေ။

သူကလည်း လူဆိုးဝမ်းလီအား စိတ်ဝင်စားနေသည် မဟုတ်ပါလား။

ထို့ကြောင့် ဆက်၍ စားသောက်ခြင်း မပြုတော့ဘဲ ငွေတုံးကလေးတစ်တုံးကို စားပွဲပေါ်ချကာ ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

* * *

လူဆိုးဝမ်းလီက လမ်းကြားလေးတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားလေသည်။

ဆုငွေလိုချင်သူ နှစ်ယောက်ကလည်း မသိမသာ နောက်ရောင်ခံလိုက်သွားကြလေသည်။

လမ်းကြားထဲ ရောက်သွားလျှင် ထိုလူနှစ်ယောက် ခြေလှမ်းတုန့်ခနဲ ရပ်သွားကြတော့သည်။

အကြောင်းကား လူဆိုးဝမ်းလီအား မတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။

လမ်းကြားထဲ၌ လူရှင်းနေသည်။

သွားလာလှုပ်ရှားသူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

နောက်ရောင်ခံလိုက် သူနှစ်ယောက် ဟိုဟိုသည်သည်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြလေသည်။

"သူ ဘယ်ရောက်သွားတာလဲ"

"အေး..လမ်းကြားထဲ ဝင်သွားတာပဲ၊ ခုတော့ ပျောက်ချင်း မလှပျောက်သွားပြီ"

လှဆိုးဝမ်းလီကား ပျောက်ချင်းမလှ ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

ဝမ်းလီ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

နောက်ရောင်ခံလိုက်သူနှစ်ယောက် ဇဝေဇဝါ ဖြစ်နေကြချိန်မှာပင်...

"ကျုပ်ကို လိုက်ရှာနေကြတာလား"

နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာလေသည်။

နောက်ရောင်ခံလိုက်သူနှစ်ယောက် ကပျာကယာ နောက်လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ အနောက်ဘက်၌ လှဆိုးဝမ်းလီ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

"လှဆိုးဝမ်းလီ"

ဝမ်းလီက...

"ခင်ဗျားတို့နှစ်ယောက် ကျုပ်ကို နောက်ရောင်ခံလိုက်လာကြတာ မဟုတ်လား"

"ကျုပ်..ကျုပ်တို့"



"ခင်ဗျားတို့ကို ကြည့်ရတာ ဆုငွေလိုချင်နေကြတယ် ထင်ပါရဲ့"

နောက်ရောင်ခံလိုက်သူနှစ်ယောက် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ရက်စက်ကြမ်းကြုတ်လှသော လှဆိုးဝမ်းလီက သူတို့အား ချမ်းသာပေးမည် မဟုတ်ကြောင်း နားလည်လိုက်ကြလေသည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ...

"ပြေး..ပြေး"

ချက်ချင်း ထွက်ပြေးသွားကြလေသည်။

လှဆိုးဝမ်းလီ မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းတို့ ပြေးလို့ လွတ်မလား"

သူ၏လက်ထဲ ဓားတစ်လက် ရောက်လာပြီး လျှပ်တပြက် ခုတ်ချလိုက်လေသည်။

ဝမ်းလီ၏လှုပ်ရှားမှုက လျှပ်ပြက်သကဲ့သို့ လျင်မြန်နေပါတော့သည်။

နောက်ရောင်ခံလိုက်ခဲ့သူ နှစ်ယောက် တဟုန်ထိုးထွက်ပြေးကြပါသော်လည်း ပြေးမလွတ်ဘဲ တစ်ယောက်မှာ ဝမ်းလီ၏ဓားချက်ထိသွားတော့သည်။

"ဗွစ်"

"အား"

ထိုလူမှာ ရှုံ့ရှစ္စာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားအ

www.burmeseclassic.com

www.burmeseclassic.com



သတ်ပျောက်သွားလေတော့သည်။

ကျန်တစ်ယောက်လည်း ပြေးမလွတ်တော့သဖြင့် မြေပေါ် အထောက်များက တောင်းပန်လိုက်လေသည်။

"ကျွပ်..ကျွပ်ကို မသတ်ပါနဲ့ ချမ်းသာပေးပါ"

ဝမ်းလီ ရယ်ပြုံးပြုံးလိုက်သည်။

"မင်းကို ချမ်းသာပေးရမယ် ဟုတ်လား"

"ကျွပ် မှားပါတယ်ဗျာ၊ နောက်နောင် သည်လိုမလုပ်တော့ပါဘူး။ ချမ်းသာပေးပါ"

ထိုလူမှာ ကြောက်ရွံ့လွန်းသဖြင့် မျက်ရည်များပင် စီးကျလာလေတော့သည်။

ထိုလူကို ကြည့်ပြီး...

"ဟား..ဟား..ဟား"

ဝမ်းလီက လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကျွပ်ကို ဒုက္ခပေးဖို့ ကြိုးစားတဲ့လူကို ကျွပ်က ချမ်းသာပေးရမှာလား"

ဟု ဝေါက်ရင်း ဓားကို မြှောက်လိုက်ရာ...

"အမယ်လေး"

ထိုလူ ကြောက်လန့်တကြား အော်ဟစ်လိုက်လေသည်။

ဝမ်းလီက...

"အတော်ကြောက်နေတာကိုး။ ကောင်းပြီ၊ မင်းများကို မသတ်တော့ဘူး။ ကျွပ်ခိုင်းတာကို မင်းများလုပ်ပေးရမယ်"



ထိုလူ ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

"ကျွပ် ဘာလုပ်ပေးရမလဲ ပြောပါ၊ ကျွပ်လုပ်ပေးပါ့မယ်"

"ကောင်းပြီ၊ မင်းများက မြို့တော်ဝန်ဆီကို သွားပါ၊ ကျွပ် ဝမ်းလီက နန်းတွင်းက လာတဲ့ သခင်မလေးကျွင်းကျွင်းကို ဖမ်းဆီး ပြန်ပေးဆွဲမယ်ဆိုတဲ့ အကြောင်း ပြောပြလိုက်ပါ"

"ဗျာ"

"ကဲ..မင်းများသွားပေတော့"

ဝမ်းလီက လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုလူလည်း ကုန်းရုန်းထကာ ပြေးလွှားသွားတော့သည်။

"ဟား..ဟား..ဟား"

ဝမ်းလီက ထိုလူကို ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်ရောင်ခံလိုက်သူ ထွက်ပြေးသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

ဝမ်းလီက ရယ်မောနေဆဲ...

သို့သော်...

သူ၏ရယ်မောသံ တဖြည်းဖြည်းနှင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ လမ်းကြားထဲဝင်လာသူ တစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ဖျော့ကြမ်းအကျီဝတ်ဆင်ထားသော လူရွယ်ဖြစ်သည်။

လူရွယ်က ဝမ်းလီထံသို့ ဦးတည်လှမ်းလာလေသည်။

လူရွယ်၏ ပုပန်းသဏ္ဌာန်မှာ သိုင်းသမားတစ်ဦး ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

ထို့အပြင်...

လူရွယ်ထံမှ အေးစိမ့်သော အငွေ့အသက်များ လွင့်ပျံ့လာသည်ဟု ခံစားလိုက်ရသေးသည် မဟုတ်ပါလား။

ဝမ်းလီက လူရွယ်အား မျက်တောင်မခတ် အကဲခတ်ကြည့်နေလိုက်လေသည်။

လူရွယ်က မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်သည်။

ဝမ်းလီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

ဝမ်းလီသည် လူရွယ်၏အကြည့်ကို မခံနိုင်တော့ဘဲ...



"မင်း ဘယ်သူလဲ၊ ဒါက ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

လူရွယ်က...

"ကျုပ်က 'လုစင်းရန်'ပါဗျာ၊ ခင်ဗျားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ လာခဲ့တာပါ"

ဝမ်းလီက...

"လုစင်းရန်၊ မင်းက မေ့ဝှားဖျော်တော်ဆက်ဂေဟာမှာ ဟိုင်နန်ဘီလူးသုံးဖော်ကို ဆုံးမခဲ့တဲ့ အညတရ လုစင်းရန် ဟုတ်လား"

လူရွယ်(ဝါ)လုစင်းရန် ပြုံးလိုက်သည်။

"မှန်ပါတယ်ဗျာ၊ ဟိုင်နန်ဘီလူးသုံးဖော်ဟာ အများပြည်သူကို ဒုက္ခပေးပြီး ဆိုးသွမ်းသောင်းကျန်းနေကြတဲ့ သေသင့်သေထိုက်တဲ့ လူတွေပဲ မဟုတ်လားဗျာ"

"မင်း..."

"သူတို့ မသေခင်မှာ ခင်ဗျားအကြောင်းကို ပြောပြသွားကြတယ်လေ"

"ဘာ..."

"ခင်ဗျားက ရွှေနန်းတော်ကြီးကို ခြိမ်းခြောက်မှုကြီးတစ်ခု လုပ်ဖို့ ကြံစည်နေတယ်၊ ခင်ဗျားနဲ့ လက်တွဲမယ့် လူတွေကို လိုက်ပြီး စုစည်းနေတယ်၊ သူတို့ဟာ ခင်ဗျားနဲ့တွေ့ဖို့ ဟိုင်နန်ကျွန်းကနေ ထွက်လာခဲ့ကြတာလို့ ဝန်ခံသွားကြတယ်လေ"

ဝမ်းလီ အံကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး…တိုင်နန်ဘီလူးသုံးဖော်ဟာ ချိန်းထားတဲ့အတိုင်း ကျုပ်ဆီကို ရောက်မလာကြလို့ စုံစမ်းကြည့်လိုက်တော့ မင်းရဲ့လက်ချက်မိသွားတယ်ဆိုတာ သိခဲ့ရတာ"

"ဒါအမှန်ပါပဲ"

"ကောင်းတယ်၊ မင်းရောက်လာတော့ ကျုပ်က မင်းကို လိုက်မရှာရတော့ဘူးပေါ့၊ ကျုပ်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမယ်ဆိုတာ ဒါပဲ မဟုတ်လား"

လုစင်းရန် ခေါင်းခါယမ်းလိုက်သည်။

"သည်လို မဟုတ်သေးပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

"ခင်ဗျားက နန်းတွင်းက သခင်မလေးတစ်ယောက်ကို ဖမ်းဆီးပြန်ပေးဆွဲမယ်ဆိုတာ၊ ဟိုလူကို ပြောနိုင်းလိုက်တယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"သူများကို တစ်ဆင့် ပြောနိုင်းတာထက် ခင်ဗျားကိုယ်တိုင် သွားပြီးပြောပြတာ ပိုမကောင်းဘူးလားဗျာ"

"ဘာ"

"ခင်ဗျားကိုယ်တိုင် ပြောပြနိုင်အောင် ခင်ဗျားကို မြို့တော်ဝန်ဆီကို ခေါ်သွားမလို့ပါဗျာ"

"မင်း…မင်း"

ဝမ်းလီ ဒေါသချောင်းချောင်း ထွက်သွားလေသည်။



"သေပေတော့"

အော်ဟစ်ရင်း လုစင်းရန်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ဟူး"

"ဝှစ်…ဝှစ်…ဝှစ်"

အဝတ်အစားလေတိုးသံများနှင့်အတူ ဓားရောင်များ ဝင်းလက်သွားလေသည်။

ဝမ်းလီ၏ပြင်းထန်သော ဓားချက်များက လုစင်းရန်ထံသို့ တိုးဝင်သွားလေသည်။

လုစင်းရန် ခုခံရှောင်တိမ်းခွင့်မပေးဘဲ ဝိတ်ဆို့ပြီး အသေသတ်ရန် ကြိုးစား အားထုတ်လိုက်ခြင်း ဖြစ်သည်။

လုစင်းရန်က ရှောင်တိမ်းခြင်း ခုခံခြင်းမပြုဘဲ မလှုပ်မယှက် ရပ်နေသည်။

"ဝှစ်"

ဝမ်းလီ၏ဓားက သူ၏လည်မျိုကို ထိုးသွင်းလာသောအခါမှ လက်ဆန့်ထုတ်ရင်း လက်ဝါးနှစ်ဘက်ဖြင့် ဖျပ်ခနဲ ဖိညှပ်ပြီး ဓားကို အားဆီးထားလိုက်လေသည်။

ဝမ်းလီမှာ သူ၏ဓားက ကျောက်ဆောင်ကြီးတစ်ခုသို့ ထိုးသွင်းမိပြီး ပြန်ဆွဲထုတ်၍ မရအောင် ဖြစ်သွားသည်ဟု ခံစားလိုက်ရလေသည်။

"လွှတ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



အောင်ပေါက်ကာ မြေပေါ်ခြေကန်၍ အားစိုက်ဆွဲထုတ်လိုက်ချိန်မှာပင် လုစင်းရန်က လက်ကောက်ဝတ်ကို တစ်ချက်လှည့်လိုက်ရာ—

"ခွမ်း"

ဓားထက်ပိုင်း ကျိုးသွားတော့သည်။

"ဟာ"

ဝမ်းလီ လွှတ်ခနဲ အော်လိုက်သည်။

ကိုယ်ခနဲ့ဟန်ထား ပျက်ယွင်းကာ ဒယီးဒယိုင် ဖြစ်သွားလေသည်။

ထိုစဉ်…

"ခင်ဗျားပစ္စည်း ခင်ဗျားပြန်ယူပါ"

လုစင်းရန်က လက်ထဲညှပ်ပြီး ရှိုးယူထားသော ဓားကျိုးကိုပြန်လည်ပစ်လွှင့်လိုက်ရာ…

"ဝှစ်"

"ဒုတ်"

"အား"

ဓားကျိုးသည် ဝမ်းလီ၏ယာဘက် ပခုံး၌ ထိုးဖောက်စိုက်ဝင်သွားတော့သည်။

ဝမ်းလီ၏လက်ထဲမှ ဓားလွှတ်ကျသွားသည်။

ပခုံး၌ သွေးချင်းချင်း နီရဲသွား၏။

ရှုံးနိမ့်မှုနှင့် နာကျင်ခြင်းတို့ကြောင့် မျက်နှာကြီး ရှုံ့မဲ့သွား



လေတော့သည်။

လုစင်းရန်က…

"ခင်ဗျား ရှုံးသွားပြီ"

ဝမ်းလီ အံကြိတ်လိုက်လေသည်။

"မင်းကို သတ်မယ်"

တောရိုင်းတိရစ္ဆာန်တစ်ကောင်အလား လုစင်းရန်ထံသို့ ပြေးဝင်သွား၏။

လုစင်းရန် အသာအယာပင် ရှောင်တိမ်းပေးကာ ဝမ်းလီ၏ ဒူးဆစ်ကို ကန်ကျောက်လိုက်လေသည်။

"ဖြောင်း"

"အား"

ဝမ်းလီ၏ဒူးဆစ် အရိုးများ ကြေမွသွားကာ ဝုန်းခနဲ လဲကျသွားတော့သည်။

လုစင်းရန်က…

"ခင်ဗျား ဘာမှ မတတ်နိုင်တော့ပါဘူး"

ဝမ်းလီ မြေပေါ်လဲကျကာ ညည်းတွားနေပြီး ဘာမှမတတ်နိုင်တော့သည်မှာ အမှန်ပင်ဖြစ်လေသည်။

ထိုအချိန်မှာပင်…

"မြန်မြန်လာကြဟေ့"

လူတစ်စု ပြေးလွှားရောက်ရှိလာကြလေသည်။

ဝမ်းလီ လွှတ်ခနဲ့ပေးလိုက်သော နောက်လှောင်ခံသူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က မြို့တော်ဝန်ဂေဟာသို့ သွားရောက်သတင်းပို့ခဲ့ခြင်းကြောင့် မြို့တော်ဝန်က အာဏာသားများအား စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

လုစင်းရှန် ပြုံးလိုက်သည်။

ဝမ်းလီအား စိုက်ကြည့်လိုက်ပြီး…

"ကဲ… ခင်ဗျားက သူတို့နဲ့ လိုက်သွားပြီး ခင်ဗျားပြောချင်တဲ့ စကားတွေကို မြို့တော်ဝန်ရှေ့မှာ ကိုယ်တိုင်ပြောပြလိုက်ပေတော့"

ဟု ပြောလိုက်လေတော့သည်။

* * *

ဆယ်ရက်…

ဆယ်ရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ဝမ်းလီသည် နန်းတွင်းအမတ်ကြီး ကျင်းထင်းဟွာ၏သမီး ကျင်းကျင်း ပျောက်ဆုံး ပေါ်ထွက်လာသောအခါ တိုက်ခိုက်ဖမ်းဆီးရန် စီစဉ်ထားပုံကို မြို့တော်ဝန်ထံ၌ ဖွင့်ဟဝန်ခံခဲ့လေသည်။

သို့ဖြင့်…

ကြောက်မက်ဖွယ်ကောင်းသော ဝမ်းလီ၏အကြံအစည် ပေါ်ပေါက်လာလေသည်။

မြို့တော်ဝန်သည် အမတ်ကြီးထံသို့ ချက်ချင်းအကြောင်းကြားခဲ့သည်။



သို့သော်…

သူ၏အကြောင်းကြားမှုမှာ နောက်ကျနေပြီ ဖြစ်သည်။

အမတ်ကြီး၏သမီး သခင်မလေးကျင်းကျင်းက ကိုယ်ရံတော်ကွမ်းကြုံးရှီအား ခေါ်ကာ ခရီးထွက်သွားခြင်းကြောင့် ဖြစ်လေသည်။

ထူးခြားသည်ကား…

ကျင်းကျင်းက မည်သည့်နေရာသို့ သွားသည်၊ မည်သည့်လမ်းခရီးအား အသုံးပြုသည်ကို အမတ်ကြီး မသိရှိခြင်း ဖြစ်လေသည်။

သခင်မလေးကျင်းကျင်းက ဖခင်အမတ်ကြီးအား ကျန်းနန်နယ်သို့ သွားမည်ဟု ပြောခဲ့သည်။

စုံစမ်းကြည့်သောအခါ သူတို့ ကျန်းနန်သို့ ရောက်မလာပါ။

သူတို့ မည်သည့်နေရာသို့ သွားကြပါသနည်း။

သခင်မလေးကျင်းကျင်း၏အကြောင်းကို မြို့တော်ဝန်ထံမှ တစ်ဆင့်ကြားသိရလျှင် လုစင်းရှန် ထိတ်လန့်သွားလေသည်။

သခင်မလေးကျင်းကျင်းအတွက် အန္တရာယ် အလွန်များနေပြီ မဟုတ်ပါလား။

ဝမ်းလီ၏အပေါင်းအပါများက လွှတ်မြောက်နေကြဆဲ…

ပြန်ပေးဆွဲမည့် ကိစ္စကို ဆက်လက်လုပ်ဆောင်သွားကြမည်မှာ သေချာနေ၏။

မြို့တော်ဝန်မှာလည်း ဝမ်းလီ၏မိတ်ဆွေများအကြောင်း

www.burmeseclassic.com



ဖော်ထုတ်နိုင်ရန် ဝမ်းလီကို စစ်ဆေးခဲ့သည်။

ဤသို့ဖြင့် ဝမ်းလီ၏သွေးသောက် မိတ်ဆွေများအကြောင်းကို သတင်းရရှိခဲ့လေတော့သည်။

ပုယို…။

ထောင်ကီး…။

ချင်းဟို…။

စီးဖိန်…။

အလွန်ကြောက်မက်ဖွယ်ကောင်းသော ဓားပြကြီးလေးဦးသည် ဝမ်းလီ၏မိတ်ဆွေများ ဖြစ်လေသည်။

ယခု သူတို့၏သတင်း စုံစမ်း၍ မရအောင် ပျောက်ကွယ်နေသည်။

သူတို့သည် သခင်မလေး ကျင်းကျင်းအား ပြန်ပေးဆွဲဖို့ လျှို့ဝှက်စွာ ကြံစည်နေကြကြောင်း လုစင်းရန် တွေးမိလိုက်လေသည်။

ပုယို့တို့အား တွေ့ရနိုင်မည့် နည်းလမ်းများကို စဉ်းစားရင်း မကြာမီ အကြံတစ်ခု ရလာလေတော့သည်။

* * *



ကျူးထိုက်…။

ကျူးထိုက်သည် နိုးရာပါပစ္စည်း လက်စံရောင်းဝယ်သူ ဖြစ်သည်။

အမှုထမ်းများက ဒုစရိုက်သမားများအား ဖိဖိစီးစီး နှိမ်နင်းနေခြင်းကြောင့် ရာဇဝတ်မှုများ လျော့ကျသွား၏။

နိုးရာပါပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလည်း ရပ်ဆိုင်းလုနီး ဖြစ်သွား၏။

ထို့ကြောင့် ကျူးထိုက် အလွန်စိတ်ညစ်နေရလေသည်။

သို့သော်…

ငွေအများအပြားပေးမည့် လူတစ်ယောက်က ကျူးထိုက်ထံသို့ ရောက်ရှိလာသည်။

လုစင်းရန် ဖြစ်သည်။

လုစင်းရန်က ပုယို့တို့၏ သတင်းကို ပြောပြလျှင် ငွေအိုးတစ်ထောင်ပေးမည်ဟု ကမ်းလှမ်းခဲ့ခြင်း ဖြစ်လေသည်။

ကျူးထိုက်နှင့် ပုယို့တို့မှာ ယခင်ကတည်းက အဆက်အသွယ် ရှိခဲ့ကြသည်။

ထို့ကြောင့် သူတို့၏သတင်းကို ကျူးထိုက် တစ်စွန်းတစ်စ သိနေ၏။

လုစင်းရန်နှင့် ကျူးထိုက်တို့ တွေ့ဆုံမိကြသောအခါ

* * *

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဖား စားသောက်ဆိုင်လေးတစ်ဆိုင်၏ ထောင့်ကျကျ စားပွဲတစ်လုံး၌ လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

လုစင်းရန်နှင့် ကျူးထိုက်တို့ ဖြစ်သည်။

လုစင်းရန်က အထုပ်ကလေးတစ်ထုပ်အား စားပွဲပေါ်တင်ကာ ကျူးထိုက် ရှေ့သို့ တွန်းပို့လိုက်၏။

"သည်အထုပ်ထဲမှာ ငွေဒင်္ဂါးတစ်ထောင်တိတိ ရှိတယ်"

ကျူးထိုက်က ဝင်းလက်သော မျက်လုံးများဖြင့် ငွေထုပ်ကို မက်မောစွာ ကြည့်လိုက်သည်။

သို့သော် ယူထားလိုက်ခြင်း မရှိသေးပါ။

လုစင်းရန်က...

"ပုယို့အကြောင်း ကျုပ်သိချင်တယ်"

ကျူးထိုက် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူး"

လုစင်းရန်က...

"ကိစ္စ မရှိဘူး။ ခရေစေ့တွင်းကျ ပြောပြစရာ မလိုဘူး။ သူ့ကို ဘယ်မှာတွေ့နိုင်တယ်ဆိုတာ သိရရင် တော်ပြီ"

ကျူးထိုက်က...

"ပုယို့ဟာ အစကတည်းက လျှို့ဝှက်တဲ့ လူတစ်ယောက်ပဲ၊ နေရာတစ်ခုမှာ အတည်တကျနေတဲ့ လူလဲ မဟုတ်ဘူး"

လုစင်းရန်က...

"သူ့အကြောင်းကို ခင်ဗျားတစ်ယောက်က လွဲပြီး ဘယ်သူ



မှ ပြောပြနိုင်မှာ မဟုတ်ဘူး"

သူက နောက်ထပ် ငွေထုပ်လေးတစ်ထုပ်အား စားပွဲပေါ်တင်လိုက်လေသည်။ ကျူးထိုက် ငြိမ်သွား၏။

လုစင်းရန်က...

"ပုယို့ ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

"ကောင်းပြီ"

လုစင်းရန်က ဓားတစ်လက်ကို စားပွဲပေါ်တင်လိုက်လေသည်။ ကျူးထိုက်က...

"ဒါ ဘာသဘောလဲ"

လုစင်းရန်က...

"ခင်ဗျား ငွေမလိုချင်ဘူးဆိုရင်တော့ ဓားပဲရမယ်"

"မင်း..."

"ခင်ဗျားကြိုက်ရာ ရွေးပါ"

"ကျုပ်..."

"ပုယို့ ဘယ်မှာလဲ"

"သူက တောင်ပိုင်းက သူပိုင်ဆိုင်တဲ့ ချယ်ရီခြံဝင်းထဲမှာ ရှိနေပါတယ်ဗျာ"

ကျူးထိုက်က ပုယို့ ရှိနေသည့် နေရာကို ပြောပြလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီခြံဝင်း…။

ချယ်ရီခြံဝင်းသည် ချယ်ရီပင်များဖြင့် သာယာသော ခြံဝင်း တစ်ခု ဖြစ်သည်။

ထိုခြံဝင်းအား ပုယို ပိုင်ဆိုင်ကြောင်း သိရှိသူ နည်းပါးလှပေ သည်။

လုစင်းရန်က ချယ်ရီခြံဝင်းသို့ ရောက်လာ၏။

ခြံဝင်း၌ အစောင့်အကြပ်များ ရှိနေကြသော်လည်း မည်သူ တစ်ဦးတစ်ယောက်ကမျှ လုစင်းရန် ခြံဝင်းထဲသို့ ဝင်ရောက်သွား သည်ကို သတိမပြုမိခဲ့ကြချေ။

လုစင်းရန်က ခြံဝင်းအတွင်းရှိ အဆောက်အဦးကြီး အတွင်း သို့ ရောက်သည့်တိုင်အောင် တိတ်တဆိတ် ဝင်ရောက်သွား နိုင်ခဲ့လေ သည်။

သို့ဖြင့် လုစင်းရန်မှာ ပုယို၏သီးသန့် စာဖတ်ခန်းသို့ ရောက် ရှိသွားတော့သည်။

စာဖတ်ခန်းထဲ၌ လူနှစ်ယောက် ရှိနေသည်။

တစ်ယောက်က ပုယို ဖြစ်ပြီး ကျန်တစ်ယောက်မှာ အမျိုး သမီးတစ်ဦး ဖြစ်လေသည်။

ပုယိုမှာ အမျိုးသမီးကြောင့် အခက်ကြုံနေပုံ ရှိလေသည်။

အမျိုးသမီးက…

"ရှင်စဉ်းစားပါ၊ ရှင်တို့လူစုက ကျွန်မခိုင်းတာ လုပ်မယ်ဆို ရင် အကျိုးရှိမယ်၊ ငြင်းမယ်ဆိုရင်တော့ ဒုက္ခရောက်လိမ့်မယ်၊ ကျွန်မ



ပြောစရာကုန်ပြီ၊ ကျွန်မသွားတော့မယ်"

စကားဆုံးလျှင် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန် ထွက်သွားတော့သည်။

လုစင်းရန် ကြည့်နေစဉ်မှာပင် မြင်ကွင်းမှ ရိပ်ခနဲ ပျောက် ကွယ်သွားခြင်း ဖြစ်လေသည်။

ပုယိုက မလှုပ်မယှက် ထိုင်နေဆဲ။

ထိုအချိန်မှာပင်…

"ဖေဖေ"

ခေါ်သံနှင့်အတူ မိန်းကလေးတစ်ယောက် ဝင်ရောက်လာ သည်ကို တွေ့လိုက်ရလေသည်။

ပုယို၏သမီး ပုချင်းချင်း ဖြစ်သည်။

ပုယို မျက်နှာပျက်သွား၏။

"ဖေဖေ၊ ညှော်သည် ဘယ်ရောက်သွားပြီလဲ"

ဟု မေးလေသည်။

ပုယိုက…

"သူ ပြန်သွားပြီ"

ပုချင်းချင်းက…

"ကျွန်မတော့ သူ့ကို ကြည့်ရတာ သဘောမကျဘူး ဖေဖေ"

ပုယို ခေါင်းညိတ်လိုက်သည်။

"ဖေဖေလည်း သူ့ကို သဘောမကျပါဘူး"

"သူ ဘာလာလုပ်တာလဲ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"မကောင်းမှုတစ်ခု လုပ်ဖို့ ဖေဖေ့ကို လာနိုင်းတာပဲပေါ့"

ပုချင်းချင်း သက်ပြင်းချလိုက်သည်။ 7

"ဖေဖေဟဲ့ မကောင်းမှုတွေကို စွန့်လွှတ်လိုက်တော့မယ်ဆို"

ပုယို့က...

"ဖေဖေ ဆုံးဖြတ်ပြီးပါပြီ"

"အဲဒီ့..."

"သူကတော့ သူနိုင်းတာမလုပ်ရင် ဖေဖေ့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်နေတာပဲ"

"သမီးတို့က သူ့ကို ကြောက်နေရမှာလား။ သူ့နောက်ကို သမီးလိုက်သွားပြီး ဆုံးမလိုက်မယ်"

ပုချင်းချင်းလည်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်သွားလိုက်လေတော့သည်။

* * *



ပုချင်းချင်း ထွက်သွားပြီ ဖြစ်သည်။

ပုယို့က မလှုပ်မယှက် ထိုင်နေဆဲ။

လုစင်းရန်က အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

ပုယို့က သူ့အား တစ်ချက်စောင်းငဲ့ကြည့်ပြီး အာမှမပြော

လုစင်းရန် ရောက်နေသည်ကို သိရှိထားပြီးဖြစ်ပုံရသည်။

လုစင်းရန်က...

"ခင်ဗျားသမီးကို မတားတော့ဘူးလား"

ပိုယို့က...

"ကျုပ်သမီးလိုက်သွားလည်း ဓိမှာမဟုတ်ဘူး"

"ဟုန်ရှေ့ကျုန်းက ကိုယ်ဖော့ပညာကောင်းတယ်"

လုစင်းရန် မျက်မှောင်ကုပ်သွား၏။

"ဟုန်ရှေ့ကျုန်းဆိုတာ နယ်ခြားဘီလူးရဲ့ညီမ ဟုတ်လား"

ပိုယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူတို့မောင်နှစ်မ နယ်ခြားမှာ ကျက်စားနေရာက ပြည်မကို ဘယ်လိုရောက်လာတာလဲ"

"နယ်ခြားဘီလူးက တိုင်းတပါးသားတွေကို သစ္စာခံလိုက်တယ်"

တိုင်းတပါးသားများသည် ပြည်မကြီးအား ကျူးကျော်ရန် အမြဲကြံစည်ကြိုးစားနေကြပေသည်။

ဒုစရိုက်သမားများ သိုင်းသမားဆိုးများအား သွေးဆောင်

www.burmeseclassic.com



မြောက်ပင့်ပေးကာ ပြည်မတွင် [illegible]ယှက်ဖျက်ဆီးမှုများ ပြုလုပ်စေသည်။

နယ်ခြားဘီလူးတို့ မောင်နှစ်မမှာ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေသူများ ဖြစ်ကြပြီး ယခုအခါ တိုင်းတပါးသားများက နယ်ခြားဘီလူးအား စည်းရုံးသိမ်းသွင်းလိုက်ကြပြီဖြစ်ကြောင်း ထင်ရှားလေသည်။

လုစင်းရန်က…

"ဟုန်လွေကျွန်း [illegible]တာ ဘာကြောင့်လဲ"

ပုယို့က…

"နယ်ခြား[illegible]ချင်းအမတ်ကြီးကျင်းထင်းဟွာရဲ့ သမီး သခင်မလေးကျင်း[illegible] ဖမ်းဆီးနိုင်တာပါပဲဗျာ"

"ဪ"

"ကျုပ်က မကောင်းမှုတွေကို စွန့်လွှတ်လိုက်ပါပြီ။ ဒါကြောင့် လက်မခံနိုင်တော့ ဟုန်လွေကျွန်းက မကျေမနပ်ဖြစ်နေတယ်လေ"

လုစင်းရန်က…

"သူတို့မှိုင်းတာကို ခင်ဗျားမလုပ်ဘူးပေါ့"

ပုယို့က…

"ကျုပ်မလုပ်ချင်ဘူး။ ဒါပေမယ့် သေသေချာချာမဆုံးဖြတ်ရသေးဘူး"

"ဘာကြောင့်လဲ"



"နယ်ခြားဘီလူးက ကြောက်စရာကောင်းတယ်"

"သူက ခင်ဗျားကို ဒုက္ခပေးမှာ ကြောက်လို့လား"

"ဟုန်လွေကျွန်းက ရှိသေးတယ်၊ သူတို့နဲ့လက်မတွဲဘူးဆိုရင် ကျုပ်တို့ကို ကျိန်းသေဒုက္ခပေးမှာ"

လုစင်းရန်က…

"ကျုပ်က သူတို့ကို ဆုံးမလိုက်မယ်ဆိုရင်ကော"

ပုယို့ တွေဝေသွား၏။

လုစင်းရန်ကို စိုက်ကြည့်လိုက်ပြီး…

"ခင်ဗျားလည်း အတော် သတင်းကြီးပါတယ်၊ နယ်ခြားဘီလူးတို့မောင်နှစ်မကို ဆုံးမနိုင်မယ်လို့ ယူဆရပါတယ်လေ"

လုစင်းရန် ပြုံးလိုက်သည်။

"ဒါဖြင့် နယ်ခြားဘီလူးတို့မောင်နှစ်မကို ဆုံးမနိုင်အောင် သူတို့ဘယ်မှာလဲ၊ သခင်မလေးကျင်းကျင်းက ဘယ်ရောက်နေသလဲ ပြောပြပါ၊ ဒါဆို ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် ကူညီပြီးသား ဖြစ်သွားတာပေါ့"

ပုယို့က…

"ကောင်းပြီ"

နယ်ခြားဘီလူးနှင့် သခင်မလေးကျင်းကျင်းတို့အကြောင်း သူသိသမျှ ပြောပြလိုက်လေသည်။

နယ်ခြားဘီလူးသည် သခင်မလေးကျင်းကျင်းအား ဖမ်းဆီး ပြန်ပေးဆွဲမည့်ကိစ္စတွင် ပုယို့တို့အား အသုံးချ၍ ညှိနှိုင်းစည်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မသေချာသဖြင့် ကိုယ်တိုင်ဆောင်ရွက် လိမ့်မည်ဖြစ်ကြောင်း ထင်ရှားလေသည်။

လုစင်းရန်က...

"သူတို့ကို ကျုပ် တာဝန်ယူလိုက်ပါမယ်ဗျာ"

ဟုဆို၍ သက်ပြင်းချလိုက်သည်။

လုစင်းရန်က ရုတ်တရက် ရောက်ရှိလာပြီး ရုတ်တရက် ပြန်ထွက်သွားလေတော့သည်။

* * *

သခင်မလေးကျင်းကျင်းမှာ နယ်ခြားဒေသသို့ သွားရောက်လည်ပတ်လိုသူဖြစ်သည်။

အန္တရာယ်များလှသဖြင့် မသွားဖို့တားကြသော်လည်း သူမ ဇွတ်အတင်း ထွက်သွားခဲ့ခြင်းကြောင့် ကိုယ်ရံတော်ကွမ်းကြိုးရှိက လိုက်ပို့ခဲ့ရတော့သည်။

အကြံသမား နယ်ခြားဘီလူးတို့ မောင်နှစ်မက နယ်ခြားသို့ ရောက်လာသည့် သခင်မလေးကျင်းကျင်းအား ပြန်ပေးဆွဲဖို့ ကြိုးစားခဲ့လေသည်။

နယ်ခြားဘီလူးနှင့် ညီမဖြစ်သူ ဟုန်လွေကျန်းတို့မှာ ကြောက်စရာကောင်းသူများ ဖြစ်ကြလေသည်။

နယ်ခြားဘီလူးတို့ မောင်နှစ်မနှင့် ဆုံတွေ့လိုက်သည်နှင့်



တိုက်ပွဲဖြစ်ပွားပြီး ကိုယ်ရံတော်ကွမ်းကြိုးရှိ အသက်ပေးလိုက်ရတော့သည်။

သခင်မလေးကျင်းကျင်းမှာ နယ်ခြားဘီလူးတို့ လက်ထဲကျရောက်လုဆဲဆဲ၌ လူတစ်ယောက်က ဝင်ရောက်ကယ်တင်ခဲ့လေသည်။

လုစင်းရန်ဖြစ်သည်။

လုစင်းရန်ကြောင့် နယ်ခြားဘီလူးတို့ မောင်နှမနှစ်ယောက်စလုံး ရှုံးနိမ့်သွားကြသည်။

ဒဏ်ရာအသီးသီး ရရှိသွားပြီး အသက်လုကာ ထွက်ပြေးခဲ့ရလေသည်။

လုစင်းရန်က သခင်မလေးကျင်းကျင်းအား အသက်ကယ်နိုင်ခဲ့သဖြင့် နန်းတွင်းအမတ်ကြီးကျင်းသင်းဟွာက ကျေးဇူးတင်ပြီး နန်းတွင်း၌ အမှုထမ်းခွင့်ရဖို့ ကူညီဆောင်ရွက်ပေးခဲ့သည်။

လုစင်းရန်ကလည်း ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့် နန်းတွင်း၌ ထင်ရှားလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ယုံက ကြူးယွင်ကိုကြည့်လိုက်သည်။

"ကျူပ်အဘိုးအကြောင်း အတော်ကလေး သိသွားလောက်ပြီထင်ပါတယ်"

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မသိပြီ၊ ဒါပေမယ့် အစုထက်ပိုပြီး သိရရင် ပိုကောင်းတာပေါ့ရှင်"

လုရှောင်ယုံ ပြုံးလိုက်သည်။

"ကျူပ် ဆက်ပြောပြပါ့မယ်လေ"

ယခု သူတို့နှစ်ယောက် ပိုပြီး ရင်းနှီးလာကြသည်။

သူတို့၏ရင်ထဲ သံယောဇဉ် ငြိတွယ်နေခြင်းကလည်း အကြောင်းရင်းခံ ဖြစ်လေသည်။ လုရှောင်ယုံက...

"ကျူပ်အဘိုးဟာ နန်းတွင်းမှာ ထင်ရှားတဲ့ သိုင်းသမားဖြစ်လာတယ်၊ တစ်နေ့တော့ ရှောင်လင်ကျောင်းက အရိပ်အယောင်သိုင်းကျမ်းကို သွားယူဖို့ တာဝန်ပေးခံရတယ်လေ"

ကြူးယွင်က...

"အရိပ်အယောင်သိုင်းကျမ်း ဟုတ်လား"

လုရှောင်ယုံက...

"ဟုတ်ပါတယ်၊ ကျူပ်အဘိုးက ရှောင်လင်ကျောင်းကို သွားပြီး သိုင်းကျမ်းယူခဲ့တယ်၊ နန်းတွင်းကို အပြန်ခရီးမှာ အန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ရတယ်လေ၊ သိုင်းကျမ်းကို လိုချင်မက်မောသူတွေက အမျိုးမျိုးဒုက္ခပေးခဲ့ကြတယ်၊ တစ်ချို့ အဖြူရောင်သိုင်းသမားကြီးတွေကတောင် ရုပ်ဖျက်ပြီး သိုင်းကျမ်းလိုက်လုခဲ့ကြတာ"

ကြူးယွင်က...

"ရှင့်အဘိုး တစ်ယောက်ထဲနဲ့ သည်က်စွကို ဆောင်ရွက်ဖို့ မလွယ်ဘူးထင်တယ်"

လုရှောင်ယုံက...

"ဘယ်လွယ်ပါ့မလဲ၊ ကျူပ်အဘိုးဟာ တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ခဲ့ရတယ်၊ ဒဏ်ရာတွေရခဲ့တယ်၊ နောက်ဆုံး သိုင်းကျမ်းကို လက်လွှတ်ဆုံးရှုံးရကာနီးမှာ မျက်နှာဖုံးစွပ်ထားတဲ့ လူလေးယောက်က လာပြီးကူညီခဲ့တယ်"

ကြူးယွင်က...

"ဘယ်သူတွေလဲ"

လုရှောင်ယုံက...

"ပြောရင် ယုံမှာမဟုတ်ဘူး။ ပုယိနဲ့သူ့ရဲ့မိတ်ဆွေတွေပေါ့"

"ဟင်"

"ပုယိဟာ သူ့ရဲ့မကောင်းမှုတွေကြောင့် သူ့သမီးရဲ့ရှေ့ရေးထိခိုက်မှာစိုးရိမ်ပြီး မကောင်းမှုတွေကို စွန့်လွှတ်လိုက်မယ်၊ ဒါပေမယ့် နယ်ခြားဘီလူးတို့ မောင်နှမရဲ့ အန္တရာယ်ရှိနေတာကြောင့် ကျူပ်အဘိုးရဲ့အကူအညီကို လိုချင်နေတယ်လေ"

ကြူးယွင်က...

"သူတို့ကူညီလို့ ရှင့်အဘိုး ကံကောင်းသွားတာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လုရှောင်ယုံ ခေါင်းခါသိမ်းလိုက်သည်။

"နောက်ဆုံးတော့ ကျူပ်အဘိုးကော ပုယိုတို့လူစုပါ နိုင်ငံကွ ရောက်ခဲ့ကြရတာပါပဲလေ"

"ရှင်"

"ကျူပ်အဘိုးက တိုက်ပွဲတွေကြောင့် သိုင်းကျမ်း ဆုံးရှုံးသွားမှာကို စိုးရိမ်ပြီး လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာ သိုင်းကျမ်းကို ဝှက်ခဲ့တယ်။ ဒါပေမယ့် တိုက်ပွဲတွေပြီးဆုံးသွားလို့ သွားပြန်ရှာတော့ မတွေ့ရတော့ဘူး"

"သိုင်းကျမ်း ပျောက်ဆုံးသွားတယ် ဟုတ်လား"

"အင်း"

"ဘယ်သူ ယူသွားတာလဲ"

"ဒါကို မသိခဲ့ရဘူး။ နန်းတွင်းက ကျူပ်အဘိုးကို အပြစ်မယူခဲ့ပေမယ့် ကျူပ်အဘိုးလည်း ရှက်ပြီးတော့ နန်းတွင်းကိုယ်ရံတော် ဘဝက အနားယူလိုက်တယ်၊ ကျူပ်ရောက်သွားတော့ ကျူပ်ကိုသိုင်းပညာသင်ပေးပြီး တစ်နေ့မှာ သိုင်းကျမ်းကိုတွေ့အောင်ရှာပြီး နန်းတွင်းကို ပို့ပေးဖို့ တာဝန်ပေးခဲ့တယ်လေ"

ကြူးယွင်က...

"ဒါထက် ပုယိုတို့ လူစုကော"

လုရှောင်ယုံက...

"သိုင်းကျမ်းကို သူတို့ယူသွားတာ မဟုတ်ပါဘူး။ သူတို့လည်း အသတ်ခံလိုက်ရတယ်လေ"



"ရှင်"

"သူတို့အတွက် စိတ်မကောင်းစရာပါပဲ"

လုရှောင်ယုံက ပုယိုတို့အကြောင်း ပြောပြလိုက်လေသည်။

* * *

ပုယို...။

ပုယိုသည် လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့သော်လည်း သမီးဖြစ်သူ၏ ရှေ့ရေးကိုစဉ်းစားပြီး မကောင်းမှုခုစရိုက်များကို စွန့်လွှတ်လိုက်သည်။

သူက အေးချမ်းစွာနေထိုင်တော့မည်ဟု ဆုံးဖြတ်လိုက်ပါမှ ပြဿနာပေါ်လာလေသည်။

နယ်ခြားဘီလူးကြောင့် ဖြစ်သည်။

နယ်ခြားဘီလူးက သခင်မလေးကျင်းကျင်းအား ပြန်ပေးဆွဲဖို့ကိစ္စတွင် အသုံးချရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ပုယိုမှာ အခက်ကြုံနေစဉ် လုစင်းရှန်က ကူညီခဲ့သည်။

ထို့ကြောင့်...

လုစင်းရှန် အခက်ကြုံနေသည်ဟု ကြားရသောအခါ ပုယိုနှင့် မိတ်ဆွေများက ရုပ်ဖျက်ကာ ဝင်ရောက်ကူညီခဲ့ကြသည်။

သို့ပါလျက်...

သိုင်းကျမ်းပျောက်ဆုံးသွားပြီး လုစင်းရှန်လည်း နန်းတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ကျောခိုင်းလိုက်လေသည်။

ပုယို့တို့လည်း အိမ်ပြန်ကာ အနားယူခဲ့လေသည်။

သို့သော်...

နယ်ခြားဘီလူးက သူတို့အား အလွတ်မပေးခဲ့ပါချေ။

ပုယို့တို့ အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရပြန်လေတော့သည်။

ပုယို့က...

သူ့သွေးသောက်မိတ်ဆွေများ ဖြစ်ကြသော ထောင်ကီး၊ ချင်းဟိုနှင့်စီးဖိန်တို့အား ဖိတ်ခေါ်လိုက်သည်။

သူ့အား နယ်ခြားဘီလူးက နှောက်ယှက်နေသည့်အကြောင်း ပြောပြသည်။

နယ်ခြားဘီလူးကား သူတို့၏ မဟာရန်သူတော်ကြီး ဖြစ်သွားချေပြီ။

သို့သော် နယ်ခြားဘီလူး သေဆုံးသွားပြီဟူသော သတင်းကို ကြားထားရကား အားလုံးစဉ်းစားမရ ဖြစ်ခဲ့ရသော်လည်း များမကြာမီ လူသတ်သမားက သူတို့ထံသို့ ရောက်ရှိလာလေတော့သည်။

* * *



ငယ်သားတစ်ယောက်သည် အခန်းထဲသို့ လျင်မြန်စွာ ပြေးဝင်လာပြီး ပုယို့ရှေ့တွင် တုံ့ခနဲ ရပ်လိုက်လေသည်။

ပုယို့က ရုတ်ခြည်း ဒေါသဖြစ်လာလေသည်။

"ဟေ့...ဘာဖြစ်လို့ သည်လောက်တောင် အရေးတကြီးဖြစ်နေရတာလဲ"

ငယ်သားက ခေါင်းငုံ့၍...

"ဟိုမြို့ထဲမှာ ထောင်ကီးကို ဘယ်သူလုပ်ကြံသွားမှန်းမသိဘဲ သေဆုံးနေလို့ အကြောင်းလာကြားတာပါ"

မမျှော်လင့်သော စကားကြောင့် ပုယို့ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူသည် ဘာစကားမျှ ပြန်မမေးတော့ဲ မြို့တွင်းသို့ လျှင်မြန်စွာ ဆင်းသွားလေသည်။

မြို့ထဲရှိ မြေကွက်လပ် တစ်နေရာသို့ အရောက်တွင် ဝိုင်းအုံနေသောလူများက ကိုယ်များကိုယို့၍ ဖယ်ပေးလိုက်လေသည်။

"ဘယ်လိုဖြစ်တာလဲ"

ပုယို့၏အသံမှာ ဒေါသကြောင့် ကျယ်လောင်နေလေသည်။

"အလောင်းကို ဘယ်အချိန်က တွေ့တာလဲ"

"ဘယ်သူ သတ်တာလဲ"

သူက မေးခွန်းများကို ဆင့်၍မေးလိုက်၏။

အနီးတွင်ရပ်နေသော ချင်းဟိုက...

"အခုလေးတင်ပဲတွေ့တာ၊ ဘယ်သူသတ်သလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မသိရသေးဘူး"

ဟု ပြောလိုက်၏။

ပုယို့က မျက်မှောင်ကုပ်၍...

"မြို့ထဲထိ ကျူးကျော်ဝင်ရောက်ပြီး လုပ်ကြသွားတာဆို တော့"

"ဟုတ်တယ်၊ ကျုပ်လည်း အဲဒါကိုပဲ မကျေနပ်တာ၊ သော့ တွေဖော်ထားတယ်၊ အစောင့်တွေ သည်လောက် အများကြီးချထား လျက်နဲ့ ဖြစ်ရတာဆိုတော့ တော်တော်ရှက်ဖို့ကောင်းတယ်"

ပုယို့က နံဘေးမှလူများဘက်သို့ လှည့်ကာ...

"လူသတ်သမားရဲ့ အရိပ်အယောင်ကိုတောင် မမြင်လိုက် ကြဘူးလား"

ဟု မေးလိုက်၏။

တုံ့ပြန်သံ ထွက်မလာချေ။

"ဟေ့...မေးနေတာ မကြားကြဘူးလား"

သူက ဒေါသသံဖြင့် မေးလိုက်သဖြင့် တစ်ပြိုင်နက် ဟိန်းထွက် သွားလေသည်။

"မ...မမြင်လိုက်ပါဘူး၊ သခင်ကြီး"

"မင်းတို့ တာဝန်ကျေအောင် မလုပ်ကြဘူးလား၊ ဘယ်မှာ သွားအိပ်နေကြလဲ"

ဟု အော်ငေါက်လိုက်၏။

ချင်းဟိုက...



"သူတို့ မအိပ်ကြပါဘူး၊ စောစောကတင် ကျုပ်နဲ့စကား ပြောပြီး ထောင်ကီးသည်ဘက်ကို ထွက်လာတယ်၊ ကျုပ်နားထဲ တိုက်ခိုက်သံသဲ့သဲ့ ကြားလိုက်သလိုရှိလို့ ကျုပ်လျှောက်လာတော့ သူ သွေး အိုင်ထဲလဲနေပြီ၊ ကျုပ် တစ်မြို့လုံးလည်း ရှာကြည့်ပြီးပြီ"

ပုယို့က စကားတစ်လုံးမျှ မပြောတော့ဘဲ ဒဏ်ရာကိုစမ်း သေးကြည့်လိုက်၏။

ရန်သူ၏ ဓားချက်သည် ဘယ်ဘက်လက်မြင်မှ ခိုက်ဝင် သွားပြီး ရှေ့ဘယ်ဘက်ရင်အုံအထိ ထိုးဖောက်သွားသည်ကို တွေ့ လိုက်ရလေသည်။

ပုယို့သည် စကားတစ်လုံးမျှ မပြောတော့ဘဲ အိမ်ကြီးဆီသို့ လျင်မြန်စွာ လျှောက်သွားလေသည်။

* * *

မြို့ဝင်းကြီးတစ်ခုလုံး၏ ခြံစည်းရိုးနေရာတိုင်းတွင် ယမင်းရှိ ချွဲထက် အစောင့်အရှောက် နှစ်ဆတိုးချထား၏။

ညှိုခန်းမဆောင်၏ စားပွဲကြီးတွင် ပုယို့အပါအဝင် လူလေး ဘက်ထိုင်နေ၏။

သူနှင့်မျက်နှာချင်းဆိုင်တွင် သမီးဖြစ်သူ ပုချင်းချင်းထိုင်နေ ည်။

ဘယ်ညာ တစ်ဖက်စီတွင် ချင်းဟိုနှင့်စီးမိန်လို့ ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အကောင်းစား အရက်အိုးများ တင်ထား၏။ 7

သို့သော်...

မည်သူကမျှ စားသောက်လိုစိတ် မရှိပါချေ။

ထောင်ကီးကို သတ်သွားသော လူသတ်သမားသည် ဒုတိယအကြိမ် ထပ်မံရောက်ရှိလာမည်ကို သူတို့၏ မသိစိတ်များက သိနေသည်။

ပုယို့ သက်ပြင်းချလိုက်သည်။

ပြီးမှ...

"ကဲ..ထောင်ကီးအတွက် စိတ်မကောင်းဖြစ်တာလည်း မကောင်းတာပေါ့၊ အခု ကျုပ်တို့က ရန်သူကို ရင်ဆိုင်ရဦးမယ်၊ ဒါကြောင့် အစားအသောက်တော့ အားရပါးရ စားသောက်သင့်ပါတယ်၊ အစောင့်တွေလည်း ပိုတိုးချထားတဲ့အတွက် စိတ်ချပါ"

သူက ပြောပြောဆိုဆို အရက်တစ်အိုးအား မ,ကာ မော့ချလိုက်လေသည်။

ကျန်သုံးယောက်မှာ ပုယို့အား တစ်ချက်ကြည့်လိုက်၊ အစားအသောက်များအား တစ်ချက်ကြည့်လိုက်နှင့် စားသောက်ကြရာ ဓာတ်ထဲအထွင်းမှာပင် စားသောက်ပွဲမှာ စည်စည်ကားကား ဖြစ်သွားလေသည်။ စားသောက်နေရာမှ သမီးဖြစ်သူအား...

"သမီး..သည်နေ့ မြို့ထဲထွက်တာ ဘာသတင်းကြားရသေးလဲ"



ဟု မေးလိုက်၏။

ပုချင်းချင်း ခေါင်းခါယမ်းလိုက်လေသည်။

"ဘာသတင်းမှ မကြားပါဘူး ဖေဖေရယ်၊ လူသတ်သမားက ကိုယ်ရောင် ဖျောက်နေတာကတစ်ကြောင်း၊ သမီးတို့ကို သူက သိပြီး သူ့ကို သမီးတို့က မသိတာကတစ်ကြောင်းကြောင့် သူ့ရဲ့သတင်းကို ဘယ်လိုမှရှာမရဘူး"

ဟု ပြောလိုက်၏။

သူမ၏စကားကြောင့် လူကြီးသုံးယောက်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

ပုယို့က စီးဖိန်ဘက်လှည့်၍...

"ခင်ဗျားတို့ကော ဘာများ သတင်းထူးသေးသလဲ"

ဟု မေးလိုက်ပြန်သည်။

စီးဖိန်က...

"ကျုပ်တို့လည်း မထူးခြားပါဘူး၊ တူမလေးပြောသလို သူက ကိုယ့်ကိုသိပြီး ကိုယ်က သူ့ကိုမသိတော့ စုံစမ်းရတာ အရာမထင်ပါဘူး"

ချင်းဟိုက...

"ကျုပ်စိတ်ကူးကတော့ ကျုပ်တို့ သည်မြို့ထဲမှာပဲ နယ်မြောဘီလူးကိစ္စ မပြီးမချင်း လုံလုံခြုံခြုံနေမယ်"

ဟု ပြောလိုက်၏။

စီးဖိန်က...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါကောင်းတယ်၊ အခု ခြံစည်းရိုးတစ်ခုလုံး အမြင် မြို့ဝင်းတစ်ခုလုံးမှာလည်း အစောင့်တွေအပြည့်ချထားတယ်၊ သည်တော့ ကြောက်စရာမလိုဘူး"

ဟု ပြော၏။

ပုယို့က အရက်အိုးအား ငေးစိုက်ကြည့်နေ၏။

စီးဖိန်က သက်ပြင်းချလိုက်၏။

"ကျုပ် တစ်ခုမေးပါရစေ"

ပုယို့ ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

စီးဖိန်အား ကြည့်ကာ...

"မေးပါ၊ ကျုပ်ဖြေနိုင်ရင် ဖြေပါ့မယ်"

ဟု ပြောလိုက်၏။

စီးဖိန်က...

"ဟိုနယ်ခြားဘီလူးကိစ္စဆိုတာ ဘာအဓိပ္ပါယ်လဲ၊ ကျုပ်တို့ မသိရဘူးလား"

စီးဖိန်၏မေးခွန်းကို ချင်းဟိုနှင့် ပုချင်းချင်းတို့ကလည်း စိတ်ဝင်စားနေကြ၏။

ထိုစဉ်...

တစ်ချိန်လုံး စကားမပြောဘဲ ထိုင်နေသော ပုချင်းချင်းက ရုတ်တရက် ထိုင်ရာမှထလိုက်လေသည်။

သူကမက ဦးညွှတ်၍...



"ကျွန်မကို ခွင့်ပြုကြပါဦး"

ဟု ပြောလိုက်၏။

သူမက ဖခင်ဘက်သို့ လှည့်၍...

"ဖေဖေ...သမီးသည်နေ့ ပင်ပန်းသွားလို့ သွားနားပါရစေ"

ဟု ခွင့်တောင်းလိုက်၏။

ပုယို့က သမီးဖြစ်သူအား ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက်...

ပုချင်းချင်းက အခန်းထဲမှ တစ်လှမ်းချင်းထွက်ခွာသွားလေသည်။

ပုချင်းချင်း အခန်းတွင်းမှ ပျောက်ကွယ်သွားမှ ပုယို့က ချော်ကိုယ်ကို ပြင်ထိုင်လိုက်၏။

ပြီးလျှင်...

"မိတ်ဆွေတို့နှစ်ယောက်စလုံး သည်ကိစ္စကို ဆက်လုပ်ဖို့ စိတ်ထဲမှာ သေသေချာချာ ဆုံးဖြတ်ပြီးပြီလား"

ဟု မေးလိုက်၏။

ကောက်ကာငင်ကာ မေးလိုက်သော မေးခွန်းကြောင့် ချင်းဟိုနှင့်စီးဖိန်တို့က ထိတ်လန့်တကြား ကြည့်လိုက်လေသည်။

"ခင်ဗျားက အစီအစဉ်ပြောင်းစရာ ရှိသေးလို့ ကျုပ်တို့ကို မေးတာလား"

ဟု ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းဟိုနှင့်စီးဖိန်တို့က ပြန်လည်ဖြေဆိုမည့် စကားသံကို နားစွင့်နေ၏။

ချင်းဟိုက ပုယို့ တွေဝေနေမှန်းသိ၏။

ထို့ကြောင့်…

သူက ပုယို့အား ကြည့်လိုက်ပြီး…

"မိတ်ဆွေကြီးပုယို့ ပြောမယ့်စကားကို ပွင့်ပွင့်လင်းလင်း ပြောစေချင်။ ကျုပ်တို့က အခုမှပေါင်းလာတဲ့လူတွေ မဟုတ်ပါဘူး။ ဆိုးတူကောင်းတူ ညီအစ်ကိုတွေပါ၊ ဘာမဆို မျှဝေစားရမှာပေါ့"

ဟု ပြောလိုက်၏။

သူ၏စကားကို စီးဖိန်ကလည်း ခေါင်းညိတ်၍ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ဟာ သိုင်းလောကကို စတင်ဝင်ကတည်းက အပြန်အလှန် စောင့်ရှောက်ကူညီခဲ့ကြတာ၊ ကျုပ်တို့ကို ယုံကြည်စေချင်ပါတယ်ဗျာ"

ထိုအခါ…

ပုယို့က သက်ပြင်းချလိုက်လေသည်။

"ဟုတ်ပါတယ်၊ သည်ကိစ္စမှာ ကျုပ်က ခေါင်းဆောင်တာဝန်ယူထားတော့ လုပ်ငန်းဖြစ်မြောက်မှုက ကျုပ်အပေါ်မှာ မူတည်နေပါတယ်၊ ဒါပေမယ့်"

သူက စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်၏။

စီးဖိန်က ပြုံး၍…



"ဘယ်လိုလဲ၊ အခုအလုပ်ကို မလုပ်ချင်တော့ဘူး မဟုတ်လား"

ဟု မေးလိုက်၏။

သွယ်ဝိုက်မှုမပါသော သူ၏စကားကြောင့် ပုယို့ တုန်လှုပ်သွားသည်။

"ငါ…ငါ"

သူ၏စကားများ ထစ်ငေါ့နေသည်။

ချင်းဟိုက…

"အရင်တုန်းက မင်းလူသတ်ရမှာကို မတုန်လှုပ်ဘူး။ မကောင်းမှုလုပ်ရမှာကို မကြောက်ဘူး၊ ဥပဒေကို လက်တစ်လုံးခြားရှောင်ပြေးခဲ့တယ်၊ အခုတော့ မင်းစိတ်ထဲမှာ တွန့်နေတယ် မဟုတ်လား"

ပုယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါ အဝိုပြောနေတာ မဟုတ်ဘူး၊ လူသတ်ရရင်တောင် မတုန်လှုပ်ဘူးဆိုတာ မင်းတို့ သိပါတယ်၊ ဒါပေမယ့်"

သူက တစ်ချက် ငေးငိုင်ပြီးမှ စကားဆက်လိုက်လေသည်။

"ဒါပေမယ့် ဘာမဟုတ်တဲ့ နယ်ခြားဘီလူးဆိုတာကို ကြောက်နေတယ်၊ ကိုယ့်လိပ်ပြာကိုယ်မလုံလို့ မင်းတို့ကိုပါ ကာကွယ်စောင့်ရှောက်ပေးဖို့ ခေါ်ထားရတယ် မဟုတ်လား"

သူက ရင်ထဲတွင် ခံစားနေရသမျှကို အားရပါးရ ဖွင့်အန်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချွေနှစ်ယောက်ကလည်း ငြိမ်၍နားထောင်နေသည်။

ပုယို့က ဆောဆက်လိုက်၏။

"အခု ငါလည်း အသက်ကြီးပြီ၊ ငါ့သမီးလေးက အရမ်းကို အဖြစ်ကင်းပြီးဖြူစင်ပါတယ်၊ ငါမရှိတော့တဲ့အချိန်ကျရင် ငါ့သမီးလေးကို လူတွေက ဗိုင်းကွဲရဲ့လိမ့်မယ်၊ အဲသည်အခါ လောကအလယ်မှာ ခေါင်းမဖော်နိုင်ဘဲဖြစ်နေမယ်"

စီးဖိနိက...

"ဟုတ်တယ်၊ တူမလေးပုချင်းချင်းက မင်းရဲ့သမီးဆိုပေမယ့် ငါတို့လက်ပေါ်တင် ကြီးလာတာပါ၊ ငါတို့ရဲ့သမီးလေးလိုပါပဲ၊ သူ့အတွက် မကောင်းတဲ့အလုပ်ဆိုရင် ငါတို့လည်း မလုပ်ချင်ဘူး"

ဟု ပြောလေသည်။

ချင်းဟိုကလည်း ခေါင်းညိတ်လိုက်၏။

သူက ပုယို့အား ဖြီး၍ကြည့်လိုက်ပြီး...

"သူဝယ်ချင်း..မင်းဘာကိုမှ တွေးမနေနဲ့တော့၊ ငါတို့လည်း တစ်သိန်းမပြောနဲ့ ဆယ်သိန်းပေးရင်တောင် မလိုချင်တော့ဘူး။ သည်တော့ မင်းလုပ်ချင်တာကို ဆုံးဖြတ်ပါ၊ ငါတို့ မင်းဘက်ကရှိနေပါ့မယ်"

ထိုအခါ...

ပုယို့က သက်ပြင်းချ၍...

"သည်ကိစ္စကို ငါဆက်မလုပ်တော့ဘူး။ ငါသေချင်သေပါစေတော့"



ဟု ပြောလိုက်၏။

စီးဖိနိက ရယ်မော၍...

"မင်းအတွက် ဂုဏ်ယူပါတယ်ကွာ"

ချင်းဟိုက ဖြီး၍...

"ငါတို့ ဘာဆက်လုပ်မလဲ"

ဟု မေးလိုက်၏။

စီးဖိနိက...

"နယ်ခြားဘီလူးဆိုတဲ့လူ ရောက်မယ့်အချိန်မှာ သူ့ကိုတစ်ခါတည်း ဖမ်းနိုင်ရင်ကောင်းလိမ့်မယ်"

ချင်းဟိုက မျက်မှောင်ကုတ်ပြီး...

"ဒါပေမယ့် သူဘယ်မှာလဲ မသိတာခက်တယ်"

ဟု ပြောလိုက်၏။

အခန်းထဲရှိ ဖယောင်းတိုင်အချို့မှာ ငြိမ်းသွားပြီဖြစ်သည်။ ထို့ကြောင့်...

ဖယောင်းတိုင်မီးမှာ စောစောကလောက် လင်းထိန်ခြင်းမရှိတော့ပါ။

စီးဖိနိက အရက်လက်ကျန်ကို ဆက်လက်သောက်ချ လိုက်သည်။

ပုယို့က...

"သည်ကိစ္စကို ငါ့ဘက်ကတော့ လုံးဝမပေါက်ကြားစေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

စီးဖိန်က...

"ငါတို့ဘက်ကလည်း စိတ်ချပါ၊ ငါတို့အသက်နဲ့လဲပြီး စောင့်ရှောက်ပါမယ်"

ချင်းဟိုက...

"ကဲ..သည်ညတော့ စိတ်ချလက်ချ အနားယူကြတာပေါ့၊ မြို့ထဲကို လူသတ်သမားမပြောနဲ့ ပုရွက်ဆိတ်တောင် မဝင်နိုင်ပါဘူး။ စိတ်ချပါ၊ ငါလည်း အိပ်တော့မယ်"

ဟု ပြော၏။

အားလုံး သဘောတူလိုက်ကြသည်။

"ကောင်းပြီ"

သူတို့သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်လေသည်။

ထို့နောက်...

ထိုင်ရာမှ အသီးသီး ထလိုက်ကြလေတော့သည်။

* * *



စီးဖိန်နှင့်ချင်းဟိုတို့၏ အခန်းသည် အိမ်၏အရှေ့ဘက်အဆောင်တွင်ရှိ၏။

ပုယို၏အခန်းမှာ တောင်ဘက်အဆောင်တွင်ရှိ၏။

ပုချင်းချင်း၏အခန်းမှာ မြောက်ဘက်အဆောင်တွင်ရှိ၏။

ဧည့်ခန်းမဆောင်ကြီးအား ဗဟိုပြု၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ချင်းဟိုနှင့်စီးဖိန်တို့ နှစ်ယောက်သည် ပန်းချင်းယှဉ်ကာ အရှေ့ဘက်အဆောင်သို့ လျှောက်လာသည်။

အရှေ့ဘက်အဆောင်၏ ပထမအခန်းမှာ စီးဖိန်၏အခန်းဖြစ်သည်။

"ကောင်းသောညပါ သူငယ်ချင်း"

ဟု စီးဖိန်က ပြောလိုက်၏။

"အိပ်ပျော်ပါစေ"

ချင်းဟိုက နှုတ်ဆက်လိုက်၏။

ထို့နောက်...

စီးဖိန်က သူ၏အခန်းထဲသို့ ဝင်ရောက်သွားလေသည်။

သူသည် စီးဖိန်၏တံခါး ပိတ်သည်အထိ ကြည့်လိုက်ပြီး ရှေ့သို့လျှောက်လိုက်လေသည်။

စင်္ကြံလမ်းတစ်လျှောက် မီးရောင်ကြောင့် လင်းထိန်နေ၏။

မကြာမီ အချိန်မှာပင် သူ၏အခန်းရှေ့သို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိပ်ခန်းတံခါးကို ဖွင့်၍ဝင်လိုက်လေသည်။

အခန်းတစ်ခုလုံး မှောင်မည်းနေ၏။

သူသည် အမှောင်ထဲ၌ ခဏရပ်လိုက်သည်။

ထို့နောက်...

မျက်လုံးကျင့်သားရအောင် ကျင့်ပြီး စားပွဲဆီသို့လျှောက်သွားလေသည်။

စားပွဲပေါ်မှ မီးခတ်နှင့်ဖွမ်းစကိုယူ၍ မီးခတ်လိုက်၏။

"ခွပ်...ခတ်"

ဖွမ်းစအား မီးစွဲသွားသည်နှင့် နံဘေးရှိ စက္ကူမီးအိမ်ကို မီးညှိလိုက်သည်။

အလင်းရောင်ကြောင့် အခန်းတစ်ခုလုံးသို့ ပြတ်သားစွာ မြင်ရလေသည်။

ပစ္စည်းများ၊ အဝတ်ထုပ်များ၊ စာအုပ်များသည် ခြေရာလက်ရာမပျက်၊ ရှိနေ၏။

သူသည် အခန်းတစ်ခုလုံးအား လှည့်ပတ်ကြည့်ရှုလိုက်သည်။

တစ်ဖန်...

သူက ပြတင်းပေါက်နှင့် တံခါးမင်းတုပ်အား စစ်ဆေးလိုက်၏။

စိတ်ချရသော အနေအထား တွေ့မှပင် ခုတင်ပေါ်သို့ လှဲချလိုက်လေသည်။



တစ်နေကုန် ပင်ပန်းထားသဖြင့် ယခုကဲ့သို့ လဲလျောင်း၍ အကြောအခြင်များ လျှော့လိုက်သောအခါ မျက်လုံးများ စင်းကျလာသည်။

"ဒေါက်...ဒေါက်"

"ဒေါက်...ဒေါက်"

တိတ်ဆိတ်သော ညတွင် တံခါးခေါက်သံ ခပ်တိုးတိုး ထူးခြားစွာ ထွက်ပေါ်လာ၏။

ချင်းဟိုက ဆက်ခနဲ ခေါင်းထောင်လာ၏။

သူ၏မှေးစင်းနေသော မျက်လုံးမှာလည်း ပြူးကျယ်သွားသည်။

ရုတ်တရက်...

သူ ဒေါသထွက်သွား၏။

လေသံမာမာဖြင့်...

"ဘယ်သူလဲ"

ဟု မေးလိုက်သည်။

သို့သော်...

မည်သည့် တုံ့ပြန်သံမျှ မကြားရပါချေ။

သူသည် သတိထား၍ လှဲနေရာမှ ထထိုင်လိုက်လေသည်။

"ဟေ့...ဘယ်သူလဲလို့ မေးနေတယ်လေ"

ဟု ထပ်မေးလိုက်၏။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် ထူးခြားချက်မျှ မရှိပါ။

သူက လျှင်မြန်စွာ ထိုင်ရာမှ ခုန်၍ ထလိုက်လေသည်။

သူသည် ထိုင်ရာမှထပြီး တံခါးဆီသို့ ဖြည်းညင်းစွာ တိုးကပ်လိုက်၏။

ပြီးနောက်...

တံခါးရွက်အား ဆတ်ခနဲ ဆွဲဖွင့်လိုက်၏။

"ဟင်"

သူက အံ့အားသင့်သွားလေသည်။

အခန်းတံခါးနှင့် မျက်နှာချင်းဆိုင်ရှိ နံရံပေါ်တွင် အ.သံငယ် တစ်ခု တစ်ဝက်ခန့် စိုက်ဝင်နေ၏။

အလံမှာ လက်ဝါးသာသာခန့်သာ ရှည်၏။

အလံအား နံရံတစ်ဝက်ခန့် နစ်ဝင်အောင် စိုက်နိုင်သူမှာ အတွင်းအား လွန်စွာ ကောင်းသောလူမှ ဖြစ်နိုင်၏။

သူသည် စကြံလမ်းတစ်လျှောက်လုံးအား ကျိုးကန်းတောင်းမျှော် ကြည့်လိုက်၏။

သို့သော်...

မည်သည့် အရိပ်အယောင်ကိုမျှ သူက မတွေ့ရပါချေ။

လူမဆိုနှင့် ကြောင်တစ်ကောင်မျှပင် မရှိအောင် ရှင်းလင်းနေ၏။

ချင်းဟိုက အံ့အားသင့်သွား၏။

သူသည် ရင်ထဲထိတ်သွား၏။



သူက အခန်းတံခါးအား ချက်ချင်းဆွဲပိတ်လိုက်သည်။

ပြီးနောက် သူသည် စီးပိန်၏အခန်းအား သွားရန် ခြေလှမ်းလှမ်းလိုက်လေသည်။

သူသတိမထားလိုက်မိသော မျက်နှာကြက်မှ တစ်စုံတစ်ခု ဆင်းလာသော လေတိုးသံကို သတိထားမိလိုက်သည်။

သူသည် ချက်ချင်းပင် နောက်သို့ ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

"ဒိုး"

သူ၏ခြေထောက်သည် မည်သည့်အရာမျှ မထိဘဲ လေကိုသာ ကန်မိသွား၏။

ထို့ကြောင့်...

သူသည် ခန္ဓာကိုယ်ကို နောက်သို့ လှည့်၍ ရင်ဆိုင်ရန် ကြိုးစားလိုက်၏။

သို့သော်...

သူ နောက်ကျသွားချေပြီ။

"ခွပ်"

တိုးတိတ်သောအသံ ထွက်ပေါ်လာ၏။

ထို့အတူ...

သူ၏ဘယ်ဘက်လက်ပြင်မှ ရင်အုံအထိ ထိုးဖောက်ဝင်ရောက်လာသော ချွန်ထက်သော အရာအား သိရှိမိပြီးနောက်...

"အ..."

www.burmeseclassic.com

www.burmeseclassic.com



သူသည် အသံပင် မထွက်လိုက်ရပေ။

သူ့အား တစ်စုံတစ်ယောက်က ပေးမလိုက်သည်။ 7

ထို့နောက်…

ကြမ်းပြင်ပေါ် ချလိုက်သည်ဟူသော အသိနှင့်အတူ…

လဲကျသွားသော ချင်းဟို၏နောက်ဘက်မှ လူရိပ်တစ်ခုသည် အခန်းတံခါးအား အသာအယာဖွင့်ပြီး အခန်းထဲမှ ဖြတ်၍ ပြတင်းပေါက်မှ မှောင်ရိပ်ထဲသို့ ညင်သာစွာ ခုန်ချသွားလေတော့သည်။

* * *

အခန်းထဲတွင် လူသုံးယောက်သာ ရှိ၏။

အခန်းတစ်ခုလုံး မီးရောင်များဖြင့် ထိန်ထိန်လင်းနေ၏။

လမ်းလျှောက်နေသူမှာ ပုယို့ ဖြစ်သည်။

ကျန်နှစ်ယောက်မှာ ပုချင်းချင်းနှင့် စီးဖိန်တို့ ဖြစ်သည်။

သူတို့၏မျက်နှာပေါ်တွင် ခံပြင်းသော အရိပ်အယောင်များ ပေါ်လွင်နေ၏။

စီးဖိန်ကလည်း ဘာမှ မပြောသေးချေ။

သူသည် အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် ဆင့်၍ သောက်နေ၏။

"ကဲ…ဘာမှ မစိုးရိမ်ကြနဲ့ စိတ်လဲ မပူကြနဲ့ သန်ဘက်ခါဆိုရင် သည်ဒုက္ခကလွတ်ပြီ၊ ငါတို့က ဘဝသစ်စကြရတော့မယ်၊



မကြောက်ကြနဲ့တော့"

ဟု ပုယို့က ပြောလိုက်သည်။

သူ၏စကားဆုံးသွားသောအခါ စီးဖိန်က ခေါင်းခါယမ်းလိုက်ပြီး…

"အို… ဘာမှ မကြောက်ပါဘူး။ ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ငါက ခံပြင်းတာပါ။ အခုဆို ငါတို့မိတ်ဆွေနှစ်ယောက် တစ်ရက်ပဲခြား ပြီးတော့ လုပ်ကြံခံရတယ်၊ သည်အတွက် ငါဝမ်းနည်းတာပဲ ရှိတယ်။ သူတို့အတွက် ငါကလဲ့စားချေရမယ်"

ဟု ပြောလိုက်သည်။

ပုချင်းချင်းက သက်ပြင်းချလိုက်သည်။

ပြီးမှ…

"ဦးလေးရယ် စိတ်လျှော့လိုက်ပါ၊ ဒေါသမကြီးပါနဲ့၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ ကျွန်မတို့ စိတ်အေးအေးနဲ့ စဉ်းစားကြတာပေါ့"

အားလုံး၏စိတ်ထဲတွင် ထောင်ကီး သေဆုံးရခြင်းထက် ချင်းဟို သေဆုံးခြင်းကို ပို၍ ယူကျုံးမရဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် မနေ့ညကမှ အစောင့်နှစ်ဆ တိုး၍ ချထား၏။

သို့သော် ထိုနေ့မှာပင် ချင်းဟို အသတ်ခံရ၏။

သူ၏ဒဏ်ရာမှာ ထောင်ကီးကဲ့သို့ပင် တစ်ပုံစံတည်း တူညီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်မှာ ဤလူသတ်သမားသည် အမြဲတမ်း နောက်ကျောဘက်မှသာ လုပ်ကြံခြင်းဖြစ်၏။ 7

ယခု...

သေဆုံးသွားသော ထောင်ကီးနှင့် ချင်းဟိုတို့ နှစ်ယောက်မှာ အဆင့်မြင့်ထိပ်တန်း သိုင်းသမားများ ဖြစ်ကြသည်။

ထို့ကြောင့်...

သူတို့အား နောက်ကျောဘက်မှ လုပ်ကြံရန်မှာ မလွယ်ကူပါ။

သူတို့ကလည်း နောက်ကျောပေး၍ တိုက်ခိုက်ခံမည့်လူများ မဟုတ်ပါ။

စီးဖိန်သည် တွေးတောရင်း တွေးတောရင်း အဖြေမရပါ။

သူက ပုယို့ကို ကြည့်၍...

"သူငယ်ချင်း။ လူသတ်သမားရဲ့ သိုင်းပညာအဆင့်ကို မင်း ဘယ်လိုထင်လဲ"

ဟု မေးလိုက်သည်။

ပုယို့ သက်ပြင်းချလိုက်သည်။

သူက ခေါင်းညိတ်လိုက်ပြီး...

"ငါလဲ အဲဒါ စဉ်းစားနေတာပဲ၊ ကုန်ကုန်ပြောရရင် သူ့ရဲ့ သိုင်းပညာ အဆင့်အတန်းဟာ ထိပ်တန်းသိုင်းသမား အဆင့်ကို ကျော်လွန်နေပြီလို့ ထင်တယ်"

ဟု ပြော၏။



စီးဖိန်က...

"ထင်တာ မဟုတ်ဘူး။ ဟုတ်ကိုဟုတ်နေတာ ငါစဉ်းစားလို့ မရတဲ့ အချက်က သူ့ကို ချင်းဟိုက ဘာကြောင့် မျက်နှာချင်းဆိုင် မတိုက်မိသလဲဆိုတာပဲ"

ဟု ပြောလေသည်။

ပုယို့က သက်ပြင်းချ၍...

"အခုဆိုရင် ငါတို့ဘက်မှာ လူအင်အား တော်တော်နည်းနေပြီ၊ သည်တော့ သန်ဘက်ခါ မရောက်ခင်အထိ မင်းနဲ့ငါ ညဘက်မှာ မအိပ်ဘဲ မြို့ထဲမှာ ချထားတဲ့ ကင်းတွေကို သတိထားပြီး လှည့်လာရမယ်၊ မကောင်းဘူးလား"

ဟု မေးလိုက်၏။

စီးဖိန်က ခေါင်းညိတ်၍...

"အဲဒါ ကောင်းတယ်၊ ငါတို့ခုက္ခ သိပ်ခံစရာ မလိုတော့ပါဘူး"

ဟု ပြော၏။

ပုချင်းချင်းက မျက်လုံးလေးဝိုင်း၍ နားထောင်နေရာမှ...

"ဖေဖေတို့ သန်ဘက်ခါလို့ ပြောနေပေမယ့် အဲသည်နေ့ကို သူလာမှာ သေချာလို့လား"

ပုယို့က မျက်နှာကြက်အား စိုက်ကြည့်ကာ...

"သူလာမှာ သေချာပါတယ်"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စီးဖိန်က...

"မင်းပြောထားတဲ့ အစီအစဉ်အတိုင်းဆိုရင် အမှုထမ်းတွေကို အကြောင်းကြားလိုက်တော့ ဌါတာဝန်ထား"

ဟု ပြော၏။

ထိုအခါ...

ပုချင်းချင်းက မျက်လုံးပြူး၍...

"ဟင်...ဖေဖေက..."

သူမ၏စကား မဆုံးသေးချေ။

သူမ၏အသံသည် အနည်းငယ်မျှ ကျယ်လောင်သွား၍...

"သမီး...တိုးတိုးပြောစမ်း"

ပုယို့က သတိပေး၍ သူမ၏အမေးအား ပြန်ဖြေလိုက်လေသည်။

"ဟုတ်တယ်၊ ဖေဖေ့ရဲ့ မိုက်မှားမှုတွေကို နောင်တရနေပါပြီ သမီးရယ်၊ ဒါကြောင့် ပြုပြင်ဖို့ ဖေဖေဆုံးဖြတ်လိုက်ပြီ"

သူသည် စီးဖိနိတို့နှင့် တိုင်ပင်ပြောဆိုခဲ့သော ကိစ္စများအား ပြန်လည် ပြောပြလိုက်လေသည်။

"အဲဒါ အားလုံးဟာ သမီးလေး လောကအလယ်မှာ မျက်နှာမငယ်ရအောင် ဖေဖေပြုပြင်ရတာပဲ"

သူ၏စကားဆုံးသွားသည်နှင့် ပုချင်းချင်းက အားရပါးရ ပြုံးလိုက်လေသည်။

သူမ၏မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေ၏။



"ဖေဖေ၊ သမီးအပေါ် သည်လောက် မေတ္တာစေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေရယ်"

ပုယို့က သူမ၏ဆံပင်များအား သပ်တင်ရင်း...

"သမီးရယ်၊ ဒါဒိုစရာ မဟုတ်ပါဘူး။ အခုအချိန်ကစပြီး ဖေဖေတို့တွေ လက်တွဲပြီး ကြုံတွေ့လာမယ့် အန္တရာယ်ကို ရင်ဆိုင်ကြတာပေါ့"

ဟု ပြောလိုက်သည်။

ပုချင်းချင်းက ဝမ်းသာအားရ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ သူတို့ကို တိုက်မယ်လို့ သမီးကတိပေးပါတယ်"

သူမ၏အားမာန်တက်ကြွလှသော စကားသံကြောင့် ပုယို့ကိုယ်တိုင်ပင် ကြက်သီးမွေးညှင်းများ ထသွားလေသည်။

"ကဲ...သမီး အိပ်တော့နော်"

ပုယို့က တိုက်တွန်းလိုက်သည်။

သို့သော်...

စိတ်ဓာတ်တက်ကြွနေသော ပုချင်းချင်းက ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း...သမီးလဲ ဖေဖေတို့နဲ့အတူ စောင့်မယ်"

ဟု ပြော၏။

ပုယို့ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ဖေဖေတို့က မြှဝင်းဘက်ကို ကင်းလှည့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သမီးက အိမ်နောက်ဖေးတစ်လျှောက်လုံးမှာ ရှိတဲ့ ကင်းသမားတွေကိုစစ်ဆေး ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ပုရှင်းချင်းက ပြောပြောဆိုဆို အနီးရှိ ခေါင်မိုးတစ်ခုပေါ်သို့ ခုန်တက်ကာ မှောင်ရိပ်များပါ မကျန် စစ်ဆေးလိုက်၏။

ထို့နောက်...

အိမ်အောက်သို့ ခုန်ဆင်းကာ ကင်းသမားများ ရှိရာသို့ လျှောက်ကြည့်ကာ စစ်ဆေးလိုက်၏။

ပုယို့က ခြံဝင်းအရှေ့ဘက်သို့ စစ်ဆေးရန် ထွက်ခွာသွားလေသည်။

စီးဖိန်မှာ ခြံဝင်းအနောက်ဘက်သို့ စစ်ဆေးရန် ထွက်ခွာသွားလေသည်။

* * *



ပုယို့နှင့် ပုချင်းချင်းတို့သည် အိမ်၏ဧည့်ခန်းထဲတွင် ထိုင်နေကြသည်။

သူတို့သည် စစ်ဆေးမှုများပြီး၍ ဧည့်ခန်းထဲတွင် ထိုင်၍ စီးဖိန် ပြန်အလာကို စောင့်နေ၏။

စီးဖိန်မှာမူ ခြံဝင်း အနောက်ဘက်သို့ နှံ့နှံ့စပ်စပ် စစ်ဆေးကြည့်ရှုနေဆဲ ဖြစ်၏။

မသင်္ကာစရာ မတွေ့၍ ပြန်လှည့်ရန် ဟန်ပြင်လိုက်ချိန်မှာပင်...

ခေါင်မိုးပေါ်မှ လှုပ်ရှားမှု တစ်စုံတစ်ရာကို တွေ့လိုက်ရလေသည်။

လူရိပ်တစ်ရိပ် ဖြစ်၏။

စီးဖိန် အံတစ်ချက်ကြိတ်လိုက်၏။

သူသည် လူရိပ်နောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

ထို့နောက်...

သူသည် ခေါင်မိုး အစွန်ပေါ်သို့ ခုန်တက်လိုက်လေသည်။

သူ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့် ရောက်ရှိနေပြီဖြစ်၏။

သူခုန်တက်လိုက်သောအခါ ခြေကျသံပင် မကြားရချေ။

သို့သော်...

အရှေ့ဘက်မှ ပြေးနေသော လူရိပ်မှာ လွန်စွာ [illegible]လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှာခနဲ နောက်သို့ ဆတ်ခနဲလှည့်၍ ကြည့်လိုက်လေသည်။

သူသည် စီးဖိနပ်အား တွေ့မြင်သွားလေသည်။

ထိုအခါ...

အရှေ့သို့ ဆက်၍ မသွားတော့ဘဲ လှည့်၍ ရင်ဆိုင်လိုက်လေသည်။

စီးဖိနပ်သည် ရင်ထဲတွင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူ၏ခါးမှ သံမဏိကြိုးပျော့ကွင်းကို ဖြုတ်ယူလိုက်၏။

လက်ထဲတွင် ချိန်ဆမိ၏။

ထို့နောက်...

သူသည် ရှေ့သို့ တစ်လှမ်းချင်း လျှောက်သွား၏။

လရောင်မှာ မှိန်ပျပျမှလွဲ၍ အလင်းရောင်လုံးဝမရှိပါချေ။

တစ်ယောက်နှင့်တစ်ယောက် မြင်ရုံမျှသာ လင်းနေပေသည်။

တစ်ဖက်ရန်သူသည် အနက်ရောင်ကိုယ်ကျပ်တစ်စုံ ဝတ်ဆင်ထားသည်။

ထို့အပြင်...

သူသည် အနက်ရောင်ပဝါဖြင့် မျက်နှာအား အုပ်ထားသဖြင့် ညှိလူတစ်ယောက် ဖြစ်မည်မှန်း သိသာနေ၏။

စီးဖိနပ် ထိတ်လန့်သွားသည်။

အဘယ်ကြောင့်ဆိုသော်...

သူ၏စိတ်အာရုံတွင် ထိုအနက်ရောင်ကိုယ်ကျပ်ဝတ်စုံ ဝတ်



ဆင်ထားသူအား တွေ့လိုက်သည်နှင့် အန္တရာယ် အငွေ့အသက် ခံစားလိုက်ရသောကြောင့် မဟုတ်ပါလား။

ပထမအကြိမ် ထောင်ကီး လုပ်ကြံခြင်း ခံလိုက်ရပေသည်။

သူတို့သည် ဒုတိယနေ့တွင် အစောင့်အရှောက် ထောင်ကြပ်စွာ ချထား၏။

သို့သော်...

ဒုတိယအကြိမ်အဖြစ် ချင်းဟို ထပ်မံလုပ်ကြံခြင်းခံလိုက်ရသည်။

ယခု မိမိအလှည့် ရောက်လာပြီလော။

ထိုလူသည် မည်သူဖြစ်သနည်း။

သူသည် တွေးရင်းထိတ်လန့်လာသည်။

သူ စိတ်တည်ငြိမ်အောင် ထားလိုက်၏။

ထို့နောက်...

သူ၏လက်ထဲ၌ ကိုင်ထားသော ကြိုးကွင်းအား ရုတ်တရက် ပစ်လိုက်သည်။

ကြိုးကွင်းသည် လျှင်မြန်စွာဖြင့် ထိုလူရိပ်ထံသို့ ရောက်ရှိသွားသည်။

သို့သော်...

ထိုကြိုးကွင်းသည် ထိုလူရိပ်အား စွပ်မိသွားခြင်း မရှိချေ။

မစွပ်မိရုံမျှသာမက ထိုလူရိပ်မှာ သူ၏နံဘေး၌ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်လှသည်မှာ လေ၏လျှင်မြန်ခြင်းမျိုးပင် ဖြစ်ပေသည်။

စီးဖိန် ထိတ်လန့်သွား၏။

ရန်သူ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း သိလိုက်ရသောကြောင့် ဖြစ်သည်။

သူ၏ကိုယ်ဖော့ပညာပင်လျှင် ဤမျှတော်နေလျှင် သိုင်းပညာအဆင့်မှ ထိပ်တန်းကျော်လွန်နေမည်မှာ သေချာလှ၏။

သူသည် ကြိုးကွင်းစွပ်သောနေရာတွင် ကောင်းကင်တွင် ပျံနေသော ရှိုင်းကိုပင် မိအောင်စွပ်နိုင်၏။

ယခု...

သူပစ်လိုက်သော ကြိုးကွင်းသည် ထိုလူအား မစွပ်မိပါချေ။

ထိုလူအား မစွပ်မိခြင်းမှာ သူညံ့၍မဟုတ်ဘဲ ထိုလူက သူ့ထက်များစွာ တော်နေသောကြောင့်ဖြစ်၏။

ထိုစဉ် ထိုလူက အေးစက်သောအသံဖြင့်...

"ရပ်လိုက်"

ဟု ပြောလိုက်သည်။

စီးဖိန်က...

"မင်းက ဘယ်သူလဲ"

ဟု မေးလိုက်၏။

ထိုလူက...

"နယ်ခြားဘီလူး"



တစ်ဖက်ရန်သူ၏ အပြေသည် စီးဖိန်၏ဒေါသကို အထွတ်အထိပ်ရောက်သွားစေ၏။

ချင်းဟိုနှင့်ထောင်ကီးတို့ နှစ်ယောက် သေဆုံးရခြင်းမှာ နယ်ခြားဘီလူး၏လက်ချက် ဖြစ်သည်မဟုတ်ပါလား။

ယခု...

နယ်ခြားဘီလူးက သူ့ထံသို့ ရောက်ရှိလာချေပြီ။

သူပြီးလျှင်...

စီးဖိန်သည် ဒေါသကို မထိန်းနိုင်တော့ချေ။

အစွမ်းကုန် သတိထား၍ ထိုလူအား တိုက်ခိုက်လိုက်လေသည်။

ဝတ်စုံနက် ဝတ်ဆင်ထားသူသည် မတုန်မလှုပ် ရပ်နေ၏။

စီးဖိန်က ကြိုးကွင်းအား ဒုတိယအကြိမ် ထပ်မံပစ်လိုက်သည်။

သံမဏိပျော့ကွင်းသည် ဝတ်စုံနက်ထံသို့ ပြေးဝင်သွားသည်။

သို့သော်...

"ထောက်"

ဟူသောအသံ ထွက်ပေါ်လာသည်။

သံမဏိပျော့ကွင်းသည် ဝတ်စုံနက်ထံသို့ မရောက်မီမှာပင် သူ့ထံသို့ ဓားပါးလေးတစ်ချောင်းက ပြေးဝင်လာသည်ကို သူတွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုန် ထိတ်လန့်သွား၏။

သူက လျှင်မြန်စွာဖြင့် တစ်ဖက်သို့ ရုတ်တရက် ခုန်ရှောင်လိုက်သည်။

ထိုစဉ်မှာပင်…

ရှေ့မှ လူရိပ်သည် အပေါ်သို့မြောက်တက်သွားသည်ကို တွေ့လိုက်ရ၏။

ခုန်သွားပုံမှာ သူ့နောက်ဘက်သို့ ဖြစ်သည်ကို တွေ့ရလေသည်။

ထို့ကြောင့်…

သူသည် ရှင်းဟိုနှင့် ယောင်ကီးတို့ သေဆုံးပုံကို ပြန်လည်သတိရလာ၏။

သူသည် ရန်သူအား နောက်ကျောဘက်သို့ အရောက်မခံဘဲ ခန္ဓာကိုယ်အား ရုတ်တရက် ချာခနဲ လှည့်လိုက်သည်။

သို့သော်…

သူနောက်ကျသွားချေပြီ။

သူ့သူငယ်ချင်း နှစ်ယောက်သည် ရန်သူအား နောက်ကျောမပေးသော်လည်း ရန်သူက နောက်ကျောသို့ရောက်အောင် နေရာယူတိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း သိလိုက်ရသောအချိန်တွင်မူ…

"ဗြုန်"

တိုးညင်းသောအသံ ထွက်ပေါ်လာသည်။

ထို့နောက်…



သူသည် သူငယ်ချင်းနှစ်ယောက်၏ သေဆုံးပုံနှင့်ထပ်တူ သေဆုံးသွားရလေသည်။

"အ"

သူသည် အသံပင် မထွက်နိုင်တော့ချေ။

ထို့နောက်…

ခေါင်မိုးပေါ်သို့ ကျသွားလေသည်။

* * *

မတိုးမကျယ် အသံတစ်ခု ခေါင်မိုးပေါ်မှထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထို့ကြောင့်…

ပုယို့သည် အိမ်တွင်းမှပြေးထွက်ကာ အသံကြားရာ ခေါင်မိုးပေါ်သို့မော့ကြည့်လိုက်၏။

သူထွက်လာသောအချိန်မှာ မီးဖိုန်လဲကျသွားပြီး မရှေးမနှောင်းတွင်ဖြစ်၍ ဝတ်စုံနက်သည် ခေါင်မိုးအောက်ဘက် မှောင်ရိပ်အောက်သို့ ဖျတ်ခနဲ ခုန်ချပျောက်ကွယ်သွားလေသည်။

ပုယို့သည် အောက်မှလှမ်းကြည့်ရာ ဘာမျှမမြင်ရတော့

သူအိမ်ထဲမှ ပြေးထွက်လာသည်ကို တွေ့၍ မီးတုတ်များကို ကိုင်ကာ အနားရောက်လာသော ကင်းသမားထဲမှ မီးတုတ်တစ်ခုယူကာ ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မီးတုတ်အားမြှောက်ကာ နေရာအနှံ့ ကြည့်ရှုလိုက်ရာ

"ဟင်...စီးဖိနပ်"

ခေါင်မိုးတစ်နေရာတွင် သွေးအိုင်ထဲ၌ လဲကျနေသော စီးဖိနပ်အား တွေ့လိုက်ရလေသည်။

သူက လွှတ်ခနဲခေါ်ကာ ပြေးသွားပြီး ပွေ့လိုက်လေသည်။

ဘယ်ဘက်လက်ပြင်မှ ဖောက်၍ ဘယ်ဘက်ရင်အုံအထိ ပေါက်နေသော ဓားဒဏ်ရာမှ သွေးများက အိုင်ထွန်းနေ၏။

ရုတ်တရက်...

သူ့နံဘေးသို့ လူတစ်ယောက် ခုန်တက်လာသည်။

သူက လှည့်ကြည့်လိုက်ရာ စီးဖိနပ်၏အလောင်းအား ကြေကွဲခေါသဖြင့် စိုက်ကြည့်နေသော ပုချင်းချင်းအား တွေ့လိုက်ရလေသည်။

"ဦးလေးစီးဖိနပ်လည်း သွားပြန်ပြီနော်"

"ဟုတ်တယ် သမီး သူဟာ သုံးရက်အတွင်းမှာ တံတိယ လုပ်ကြံခံရတဲ့လူ ဖြစ်သွားပြီ"

* * *



ပုယို့နှင့်ပုချင်းချင်းတို့မှာ ရန်သူသည် အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်လိုက်ကြပြီဖြစ်သည်။

ပုယို့က...

"လူသတ်သမား အသုံးပြုတဲ့ဓားကွက်ဟာ အရိပ်အယောင်ကျမ်းက ဓားကွက်ဖြစ်လိမ့်မယ်"

ထိုစဉ်...

"ရှင်မဆိုးဘူး။ အတော်တိုးတက်လာတာပဲ"

အေးစက်သော စကားသံ ထွက်ပေါ်လာလေသည်။

ပုယို့ လှည့်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသော ဟုန်လျှောကျန်းအား တွေ့လိုက်ရလေသည်။

"မင်း"

ဟုန်လျှောကျန်းက...

"ရှင်က ကျွန်မအစ်ကိုရဲ့စကား နားမထောင်ဘဲ အပေါင်းအဖော်တွေနဲ့ အံတုဖို့ကြိုးစားခဲ့တယ်၊ ရှင် သတင်းပေးလိုက်တာကြောင့် လူစင်းရန်က ရောက်လာတယ်လေ"

ပုယို့က...

"မင်းတို့က သခင်မလေးကျင်းကျင်းကို ဒုက္ခမပေးသင့်ဘူး"

ဟုန်လျှောကျန်းက...

"နယ်ခြားဘီလူးဆိုတဲ့ ကျွန်မအစ်ကိုဟာ သူဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောက်မဆုတ်တတ်ဘူးဆိုတာ ရှင်သိပါတယ်"

"ဒါကြောင့် မင်းတို့ ဒုက္ခရောက်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"လုစင်းရန်ကြောင့် သခင်မလေးကျင်းကျင်းကို ပြန်မွေးခဲ့ မယ့်ကိစ္စ မအောင်မြင်တဲ့အပြင် ကျွန်မအစ်ကို ဒဏ်ရာရခဲ့တယ်၊ အဲ သည်ဒဏ်ရာနဲ့ပဲ နောက်ဆုံး သေသွားရတာ"

ပုယို့က...

"သည်ကိစ္စတွေ ပြီးဆုံးသွားတာ ကြာပါပြီ၊ အခုမှ ကျုပ်တို့ ကိုလာပြီး ခုကွပေးတာက..."

ဟုန်လွေ့ကျန်းက...

"ဟင်း...ဟင်း...ကျွန်မလည်း ဒဏ်ရာရခဲ့တယ်လေ၊ ဒါ ကြောင့် ငြိမ်နေခဲ့ရတာ၊ ကျွန်မက လုစင်းရန်ကို ဘယ်တော့မှ မ ကျေဘူး ဒဏ်ရာသက်သာလာတာနဲ့ သူ့ကိုလုပ်ကြံဖို့ သူ့နောက်ကို တိတ်တဆိတ် လိုက်နေခဲ့တာပေါ့၊ ကျွန်မ ကံကောင်းသွားတယ်၊ လု စင်းရန်ဟာ ရှောင်လင်ကျောင်းက သိုင်းကျမ်းကို နန်းတွင်းပို့ဆောင် ပေးဖို့ တာဝန်ယူခဲ့တယ်၊ သိုင်းကျမ်း လိုချင်မက်မောတဲ့ လူတွေ များတော့ လုစင်းရန် အခက်ကြုံသွားတယ်၊ သူက ရန်သူကို လွှတ် လွှတ်လပ်လပ် ရင်ဆိုင်နိုင်အောင် သိုင်းကျမ်းကိုဖွက်ထားလိုက်တယ် လေ၊ ကျွန်မက သူသိုင်းကျမ်းဝှက်ထားတဲ့နေရာကို သိလိုက်တော့ သိုင်းကျမ်းလည်း ကျွန်မလက်ထဲ ရောက်လာရတာပေါ့၊ သိုင်းကျမ်း က ဓားကွက်တစ်ချို့ လေ့ကျင့်ပြီး ရှင်တို့ကို အရင်ဆုံး မြည်းစမ်းကြည့် နိုင်းတာပဲ၊ ပြီးရင် လုစင်းရန်ရဲ့ အလှည့်ပေါ့လေ"

ပုယို့ အံကြိတ်လိုက်သည်။

"ကျုပ်က မင်းကိုကြောက်နေမယ်များ ထင်နေသလား"



ချက်ချင်း ဓားခွဲကာ ပြေးဝင်တိုက်ခိုက်လိုက်လျှင်...

"ရှင် ဘာတတ်နိုင်မှာမို့လဲ"

သူမလည်း ဓားတစ်လက်ထုတ်ကာ တိုက်ခိုက်လိုက်လျှင်...

"အား"

ပုယို့ လဲကျသွားတော့သည်။

"ဖေဖေ"

ပုချင်းချင်း အသံကုန် အော်ဟစ်လိုက်လေသည်။

ဟုန်လွေ့ကျန်းက...

"ညည်းလည်း ညည်းအဖေနောက်ကို လိုက်သွားပေတော့"

ပုချင်းချင်းအား ဓားဖြင့် ခုတ်ချလိုက်လေတော့သည်။

* * *

လုရှောင်ယုံက ကြူးယွင်ကို ရှင်းပြလိုက်သည်။

ကြူးယွင်က...

"ရှင့်ကို လုစင်းရန်က ပြောပြခဲ့တာ ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်အဘိုးက အဖြစ်အပျက်အားလုံး ကျုပ် ကိုပြောပြခဲ့ပေမယ့် တကယ်တမ်း ဟုန်လွေ့ကျန်းက သိုင်းကျမ်းရ သွားတာ သူမသိခဲ့ဘူး၊ ကျုပ်ကို သူ့ရဲ့သိုင်းပညာသင်ပေးခဲ့ပြီး သိုင်း ကျမ်းရအောင်ရှာဖို့ တာဝန်ပေးသွားတာ၊ ကျုပ်လည်း အဖြစ်အပျက် တွေနဲ့ စိမ်းနေသေးတော့ ရွှေကျားဂေဟာကလူတွေရဲ့ လက်ချက်ပဲ

www.burmeseclassic.com



ထင်ခဲ့မိသေးတယ်"

ယခု…

အရိပ်အယောင်သိုင်းကျမ်း အရှုပ်တော်ပုံကို သူတို့ ရှင်းရှင်း လင်းလင်း သိရှိသွားကြပြီ ဖြစ်လေသည်။

ကြူးယွင်က…

"ရှင် ဘာဆက်လုပ်မလဲ"

"ကျုပ် သွားတော့မယ်"

လုရှောင်ယုံက ချက်ချင်းထွက်သွားရာ ကြူးယွင် ကြောင် အမ်းအမ်း ဖြစ်သွားရတော့သည်။

လုရှောင်ယုံ ထွက်သွားပြီးမှ ကြူးယွင်သည် ထွက်လာခဲ့ သည်။

လမ်းခရီး၌ ရွှေကျားဂေဟာမှ သိုင်းသမားအချို့ကို တွေ့ရ သဖြင့် ရှောင်ကွင်းခဲ့ရပြီး နောက်ဆုံး သူမအခန်းငှားရမ်းထားသော တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိသွားလေတော့သည်။

ထိုအခါ…

* * *



## မြေးအဘွား

ကြူးယွင် မယုံနိုင်အောင် ဖြစ်သွား၏။

အခန်းတွင်း၌ လူတစ်ယောက် ရောက်ရှိနေသည် မဟုတ်ပါ လား။

ထိုလူက ပြတင်းပေါက်အနီး၌ ရပ်ကာ အပြင်ဘက်သို့ ငေး မောကြည့်နေ၏။

သို့သော်…

ထိုလူသည် ကြူးယွင် ရောက်လာသည်ကို ကောင်းစွာ သိ ထားပြီး ဖြစ်ပုံရလေသည်။

ကြူးယွင်က အခန်းထဲ လှမ်းဝင်လိုက်သည်နှင့်—

"အဟမ်း"

www.burmeseclassic.com

www.burmeseclassic.com



ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ကြူးယွှင်၊ ညည်းရောက်လာပြီလား"

ဟု မေးလာလေသည်။

ထိုလူကား ကြူးယွှင်၏ဆရာဘွားဘွား ဟုန်လှေကျန်း ဖြစ်နေပါတော့သည်။

ကြူးယွှင်က ဦးညွှတ်လိုက်သည်။

"ကျွန်မကြူးယွှင် ဘွားဘွားကို ဂါရဝပြုပါတယ်"

ဟုန်လှေကျန်းက ကြူးယွှင်ဘက်သို့ တဖြည်းဖြည်းလှည့်လာလေသည်။

ကြူးယွှင်က အကဲခတ်ကြည့်နေ၏။

ဟုန်လှေကျန်း၏မျက်နှာ တည်ကြည်လေးနက်နေ၏။

သူမ ယခုကဲ့သို့ အသွင်သဏ္ဌာန်မျိုး ရှိသည်ကို ကြူးယွှင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပါချေ။

ယခုအချိန်၌...

ဟုန်လှေကျန်းသည် ကြူးယွှင်အတွက် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသူ တစ်ယောက်ကဲ့သို့ ရှိနေပါတော့သည်။

ဟုန်လှေကျန်းက...

"ကြူးယွှင်၊ ညည်းကို ငါစောင့်နေတာ"

ကြူးယွှင်က...

"ဘွားဘွားက ကျွန်မနောက်ကို လိုက်လာတာလားဟင်"

ဟုန်လှေကျန်း ခေါင်းခါယမ်းလိုက်သည်။



"မဟုတ်ဘူး"

"ရှင်"

"ငါ့မှာ ကိစ္စတစ်ခု ရှိလို့လာခဲ့တာ၊ လမ်းမှာ ညည်းနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံရတဲ့ သဘောပဲ"

"ရှင်"

ကြူးယွှင် အံ့သြပြီးရင်း အံ့သြနေရပေတော့သည်။

ဟုန်လှေကျန်းက...

"ညည်းကကော..."

"ကျွန်မက..."

ကြူးယွှင်သည် လုရှောင်ယုံနှင့် တွေ့ဆုံခဲ့ရပုံများအား ပြောသင့်မပြောသင့် ရုတ်တရက် ဝေခွဲမရဖြစ်နေပါတော့သည်။

ဟုန်လှေကျန်းက...

"ညည်းက လုရှောင်ယုံနောက်ကို လိုက်နေတာ မဟုတ်လား"

"ကျွန်...ကျွန်မ"

"ညည်းတို့နှစ်ယောက် တွေ့ခဲ့ကြပြီးပြီ မဟုတ်လား"

ကြူးယွှင် ခေါင်းငုံ့ထားလိုက်လေသည်။

ဟုန်လှေကျန်းက...

"ညည်းက လုရှောင်ယုံအကြောင်းကို ဘယ်လောက်သိထားသလဲ ပြောပါဦး"

"ကျွန်မ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မကြောက်နဲ့ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

ကြူးယွင် တံတွေးမျိုချလိုက်သည်။

ဟုန်လျှောကျန်းအား မဝံ့မရဲ ကြည့်လိုက်ပြီးမှ...

"ဘွားဘွား။ သူက အရိပ်အရောင်သိုင်းကျမ်းနဲ့ ပတ်သက်ပြီး ကျွန်မကို ပြောပြခဲ့ပါတယ်"

"ဘာ"

ဟုန်လျှောကျန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကြူးယွင်ကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"အရိပ်အရောင်သိုင်းကျမ်း ဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့"

"ညည်းကို ဘာတွေ ပြောသွားတာလဲ"

ကြူးယွင်က...

"သိုင်းကျမ်းဟာ သူ့အဘိုး တာဝန်ယူပြီး နန်းတွင်းကို ပို့ပေးရမယ့်ပစ္စည်းလို့ ပြောပါတယ်"

ဟုန်လျှောကျန်း မျက်နှာပျက်သွားလေသည်။

ကြူးယွင်ကို စိုက်ကြည့်ကာ...

"ဒါတွေ အားလုံး ညည်းသိထားပြီဆိုပါတော့"

ကြူးယွင် ခေါင်းငုံ့ထားလိုက်လေသည်။

ဟုန်လျှောကျန်းက...

"တခြား သူက ဘာတွေ ပြောသေးသလဲဆိုတာ ငါ့ကို ပြောပြစမ်းပါဦး"



ကြူးယွင်က...

"သူက သိုင်းကျမ်းကို ပြန်ပြီး ရယူမယ်လို့ ပြောပါတယ် အဲဒါ..."

"နေပါဦး။ ညည်းက သူပြောတာတွေကို ယုံကြည်နေတယ် ဟုတ်လား"

"ကျွန်မ..."

ကြူးယွင် ငိုင်သွား၏။

ဟုန်လျှောကျန်းက ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး...

"ငါ့ကို ညည်းရဲ့ အဘွားတစ်ယောက်လို၊ ဆရာလို သဘောမထားတော့ဘူးပေါ့"

ကြူးယွင် မည်သို့ ပြောရမှန်းမသိ ဖြစ်နေ၏။

သူမသည် ဟုန်လျှောကျန်းအား သံယောဇဉ် ရှိပါသည်။

ဟုန်လျှောကျန်းမှာ သူမ၏အဘွားအရင်း မဟုတ်ကြောင်း သိထားပါသည်။

ကြူးယွင်သည် ဟုန်လျှောကျန်းကို ငေးကြည့်ရင်း သူတို့ဆုံတွေ့ခဲ့ကြရပုံများကို ပြန်လည်မြင်ယောင်လာမိလေတော့သည်။

သူတို့ မမျှော်လင့်ဘဲ ဆုံတွေ့မိခဲ့ကြခြင်း ဖြစ်သည်။

ထိုစဉ်က ကြူးယွင်မှာ ငယ်စဉ်ကလေးဘဝသာ ရှိသေးပြီး ဟုန်လျှောကျန်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိကာ သံယောဇဉ်တွယ်တာခဲ့ခြင်း ဖြစ်ပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်တောအုပ်ထဲ၌ ရောင်စုံပန်းကလေးများ ဖူးပွင့်နေပြီး လိပ်ပြာကလေးများ ပျံဝဲနေရာ အလွန်ပင် သာယာလှပနေပါတော့သည်။

ကြူးယွင်က သူမ၏အထိန်းတော်နှင့်အတူ မြို့ပြင်သို့ အလည်အပတ် ထွက်လာခြင်း ဖြစ်လေသည်။

သာယာလှပသော မြို့ပြင်တောအုပ်နှင့် မြက်ခင်းပြင်သို့ ရောက်လျှင် ကြူးယွင် စိတ်မထိန်းနိုင်တော့ဘဲ ပြေးလွှားဆော့ကစား မိတော့သည်။

သူမ မမောနိုင်မပန်းနိုင်ဖြင့် ပန်းများခူးသည်။

လိပ်ပြာလေးများအား လိုက်လံဖမ်းဆီးခဲ့လေသည်။

သို့ဖြင့် တစ်နေရာသို့ အရောက်တွင် လူတစ်ယောက်အား ဝင်တိုက်မိမလို ဖြစ်သွားလေသည်။

"ဟင်"

ကြူးယွင် ကမျာကယာ ကိုယ်ရှိန်သပ်ကာ နောက်ဆုတ် လိုက်ရလေသည်။

သူမ ဝင်တိုက်မလို ဖြစ်သွားရသူကား ဗလကောင်းကောင်း လူသန်ကြီးတစ်ယောက် ဖြစ်နေပါသည်။

လူသန်ကြီးမှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများလည်း ရှိနေခြင်းကြောင့် ရုပ်ရည်မက်ထန်ကြမ်းတမ်းကာ ကြောက်မက်ဖွယ် ဖြစ်နေပါတော့သည်။

ကြူးယွင် ကြောက်ရွံ့ပြီး မလှုပ်မယှက် ဖြစ်သွားတော့



သည်။ လူသန်ကြီးက ကြူးယွင်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက် ပြီး...

"မိန်းကလေးက တစ်ယောက်ထဲလား"

ဟု မေးလာသည်။

ကြူးယွင်က...

"မဟုတ်ဘူး။ ကျွန်မရဲ့အထိန်းတော် ပါပါတယ်"

လူသန်ကြီးက...

"မိန်းကလေးရဲ့ မိဘတွေက ဘယ်သူတွေလဲ"

ကြူးယွင်က...

"ကျွန်မအဖေက ကြူးဂေဟာပိုင်ရှင် ကြူးထိုက်စန်းပါ"

"သြော်.. ကြူးထိုက်စန်းရဲ့သမီးပေါ့"

"ဟုတ်ပါတယ်ရှင့်"

"အတော့်ကို သွက်လက်ချက်ခြာတဲ့ မိန်းကလေးပဲ၊ မင်းကို ကျုပ် သဘောကျသွားပြီ"

"ရှင်.."

လူသန်ကြီးက ရှေ့တိုးလိုက်သောအခါ ကြူးယွင် ကမျာ ကယာ နောက်ဆုတ်လိုက်လေသည်။

လူသန်ကြီးက...

"မိန်းကလေးရဲ့ မိဘတွေဟာ ချမ်းသာကြွယ်ဝတဲ့ သူဌေး တွေပဲ၊ ကျုပ်က မိန်းကလေးကို ခေါ်သွားရင်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ...ဟဲ၊ မိန်းကလေးကို ပြန်ပေးဆွဲထားပြီး 'ကြူး' သခင်ကြီးဆီက ငွေတောင်းရမယ်၊ ကျုပ်က်ကောင်းပြီး မင်းနဲ့တွေ့တာပဲ"

ကြူးယွင် မျက်လုံးပြူးသွားသည်။

လှသန့်ကြီးက ရုပ်ရည်ကြမ်းတမ်းခက်ထန်သကဲ့သို့ စိတ်ထားကောက်ကျစ်သည့် လူဆိုးကြီးတစ်ယောက် ဖြစ်နေပါတော့သည်။

လှသန့်ကြီးက...

"မိန်းကလေး၊ ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ရမယ်၊ ဒါမှမဟုတ်ရင် မင်းအသားနာအောင် ရိုက်နှက်ရလိမ့်မယ်"

ဟု ခြိမ်းခြောက်ကာ ရှေ့တိုးလာလေသည်။

ကြူးယွင် မျက်လုံးပြူးသွားပြီး...

"အမယ်လေး"

အထိတ်တလန့် အော်ဟစ်ကာ ထွက်ပြေးတော့သည်။

လှသန့်ကြီး ရယ်မောလိုက်သည်။

"ကျုပ်လက်က မလွတ်ပါဘူးလေ"

နောက်က ပြေးလိုက်ကာ ဖမ်းဆီးရန် ကြိုးစားလေတော့သည်။

ကြူးယွင်လည်း ကြောက်လန့်တကြား ပြေးရာမှ...

"သခင်မလေး ဘာဖြစ်လို့လဲ"

အထိန်းတော်အမျိုးသမီး ရောက်ရှိလာတော့သည်။

ကြူးယွင်က အမျိုးသမီး၏ နောက်ကျောဘက်သို့ ဝင်



ရောက် ပုန်းအောင်းရင်း ပြေးလိုက်လာသည့် လှသန့်ကြီးအား ညွှန်ပြလိုက်သည်။

"သူ...သူက ပြန်ပေးဆွဲမယ်လို့ ပြောနေတယ်"

"ဘာ..."

အထိန်းတော်အမျိုးသမီးလည်း ထိတ်လန့်သွားတော့လေသည်။

အခြေအနေ မဟန်မှန်းသိလျှင်...

"သခင်မလေး အိမ်ကို ရောက်အောင်ပြေးပါ"

ကြူးယွင်အား ထွက်ပြေးခိုင်းပြီး သူမက လှသန့်ကြီးအား ဟန့်တားလိုက်လေသည်။

"ရှင် မတရားမလုပ်နဲ့၊ ကြူးဂေဟာက သခင်မလေးကို ဒုက္ခမပေးရဘူး"

လှသန့်ကြီးက...

"ဘေးဖယ်လိုက်စမ်း၊ သေသွားချင်သလား"

အော်ငေါက်ကာ ရိုက်နှက်ရန် ဟန်ပြင်လိုက်လေသည်။

အထိန်းတော်က လမ်းမဖယ်ဘဲ...

"သခင်မလေးကို ဒုက္ခပေးဖို့ မကြိုးစားနဲ့"

ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လှသန့်ကြီး ဒေါပွသွားလေသည်။

"မင်းသေချင်နေတာကိုး၊ ကောင်းပြီ၊ ကျုပ်ကို [illegible]နိုင်ရင် [illegible]ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဘက် ဆန့်ထုတ်ပြီး တိုက်ခိုက်လိုက်လေသည်။

အထိန်းတော်မှာ သိုင်းပညာတတ်မြောက်ထားသူ မဟုတ်ရကား လူသန်ကြီးအား မယှဉ်နိုင်ပါချေ။

ခုခံရှောင်တိမ်း နိုင်စွမ်းလည်းမရှိဘဲ လူသန်ကြီး၏တိုက်ခိုက်မှုကို ခံလိုက်ရလေတော့သည်။

"ဂွန်း"

"အား"

"အမယ်လေး"

အထိန်းတော် အဝေးသို့ လွင့်စဉ်သွား၏။

လူသန်ကြီး၏ပြင်းထန်သော ရိုက်ချက်ကြောင့် သတိလစ်မေ့မြောသွားလေတော့သည်။

ကြူးယွင် ပိုပြီး ကြောက်ရွံ့သွားလေသည်။

သူမ တဟုန်ထိုး ထွက်ပြေးသွား၏။

သို့သော် လူသန်ကြီး၏လက်မှ မလွတ်မြောက်နိုင်အောင် ဖြစ်သွားလေသည်။

မြေပေါ်မှ ကျောက်ခဲတစ်လုံးကို ခလုတ်တိုက်မိကာ လဲကျသွားသည် မဟုတ်ပါလား။

"အမယ်လေး"

လူသန်ကြီးက ကြူးယွင်၏ဖြစ်ရပ်ကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"



ဝါကျင်ကျင်သွားများပေါ်အောင် ရယ်မောရင်း ရှေ့တိုးလာ၏။

မြေပေါ်လဲကျနေသော ကြူးယွင်၏လက်မောင်းကိုလည်း လှမ်းဆွဲလိုက်လေသည်။

ကြူးယွင်လည်း ကြောက်လန့်တကြား ဖြစ်ကာ လူသန်ကြီး၏လက်ကို ကုန်းကိုက်လိုက်လေသည်။

"အား"

နာကျင်မှုကြောင့် လူသန်ကြီး အော်ဟစ်ကာ ကြူးယွင်ကို လွှတ်ပေးလိုက်ရလေသည်။

ကြူးယွင်လည်း ဒရောသောပါး ထွက်ပြေးတော့သည်။

လူသန်ကြီး ခြေဆောင့်လိုက်သည်။

"ခွေးမလေး။ နင့်ကို ငါသတ်ပစ်မယ်"

ကြူးယွင် နောက်သို့ ပြေးလိုက်သွား၏။

သို့သော်...

လူသန်ကြီး၏ခြေလှမ်း တုန့်ခနဲရပ်တန့်သွားပြန်သည်။

ကြူးယွင်အား ဖေးမလိုက်သူတစ်ယောက်အား တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။

လူသန်ကြီး ဒေါသထွက်သွား၏။

"လာပြန်ပြီလား။ နောက်တစ်ယောက် သေချင်ပြန်ပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်ရင်း ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ယခု ရောက်လာသော အမျိုးသမီးမှာ အထိန်းတော်ကဲ့သို့ မဟုတ်ဘဲ သိုင်းပညာတတ်မြောက်ထားသူ ဖြစ်နေပါတော့သည်။

ထို့အပြင်...

သူမသည် ရက်စက်ကြမ်းကြုတ်သူတစ်ယောက်လည်း ဖြစ်နေပါတော့သည်။

"ဘယ်သူက သေချင်နေတာလဲ"

ချက်ချင်း လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အမျိုးသမီးကြီးအား အထင်သေးမိသော လူသန်ကြီး ဒုက္ခ ရောက်သွားတော့သည်။

အမျိုးသမီးကြီး၏လက်ဝါးရိုက်ချက်ကို မရှောင်နိုင်တော့ပါ။

သူ၏ရင်ဝ၌ ပြင်းထန်သော လက်ဝါးရိုက်ချက် ထိမှန်သွား တော့သည်။

"ဝုန်း"

"အား"

လူသန်ကြီး လွင့်စဉ်သွားပြီး မြေပေါ် ဝုန်းခနဲကျကာ မလှုပ် မယှက် ဖြစ်သွားတော့သည်။

ကြူးယွင် ဝမ်းသာသွားလေသည်။

မမျှော်လင့်ဘဲ ရောက်လာသော အမျိုးသမီးကြီးက လူသန် ကြီးအား ဆုံးမလိုက်ပြီ မဟုတ်ပါလား။

အမျိုးသမီးကြီးအား ကျေးဇူးတင်သော အကြည့်ဖြင့်



ကြည့်လိုက်မိလေသည်။

အမျိုးသမီးကြီး၏မျက်နှာ ခက်ထန်တင်းမာနေ၏။

ခံစားချက်ကင်းမဲ့ကာ ရက်စက်ကြမ်းကြုတ်ပုံအသွင် ရှိ နေပါတော့သည်။

ကြူးယွင် ကျေးဇူးတင်မိသော်လည်း အမျိုးသမီးကြီးနှင့် မျက်လုံးချင်းဆုံမိလျှင် အလိုလို ကြောက်ရွံ့ထိတ်လန့်သွားတော့ သည်။ သူမ ကမျာကယာ နောက်ဆုတ်ပြီး အထိတ်တလန့် ကြည့် နေမိတော့၏။

အမျိုးသမီးကြီးကလည်း ကြူးယွင်အား စိုက်ကြည့်နေ၏။

ထူးခြားသည်ကား သူမ၏မျက်ဝန်းအစုံ၌ နွေးထွေးသော အရိပ်အရောင်များ ဖြစ်ပေါ်လာသကဲ့သို့ သူမ၏မျက်နှာပေါ်၌ အပြုံးရိပ်များ ဖြစ်ပေါ်လာခြင်းပင်။

အမျိုးသမီးကြီး ပီပီပြင်ပြင် ပြုံးလိုက်သည်။

"ငါ့မြေးလေး မကြောက်ပါနဲ့ လူဆိုးကြီးက ငါ့မြေးကို ဒုက္ခ မပေးနိုင်တော့ပါဘူး"

နွေးထွေးသော လေသံဖြင့် အားပေးစကား ပြောလာလေ သည်။

"ကျွန်...ကျွန်မ"

ကြူးယွင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

အမျိုးသမီးကြီးက...

"ကဲလား ငါ့မြေးရဲ့အိမ်ကို ဘွားဘွားလိုက်ပို့ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..ဟုတ်ကဲ့"

အရိုးသမီးက လက်တွဲခေါ်သွားရာ ကြူးယွင်ဇော်ညီး လိုက်ပါသွားတော့သည်။

ထိုအရိုးသမီးကြီးကား ဟုန်လေ့ကျုန်း ဖြစ်လေသည်။

ကြူးယွင် မမျှော်လင့်ဘဲ ဟုန်လေ့ကျုန်းနှင့် ဆုံတွေ့မိခဲ့ခြင်း ဖြစ်ပေတော့သည်။

* * *

ကြူးယွင်၏မိဘများက ဟုန်လေ့ကျုန်းအား အလွန်ပင် ကျေးဇူးတင်ခဲ့ကြလေသည်။

ကြူးဂေဟာသို့ တံခါးမရှိ စားမရှိ ဝင်ထွက်ခွင့်ပြုလိုက်ကြ သည်။

သို့သော် ဟုန်လေ့ကျုန်းက ကြူးဂေဟာ၌ နေထိုင်ခြင်း မပြု ခဲ့ချေ။

ကြူးယွင်အား နှုတ်ဆက်ပြီး ပြန်သွားသည်။

ကြူးယွင်က မျက်နှာစိမ်း ဖြစ်သော ဟုန်လေ့ကျုန်းနှင့် ပြန် လည်ဆုံတွေ့နိုင်တော့မည် မထင်ခဲ့ချေ။

လပြည့်ည တစ်ညတွင်...

ဟုန်လေ့ကျုန်းက ကြူးယွင်ထံသို့ ရောက်ရှိလာခဲ့လေသည်။

* * *



ညှို့နက်ပြီ ဖြစ်သည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

ခါတိုင်း စောစောစီးစီး အိပ်ရာဝင်တတ်သော ကြူးယွင်မှာ ယနေ့ည အဘယ်ကြောင့်မှန်းမသိ ညှို့နက်သည်အထိ အိပ်မပျော် နိုင်အောင် ဖြစ်ရှနေပါတော့သည်။

သူမ အိပ်ရာထဲ တလူးလူး တလိမ့်လိမ့် ရှိနေစဉ်...

"ဒေါက်..ဒေါက်"

အပြင်ဘက်မှ ပြတင်းတံခါးကို ခေါက်လိုက်သော အသံ ထွက်ပေါ်လာလေသည်။

"ဟင်"

ကြူးယွင်လည်း လူးလိမ့်ထကာ ပြတင်းတံခါးဖွင့်လိုက်လေ သည်။

ထိုအခါ အပြင်ဘက်၌ ဟုန်လေ့ကျုန်း ရှိနေသည်ကို တွေ့ လိုက်ရလေသည်။

"ဟင်.. ဘွားဘွား"

ဟုန်လေ့ကျုန်း၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေ၏။

"ငါ့မြေး ဘွားဘွားကို ကယ်ပါဦး"

"အို..ဘွားဘွားရယ်"

ကြူးယွင်က ဟုန်လေ့ကျုန်းကို ဖေးမကာ သူမ၏အိပ်ရာ ဆက်၍ လှဲလျောင်းစေလိုက်သည်။

"ဘွားဘွား ခဏနေဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်လွှေကျန်း သက်တောင့်သက်သာ ရှိအောင် ပြုလုပ်ပေးပြီးလျှင် မိတ်ဆွေများအား သွားရောက်အကြောင်းကြားလိုက်ရော့သည်။

ကြူးယွင်၏ဖခင် ချက်ချင်းလိုက်လာပြီး ဟုန်လွှေကျန်း၏ အထိတ်ရာများကို ဆေးကြောသုတ်သင်ကာ ဆေးလိမ်းပေး၏။

သမားတော်တစ်ယောက်ကို ညတွင်းချင်း ပင့်ဖိတ်ကာ ဆေးကုနိုင်ခဲ့သည်။

ကြူးယွင်တို့မိသားစုကြောင့် ဟုန်လွှေကျန်း အသက်ဘေးမှ လွတ်မြောက်သွားခဲ့လေတော့သည်။

* * *



ဟုန်လွှေကျန်းသည် ကြူးယွင်တို့မိသားစုအား ကျေးဇူးအောင်မဆုံး ဖြစ်ခဲ့လေသည်။

ဝေဒနာများ သက်သာပျောက်ကင်းသွားသော်လည်း ပြန်ထွက်မသွားပါ။

ကြူးဂေဟာ၌ပင် နေထိုင်ကာ ကြူးယွင်အား စောင့်ရှောက်ခဲ့လေသည်။

ကြူးယွင်အတွက် အဖော်ကောင်းတစ်ယောက်ရလိုက်သဖြင့် ဟုန်လွှေကျန်း နောက်ကြောင်းမရှင်းနိုင်ကြောင်း ရိပ်မိသည့်တိုင်အောင် ကြူးသခင်ကြီးက မသိကျိုးကျွင်ပြုကာ လက်ခံထားခဲ့လေသည်။

ဟုန်လွှေကျန်းက ကြူးဂေဟာ၌ နေထိုင်ပြီး ဘယ်ကိုမှ မသွားခဲ့ချေ။ သူမထံသို့ မည်သူမျှလည်း ရောက်မလာကြပါ။

သူမ၏အကြောင်း မေးမြန်းစုံစမ်းမည့်သူလည်း ထွက်ပေါ်မလာခဲ့ချေ။

ဟုန်လွှေကျန်းက ကြူးဂေဟာ၌ ဇာတ်မြှုပ်နေလိုက်သည့်သဘောဖြစ်သည်။

ဤသို့ဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီအလီလီ ပြောင်းလဲသွားခဲ့တော့သည်။

ကြူးယွင် တဖြည်းဖြည်း ကြီးပြင်းလာသည်။

ဟုန်လွှေကျန်းလည်း အဘွားအိုတစ်ယောက်အဖြစ် ပြောင်းလဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့…

ဟုန်လွှေကျန်းက ကြူးယွင်အား လှုံရှင်းသော တစ်နေရာသို့ ခေါ်သွားလေသည်။ သူတို့နှစ်ယောက်ထဲ ရှိတော့မှ…

"ကြူးယွင်၊ ငါက ညည်းတို့ အိမ်ကို သေလုမျောပါး ဒဏ်ရာကြီးနဲ့ ရောက်လာခဲ့တဲ့ညကို ညည်းမှတ်မိသေးတယ် မဟုတ်လား"

ကြူးယွင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မှတ်မိပါတယ် ဘွားဘွား"

ဟုန်လွှေကျန်းက…

"အေး…ငါ့မှာ ရန်သူတစ်ယောက် ရှိနေတယ်၊ အခု သူက ငါ့ကို လိုက်ရှာနေတယ်"

"ရှင်…"

"ငါ ကြူးဂေဟာမှာနေလို့ မဖြစ်တော့ဘူး။ ငါ့ကြောင့် ညည်းတို့မိသားစုပါ ဒုက္ခရောက်လိမ့်မယ်"

ကြူးယွင် မျက်လုံးပြူးသွား၏။

"ဘွားဘွား၊ ရန်သူက သိပ်ပြီး ကြောက်စရာကောင်းနေလို့လားဟင်"

ဟုန်လွှေကျန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကြောက်စရာကောင်းတယ်"

"ကျွန်မက ဘွားဘွားနဲ့ လက်တွဲပြီး ရန်သူကို ရင်ဆိုင်သွားမယ်ဆိုရင်ကော"



"မဖြစ်ဘူး။ ညည်းဒုက္ခရောက်ရုံပဲ ရှိမယ်၊ သူ့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး"

ကြူးယွင် ငိုင်သွားလေသည်။

ဟုန်လွှေကျန်းက…

"ကြူးယွင်၊ ညည်းကို ငါပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ငါဟာ လူကောင်းတစ်ယောက် မဟုတ်ဘူး။ တစ်ချိန်က လူဆိုးတစ်ယောက် ဖြစ်ခဲ့တယ်"

"ရှင်"

"ငါ့ရဲ့ မကောင်းမှုတွေကို တွေးပြီး နောင်တရနေပြီ၊ မကောင်းမှုတွေကို စွန့်လွှတ်ပြီး အေးအေးချမ်းချမ်း နေချင်ပြီ၊ ဒါပေမယ့် အတိတ်က အရိပ်ဆိုးကြီးကြောင့်…"

ဟုန်လွှေကျန်းမှာ ပြောရင်း ဝမ်းနည်းကြေကွဲလာသည့်အလား စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

ကြူးယွင်လည်း စိတ်မကောင်း ဖြစ်နေ၏။

ဟုန်လွှေကျန်းက…

"သည်လို ဖြစ်ခဲ့ရတာဟာ ငါမြေးကို သင်ပေးဖို့ ချည်စွယ်ထားတယ်ဆိုတဲ့ အရိပ်အယောင်သိုင်းကျမ်းကြောင့်ပါပဲကွယ်"

ကြူးယွင်က…

"ဘွားဘွားမှာ အစွမ်းထက်တဲ့ သိုင်းကျမ်းတစ်စု ရှိတယ်၊ တစ်နေ့ကျရင် ကျွန်မကို သင်ပေးမယ်လို့ ပြောခဲ့တာလေမဟုတ်လားဟင်"

"မှန်တယ်၊ အရိပ်အယောင်သိုင်းကျမ်းဟာ ဘွားဘွားပိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မစွည်း မဟုတ်ဘူး။ သူများ ပစ္စည်းကို ဘွားဘွား မတရားရယူထားခဲ့တာ"

ကြူးယွင် မည်သို့ ပြောရမှန်းမသိ ဖြစ်သွားတော့သည်။

ဟုန်လျှေကျန်းက...

"ဘွားဘွား နောင်တရနေပါပြီ၊ သိုင်းကျမ်းကို ပိုင်ရှင်လက်ထဲ ပြန်ပေးဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့် သူတို့ဟာ စုချိန်အထိ ဘွားဘွားကို လူဆိုးကြီးတစ်ယောက်လို့ သတ်မှတ်ထားကြတုန်းဆိုတော့"

ကြူးယွင်က...

"ဘွားဘွား ရှင်းပြလို့ မရဘူးလားဟင်"

ဟုန်လျှေကျန်း မချိပြုံးပြုံးလိုက်လေသည်။

"ဘွားဘွားက အရမ်းကို ဆိုးသွမ်းခဲ့ဖူးတော့ ဘွားဘွားရဲ့ စကားကို သူတို့ ယုံကြည်ကြမှာ မဟုတ်ဘူးလေ"

ကြူးယွင်က...

"ဒါဖြင့် ဘွားဘွား ဘယ်လိုလုပ်မလဲ"

ဟုန်လျှေကျန်းက...

"ငါ့မြေးတို့အပေါ် အန္တရာယ် ကူးစက်မလာအောင် အရင်ဆုံး ကြူးဂေဟာ ထွက်သွားမယ်၊ ပြီးရင် အကောင်းဆုံး ဖြေရှင်းနိုင်မယ့် နည်းလမ်းကို ရှာဖွေမယ်"

"ကျွန်မလည်း လိုက်မယ်"

"ဟင့်အင်း မလိုက်ရဘူး၊ ကဲ.. မင်းအိမ်ပြန်ပေတော့"



"ဘွားဘွား"

"ကြူးယွင်၊ ငါ့စကားကိုတောင် နားမထောင်တော့ဘူးလား"

"ကျွန်မ.."

"ညည်း အိမ်ပြန်တော့"

ကြူးယွင် ဘာမှ မတတ်နိုင်တော့ပါ။

ဟုန်လျှေကျန်းအား ဦးသုံးကြိမ်ချ ကန်တော့ပြီး မျက်ရည်စက်လက်ဖြင့် ကျောခိုင်းထွက်လာခဲ့လေတော့သည်။

* * *

ကြူးယွင်က ငေးငိုင်နေ၏။

လုရှောင်ယုံနှင့် ဆုံတွေ့လိုက်ရသလို ဟုန်လျှေကျန်းနှင့်လည်း တွေ့ဆုံလိုက်ရသည်။

သူမ၏ဦးခေါင်းထဲ အသိတစ်ခု ဝင်ရောက်လာ၏။

လုရှောင်ယုံနှင့် ဟုန်လျှေကျန်းတို့ ထိပ်တိုက်ရင်ဆိုင်ရန် ရောက်ရှိလာကြခြင်းပင် ဖြစ်ပါတော့သည်။

ထို့အပြင်...

ရွှေကျားဂေဟာမှ လူများကလည်း လုရှောင်ယုံကို နောက်ယောင်ခံကာ လိုက်လာကြလိမ့်မည်ဟု နားလည်လိုက်လေသည်။

သူမသည် စားသောက်ဆိုင်တစ်ဆိုင်၌ ရွှေကျားဂေဟာမှ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများကို တွေ့မြင်မိခဲ့သည် မဟုတ်ပါလား။

ဟုန်လွေကျန်းက...

"ညည်း ဘာတွေ တွေးနေတာလဲ"

"ကျွန်မ ရွှေကျားဂေဟာက လူတွေကို တွေ့ခဲ့သေးတယ် ဘွားဘွား"

ဟုန်လွေကျန်း လက်ကာပြလိုက်သည်။

"ဘယ်သူပဲတွေ့တွေ့ မှုမနေစမ်းပါနဲ့လေ"

ကြူးယွင်မှာ အဖြစ်အပျက်များကို ကောင်းကောင်းကြီး နားလည်သဘောပေါက်လိုက်ပြီ ဖြစ်ပါသည်။

ဟုန်လွေကျန်းက အရိပ်အယောင်သိုင်းကျမ်းနှင့် ပတ်သက်၍ ပြီးပြတ်အောင် ဖြေရှင်းတော့မည်မှာ သေချာနေပါတော့သည်။

ထို့ကြောင့်...

"သည်ကိစ္စကို ဘွားဘွား ဘယ်လို ဆုံးဖြတ်ထားလို့လဲဟင်"

ဟု မေးလိုက်သည်။

ဟုန်လွေကျန်းက...

"ငါ့လက်ထဲ ရောက်နေတဲ့ ပစ္စည်းကို ဘာကြောင့် ပြန်ပေးရမှာလဲ"

ကြူးယွင်က...

"သူနဲ့အဘွားက ယှဉ်ပြိုင်တိုက်ခိုက်ကြဦးမှာပဲ မဟုတ်လား"

ဟု မေးလိုက်သည်။



"အဲသည် အမြုအမှုကို ငါက ဝိုကြီးဒေါသဖြစ်တာ"

ထိုအခါ...

ကြူးယွင် အထိတ်တလန့် ဖြစ်သွားလေသည်။

အဘွားသည် ဒေါသ ဖြစ်ခဲ့သူတစ်ဦး ဖြစ်သည်။

သူမ ဒေါသ ဖြစ်ပြီဆိုပါကလည်း အနည်းဆုံး တစ်ခုတစ်ရာကို ဖျက်ဆီးလိုက်ရမှ ထိုဒေါသပြေသွားမြဲ ဖြစ်သည်။

* * *

ယခုလည်း သူသည် တောင်ဝှေးကို တဖြောင်းဖြောင်း ရိုက်ခတ်ကာ...

"ဟင်း... မလောက်လေး မလောက်စားကများ ငါ့ကို လာပြီး ယှဉ်ရတယ်လို့ တွေ့ကြသေးတာပေါ့"

ဟု ကြိမ်းမောင်းလေရာ ကြူးယွင်က စိုးရိမ်စွာဖြင့်...

"အဘွား။ သူနဲ့ မတိုက်ခိုက်ဘဲ သိုင်းကျမ်းကို ပြန်ပေးလိုက်ပါလား"

ဟု ပြောလိုက်ရာ အဘွားအိုက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား။ ဘာလဲ နင်က သူ သေမှာကို စိုးရိမ်တယ်ပေါ့၊ ငါ့ကိုကျတော့ သိက္ခာကျချင်ကျပါစေပေါ့ ဟုတ်လား"

ဟု မေး၏။

www.burmeseclassic.com



"အဲသည်လိုလဲ မဟုတ်ပါဘူး ဘွားဘွားရယ်"

ကြူးယွင်သည် တားဆီး၍ ရမည်မဟုတ်မှန်း သိလိုက်၏။

သူမသည် မနက်မိုးမြန်မြန်လင်းပါစေဟုသာ စိတ်စော၍ နေလေသည်။

"အဘွားလဲ ဘာမှ မဖြစ်ပါစေနဲ့"

"သမ္မာဓားလဲ ဘာမှ မဖြစ်ပါစေနဲ့"

ကြူးယွင်သည် အိပ်သာအိပ်နေသော်လည်း အိပ်၍မရချေ။

မေ့ခနဲ အိပ်ပျော်လိုက် မပျော်လိုက်ဖြစ်၍ နေသည်။

မည်သည့်အချိန် မေ့ခနဲ အိပ်ပျော်သွားသည် မသိချေ။

သူမ နိုးလာသော အချိန်မှာကား အဘွားအို အခန်းထဲက ထွက်ခွာသွားပြီ ဖြစ်လေသည်။

ဤတော့ ကြူးယွင်သည် မျက်နှာသစ်ဖို့ကိုပင် ဂရုမထားနိုင်ဘဲ အဝတ်အစားကိုလည်းမလဲ အိပ်ရာနိုးနိုးချင်း ကုန်းရုန်းထကာ မြင်းစောင်းသို့ အသော့နှင်လေတော့သည်။

မြင်းထိန်းအဘိုးကြီး အိပ်မှုံစုံမွှားဖြင့် မေးနေသည့်ကြားက မိမိ၏မြင်းကို အမြန်ဆုံး ဆွဲထုတ်၍ မြို့အနောက် ရှေးဟောင်း သချိုင်းသို့ မြင်းဖြူကြီးကို ကဆုန်စိုင်းစေခဲ့သည်။

စန်းချူးသင်္ချိုင်းဟု စာထဲတွင် ဖော်ပြထားသည်။

စန်းချူးသင်္ချိုင်းဟု ဆိုရာတွင် လက်ရှိသင်္ချိုင်းအသစ်မဟုတ်နိုင်ချေ။



သင်္ချိုင်းဟောင်းပင် ဖြစ်ရပေမည်။

"ခွပ်...ခွပ်...ခွပ်"

"ခွပ်...ခွပ်...ခွပ်"

လင်းအရုဏ်ဦးအချိန် မြူများ ဆီးနှင်းများ မကွဲသေးသော မပီဝိုးတဝါး အချိန်တွင် ကြူးယွင်သည် စန်းချူးမြို့ အနောက်ဘက် သွားရာ လမ်းတစ်လျှောက် ခုန်းစိုင်း၍ လာခဲ့လေသည်။

စန်းချူးမြို့နှင့် မိုင်နှစ်ဆယ်ခန့် အရောက် ချောင်းကူးတံတားပေါ်မှ ဖြတ်ကျော်အဆင်း...

"ဝှစ်"

"ဝှစ်"

သိုင်းသမားသုံးယောက် သစ်ပင်များပေါ်မှ ခုန်ဆင်းလာကြသည်။

"ဟေ့...ရပ်လိုက်"

ကြူးယွင်က ရှင်းစရာရှိပါက ရှင်းနိုင်ရန် မြင်းဇက်ကို သတ်၍ ရပ်လိုက်သည်။

မှန်ပေသည်။

ထိုလူများသည် သစ္စာဓားနောက် ခြေရာခံလိုက်နေကြသော ရွှေကျားဂေဟာ သိုင်းသမားသုံးဦး...

မုကျားနန်...။

မုကျင်းစင်းနှင့်

ပုဖန်...။

www.burmeseclassic.com



"ရှင်တို့ကများ ကျွန်မကို တားနိုင်မှာလား"

ကြူးယွင်က မြင်းပေါ်မှ ခုန်ချလိုက်သည်။

အောက်ရောက်လျှင် သိုင်းလွယ်ထားသော ဓားကို ဆွဲထုတ်လိုက်ကာ လေမှာ ဝှေ့ယမ်းလိုက်၏။

"ဗိုး"

"ဝှစ်"

ရွာကျားဂေဟာမှ လူများက သွေးခေါ်ကွင်းသိုင်းကွက်ကို အသုံးပြုပြီး ကြူးယွင်ကို ဝိုင်း၍ တိုက်ခိုက်ကြလေသည်။

ကြူးယွင်က ဟန်ချက်မပျက်စေဘဲ ဝင်လာသမျှ ဓား၊ လှံ၊ ပုဆိန် လက်နက်တို့ကို ခုတ်ဖယ်ရှား၍ ပြန်လည်တိုက်ခိုက်သည်။

ကြူးယွင်လို အဆင့်မြင့်သိုင်းပညာတတ်မြောက်ထားသူ အဖို့ မုကျားနန့်တို့၏ တိုက်ကွက်ကို အလွယ်တကူပင် ချေဖျက်တိုက်ခိုက်နိုင်၏။

* * *



သိုင်းကွက်သုံးကွက် အရောက်တွင် ကြူးယွင်သည် မှား ခေါ်လိုက်သော မုကျားနန့်၏သေကွင်းသေကွက်အတွင်းသို့ ဝင်ပြီး မုကျားနန့်၏ဝမ်းဗိုက်ကို ဓားဖြင့် ခုတ်ပစ်လိုက်သည်။

"အား"

မုကျားနန့် စူးရှစွာ အော်ဟစ်လိုက်ပြီး သွေးအိုင်ထဲ လဲကျ ကျန်ခဲ့သည်။

မုကျင်းစင်းက လှံကို တံရှို့ထိုး၍ ပြေးဝင်လာ၏။

"ဟိတ်"

"ယား"

အပေါ်ဘက်သို့ ကြူးယွင် ခုန်တက်သွား၏။

ပြန်အကျတွင် သူမ၏ဓားက မုကျင်းစင်း၏နောက်ကျော တည့်တည့်ကို ထိုးဖောက်ပစ်လိုက်သည်။

ဤသည်မှာ သိုင်းကွက်သုံးလေးကွက်ပဲ ရှိပေသေးသည်။

ဤတွင် ပုဖန်း သွေးကြောင်သွားသည်။

ပုဆိန်ကိုကိုင်လျက် ကြူးယွင်အား ဆက်လက်တိုက်ခိုက်ရ ကောင်းမကောင်း ချိန်ဆနေသည်။

မထူးတော့ချေ။

"ယား"

ပုဆိန်ကို မြှောက်ကာ ပြေးဝင်တိုက်ခိုက်၏။

"ဝှစ်"

"ဝှစ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ပုဖန်း၏သိုင်းပညာကို လျှော့တွက်၍ မရချေ။

သူသည်လည်း ရွှေကျားဂေဟာမှ အဆင့်မြင့်သိုင်းသမား ဖြစ်ပေသည်။

"ဝှစ်"

"ဖွီး"

ပုဆိန်တစ်ချက်က ကြူးယွင်၏ညာဘက်လက်ကို ပွတ်ရှသွား၏။

သွေးများ ပန်းထွက်လာ၏။

ကြူးယွင်သည် တစ်ချက်၌ ခြေတစ်ဖက်ကို မြေမှာထောက်၍ ဘေးတိုက်ခန္ဓာကိုယ်ကိုလည်း တက်စုန်သွားလေသည်။

ထို့နောက်...

အောက်သို့ ပြန်အကျ ပုဖန်းက ခုန်အုပ်လိုက်စဉ် ကြူးယွင်က ဓားဦးနှင့် အသာခံပေးလိုက်၏။

"အား"

ပုဖန်း အော်ဟစ် လဲကျသွားသော အသံ ဖြစ်သည်။

* * *



ကြူးယွင်က ဓားကို ပြန်သိမ်းလိုက်ပြီး လေချွန်သံပေးလိုက်သည်။

"ရွှီး"

"ခွပ်..ခွပ်..ခွပ်"

မြင်းဖြူကြီးသည် လိမ္မာရေးခြားရှိ၏။

သခင်၏စေခိုင်းချက်ကို သိရှိ၏။

"ဝှစ်"

"ဝှစ်"

"ဟူး"

ကြူးယွင်သည် မြင်းဖြူကြီးကို စီး၍ ဆက်လက်ခရီးနှင်လာခဲ့သည်။

နှင်းကွဲချိန်ရောက်ပြီး နှင်းရည်တို့ အရည်ပျော်နေချေပြီ။

စန်းချူး ရှေးဟောင်းသချိုင်းကြီးကား အလွန်ကျယ်ဝန်းသည်။ ရှေးဟောင်းသချိုင်းဂူတွေမှာ ပုံစံအမျိုးမျိုး ဖြစ်ပေသည်။

အချို့က အဂံတော၊ အချို့က သဘာဝ ကျောက်တုံးကြီးများ စုပုံ၍ ထားသည့်နှယ် ရှိ၏။

"ယား"

"ချွမ်း"

သိုင်းသမားနှစ်ဦးတို့၏ အကျိတ်အနယ် တိုက်ခိုက်နေသည့် တိုက်ပွဲသံများကို ကြူးယွင်က ဝိပြင်စွာ ကြားလိုက်ရချေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် မြင်းပေါ်မှ ခုန်ဆင်း၍ သချိုင်းဂူများပေါ်ရှင် ကိုယ်ဖော့ပညာ အသုံးပြု၍ တိုက်ပွဲကျင်းပနေသည့် နေရာသို့ ရောက်ရှိလာ၏။

သို့သော် ကြူးယွင်သည် ယခုအခါ ဘာများ စွမ်းဆောင်နိုင်ပါမည်နည်း။

သူတို့ တိုက်ခိုက်နေသည်ကို သူမ ဘေးက ကြည့်ပြီး ရင်ထိတ်နေရုံက လွဲ၍ မတတ်နိုင်တော့ချေ။

သစ္စာစားလုရှောင်ယုံသည် ကြက်သွေးရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

သူသည် သချိုင်းဂူတစ်ခု၏ အစွန်းပေါ်မှ ကျွမ်းပစ်ပြီး အောက်သို့ ဆင်းလိုက်သည်။

"ဝှီး"

"ဝှစ်"

သက်ခြေတောင်ဝှေးက တောင်ဝှေးကို မြေမှာ တစ်ချက် ထောက်လိုက်ကာ အထက်သို့ ပြန်တက်၏။

အဘွားက အထက်သို့ အတက် လေဟာပြင်တစ်နေရာမှာ ဆုံ၏။

"ဝှစ်"

"ချွင်..ချွင်"

"ထန်း"

ဘေးချက်သုံးချက်လောက် အပြိုင်ခုတ်ပြီး တိုက်ကွက်များကို



ပြန်ဖြေလိုက်၏။

"မင်းကများ ငါ့ကို စိန်ခေါ်ရတယ်လို့"

"ကျုပ်က ပွဲသိမ်းအနေနဲ့ တိုက်ခိုက်တာဗျ"

"ဖြောင်း"

အဘွားအို၏သက်ခြေတောင်ဝှေးသည် သစ္စာစား၏လက်ထဲရှိ ဓားကို ဖြောင်းခနဲ ရိုက်လိုက်သဖြင့် သစ္စာစား၏ဓားသည် လွင့်ထွက်သွား၏။

တစ်ဆက်တည်း တောင်ဝှေးက သစ္စာစား၏လည်မျိုကို လှမ်းထောက်လိုက်၏။

"သစ္စာစားကို မသတ်ပါနဲ့ အဘွား"

ကြူးယွင်က အထိတ်တလန့်အော်၍ ပြောလာ၏။

အဘွားအိုဟုန်လှေကျန်းက...

"ကဲ.. ကောင်လေး၊ မင်းရှုံးပြီ"

"ကျုပ်ရှုံးတယ်၊ ကျုပ်အဘိုးရဲ့ တာဝန်မကျေတဲ့ ကျုပ်ကို အမြန်သတ်လိုက်ပါ"

"အဘွား သူ့ကို မသတ်ပါနဲ့"

အဘွားအိုက...

"ရန်သူဆိုတာ သူကနိုင်လဲ ကိုယ့်ကိုသတ်မှာပဲ၊ သည်တော့ ကိုယ်ကနိုင်လဲ သူ့ကိုသတ်ရမှာပဲ"

ဟု ပြောကာ အတွင်းအားရစည်း၍ သက်ခြေတောင်ဝှေးကို သစ္စာစား၏လည်မျိုသို့ ထိုးဖောက်မည့်ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာစားလုရှောင်ယှဉ်က မျက်လုံးအစုံမှိတ်ထားလိုက်၏။

ကြူးယှဥ်က အဘွားဆိုက တားဆီးမရသည့်အဆုံး မတ်တတ်ရပ်နေရာမှ ပြိုလဲကျသွား၏။

"ဝုန်း"

"အား"

တစ်စုံတစ်ရာသောအရာကို လက်နက်တစ်ခုက ထုတ်ချင်းဖောက်လိုက်၏။

အားလုံး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သက်ခြွေတောင်ဝှေးသည် သစ်ပင်တစ်ပင်ကို ထုတ်ချင်းဖောက်လျက်ထား ရှိသည်။

ထိုတောင်ဝှေးတွင် အရိပ်အယောင် သိုင်းကျမ်းစာအုပ် ရှိတ်လျက် တလှုပ်လှုပ်...

သက်ခြွေအဘွားဆိုဟုန်လှေကျန်းကား မရှိတော့ချေ။

သူမသည် ကျူးလွန်မိခဲ့သည့် အပြစ်များအတွက် ထိုက်သင့်သော အပြစ်ဒဏ်ခံယူရန် မြို့စားဂေဟာသို့ ဦးတည်သွားနေလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com